
www.burmeseclassic.com



www.burmeseclassic.com

# လမင်းမိုမို

နေ့များ၌သော်လည်းကောင်း
ညများ၌သော်လည်းကောင်း

စာမူခွင့်ပြုချက်အမှတ်
၅၀၁၀၀၀၀၉၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၇၆၁၀၁၀

၂၀၁၁ ခုနှစ်၊ ဧပြီလ
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃

လမင်းမိုမို
နေ့များ၌သော်လည်းကောင်းညများ၌သော်လည်းကောင်း/လမင်းမိုမို၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၁။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) နေ့များ၌သော်လည်းကောင်းညများ၌သော်လည်းကောင်း

BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

"ဒေါက် ... ဒေါက် ... ဒေါက်"

အပြင်က သံပန်းတံခါးကို သော့ခလောက်နှင့်လှုပ်ရိုက်ပြီး ခေါက်နေသံကြောင့် 'သုခ'က တီရှပ်တစ်ထည်ကို ကမန်းကတန်း ခေါင်းမှစွပ်ချရင်း ဆံပင်ပွပွတွေကို လက်နှင့်ပင်သပ်ရင်း ထွက်လာကာ သစ်သားတံခါး ဆွဲဖွင့်လိုက်ပါသည်။

"ဟဲ့ ... သုခ"

"သြော် ... အစ်မအပျိုကြီး"

"အေး ... သုခရေ ... ငါတို့လည်း နင့်ဆီက ပိုက်ဆံမျှော်ရတာ မောတောင်လာပြီ၊ နင့်ကို လာလာပြောနေရတာလည်း မျက်နှာပူ အားနာလာပြီ၊ မပြောလို့ကလည်းမဖြစ်လို့သာ ပြောနေရတယ်၊ ဘယ်လောက်ထိစောင့်ရမှာလဲ"

သုခက တံခါးသော့ကို တစ်ဆက်တည်းဖွင့်ရင်း မှိုင်းပျပျမျက်နှာနှင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ခုပဲ အပြင်သွားမလို့"

"အပြင်မသွားခင် သေချာပြောဦး"

"အပြင်သွားတာကလည်း ပိုက်ဆံ သွားရှာမလို့ပါပဲ၊ ကျွန်တော်လည်း အားနာလှပါပြီ၊ အလုပ်တစ်ခုခု ကြိုးစားရှာနေတာပဲ အစ်မအပျိုကြီး၊ ဘယ်လိုမှ အဆင်မပြေသေးလို့ မပေးနိုင်သေးတာပါ၊ ပေးနိုင်တာနဲ့ ပေးမှာပါ"

"အဲလိုပြောလာတာ ကြာလာပြီပဲ သုမ၊ ငါတို့က ရက်အတိအကျလိုချင်တာ၊ အခုလည်း လကုန်ရက်ပေးမယ်ဆိုလို့ ငါ တက်လာတာလေ၊ ဒါဖြင့် အခုမပေးဘူးပေါ့"

သုမက သက်ပြင်းချရင်း ...

"ဘယ်လိုမှ ပေးစရာမရှိလို့ပါ အစ်မအပျိုကြီး၊ ကျွန်တော်ထမင်းတောင်မနည်းရှာစားနေရတာ၊ ပိုက်ဆံကလည်း အလုံးအခဲ မရလို့ပါ"

"အလုံးအခဲလိုက် ပိုက်ဆံရမယ့်အလုပ်မျိုးရော တွေ့နိုင်လို့လား"

"......"

"ငါဆိုလိုတာက နင် ချေးငှားပေးသင့်လည်း ပေးတော့လေ၊ ငါတို့လည်း သူဌေးမဟုတ်ဘူး သုမ၊ ဒီအိမ်ငှားခတွေနဲ့ပဲ စားရသောက်ရတာလေ"

"ပိုက်ဆံချေးနိုင်တဲ့သူလည်း မရှိလို့ပေါ့ဗျာ"





"ဘာပဲဖြစ်ဖြစ် နင် တစ်နည်းနည်းတော့ စီစဉ်ပေးရတော့မယ်လေ၊ ခုပဲ နှစ်လစာဆိုတာ တစ်သိန်းနှစ်သောင်း ရှိနေပြီ၊ ဒီထက်များလာလေ နင် ရှာရပေးရခက်လေပဲ၊ ဒါတောင် နင့်ကို ငါတို့က သက်ညှာပြီး တစ်လချင်းပဲတွက်ပေးနိုင်းတော့လို့၊ ငါတို့က အနည်းဆုံး သုံးလစာတော့ တစ်ခါတည်းပေးပြီး စာချုပ်ရတာ နင်လည်း အသိပဲ၊ ပြီးခဲ့တဲ့လတွေတုန်းက နင့်အမေ မမခင်လေးလည်း မကျန်းမာတော့ နင်တို့သားအမိကို ညှာတာတဲ့အနေနဲ့ တစ်လချင်းပဲပေးတော့ဖို့ ငါတို့ သဘောတူပေးခဲ့သားပဲ"

"ဟုတ်ပါတယ်၊ အစ်မအပျိုကြီးတို့ ကျေးဇူးရှိပါတယ်ဗျာ၊ ဒါပေမဲ့ ဒါတွေကို မငဲ့ဘဲ တမင်ကတ်ကတ် မပေးတာမှ မဟုတ်တာ၊ မေမေ့ကိစ္စနဲ့ ပိုက်ဆံက လုံးဝမရှိတော့တာမို့လို့ ကျွန်တော်တောင် ဟိုလုပ်ဒီလုပ်နဲ့ မနည်းရှာကြံထမင်းစားနေရတာမို့ပါ"

"အဲဒါ ငါတို့လည်းသိတယ်၊ ဒါပေမဲ့ အဲဒါ နင့်ကိစ္စပဲ၊ နင့်အခက်အခဲ နင်ပဲ ကြည့်ဖြေရှင်းရမှာပဲလေ၊ အခုဟာက နင့်အမေဆုံးမယ့်လ လခလည်း လုံမှုရေးအရ ဖွတ်မတောင်းရက်ခဲ့ဘူး၊ ခုဆို ဆုံးပြီးတာ တစ်လကျော်၊ စုစုပေါင်း နှစ်လခ၊ ငါတို့လည်း သူဌေးမှ မဟုတ်တာ၊ အဲသလောက်အချိန်ဆွဲမနေနိုင်ဘူး၊ မစောင့်နိုင်ဘူး သုမ"



www.burmeseclassic.com

www.burmeseclassic.com



သုခက သက်ပြင်းတစ်ချက်ချလိုက်ပါသည်။ ဘယ်လိုမှမရှိတဲ့ ပိုက်ဆံကို ဘယ်လိုပေးရပါ့။ ချေးငှားရအောင်လည်း သူ့မှာ ချမ်းသာတဲ့ တတ်နိုင်တဲ့ အသိမိတ်ဆွေတွေမရှိပါ။ ကိုယ့်မိတ်ဆွေတွေက ကိုယ့်လောက်အနေအထားတွေချည်းသာပါ။ ငွေမသုံးနိုင်ကြတဲ့သူတွေပါ။

"ကျွန်တော်လည်း ဘာမှ မပြောတတ်တော့ဘူး အစ်မအပျိုကြီး၊ ကျွန်တော်လည်း အလုပ်ရှာနေတာပဲလေ"

"နင့်အလုပ်ကရတော့ကော ချက်ချင်းလက်ငင်း ငွေတစ်သိန်းခွဲလောက်ရမှာမို့လို့လား"

"အဲဒီတော့ ဘာလုပ်ပေးရမှာလဲဗျာ"

"ဟဲ့ ... အသံမကျယ်ပါနဲ့ ငါက ရစရာရှိတဲ့သူပါ၊ နင်က ပေးရမယ့်သူပါ၊ နင်က စိတ်တိုရမှာလား ငါကစိတ်တိုရမှာလား"

"အစ်မက ကျွန်တော့်ကို ချောင်ပိတ်သလို ဖြစ်နေပြီလေ၊ ချောင်ထဲရောက်နေပြီ၊ ဘယ်လိုမှ မတတ်နိုင်သေးတာကို လမ်းတွေ့တဲ့လူဆီက ဓားပြတိုက်လုပြီး ပေးရမလိုဖြစ်နေပြီဗျ၊ ခဏလေးထပ်စောင့်ပါ၊ ပြေလည်တာနဲ့ ပေးပါ့မယ်ဆိုနေတာပဲဟာ"

"အေး ... နင် အဲလိုအလွယ်ပြောလာတာ နှစ်လရှိပြီ၊ ဘယ်တော့ပြေလည်မှာလဲ၊ ပြေလည်ရင် ပေးမယ်ဆိုတာ





တော့ လူတိုင်းပြောတတ်တာပေါ့၊ တကယ်လက်တွေ့မှ ဖြေရှင်းမပေးတာ"

"ဒါဖြင့်လည်း ခင်ဗျား တိုင်ချင်တဲ့ဆီသွားတိုင်လိုက်တော့"

သုခက ဘုတောပစ်လိုက်ပါသည်။ လူလည်းညစ်နေပြီ။

"ဟဲ့ ... ရပ်ကွက်လူကြီးသွားတိုင်ရော ဘာထူးလဲ၊ သူက နင့်ခေါ်ပြီး ဟောကောင် ပေးလိုက်လို့ပဲပြောမှာပဲ၊ နင်ကလည်း ဒီစကားတွေပဲပြန်ပြောမှာပဲ၊ အလုပ်ရှုပ်ခံပြီးတိုင်နေစရာလား"

"ရဲတိုင်ပြီး ဖမ်းချုပ်လိုက်ဗျာ"

"အဲဒီတော့ရော ရဲက စိုက်ပေးမှာမို့လို့လား၊ ငါတို့က နင့်ကို အချုပ်ခံရ ထောင်ကျခံရစေချင်နေတာ မဟုတ်ဘူး၊ ငါတို့လည်း ငွေအသုံးလိုလို့ ရရမယ့်ပိုက်ဆံကိုပဲ မြန်မြန်လိုချင်တာ ဒါပဲ"

သုခက သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"ကဲပါ ... အစ်မအပျိုကြီးရာ၊ တစ်ရက်နှစ်ရက် ထပ်သည်းခံစောင့်ပါဦးဗျာ၊ ကျွန်တော်လည်း ကြံဖန်ပါ့မယ်၊ နည်းမျိုးစုံနဲ့ရှာပါ့မယ်"

အောက်ထပ်က အိမ်ရှင်သားအမိကို သုခကလည်း ကျေးဇူးလည်းတင် အားလည်းနာ မျက်နှာလည်း ပူနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကိုလည်း သူတို့ခင်ကြသည်။ သူတို့ကိုယ်တိုင်လည်း အမေ အဘွားကြီးက မုဆိုးမ သမီးက လေးဆယ်ကျော်အပျိုကြီး။ သား ဖြစ်သူလင်မယားက နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေရ တော့ သူ့ရဲ့ကျောင်းနေအရွယ်ကလေးနှစ်ယောက်ကို ခေါ်ထားကာ တာဝန်ယူထားရပါသည်။

ဒီအိမ်ခန်းငှားခနှင့်ပဲ နေနိုင်စားနိုင်ရုံပါ။ အိမ်လခ နှစ်လစာကို မျက်စိမှိတ်ပြီး ဘယ်လျှော့ပေးနိုင်ပါ့မလဲ။ လခမပေး တဲ့သူရှိလျှင် သူတို့ ငွေအသုံးရကျပ်တာပေါ့။ သုမ နားလည်ပါ သည်။

"ဟဲ့ ... နင် ခုနပြောသလို လမ်းတွေ့တဲ့လူ ဓားပြတော့ တိုက်မနေနဲ့ဦး"

သုမက တမင်တကာပင် အစ်မအပျိုကြီးကို ...

"တိုက်သင့်တိုက်ရတော့မှာပဲ အစ်မ"

ရွဲ့ပြောပြီး သူပါ အခန်းထဲကထွက် အခန်းသော့ ပြန်ခတ်သည်။ ဓားပြတော့ ဘယ်သူကတိုက်ရဲပါ့မလဲ။ ဘယ်လိုမှ ငွေရဖို့နည်းလမ်းစဉ်းစားမရလို့ အငေါ်တူးပြီးပြောတဲ့ဟာ။ အပျို ကြီးက တကယ်စိတ်ပူသလို တားရှာသည်။





ထမင်းစားပွဲမှာ ကော်ဖီသောက်နေရာက ရှေ့ဘက် ဇည့်ခန်းဆီက ကားသော့ဆွဲဖြုတ်ယူလိုက်သံ ကြားလိုက်ရလျှင် ဒေါ်ခင်ခင်ကြီးက ခါးမတ်သွားရင်း ...

"ယုဝ"

"......"

"ယုဝ"

"ဗျာ"

"လာဦး၊ မင်း ဘယ်သွားမလို့လဲ"

"ကျွန်တော် သွားစရာရှိလို့"

"ဘယ်ကိုလဲ"

"ကိစ္စရှိလို့"

"ဟဲ့ ... လူကြီးကမေးနေတာ ဇည့်ခန်းကလှမ်းအော်ဖြေမနေ နဲ့၊ ဒီကိုလာစမ်း အနားမှာလာဖြေ"

ယုဝသည် မကြည်သာလှသောမျက်နှာနှင့် ထမင်းစား ခန်းထဲ လေးတိလေးကန် ဝင်လာပါသည်။ ဒေါ်ခင်ခင်ကြီးကို မကြည့်ဘဲ ခေါင်းငုံ့ကာ မျက်နှာကို စိုက်ချထားလျက် ဒေါ်ခင်ခင် ကြီးပြောမယ့်စကားကိုသာ နားစွင့်နေတဲ့ဟန်နှင့် ငြိမ်သက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဘယ်သွားမှာလဲ ပြောစမ်းပါဦး"

"ကိစ္စရှိလို့ပါ"

"ဘာကိစ္စလဲ"

"ကျွန်တော့်ကိစ္စပါ"

"မင်းကိစ္စမှန်း ငါသိသားပဲ၊ ငါမှ ဘာမှ မင်းကို ခိုင်းမထားတာ၊ ငါ့ကိစ္စမဟုတ်နိုင်တာ သိပြီးသား၊ အဲဒီ မင်းကိစ္စက ဘာ့လဲ"

ယုဝက ကြီးတော်ဖြစ်သူကို မျက်လွှာတစ်ချက်ပင့်ကြည့်ကာ ...

"ကြီးကြီး ကျွန်တော် အသက်နှစ်ဆယ့်သုံးနှစ် ရှိနေပါပြီ"

"အဲ့ဒါဘာဖြစ်လဲ"

"အဲဒီတော့ ကျွန်တော့်ကိစ္စမှန်သမျှ အသေးစိတ်ကို ကြီးကြီးကို ပြောပြနေဖို့ တိုင်ပင်နေဖို့ မလိုတော့ဘူးလို့ထင်ပါတယ်"

"မင်းက အင်္ဂလန်သွားကျောင်းတက်ပြီး ဟိုကဘွဲ့ရလာတယ်ဆိုတော့ အနောက်တိုင်းဆန်ချင်တယ်ဆိုတဲ့သဘောနဲ့ ပြောတယ်ပေါ့၊ အသက်နှစ်ဆယ့်သုံးဆိုရုံနဲ့ လူလားမြောက်လုပြီမခေါ်နိုင်သေးဘူး ယုဝ"

"အင်္ဂလန်ကဘွဲ့ရတာ အနောက်တိုင်းဆန်ချင်တာတွေနဲ့ မဆိုင်ပါဘူး၊ ဒီမှာလည်း ဒီအရွယ်ယောကျ်ားလေးတွေက မိဘအုပ်ထိန်းသူကို အစစအရာရာ တစ်လုံးမကျန် ပြန်မပြော





ကြတော့ပါဘူး၊ ယောကျ်ားလေးတွေမပြောနဲ့ မိန်းကလေးတွေတောင် သူ့ဆုံးဖြတ်ချက်နဲ့သူ လှုပ်ရှားနေကြတာ၊ မိဘကို အားလုံး အသိမပေးတာတွေ တွေ့နေရတာပဲ ကြီးကြီး"

"မင်းက ပြန်ရောက်လာတာ ဘယ်နလမှလဲ မရှိသေးဘဲနဲ့ ဒီကောက်ချက်မျိုး ဘယ်လိုချနိုင်ရတာလဲ၊ သူငယ်ချင်း အပေါင်းအသင်းတောင် သေချာမရှိသေးဘဲနဲ့"

"ကြီးကြီးနဲ့ 'ချစ်စစ်'တစ်ယောက်လုံး ရှိတာပဲ"

"သူက မိန်းကလေးပဲ"

"သူ့မှာတောင် သူ့အဖေအမေမသိဘဲ သူ့ဟာသူ တိတ်တိတ်လုပ်နေတာတွေ အများကြီးပဲ ကြီးကြီး"

ဒေါ်ခင်ခင်ကြီး သူ မေတ္တာရှိလှတဲ့ တူ့ရွှေးမအဖြစ်လည်း ရည်မှန်းထားတဲ့ 'သည်းဦးချစ်စစ်'ကို ထိခိုက်ပြောမှာတော့ မလိုလားသလို မျက်နှာမှုန်မှုန်နှင့် ...

"ဒါပေမဲ့ ချစ်စစ်က ဒီလောက်လိမ္မာတာ၊ မဟုတ်တာ ဘာမှ မလုပ်တာ၊ ပြီးတော့ ဆရာဝန်လောင်းလေး၊ သူ့မှာ အကြီးဆုံးအပြစ်ရှိရင် အသုံးအဖြုန်းကြီးတာလေးပဲ"

"ဟုတ်ပါတယ်၊ သူ့ကိုလည်း ဆိုးသွမ်းနေတယ်လို့ မဆိုလိုပါဘူး၊ ကျွန်တော်လည်း မဟုတ်တာမှ မလုပ်တာ၊ လိမ္မာတာပဲဟာ ကြီးကြီးရယ်၊ ကျွန်တော်တို့အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ကျွန်တော်တို့ရဲ့ Personal private matter ဆိုတာ ရှိသေးတာပဲပေါ့”

ဒေါ်ခင်ခင်ကြီးက မျက်ခုံးမြင့်တက် ပင့်တင်ကာ ယုဝကို နှုတ်ခမ်းတွန့်၍ ကြည့်လိုက်ပြီး ...

“မင်းတို့အရွယ်တွေရဲ့ ပါစင်နယ်ကိစ္စဆိုတာတွေက အများအားဖြင့် နှလုံးသားရေးရာကိစ္စမျိုးတွေ ဖြစ်လေ့ရှိတယ်လေ ယုဝ၊ မင်းကိုတော့ ကြီးကြီး ပြောပြီးသားနော်၊ မင်းကို ကြီးကြီး ချစ်စစ်နဲ့ သဘောတူထားတယ်၊ ချစ်စစ်ကလွဲပြီး တခြားမိန်းကလေးနဲ့ ပတ်သက်မယ်မကြံနဲ့၊ ဒါတော့ ကြီးကြီး သဘောမတူဘူး ယုဝ၊ မင်းတို့အလယ်တန်းကျောင်းသားဘဝလောက်ကတည်းက မင်းဘကြီးက ကျောင်းလာတက်ရင် ကျောင်းစရိတ်တာဝန်ယူတယ် ဆိုပြီးခေါ်တော့ ဒီကိစ္စတော့ ပျက်ပြီထင်ပါရဲ့လို့ စိတ်မကောင်းဖြစ်ခဲ့ရသေးတယ် ...

မင်းကို ဟိုမှာပဲကျောင်းတက်၊ ဟိုမှာပဲဘွဲ့ရတော့ ဟိုကအလုပ်အကိုင်တစ်ခုခုပဲ လုပ်တော့မယ်ထင်ထားတာ၊ မင်း အခုမျှော်လင့်ဘဲ မြန်မာပြည်အပြီးပြန်လာတော့မယ်ဆိုတော့ ကြီးကြီး ဝမ်းသာခဲ့ရတာနော် ယုဝ၊ ဒီက ကြီးကြီးရဲ့လုပ်ငန်းကိုင်ငန်းတွေလည်း မင်းကို လွှဲအပ်နိုင်ပြီ၊ ချစ်စစ်နဲ့လည်း ဆက်စီစဉ်နိုင်ပြီဆိုပြီး ခုတော့ မင်းက





အလုပ်ထဲလည်းဝင်မလေ့လာ၊ ချစ်စစ်နဲ့လည်း မတုန်မလှုပ် အေးတိအေးစက်၊ တစ်နေ့တစ်နေ့ ဟိုသွားဒီသွားနဲ့ စိတ်လေနေသလိုပဲ”

“ကျွန်တော်သာ ပြန်မလာဘူးဆိုရင် ကြီးကြီးရဲ့လုပ်ငန်းတွေ စည်းစိမ်ဥစ္စာတွေကို ဘယ်လိုလုပ်မှာလဲ”

ယုဝက ဒေါ်ခင်ခင်ကြီးကို စေ့စေ့ကြည့်ကာမေးလိုက်ပါသည်။ ဒေါ်ခင်ခင်ကြီးက အရေးမကြီးသလို မေးစေ့ကိုပင့်လိုက်ရင်း ...

“လှူတန်တာလည်းလှူတာပေါ့၊ ရောင်းချစရာလည်း ရောင်းချ၊ ဖျက်သိမ်းစရာလည်း ဖျက်သိမ်းပေါ့၊ ကျန်သင့်သလောက်ကိုတော့ တစ်ယောက်တည်းရှိတဲ့ မင်းကိုပဲ လွှဲရမှာပေါ့ ယုဝရဲ့”

“ကျန်တာတွေထားလိုက်ပါ၊ ကြီးကြီးမှာ သွေးရင်းသားရင်း ညီမတစ်ယောက်လုံး ရှိသေးတယ်လေ ကြီးကြီး”

ဒေါ်ခင်ခင်ကြီးက မျက်နှာကို တင်းပစ်လိုက်ရင်း ...

“မင်းအမေအကြောင်း စကားထဲထည့်မပြောနဲ့”

“ကျွန်တော့်အမေက ကြီးကြီးညီမအရင်းလေ”

“မင်းသာ မအေတော်လို့ မပြတ်နိုင်ရင် မင်းသဘောပဲ၊ ငါကတော့ ငါ့စကားနားမထောင်၊ ငါ့ကိုတော်လှန်ပုန်ကန်သွားတဲ့ ညီမမျိုးကိုပြတ်တယ်၊ စိတ်ကူးထဲလည်းမရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com

ပစ္စုပ္ပန်ရော အနာဂတ်ပါ သူ့ကို ဘာမှ ထည့်မစဉ်းစားဘူး၊ ဒါပဲ”

ယုဝက ဒေါ်ခင်ခင်ကြီးကို စိုက်ကြည့်နေမိပါသည်။ မာန်မာနတရားတွေ တောက်လောင်လှတဲ့ ကြီးကြီးပဲ။ ဒီကြီးတော် လက်ထဲမှာ ဆယ့်ငါးနှစ်လုံးလုံး ကြီးပြင်းခဲ့ရပြီးမှ အင်္ဂလန်ကို ထွက်သွားခဲ့တာမို့ ကြီးကြီးကို ယုဝ သံယောဇဉ်ရှိပါသည်။ ကိုယ့်ကြီးတော်ရယ်လို့လည်း ချစ်ခင်စိတ်ရှိပါသည်။

သို့သော် နှစ်လိုမှုတော့မရှိပါ။ ကြီးကြီးဟာ အတ္တကြီးတယ်လို့ သူ အမြဲခံစားခဲ့ရပါသည်။ အင်္ဂလန်မှာ ဘဘနှင့်နေခဲ့ရတုန်းကတော့ အေးချမ်းပြီး နားလည်မှုရှိသော ဘဘနှင့် သူ့ရဲ့ ဆက်ဆံရေးက အထူးကောင်းမွန်ခဲ့တာပါ။ ဘဘကို ယုဝ သဘောကျသည်။

တကယ်တော့ တော်ရုံတန်ရုံ မြန်မာပြည်ကို ပြန်လာဖြစ်ဖို့ သိပ်ပြီးအကြောင်းမရှိတော့ဘူးလို့ သူ ထင်မြင်ယူဆခဲ့တာ။ ခုတော့ သူ မြန်မာပြည်ကို ပြန်ကိုပြန်လာခဲ့ရပြီ။ ဘဘနှင့်ခွဲခွာခဲ့ကာ ကြီးကြီးထံ ပြန်လည်ခိုလှုံဝင်ရောက်ခဲ့ရပြန်ပြီ။

သူ ပြန်ရောက်လာသည်နှင့် ကြီးကြီးက သူ အလွန် ချစ်တဲ့ ‘သည်းဦးချစ်စစ်’ဆိုတဲ့ကောင်မလေးနှင့် လက်ထပ်ကာ သူ့အလုပ်ခွင်မှာ တာဝန်ဝင်ယူဖို့ ဆီးကြိုစီစဉ်တော့တာပင်။ တကယ်တော့ ကြီးကြီးဟာ သူ့စိတ်သူ့သဘော သူဖြစ်ချင်တာ





တစ်ခုကိုသာ အမြဲသိ အမြဲကြည့်တဲ့ အမျိုးသမီးကြီးတစ်ယောက်ပါပင်။

“ကဲပါ အရေးမကြီးတာတွေ ထားစမ်းပါ ယုဝရယ်၊ မင်း အခု ဘယ်သွားမယ် ဘာလုပ်မယ်တွေ အသေးစိတ်မပြောလိုဘူးဆိုရင်လည်း ရှိစေတော့၊ ဒါပေမဲ့ ဒီပုံ ဒီပန်းနဲ့ မင်း အကြာကြီးတော့နေလို့မရဘူးနော် ယုဝ၊ အခုပဲ မင်းပြန်ရောက်လာတာ တစ်လကျော်လို့ နှစ်လထဲဝင်လာပြီ၊ မကြာခင် တစ်ချိန်မှာတော့ ကြီးကြီးရဲ့ကုမ္ပဏီအလုပ်ကို မင်း စ,လေ့လာတော့၊ မင်းပဲ အုပ်ချုပ်ရတော့မယ်၊ ပြီးရင် နောက်နှစ်ဆန်းလောက်မှာ ချစ်စစ်နဲ့ လက်ထပ်ကြတော့၊ နောက်နှစ်မှာ ချစ်စစ်လည်း ကျောင်းပြီးပြီ”

ယုဝက ဘာမှ ပြန်မပြောမိပါ။ သူ့မှာ ပြန်ပြောစရာစကားလည်း မရှိပါ။ သူ့ခေါင်းထဲ သူ့အာရုံထဲရှိနေတဲ့ကိစ္စက တခြား။ ထုံးစံအတိုင်း သူ့ရဲ့ငြိမ်သက်အေးစက်တဲ့ ဟန်ပန်နှင့်ပင်...

“ကျွန်တော် သွားတော့မယ် ကြီးကြီး”

“ကော်ဖီတောင်သောက်မသွားတော့ဘူးလား”

ယုဝက ခေါင်းသာခါလိုက်ပါသည်။

သူ့ရှေ့က လှည့်ထွက်သွားသော ယုဝကို မြင်ရတဲ့အထိ ကျောပြင်ကို လှမ်းကြည့်ကျန်ရစ်ခဲ့တဲ့ ဒေါ်ခင်ခင်ကြီးရင်ထဲမှာတော့ အလိုမကျခြင်းတွေနှင့် ခပ်နင်နင်ရယ်ပင်။ ဒီယုဝဆိုတဲ့


www.burmeseclassic.com

www.burmeseclassic.com



သူဟာ သူ့အဖေ 'မင်းဟန်'နဲ့ တစ်ချိုးတည်း။ ရုပ်ချင်းလည်း ခပ်ဆင်ဆင်တည်း။

မင်းဟန်ဟာ ပြန်မပြောနားမထောင်။ အေးတိအေးစက် တဲ့ဆိုတာလေ။ ဘယ်သူဘာပဲ လုပ်စေချင်နေနေ ဆန္ဒရှိနေနေ သူ့ဆန္ဒမပါရင်မလုပ်။ သူလုပ်ချင်ရာကိုသာ လုပ်တဲ့ကောင်။ တရားမှုမတရားမှုဆိုတာတွေကိုလည်း သူ့မှာ အရေးထားရသလား မပြောနဲ့တော့။ ငယ်သူငယ်ချင်းဖြစ်တဲ့ သူမဘက်ကလည်း မပါတဲ့ကောင်။

နာကျင်ခဲ့ရတဲ့ ခင်ခင်ကြီးရဲ့နှလုံးသားကိုလည်း နားလည်ပေးမှုမရှိခဲ့ပါ။ သူ့မိန်းမအမှန် ခင်ခင်ကြီး အမှားတဲ့။ ယုဝကတော့ သူ့အဖေထက် နည်းနည်းပါးပါးပိုကာ ချိုချိုသာသာ ဖွယ်ဖွယ်ရာရာရှိသေးသည်။ ရေရေရာရာ ပြောဖော်ဆိုဖော်ရသေးသည်။ လိုက်လိုက်လျောလျော သဘောထားမျိုးရှိသေးသည်။

"ကျော့ကျော့"

"ရှင် ... အန်တီ"

"ခြင်းပြင်ပြီးပြီလား"

"ဟုတ်ကဲ့ အန်တီ၊ အဆင်သင့်ဖြစ်ပါပြီ"

"ကားပေါ်တင်တော့၊ ငါ သွားတော့မယ်"

"ဟုတ်ကဲ့"

ဒေါ်ခင်ခင်ကြီးက ထမင်းစားပွဲမှထလိုက်ပါသည်။





"တူတူ ... တူတူ"

ဖုန်းမြည်လာ၍ ထမင်းစားပွဲပေါ်တင်ထားတဲ့ ဖုန်းကို ကောက်ကိုင်ပြီး တစ်ဖက်က ဘယ်သူခေါ်နေလဲကြည့်လိုက်လျှင် ဖုန်းရဲ့စခရင်မှာ 'Chit Sitt' ဆိုတဲ့အမည်လေးပေါ်နေတာမို့ ဖုန်းကိုဖွင့်လိုက်ရင်း ...

"သမီးလေး ပြော"

"ကြီးကြီး ယုဝ အိမ်မှာလား"

"ခုပဲ ထွက်သွားလေရဲ့ သမီးရေ၊ သမီး သူ့ဖုန်းဆက်လိုက်လေ"

"သူ့ဖုန်းကြီးက ပိတ်ထားတယ်"

"သြော် ... ဒီကောင်လေးတော့ ဒုက္ခပဲ၊ ဖုန်းကိုပိတ်ထားတာ ဘာအကျင့်မှန်းမသိဘူး၊ အရေးအကြောင်းဆို ဆက်သွယ်လို့မရဘူး ဖြစ်မှာ"

"ဘယ်သွားတာလဲဟင် ကြီးကြီး"

"ဟိုတုန်းက သူငယ်ချင်းတွေဘာတွေ ပြန်ရှာဖို့သွားသလား မသိပါဘူး သမီးလေးရယ်၊ ဘယ်နေရာရယ်တော့ ကြီးကြီးလည်း အတိအကျမသိဘူး၊ သမီး ဘာကိစ္စရှိလို့လဲ၊ အရေးကြီးလား"

"အရေးမကြီးပါဘူး ကြီးကြီးရဲ့၊ သူ့ဖုန်းကိုပဲ တစ်နာရီခြား တစ်ခါလောက် ဆက်ကြည့်နေလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ... ဆက်ကြည့် ကြီးကြီးလည်း လှမ်းလှမ်း ဆက်ဝါဦးမယ်၊ တွေ့ရင်တော့ သမီးဆီဆက်ဖို့ ပြောလိုက်မယ်နော်၊ အိမ်လာဦးလေ သမီးလေး"

"ဟုတ်ကဲ့၊ သမီးလာရင် ကြီးကြီး တူက ကြိုက်ရောကြိုက်ရဲ့လား မသိပါဘူး၊ အမြဲပဲ မပွင့်တပွင့်နဲ့"

"ဘာလို့ မကြိုက်ရှိရမလဲ၊ အလကား အိုက်တင်များနေတာ၊ လာခဲ့ဦး သမီး"

"ဟုတ် ... ဒါပဲနော် ကြီးကြီး"





၂

သူက ရေနွေးကြမ်းတစ်ခွက်ကို စိတ်ပျက်လက်ပျက်နဲ့ ထည့်ရင်း ...

"မင်းဘဲကြီးကလဲ အလကားပါ ကျော်ကြီးရာ၊ လာတွေ့ပါဆိုတော့ ချက်ချင်းလာတွေ့တာပဲဟာ အဖျားကရှူးသွားတယ်"

"ဒါတော့ကွာ မင်းကြားတဲ့အတိုင်းပဲလေ ဗိုလ်သုရာ၊ ဒီမနက်ပဲ သူ့မိန်းမက တူတစ်ယောက်ခေါ်ထည့်ပြီး ခန့်လိုက်တော့ သူလည်း ဘာပြောနိုင်မလဲကွာ၊ သူ့စိမ်းနဲ့စာတော့ မိန်းမရဲ့ တူကို ခန့်ပေးရတော့မှာပေါ့ကွ"

သူက သက်ပြင်းချလိုက်ရင်း ...

"အေးပါ ဟုတ်ပါတယ်လေ၊ ငါကလည်း အလုပ်တောင်မခန့်သေးဘူး၊ အလုပ်ဝင်ရင် လခတော့ကြိုထုတ်ချင်တယ်ဆိုတာလည်း အရင်ပြောမိတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ်အလုပ်ထပ်ရှာလည်း လခကြိုထုတ်လို့ရဖို့က တော့ မလွယ်ဘူးဟောကောင်၊ ဒီလူ ကောင်းလား ဆိုးလား တော်လားညံ့လားလည်း မသိသေးဘဲ ဘယ်သူမှ ပိုက်ဆံ ကြိုထုတ်ပေးချင်မှာ မဟုတ်ဘူးကွ"

"ငါကလည်း အိမ်လခနှစ်လစာ အကြွေးကို အနည်းဆုံး တစ်လစာပဲဆပ်ရဆပ်ရ ခွဲပေးချင်လို့ပါ၊ ရက်တွေ ရွှေ့ရွှေ့ ပြီး နောက်ဆုတ်ချိန်းရမန်များတော့ ငါလည်း မျက်နှာအရှမ်း ပူလာပြီကွာ"

"မင်း အိမ်ကားရော မောင်းမလား"

"ဟောကောင် အိမ်ကားမကလို့ ဘာကားဖြစ်ဖြစ်ကွာ၊ ဗိုက် ဆံရရင်မောင်းရမှာပဲ၊ အစကတည်းက မင်းကို ကုမ္ပဏီကားမ မောင်းမယ်လို့ ပြောမထားပါဘူးကွာ၊ အိမ်ကားက ဘာဖြစ် လို့လဲ၊ ဒရိုင်ဘာဆိုပြီး အိမ်ရှင်ဟောက်မှာကို ငြိုငြင်နေလို့ မရတော့ဘူးကွ၊ အခြေအနေက မပေးတော့ဘူး"

"အေးကွာ"

ကျော်ကျော်ဆွေက သက်ပြင်းချလိုက်ရင်း …

"အေး … တခြားအလုပ်တွေကလည်း သိပ်အဆင်မပြေနိုင် ဘူး၊ ရုံးတွင်းအောက်ခြေဝန်ထမ်းလောက်ဆို သုံးလေးငါး သောင်းပဲ ပေးချင်ကြတာကွ"





"အဲဒါကတော့ ဘယ်လိုမှမလောက်တာ၊ ဒရိုင်ဘာလခက ရှစ်သောင်းလောက်တော့ ရမှာမို့သာ ငါ စဉ်းစားရတာ၊ ဒါတောင် တကယ်ဆို မပြေလည်သေးဘူး၊ အိမ်လခနည်းတဲ့ အိမ်ပြောင်းဖို့ကလည်း လောလောဆယ် ဒီအိမ်လခကြွေး တောင် မဆပ်နိုင်သေးဘဲနဲ့ ပြောင်းသွားဖို့လည်း မဖြစ်ပြန် ဘူး"

"ဒီလိုလုပ်ကွာ၊ ငါ့သော်ဒါတစ်ယောက်နစ်ယောက် မင်းဆီ လွှတ်လိုက်မယ်၊ အခန်းမှာ မှုပြီးနေပေါ့ကွာ၊ တစ်ယောက် တစ်သောင်းခွဲလောက်တော့ တောင်းလို့ရတယ်၊ ရေချိုးရုံ အိပ်ရုံ ဒီလောက်ပဲ၊ ချက်ပြုတ်မှာလည်း မဟုတ်ဘူး၊ အဲဒါလေးကလည်း ဘာရယ်မဟုတ် ခုမိတယ်ကွ"

"အေးလေ မင်းရှာလွှတ်ပေးလေ၊ ငါကတော့ ခုချိန်မှာ ပိုက်ဆံဘယ်လောက်လေးဝင်ဝင် လုပ်ရမှာပဲ၊ ငြင်းနေစရာ ကြေးများနေစရာ အခွင့်အရေးမပေးဘူးကွ"

ကျော်ကြီး မျက်လုံးများက သူ့ရဲ့လည်ပင်းက ရွှေဆွဲကြိုးဆီ ဝေ့သွားရကာ …

"လောလောဆယ် သိပ်ကျပ်တည်း ခက်ခဲနေရင်လည်း မင်းလည်ပင်းကဟာကို ရေဖျော်ပစ်ပေါ့ကွ"

သူကော လည်ပင်းကိုစမ်းလိုက်ရင်း …

"အဲဒါတော့ မဖြစ်ဘူး ကျော်ကြီးရ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဘာအခက်အခဲပဲကြုံကြုံ၊ သေရေးရှင်ရေးပဲဖြစ်ဖြစ် ဒီဆွဲကြိုးကို ဘယ်တော့မှ မရောင်းစားရဘူးလို့ မေမေက မှာသွားတယ်"

"သော ..."

ကျော်ကြီးက အံ့အားတသင့်နှင့် ...

"ဒါဆို ဘာလဲ ... ဒါက ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလို မင်းရဲ့အဘိုးအဘွားတို့ မိဘရင်းတို့"

"ဟော့ကောင် ... ငါ့အမေက ငါ့အမေရင်းပါကွ"

"မသိဘူးလေ၊ မင်းအမေက ဆွဲကြိုးကို ပဟေဠိလုပ်သွားတော့"

"မေမေကတော့ ငါ့အမေရင်းပါ ကျော်ကြီးရာ၊ ဒါပေမဲ့ တခြားအဘိုးဘွားဆွေမျိုးတွေနဲ့များ ပြန်ဆုံရင် အထောက်အကူပြုမယ့် သက်သေခံမယ့် ဆွဲကြိုးများလား ဆိုတာတော့ ငါလည်း တွေးမိတယ်"

"မင်းအမေက မပြောဘူးလား၊ ဒီဆွဲကြိုးနဲ့ပတ်သက်ပြီး"

"မပြောဘူး၊ ငါ ဆယ်တန်းအောင်တဲ့နှစ်က ထုတ်ဆွဲပေးတာပဲလေ၊ ဘယ်တော့မှ မချွတ်နဲ့လို့ ပြောထားတာ"

"ဟော့ကောင် ... ကျုတ်လည်းပါတယ်ကွ၊ ကျုတ်ထဲမှာ ဘာပါလဲ"



"အဲဒါ ကျုတ်မဟုတ်ဘူး၊ ဖွင့်လို့လည်းမရဘူး၊ အဲဒါက ရှေးခေတ်က ပေဖူးလွှာတို့ စာချွန်တော်တို့ပုံစံမျိုးလုပ်ထားတာကွ"

"ဩော် ... အေး၊ ထိပ်နှစ်ဖက်စလုံးမှာ အဖူးလေးတွေနဲ့၊ ငယ်ငယ်က ကာတွန်းတွေထဲမှာ နန်းတွင်းသုံးတဲ့ စာချွန်လွှာဆိုလား စာချွန်တော်ဆိုလား အဲဒါမျိုး၊ ဖွင့်လို့မရဘူးဟော့"

"မရဘူး၊ ဒီအလိပ်ပေါ်မှာတော့ ရက်စွဲတစ်ခု ထိုးထားတယ်"

"ဘာရက်စွဲလဲ"

"ငါ့အဖေနဲ့အမေ လက်ထပ်တဲ့နေ့တဲ့"

"ဩော် ..."

"ဒါကိုတော့ကွာ ဘယ်နည်းနဲ့ဖြစ်ဖြစ် မရောင်းဘူးလို့ ငါ ဆုံးဖြတ်ထားတယ် ကျော်ကြီးရာ၊ ဒါကို မေ့ထားလိုက်ပါ"

"ဒါဖြင့် မင်းမှာ ပိုက်ဆံရဖို့နည်းလမ်းက သိပ်မရှိလှဘူး၊ မင်းမှာ ချေးဖို့ငှားဖို့ရော အသိမိတ်ဆွေမရှိဘူးလား"

"ဘယ်လိုလုပ်ရှိပါ့မလဲ ဗိုလ်သုရာ၊ ငါတို့မှာသာ သူဌေးအသိရှိရင် ငါ့ကို သင်္ဘောတင်ဖို့ဆိုပြီး ငါ့အမေ ပြေးချေးပြီးပြီ၊ ငါလည်း ဒီမှာမရှိတော့ဘူး၊ ခုလောက်ရှိ သင်္ဘောပေါ်ရောက်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးခါစကတော့ မမေ့အလုပ်ရှင် ကုမ္ပဏီသူဌေးရဲ့ညီ ဖွင့်လှစ်ထားသော ဝပ်ရှော့ပ်ကြီးမှာ သုခ အလုပ်သင်အဖြစ် အလုပ်ဝင်လုပ်ခဲ့ပါသေးသည်။ ဝါသနာလည်းပါတော့ တစ်နှစ်ခွဲ နှစ်နှစ်အတွင်း တော်တော်လေးတတ်မြောက်ကျွမ်းကျင်ကာ အလုပ်ရှင်ကလည်း အရေးပေးတဲ့အဆင့် ရောက်နေခဲ့ပါပြီ။

လခလည်း မဆိုးပါ။ မမေ့လခနှင့်ပါပေါင်းတော့ သားအမိနှစ်ယောက် အတော်ကိုအဆင်ပြေခဲ့ပါလျက်။ ဝပ်ရှော့ပ်ပိုင်ရှင်သူဌေးရဲ့ဇနီးနှင့် သမီးလေးတို့ဟာ ဘုရားဖူးကား တိမ်းမှောက်တဲ့အထဲပါသွားပြီး ရုတ်တရက် ကွယ်လွန်သွားကြတဲ့အခါ သူဌေးက စိတ်ဓာတ်တွေကျပြီး သူ့အလုပ်တွေပါ အကုန်ဖျက်သိမ်းချုပ်လျက် ခုတော့ နိုင်ငံခြားကို အပြီးအပိုင် ထွက်သွားပါပြီ။

သုလည်း အလိုအလျောက် အလုပ်ပြုတ်တဲ့အချိန်မှာ မမေက တရှောင်ရှောင်မကျန်းမာရာက အဆုတ်ကင်ဆာလို့သိရအပြီး ဘာမှမကြာ သုံးလလောက်မှာပဲ မမေကွယ်လွန်ခဲ့ရတာပါ။ ဒီကြားထဲမှာ မမေ့ကျန်းမာရေးကတစ်ဖက် အိမ်မှုကိစ္စကတစ်ဖက်ဆိုတော့ သုလည်း အလုပ်ထပ်မရှာ ထပ်မလုပ်ဖြစ်ခဲ့ပါ။

အိမ်မှာ စုဆောင်းထားတာရှိတဲ့ ငွေကြေးလေးနဲ့ပဲ မမေ့ကို ဆေးကုဖို့ထုတ်သုံးရကာ အဲဒီငွေအနည်းအကျဉ်းလေးကုန်တော့ မမေ့လက်ဝတ်လက်စားလေး နည်းနည်းကိုလည်း





ထုတ်ရောင်းခဲ့ရပါသည်။ အဲဒီကတည်းက မမေက ဒီဆွဲကြိုးကိုတော့ လုံးဝ မထုခွဲစေခဲ့တာ။

"အခုက ပိုဆိုးတာကကွာ အိမ်ကအိမ်ရှင်ရဲ့မြေးလေးက သွေးလွန်တုပ်ကွေးနဲ့ ဆေးရုံတင်လိုက်ရတယ်၊ သူတို့လည်းတကယ်ကိုငွေလိုနေတာကွ၊ တခြားကတောင် ဆွဲရုံရှာရမှာဖြစ်နေတာ ကိုယ်တိုင်လည်းသိနေတော့ ငါက ကြွေးတင်နေတာကို မပေးနိုင်တော့ ရှုးတောင်ရှုးချင်တယ်ကွာ"

"ခက်တာက မင်းက ကွန်ပျူတာလေး ဘာလေးလည်း မကျွမ်းကျင်"

"ဂိမ်းမ်ဆော့တာ ချက်တင်လုပ်တာကလွဲရင် ပညာရပ်ပိုင်းတွေ မတတ်ဘူးကွ၊ စိတ်တွေရှုပ်လိုက်တာကွာ၊ အစ်မအပျိုကြီးကို ရွဲ့ပြောခဲ့သလို စားပြွတ်ထွက်တိုက်ရမယ့်ကိန်းဆိုက်နေပြီ"

"ဟုတ်ပကွာ၊ ခက်တာက စားပြွတ်ကိုက်မယ် ဆိုရင်တောင်ချမ်းသာတဲ့အသိအိမ်ကမရှိ ... ဟား ဟား"

သုသည် စိတ်ညစ်ညစ်နှင့် ရေနွေးကြမ်းတွေချည်းလိုမ့်သောက်နေမိပါသည်။ ခုနသောက်ထားတဲ့ လက်ဖက်ရည်ဖိုးတွေတော့ ကျော်ကြီးရဲ့အသိအစ်ကိုကြီးက အလုပ်မပေးနိုင်တော့တာကို အားနာနာနှင့် ရှင်းပေးသွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေညစ်ကာ ကြံရာမရနှင့် ဆိုင်ပြင်ဘက်လမ်းမမှာ လျှောက်သွားနေကြတဲ့လူတွေကို ငေးမောနေမိသည်။ လှည်းတန်းက အချိန်ပြည့်လူစည်ကားလှကာ များရာစုက ဒီနားတစ်ဝိုက်ကျူရှင်တွေ သင်တန်းတွေတက်နေတဲ့ လူငယ်တွေပင်။ ကောင်မလေးတွေဟာ ရောင်စုံခြယ်သလှပကြော့မော့လျက် ကျောပိုးအိတ်လေးတွေနှင့် ပေ့ါပါးလွတ်လပ်လျက်။

သုခ ငေးမိငေးရာငေးမောနေတုန်း သူတို့ရဲ့ကော်ဖီဝိုင်းလေးရှေ့က ဖြတ်လျှောက်သွားတဲ့ ကောင်မလေးသုံးယောက်ထဲက အလယ်တစ်ယောက်က ခြေလှမ်းတုံ့ရပ်သွားကာ သူ့တစ်ဖက်တစ်ချက်ကနှစ်ယောက်ကို တားလိုက်ပါသည်။

"ဟဲ့ … ခဏနေကြဦး"

"ဘာတုံး ချစ်စစ်ရဲ့"

"ဟိုမှာလေ ဝရမ်းပြေး မိနေပြီ"

"ဘယ်သူလဲ"

"ဟိုမှာ သင်းပဲ၊ လိုက်ခဲ့လာ"

သုခသည် သူတို့စားပွဲကို ဦးတည်လျှောက်လာတဲ့ ရှေ့ဆုံးက ကောင်မလေးကို တအံ့တသြလှမ်းကြည့်နေမိပါသည်။ နဂိုချစ်စရာကောင်းလှတဲ့ ရုပ်ကလေးမှာ ပိုက်ဆံရှိသားသမီးမှန်းသိသာစေတဲ့ အဝတ်အထည် အဆင်တန်ဆာ အခြယ်အသ အလှအပတွေနှင့်ဆိုတော့ လန်းထွက်နေတယ်လို့ပဲ ပြောရမည့် ဒီဇိုင်းနှင့်ကောင်မလေးဟာ ပြုံးစိစိနှင့် သုခရှေ့ ခါးထောက်ရပ်လိုက်ပါသည်။





သုခက အံ့သြကြောင်တက် ငေးမောကြည့်နေဆဲ …

"ကဲ … ဘယ်ပြေးမလဲပြော၊ ဘယ်လိုပြေးရှောင်ဦးမလဲ လူဆိုးကြီး၊ ဝရမ်းပြေးကြီး"

"ဗျာ"

"ဗျာမနေနဲ့ တစ်ခါတည်း၊ အသည်းယားလာပြီ ကုတ်ဆွဲပစ်ချင်တယ်"

"ဗျာ"

သုခမှာ အံ့သြတဲ့ကြားက သူ့ကို ကြောင်ကုတ်သလို ပုံစံ လက်ချောင်းလေးတွေကွေးပြီး မျက်နှာရှေ့ခပ်ခွာခွာကို ကုတ်ချလိုက်တဲ့ကောင်မလေး အမူအရာကြောင့် ချစ်စနိုးလေးရယ်ချင်သွားမိပါသည်။

"တွေ့လား မမြဲတစ်နဲ့ အကြောင်ရိုက်နေပြန်ပြီ၊ ဘယ်ရမလဲ"

ချစ်စစ်က သုခတို့စားပွဲက လွတ်နေတဲ့ခုံမည်းမည်းလေးမှာ ဝင်ထိုင်ချလိုက်ရင်း …

"ဟဲ့ … နင်တို့လည်း ဟိုဘက်စားပွဲမှာ ခုံဆွဲထိုင်လိုက်ကြ"

သူငယ်ချင်းနှစ်ယောက်က ကပ်လျက်စားပွဲလေးမှာ ဝင်ထိုင်လိုက်ကြပါသည်။ ချစ်စစ်က လည်ပင်းလေးရှေ့ကိုတိုးရင်း …

"ကဲ … ပြောပါဦး"

"ဘာပြောရမှာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



“အောင်မယ် ... လာသေးတယ် ဗျတဲ့၊ ရှိသေသားပဲ၊ ဒါက နင့်သူငယ်ချင်းပေါ့ ဟုတ်လား”

“ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ”

“ဩော် ... ဘာမှမဖြစ်ပါဘူး၊ ဘွားဘွားက နင် ဟိုးအရင်က သူငယ်ချင်းတွေ သွားပြန်ရှာနေတာလို့ ပြောလိုက်လို့ ငါက ဆက်စပ်ကြည့်တာ၊ ဒါ ငယ်သူငယ်ချင်းပေါ့ ဟုတ်လား”

“အင်း ...”

“မိတ်ဆက်ပေးဦးလေ၊ နင့်သူငယ်ချင်းက ငါ့ကိုလည်း သိသင့်တာပေါ့”

သူမက နဖူးတွန့်လေးကို တစ်ချက်နှစ်ချက်ကုတ်လိုက်ရင်း အူကြောင်ကြောင်ပုံစံလေးနှင့်ပင် ...

“ဒါက ငါ့သူငယ်ချင်း ကျော်ကြီး၊ ကျော်ကျော်ဆွေတဲ့”

ချစ်စစ်က ကျော်ကျော်ဆွေကို ပြုံးပြလိုက်ရင်း ...

“ဟုတ်ကဲ့ ဒါ သူ့သူငယ်ချင်းတစ်ယောက်နဲ့ ပထမဆုံး ဆုံရတာပဲရှင့်၊ ကျွန်မ ချစ်စစ်ပါ”

“ဗျာ ... ချစ်စစ်”

“ဟုတ်ကဲ့ ချစ်စစ်ပါ”

“ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ နာမည်လေးက တကယ်ကောင်းတယ်နော်”





ကျော်ကြီးက ရယ်လည်းရယ်ချင် အံ့သြကာ ချစ်စစ်ကိုပြုံးဖြီးဖြီး ခေါင်းညိတ်ပြသည်။ သူမကို လူလာမှားနေတာကို ကျော်ကြီး သိပါသည်။ ကျော်ကြီးနှင့်သူမက တစ်ယောက်အကြောင်း တစ်ယောက်နဲ့ ပတ်သက်ရာတွေကို အတွင်းအပြင် အူမချေးခါး အားလုံးသိကြတဲ့သူတွေပါ။ သူမမှာ ဒီလိုကောင်မလေးမိတ်ဆွေ မရှိတာ ကျော်ကြီးလည်း အစင်းသိပင်။

“အင်းပေါ့လေ၊ သူ့သူငယ်ချင်းတွေကို ကျွန်မ နာမည် တောင် ယောင်ယမ်းပြီးတော့တောင် ထည့်မပြောမှုမှာကို သိပြီးသားပါ၊ ဟဲ့ ... ယုဝ”

“ဗျာ”

သူမက ချစ်စစ် ရေရွတ်လိုက်တဲ့နာမည်ကို အံ့အားသင့်နေမိပါသည်။

“ဘာဗျာလဲ ... ဘာဗျာလဲ၊ နင်ဟာလေ ကုတ်ဆွဲချင်တဲ့သူ မလွန်ဘူးသိလား၊ ဘာလို့ ထုံပေပေကြီး လုပ်နေတာလဲ”

“မဟုတ်ပါဘူး၊ မလုပ်ပါဘူး”

“ကဲ ... ပြောပါဦး ဒါက ဘာစတိုင်လဲ၊ စရိုက်နှစ်မျိုးနဲ့ သရုပ်ဆောင်မယ်ပေါ့ ဟုတ်လား၊ တီရှပ်နဲ့ ... ဟာဟာ၊ ဂျင်းပိန်နဲ့”

ကျော်ကြီးက သူမကို တစ်ချက်ကြည့်ရင်း ...

“သူ ... သူက အရင်က ဘယ်လိုဝတ်စားလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကိုကျော်ကြီးတို့က ခုမှ ပြန်ဆုံတွေ့ကြတော့ ဘယ်သိမလဲနော၊ ဟုတ်တာပေါ့၊ သူက ရှပ်လက်ရှည်နဲ့ စတိုင်ပဲန်နဲ့ပဲဝတ်တာ၊ ရှပ်လက်တိုတောင် တစ်ခါတစ်ရံလေးမှ ဝတ်တာရှင့်၊ ဆံပင်ကိုလည်း ပိပိပြားပြား သေသေဝပ်ဝပ်ဖြီးထားတာ၊ ခုလို ထိုးထိုးထောင်ထောင် ရှုပ်ရှုပ်ပွပွ တစ်ခါမှ မတွေ့ဖူးပါဘူး၊ ဟဲ့ ... ယုဝ ... နင် ဘယ်လိုပဲ ပုံဖျက်ဖျက်ပါ ငါ့ကိုတော့ လှည့်စားလို့မရဘူးနော် သဘောပေါက်"

သုဓေ ကောင်မလေးကို စိုက်ငေးကြည့်နေရာမှ တကယ်ပဲ ရယ်ချင်လာမိကာ နှစ်နှစ်ခြိုက်ခြိုက် သွားပေါ်အောင် ပြုံးလိုက်မိပါသည်။

ချစ်စစ်သည် မဲ့ကာရွဲ့ကာ မျက်လုံးပြူးကာ လက်ညှိုးလေးတထောင်ထောင်နှင့် ပြောနေရာက သုဓေ၏ ကြည်လင်ဝင်းသန့်လှတဲ့အပြုံးကိုမြင်လျှင် ခေတ္တခဏ မှင်သက်မိသလို ငေးသွားရပါသည်။ ယုဝထံမှာ ဘယ်တုန်းကမှ ဒီလိုလင်းလက်တောက်ပတဲ့အပြုံးမျိုး မမြင်ဖူးသေးသည်ဖြစ်၍ ရင်ထဲ၌ပင် ကတုန်ကယင် ဖိုလှုပ်သွားကာ ...

"ဟွန်း ... နင်က ဘာရယ်တာလဲ"

"ဘာမှ မဟုတ်ပါဘူး"





"ကဲ ... ပြောလေ၊ ဘာလို့ ရုပ်ဖျက်လာတာလဲ၊ ဘာအကြံနဲ့ နင် ဘာတွေလုပ်နေလဲ"

"ရုပ်မဖျက်ပါဘူး၊ ဒီလိုပဲ ဝတ်လိုက်တာပါ"

"ဟိုလိုက ပိုစတိုင်ကျပေမယ့် ဒီလိုက ပိုလှငယ်ဆန်တယ်၊ နင့်အသက်အရွယ်နဲ့လည်း ပိုလိုက်ဖက်တယ်၊ ပေါ့ပေါ့ပါးပါး ရှိတယ်၊ နင် ဒီလိုဝတ်လိမ့်မယ်လို့တောင် ငါ မထင်ဘူး ယုဝ၊ နင့်ကို တစ်ယူသန် တစ်ဖက်စွန်းစာအုပ်ကြီးလို့ ငါ ထင်နေတာ၊ မဟုတ်ပါလားဆိုတာသိပြီ၊ ကဲ ... ပြောပါဦး၊ ဖုန်းကို ဘာကိစ္စ ပိတ်ထားတာလဲ"

"ဗျာ"

"ငါ ဖုန်းခေါ်နေတာမရဘူး၊ နင် ဖုန်းပိတ်ထားတယ်"

"မ ... မပိတ်ပါဘူး"

"ဘာလို့မပိတ်ရမှာလဲ၊ အခုပြ ဖုန်းထုတ်ပြ"

"မ ... မပါဘူး"

"သြော် ... အိမ်မှာပဲထားခဲ့တယ်ပေါ့၊ အပြီးအစီး ခြေရာဖျောက်ပေါ့နော်၊ နင် ဘယ်ရောက်နေတယ်၊ ဘွားဘွားရော ငါရော မသိနိုင်တော့အောင်ပေါ့ ဟုတ်လား၊ နင်တော့ တစ်ခုခုပဲနော်၊ ငါ့ကိုလည်းရှောင်ဖယ်ဖယ်နဲ့၊ အိမ်လာတာတောင် သိပ်မကြိုက်တဲ့ရုပ်နဲ့ ခပ်တည်တည်နဲ့လုပ်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ ... အခုလည်း နှင့်ပုံစံက မပွင့်တပွင့်နဲ့၊ နှင့်ကို လိုက်ရှာနေတာကို နင်က ငါ နှင့်ကို လွှမ်းလွန်းလို့လို့ များထင်နေလား ဟင် ... ပြော"

"မ ... မထင်ပါဘူး၊ ဒါပေမဲ့"

"ဒါပေမဲ့မနေနဲ့၊ နှင့်ကို လွှမ်းလို့လိုက်ရှာနေတာမဟုတ်ဘူးနော် ဝရမ်းပြေးရဲ့၊ ရော့ ... နှင့်အကြွေးဆပ်မလို့"

ချစ်စစ်က စလွယ်သိုင်းထားတဲ့ ဆောအိတ်ကို အဖုံးဖွင့်ကာ ပိုက်ဆံတောင်တန်အုပ် နှစ်အုပ်ကို ဆွဲထုတ်လျက် စားပွဲပေါ် ဘုန်းခနဲ ဆောင့်ချလိုက်ပါသည်။ သူသည် စားပွဲပေါ် သူ့ရှေ့နီးနီးကပ်ကပ်က ပိုက်ဆံနှစ်သိန်းကို မျက်လုံးပြူးနှင့် စိုက်ကြည့်ကာ စိတ်တွေလှုပ်ရှားပြီး တံတွေးပင်သီးသွားပါသည်။

ခုနတုန်းက သူဟာ ဒီကောင်မလေးကို လူမှားနေပြီလို့ ပြောလိုက်တော့မလို့ပါ။ ခုတော့ ပိုက်ဆံနှစ်သိန်းကိုကြည့်ကာ လူမှားနေပြီပြောဖို့တောင် ဆွံ့အ,နှုတ်ပိတ်သွားရပြီ ဖြစ်လေသည်။

"ဒါ ... ဟို ..."

"ဟိုးတလောကလေ ဘွားဘွားက နင်နဲ့ငါ့ကို အတင်းအပြင်ထွက်ခိုင်းတုန်းက ငါတို့ ရှော့ပင်းသွားဖြစ်တဲ့တစ်ခေါက်လေ"

"အင်း ... အဲဒါ"





"နင် တကယ်မေ့သွားပြီလား"

"ဩော် ... ဟို ... အေး၊ သိပ်သတိမရ"

"အမယ်လေးနော်၊ မေ့စရာလား ဒါကို၊ နင်တကယ်မေ့တာဆိုရင်တော့ ငါ အစလာဖော်မိတာ မှားသွားတာပဲ ... ဟီဟိ၊ ဒီလိုမှန်းသိမယ်ဆိုတော့ဘဲ သိုသိုသိပ်သိပ် ဘတ်ထားလိုက်ပါတယ်၊ အဲဒီနေ့က နင့်ဆီက ငါ ပိုက်ဆံနှစ်သိန်းချေးတာလေ၊ ငါ့မှာ ပိုက်ဆံခြောက်သောင်းလား ခုနစ်သောင်းလားပဲပါလို့"

တစ်နေ့တည်းနှင့် နှစ်သိန်းခြောက်သောင်း ခုနစ်သောင်းဖိုး ဈေးဝယ်ပစ်တယ်ဆိုတဲ့ ဒီကောင်မလေးကို သူက နှုတ်ခမ်းပွင့်ဟကာ အံ့အားတသင့်စိုက်ကြည့်နေမိပါသည်။ အသုံးအဖြုန်းကြီးလှတဲ့ ကောင်မလေးပါလား။

"မာမီတို့ကလည်း သိတယ်မဟုတ်လား၊ ငါ့ကို ပိုက်ဆံသုံးလွန်းလို့ဆိုပြီး ခုတလော ရိက္ခာဖြတ်တောက်လျှော့နေတာနဲ့ နှင့်ကို ချက်ချင်းပြန်မဆပ်နိုင်တာ ဆောရီး၊ နင်ကလည်း မေ့တောင်နေတာမဟုတ်လား ကိစ္စမရှိပါဘူးနော်၊ နှင့်ကို ပြန်ဆပ်ရမယ်ဆိုပြီးတော့လည်း မတောင်းရဲဘူးလေ၊ သိတယ်မှလား၊ နင့်ဆီကပါ ချေးသုံးတယ်ဆိုရင် ဒက်ဒီက ငါ့ကို သမတော့မှာ၊ ဒါကြောင့် အသုံးအစွဲလေးလျှော့ပြီး သနားအောင်နေပြရတာ ...



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကတော့ နင်နဲ့ ရော့ပင်ထွက်မယ်လို့ပြောပြီး မာမီ့ဆီက ပိုက်ဆံတောင်းတာ နှစ်သိန်းပေးလိုက်တယ်လေ၊ အဲဒါကြောင့် နင့်ကို ဆပ်တာ၊ ရော့ ... သိမ်းလိုက်တော့လေ”

သုခသည် လည်ချောင်းထဲခြောက်ကပ်ကာ ဘာပြောလိုက်ရရင်ကောင်းမလဲဆိုတာ ရုတ်တရက် အဖြေရှာမရဘဲ လည်ဇလုတ်သာ လှုပ်စိလှုပ်စိဖြစ်တဲ့အထိ စိတ်လှုပ်ရှားထွေပြားနေပါသည်။

“ရော့လေ”

ချစ်စစ်က ပိုက်ဆံထုပ်ကို လက်နှင့် ရှေ့ထပ်တွန်းလိုက်သည်။

“ဟိုလေ ... ငါ ... ဟို ... နင်”

ထစ်တုံ့ထစ်တုံ့ထွက်လာတဲ့ သုခရဲ့စကားသံသည် စားပွဲအောက်ကနေ သူ့ခြေသလုံးကို ကျော်ကြီး ဖြတ်ကန်လိုက်၍ လန့်ပြီး တိခနဲရပ်သွားပါသည်။

“ဘာလဲ ... အတိုးလား”

“မဟုတ်ပါဘူး ဟိုဟာပါ”

“နင် အဲဒီတုန်းက ငါ့ကို အတိုးပါပေးရမယ်လို့ပြောတယ်လေ ယုဝရဲ့၊ ဘာလဲ ... ထုကယ်ပေးရမှာလား”

“မပေးရပါဘူး”





“ပြီးရော၊ ဆပ်ပြီးပြီနော်၊ နင့်သူငယ်ချင်းရှေ့ ငါ့သူငယ်ချင်းရှေ့”

လက်ညှိုးလေး တထောင်ထောင်နှင့် စကားပြောတတ်တဲ့ ချစ်စစ်ကို သုခက သတိလက်လွတ် စိုက်ငေးနေမိသည်။ သူ ဘာလုပ်ရမလဲ။ အမှန်အတိုင်းပြောရလျှင် ဒီငွေနှစ်သိန်းကို သူ တကယ်လိုချင်သည်။ လိုလည်းလိုအပ်နေသည်။

ဒါပေမဲ့ ဒါဟာ ကိုယ့်ကို သူမကပေးနေတာမဟုတ်ဘူးဆိုတာလည်း ကိုယ်ပင်အသိဆုံး။ ဒီကောင်မလေးက သူ့ကို 'ယုဝ'ဆိုတဲ့လူတစ်ယောက်နှင့် မှားပြီးနှုတ်ဆက်စကားပြော တရင်းတနီးဆက်ဆံကာ ပိုက်ဆံကိုပါ ကြွေးဆပ်နေတာ။ သူက ‘ယုဝ’မှ မဟုတ်ဘဲ။ သူက ‘သုခ’။

ဟင် ... နာမည်နှစ်ခုကလည်း ကာရံတူတူ။ ယုဝ။ သုခ။ လူမှားတယ်ဆိုတာကညး်က သူဟာ အဲဒီယုဝနှင့် ရုပ်ချင်းလည်း ဆင်တူနေလို့သာပေါ့။

ရုတ်တရက် ချစ်စစ်က သုခရဲ့မျက်လုံးရှေ့ လက်ဝါးလေးတစ်ဖက်နှင့် ယင်ခြောက်သလို ယပ်လိုက်ပြီး ...

“နင် ဘာတွေ စိုက်ကြည့်နေတာလဲ၊ နင် ဘာဖြစ်နေတာလဲ ယုဝ”

“ငါ ... ငါ့ကို နင် အခုကြည့်တာ ယုဝနဲ့တူလား ... အား”



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ စကားအဆုံး ကျော်ကြီးက ဆောင့်ကန်လိုက်ပြန်၍ သူ့ကေ အားခနဲ ယောင်ယမ်းလန့်အော်လိုက်မိသည်။

"နင် ဘာဖြစ်နေလဲ ယုဝ၊ အူကြောင်ကြောင်နဲ့၊ နင်ကနင်နဲ့ မတူလို့ ဘယ်သူနဲ့ တူရမှာလဲ"

"ဩော် ... ဟို ... သူမေးတာက သူ ခုလို တီရှပ်နဲ့ ဂျင်းနဲ့ ဝတ်လိုက်တော့ ခင်ဗျားသူငယ်ချင်းယုဝဆိုတာ သိသာနေသေးလား၊ ဒါကိုမေးတဲ့ သဘောပါ ... ဟဲ ဟဲ"

ကျော်ကြီးက ဝင်ပြောလိုက်၍ ...

"ဩော် ... ဒါလား"

မျစ်စစ်က သူ့ရဲ့မျက်နှာကို ထပ်မံစိုက်ကြည့်လိုက်ကာ ...

"အင်္ကျီလေး လဲဝတ်လိုက်တာနဲ့ နင်မှန်း မသိသာဘဲဖြစ်နိုင်ပါ့မလား ယုဝရဲ့၊ နင်ကကော ဘာအကြောင်းကိစ္စတွေရှိလို့ ရုပ်ဖျက်ချင်နေရတာလဲ၊ ရုပ်ဖျက်ချင်တယ် ဆိုရင်လည်း နှုတ်ခမ်းမွေးအတုတို့၊ ဆံပင်အတုတို့ ဝယ်တပ်လိုက်ပေါ့ဟဲ့၊ ပြီးရင် မျက်မှန်နဲ့ ဦးထုပ်လေးပါ ဆောင်းလိုက်ရင်တော့ ယုဝမှန်း ရုတ်တရက် ဘယ်သိသာတော့မလဲ"

သူ့သည် ဒီငွေနှစ်သိန်းအတွက် ချီတုံချတုံဖြစ်နေရပြီးမှ ခေါင်းတွေပူလာကာ ဆက်မစဉ်းစားချင်တော့ဘဲ မိုက်မိုက်မဲမဲပဲ ဆုံးဖြတ်ချက်ချလိုက်ပါသည်။ အသည်းအသန်ငွေလိုတုန်း





ကိုယ့်ရှေ့ကို တကူးတက လာပုံချပေးတဲ့ငွေကို လက်လွှတ်မခံချင်ပါ။

ဒါပေမဲ့ သူဟာ သူ့နိုးဓားပြ လူလိမ်လူကောက်လည်း မဟုတ်တဲ့အတွက် မနည်းလုတဲ့ သူတစ်ပါးပိုက်ဆံကို အလကားတော့ လိမ်မယူလိုပါ။ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ မဖြစ်မနေ ပြန်ပေးကိုပေးရပါမည်။

"ချစ်စစ်"

"ဟင် ..."

"ဟို ... နင့်ဖုန်းနံပါတ်"

"ဘာလဲ မေ့ပြန်ပြီလား၊ Contact listထဲမှာ ရေးမထားသေးဘူးလား၊ ရေးမထားတောင် ငါခေါ်ထားတဲ့ မစ်စ်ကောလ်တွေရော ဘာတွေရော ရှိနေဦးမှာပဲဟာ၊ ပြန်ကြည့်ရင်ရတာပဲ"

"ဖုန်းထဲ ဘာမှမရှိတော့ဘူးဟ၊ ပြန်ပြောပြပါ"

ချစ်စစ်က သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ ဖုန်းနံပါတ်လေးတစ်ခုကို နှုတ်က ချစ်စဖွယ်ဆောင့်ကြီးအောင့်ကြီး ရွတ်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၃

ထမင်းစားပွဲမှာ ယုဝက ဒေါ်ခင်ခင်ကြီးရဲ့ အရိပ်အကဲကို ကြည့်နေပါသည်။ ကြီးကြီး နောက်ဆုံးထမင်းလုတ်လက်စသတ်ပုံပေါ်မှပင် ...

"ကြီးကြီး"

"ဟင် ... ပြောလေ ယုဝ"

"ကျွန်တော် ခရီးထွက်ချင်တယ်"

"ဘယ်ကိုလဲ ငွေဆောင်လား၊ ချောင်းသာလား၊ ပုဂံလား၊ တောင်ကြီး အင်းလေးလား၊ ဘယ်သွားချင်တာလဲ"

"မြန်မာပြည်အလယ်ပိုင်း"

"ဟင် ... မင်းဟာက အထူးအဆန်းပါလား၊ မြန်မာပြည်အလယ်ပိုင်း ဘယ်နားကိုလဲ၊ အပန်းဖြေခရီးထွက်လို့ကောင်းတဲ့နေရာတွေ အများကြီးရှိတာကို"





"ကျွန်တော်က အပန်းဖြေချင်တာ မဟုတ်ပါဘူး"

ဒေါ်ခင်ခင်ကြီးက မျက်မှောင်ကုတ်သွားရရင်း ...

"အပန်းဖြေချင်တာမဟုတ်ရင် ဒေသန္တရဗဟုသုတရှာမှီးချင်တဲ့သဘောလား၊ အဲသလို သွားချင်တာမျိုးလည်း ..."

"အဲသလို အတိအကျရယ်လို့လည်းမဟုတ်ဘူး ကြီးကြီး"

"ဟင် ... ဒါဖြင့် မင်းဟာက ဘယ်လိုသွားချင်တာမျိုးလဲ"

ကြီးကြီးကို ဘယ်လိုပြောရင် အကြောင်းပြရင်ကောင်းမလဲ ယုဝ စဉ်းစားရသည်။ ကြီးကြီး လက်ခံနိုင်အောင်ဘာကိုအကြောင်းပြရပါ့။

"ဘာလဲ ယုဝ ပြောလေ"

"ဟို ... ဘာရယ်မဟုတ်ဘူး ကြီးကြီး၊ ကျွန်တော့်စိတ်တွေတစ်မျိုးကြီး ဖြစ်နေတယ်"

"ဘာကိုဆိုလိုတာလဲ ယုဝ"

"ကိုယ်နဲ့စိတ်နဲ့မကပ်ဘဲ ကိုယ်နဲ့ကိုယ့်ဘဝ အံဝင်ခွင်ကျမဖြစ်သလို ခံစားနေရတယ်၊ အဲဒါကြောင့် စိတ်ပြေလက်ပျောက် ခရီးထွက်နေချင်တဲ့သဘောမျိုးပါ၊ ရည်ရွယ်ချက်ခိုင်ခိုင်မာမာနဲ့တော့ မဟုတ်ပါဘူး"

ဒေါ်ခင်ခင်ကြီးက သက်ပြင်းတစ်ချက်ချလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ယုဝ ... မင်းက စိတ်ပြေလက်ပျောက် ခရီးထွက်ရအောင် ဘာတွေ စိတ်မပြေလက်မပျောက်ဖြစ်နေလို့ မင်းမှာ စိတ်ညစ်စရာ ဘာရှိလဲ၊ ကြီးကြီးကို ပွင့်ပွင့်လင်းလင်းပြောစမ်း၊ မင်း အင်္ဂလန်မှာ ဘာဖြစ်လာလဲ"

"......"

"ပြောလေ"

"ဘာမှမဖြစ်ပါဘူး ကြီးကြီး"

"အသည်းများကွဲလာတာလား"

"မဟုတ်ပါဘူး"

ဒေါ်ခင်ခင်ကြီးက ခေါင်းကို အသာယမ်းခါလိုက်ရင်း ...

"မဖြစ်ဘူး၊ မင်းကိုကြည့်ရတာ စိတ်လေနေသလိုပဲ၊ တစ်ခုခု သောကဖိစီးနေသလိုပဲ၊ ဒီရောက်လာပြီး အခုချိန်ထိ မင်းပုံစံက အသက်ကိုမပါဘူး၊ ခရီးတွေလျှောက်ထွက်ဖို့လည်း ကြီးကြီး သဘောမတူဘူး ယုဝ၊ မင်း ဒီထက်ပိုစိတ်တွေပေါ့ပြီးလေသွားမယ်၊ အကောင်းဆုံးက မင်းကို ချစ်စစ်နဲ့ မြန်မြန်အိမ်ထောင်ချပေးလိုက်တာ အကောင်းဆုံးပဲ"

"ဟား ... ကြီးကြီးကလဲ"

"လက်ထပ်ပြီးမှ ချစ်စစ်နဲ့တူတူ ခရီးထွက်ကြပေါ့၊ မြန်မာတစ်ပြည်လုံးပဲပတ်ပတ်"





"ကြီးကြီး ခုချိန်ထိ ချစ်စစ်နဲ့ကိစ္စကို ကျွန်တော် မငြင်းထားဘူးနော်၊ အဲဒါကို ထပ်ချောင်မပိတ်ပါနဲ့၊ ထောင့်ကျဉ်းလေးထဲ ကျွန်တော့်ကို မထည့်ပါနဲ့"

"မင်းက မငြင်းသလို လက်လည်းမခံထားသေးဘူးလေ"

"မကန့်ကွက်ရင်ပြီးတာမို့လား ကြီးကြီး၊ ကျွန်တော်ရောသူရော အရွယ်လွန်နေတာလည်း မဟုတ်ဘူး၊ အချိန်တွေအများကြီးရှိတယ်၊ တစ်နေ့နေ့ပေါ့"

"အင်းလေ ငါကလည်း နက်ဖြန်သန်ဘက်ခါလို့ပြောနေတာမဟုတ်ဘူး၊ နောက်နှစ်နှစ်ဆန်းလို့ ပြောနေတာပါ"

"ဟာ ... အဲဒါက သုံးလေးလပဲ လိုတယ်လေ"

"အေးလေ၊ စိတ်ချချိန်လောက်ပါတယ်"

"ကြီးကြီး၊ ကြီးကြီးရဲ့စိတ်ဆန္ဒနဲ့ သူ့ဟာစ်ပါးဘဝကို ကြီးကြီး တည်ဆောက်ချင်လို့ ဘယ်ရပါ့မလဲ၊ ကြီးကြီးစိတ်နဲ့ကြီးကြီးရဲ့ဘဝကိုပဲ ကြီးကြီး တည်ဆောက်ပါ၊ ကျွန်တော့်ဘဝကို မတည်ဆောက်ပါနဲ့"

ဒေါ်ခင်ခင်ကြီးက မျက်နှာတင်းကာ ...

"ဒါက ဘာလဲ၊ ငါစီစဉ်တာကို မင်း ငြင်းတာလား ယုဝ"

"တစ်ခွန်းမှမငြင်းသေးပါဘူး ကြီးကြီး၊ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် နောက်ဆုတ်ဖို့ပဲ ပြောနေတာ၊ ချက်ချင်းလက်ငင်း ထ,ယူစရာ ဘာအကြောင်းမှမရှိလို့ ပြောနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ယုဝ ... မင်းစိတ်တွေ တည်ငြိမ်အခြေကျပြီး မြန်မာပြည်မှာပဲ အနေမြဲအောင် ကြီးကြီးရဲ့လုပ်ငန်းတွေကိုပဲ ဆက်ခံပြီးလုပ်ကိုင်ဖြစ်အောင် မင်းကို ချုပ်ဖို့က ဒီတစ်နည်းပဲရှိတာ၊ မင်းကို အင်္ဂလန်ပြန်မသွားစေချင်ဘူး၊ ကြီးကြီးနဲ့ပဲ ရှိစေချင်တယ် ယုဝ၊ ငါက မင်းရဲ့ကြီးတော်ပဲတော်စပ်ပေမယ့် မင်းက ငါ့လက်ပေါ်ကြီးပြင်းလာတာပါ၊ ငါ အရိပ်ကြည့် ပြုစုစောင့်ရှောက်ရင်း လူဖြစ်လာတာပါ၊ မင်းကို ကြီးကြီးက သားတစ်ယောက်လို သဘောထားတာပါ ယုဝ"

ကြီးကြီးစကားသံက ခံစားချက်ကြောင့် အနည်းငယ်တုန်ခတ်သည်။ ကြီးကြီးစကားကို ယုဝ အကြွင်းမဲ့ယုံပါသည်။ ကြီးကြီးက သူ့ဆန္ဒမှသူ့ဆန္ဒ။ အတ္တကြီးတာကလွဲလျှင် ယုဝကို ချစ်ရှာသူပါ။

"မင်း ပြန်ရောက်လာတာကို မယုံနိုင်အောင် အံ့သြဝမ်းသာနေတာပါ၊ ကိုကိုဦးကိုတောင် လှမ်းမေးကြည့်ရသေးတယ်၊ မင်း တကယ်ပဲ အပြီးပြန်လာတာလားလို့"

"......"

"မင်းဘဘက ပြောတယ်၊ မင်းစိတ်မင်းဆန္ဒနဲ့ ပြန်သွားတာတဲ့၊ အပြီးရယ် ခဏတဖြုတ်ရယ် သူ ဘာမှ မပြောချင်ဘူးတဲ့၊ ဒါပေမဲ့ အရာရာကို မင်းဆန္ဒနဲ့မင်း ရှိပါစေတဲ့၊ ဘာမှ ဖွတ်တစွတ် မလှမ်းမိုးပါနဲ့တဲ့လေ"

"......"





"ဒါပေမဲ့ ကြီးကြီး အုပ်ထိန်းမှုအောက် ပြန်ခိုလှုံလာတယ်ဆိုရင်တော့ ကြီးကြီးရဲ့လမ်းညွှန်မှုကို အနည်းနဲ့အများ မင်း လက်ခံရမှာပဲလေ ယုဝ၊ ဒါကို မင်းနားလည်တယ် မဟုတ်လား"

"နားလည်ပါတယ်"

"ချစ်စစ်နဲ့ စိစဉ်ချင်တာက သိပ်များအမှားအယွင်းဖြစ်နေလို့လား၊ ချစ်စစ်က မင်းနဲ့ လေးငါးတန်းကတည်းက သူငယ်ချင်း၊ စိတ်ကောင်းနှလုံးကောင်း၊ မျိုးရိုး စီးပွား ပညာ ဘာမှပြောစရာမရှိ၊ သူ့မိဘတွေဆိုရင် ကြီးကြီးနဲ့ အရမ်းရင်းနှီးပြီး ကြီးကြီးကိုလည်း ရိုသေလေးစားသူတွေ၊ ချစ်စစ်နဲ့ ကြီးကြီးရဲ့ ရင်းနှီးချစ်ခင်မှုကလည်း အကောင်းဆုံးအနေအထားမှာ၊ ပြီးတော့ ဆရာဝန်မလေးဖြစ်မှာ၊ အဓိတဖြစ်တဲ့ မင်းအပေါ်လည်း နှစ်လိုကြည်ဖြူမှုရှိတယ်၊ မင်းကို သူ စိတ်ဝင်စားတယ်၊ အပြစ်ပြောစရာအချက် ရှိလို့လား"

"ကျွန်တော်ကလည်း အပြစ်မပြောပါဘူး၊ ချက်ချင်းလက်ငင်းသာ မယူချင်သေးတာပါ၊ ဒါကလည်း လုံးဝ မယူဘူးလို့ ငြင်းတာ မဟုတ်ပါဘူး"

"အခုကိုပဲကြည့်လေ၊ မင်းစိတ်က လေချင်နေတယ်၊ ချစ်စစ်နဲ့ မြန်မြန်လက်ထပ်ကြ၊ ကုမ္ပဏီလုပ်ငန်းကို အုပ်ချုပ်၊ မင်းယူခဲ့တဲ့ ဘွဲ့ကလည်း စီးပွားရေးစီမံခန့်ခွဲမှုပညာဘွဲ့၊ အားလုံးက အံဝင်ခွင်ကျ အဆင်တပြေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး"

"......"

"စကားပြန်ကောက်ရအောင်"

"ဘာကိုလဲ"

"ကျွန်တော် ခရီးသွားချင်တယ်"

"ချစ်စစ်နဲ့ လက်ထပ်ပြီးမှ နှစ်ယောက်အတူသွား"

"ကျွတ် ..."

"အခုသွားစရာ ဘာအကြောင်းမှမရှိဘူး၊ သွားမယ့်ဦးတည်ရာကလည်း မရေမရာနဲ့၊ မြန်မာပြည်အလယ်ပိုင်းတဲ့၊ မန္တလေးဖြင့်မန္တလေး၊ စစ်ကိုင်းဖြင့်စစ်ကိုင်း၊ မိတ္ထီလာဖြင့် မိတ္ထီလာ၊ ဒီလိုအတိအကျလည်းမဟုတ်ဘူး"

"အညာဘက်သွားမှာ"

"အညာ !!..."

"......"

"ဒီလောက်ပူပြင်းခြောက်သွေ့နေတာ၊ လူသိလူခံ မိတ်ဆွေလည်းမရှိ၊ ဥပမာ မင်း ခုနေ ပြင်ဦးလွင် သွားမယ်ဆိုရင် မိတ်ဆွေတွေ ဆွေနီးမျိုးစပ်တွေ ရှိဦးမယ်၊ ခုဟာက အညာတဲ့၊ ဘာစိတ်ကူးလဲ၊ မဖြစ်နိုင်ဘူး မသွားရဘူး ယုဝ"

ယုဝက ကြီးကြီးကို စိတ်ပျက်သလိုကြည့်ရင်း ...





"အမှန်အတိုင်းပြောတော့ ကြီးကြီးက ရာဇဝင်ကန့်ကွက်လို့ရတာပေါ့၊ ခုနေ ကျွန်တော်က ပုဂံသွားမှာပါဆိုပြီး ထွက်သွားရင်တော့ အပန်းဖြေခရီးဆိုပြီး ကြီးကြီးက လွှတ်ပေးလိုက်မယ့်သဘောပေါ့ ဟုတ်လား၊ ဒါဆိုလည်း ပုဂံသွားမယ်လို့ပဲ သိထားပေးပါ"

"ယုဝ"

"......"

"မင်း ဘာဖြစ်နေလဲ၊ ဟိုးအရင် ငယ်ငယ်က မင်းက ဒီလိုသုန်မှုန်မှုန်ကလေးမဟုတ်ပါဘူး၊ ခုတော့ အင်္ဂလန်ကပြန်လာပြီး ပုံစံက လုံးလုံးပြောင်းနေတယ်၊ မင်းမျက်နှာမှာ စိတ်အလိုမကျမှု စိတ်ဖိစီးမှုတွေနဲ့၊ မင်း ဘာဖြစ်လာသလဲ သား၊ ကြီးကြီးကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

"ဘာမှ မဖြစ်လာပါဘူး ကြီးကြီး"

"မင်းစိတ်ထဲမှာ ဘာတွေဖြစ်နေလဲ၊ တစ်ခုခုတော့ ပြောစမ်းပါ၊ ဘာမှ မပြောဘဲ ပိတ်တော့ငြင်းမနေပါနဲ့၊ မင်း တစ်ခုခုတော့ ဖြစ်နေတယ်"

"ဖြစ်နေတယ်ဆိုရင်လည်း ဒါဟာ ခုလေးတင်မှ ရုတ်တရက်ကောက်ဖြစ်တာမျိုးတော့ မဟုတ်ပါဘူး"

"ဘာလဲ ... အဲဒါ"

"ကျွန်တော့် ဂရယ်ဂျူရေးရှင်းဆိုလည်း ကျွန်တော့်မိဘ ရောက်မလာနိုင်ခဲ့ဘူး ဆိုတာမျိုးတော့ တွေးမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ကြီး မျက်နှာက တင်းသွားပြီး ...

"မင်းဘကြီးတက်တာပဲ၊ မင်းဘွဲ့ယူတာကို မင်းဘကြီး ဂုဏ်ပြုပေးနိုင်ခဲ့တာပဲ ယုဝ၊ ဘာဖြစ်လို့ ခုချိန်မှ မိဘဆိုတဲ့ စကားလုံးတွေ ဘာတွေ ထည့်သုံးနေတာလဲ၊ မင်းမှာ အုပ်ထိန်းပေးမ စောင့်ရှောက်မယ့်သူ နောက်က မားမားရပ်မယ့်သူ ယောက်ျားဆိုရင် ဘဘရှိတာပဲ၊ မိန်းမဆိုရင် ကြီးကြီးရှိတာပဲ"

"အဲဒါက ဘဘနဲ့ ကြီးကြီးလေ၊ ဖေဖေနဲ့မေမေမှ မဟုတ်တာ"

"ယုဝ"

ယုဝက ဒေါ်ခင်ခင်ကြီးကို အရည်လည်သော မျက်ဝန်းများနှင့် ကြည့်နေပါသည်။

"မင်းအဖေရော မင်းအမေရော မင်းကို မအုပ်ထိန်းမစောင့်ရှောက်လို့သာ မင်း ငါ့လက်ထဲမှာ ကြီးပြင်းခဲ့ရတာပေါ့"

"အဲဒါ ဟုတ်ရဲ့လား ကြီးကြီး"

"မင်း ငါ့ကို ဘယ်လိုပြန်ပြောလိုက်တာလဲ ယုဝ"

"ကျွန်တော့်အဖေတွေ အမေတွေက မအုပ်ထိန်းမစောင့်ရှောက်ဘူးဆိုတာထက် ကြီးကြီးက ခေါ်ယူစောင့်ရှောက်လိုက်တာများလားလို့ပါ"

"မင်းကို ကိုကိုဦးက ဘာတွေပြောလိုက်လဲ"





"ဘဘက ဘာမှ မပြောပါဘူး၊ ဒါပေမဲ့ မွေးပြီးပစ်ထားလိုက်တယ်ဆိုတာမျိုးတော့ မဖြစ်လောက်ဘူးလို့ ကိုယ့်ဟာကိုယ် တွေးမိတာပါ"

"သူတို့မှာ အိမ်ထောင်ရေး ပြဿနာလည်း ရှိကြတယ်လေ"

"အဲဒါကို ကျွန်တော် အကြမ်းဖျဉ်းသိပါတယ်၊ ဒါပေမဲ့ ဘာတွေဘယ်လိုပဲဖြစ်ဖြစ်ပါ ကြီးကြီး၊ ကျွန်တော့်မိဘက ဦးမင်းဟန် ဒေါ်ခင်ခင်လေး၊ အဖေကအဖေ အမေကအမေပါပဲ"

ဒေါ်ခင်ခင်ကြီးက ဝုန်းခနဲ ထိုင်ရာမှ ထရပ်လိုက်ကာ ကုလားထိုင်ကိုလည်း နောက်ကို အသံမြည်အောင် တွန်းရွှေ့လိုက်သလို ထမင်းစားပွဲပေါ်မှာ သောက်ရေဖန်ခွက်ကိုလည်း စားပွဲပေါ် အသံမြည်အောင် ကောက်ကိုင်ဆောင့်ချလိုက်ရင်း ...

"အေး ... အဲဒါပဲ၊ ဘယ်လိုပဲ စေတနာမေတ္တာနဲ့ သံယောဇဉ်နဲ့စောင့်ရှောက်ခဲ့ စောင့်ရှောက်ခဲ့ နောက်ဆုံးတော့ ဖအေရင်း မအေရင်းကိုပဲ မင်းတို့က ကျေးဇူးရှင်စာရင်းသွင်းကြတာပါ၊ ငါတို့ဘဝက မပိုင်ဝက်မွေး၊ သူများသားသမီးကို အပင်ပန်းခံ အနွံတာခံပြီး ပြုလည်းပြုစုစောင့်ရှောက်ရသေးပြီးရင်တော့ မိဘရင်းလိုလည်း မျက်နှာကောင်းမရပါဘူး..."



www.burmeseclassic.com

www.burmeseclassic.com



အခု ဘာလဲ ယုဝ၊ မင်းက ဘာသဘောနဲ့ ဒီစကား တွေပြောလာတာလဲ၊ ဘာဖြစ်ချင်တာလဲ၊ ဘာကိုမကျေနပ် နေတာလဲ၊ ဘာတွေ ဖိစီးနေတာလဲ"

"ဘာမှ မပြောချင်ပါဘူး ကြီးကြီး၊ စိတ်ထဲမှာ တစ်ခုခု နေရင်ပြောဖို့ ကြီးကြီး ခွတ်နိုက်ထုတ်ပြီးမေးနေလို့ ဘာရယ် မဟုတ်ပြောလိုက်တာပါ၊ ကြီးကြီး ကျွေးမွေးပြုစုစောင့်ရှောက် ခဲ့တာကိုလည်း ကျွန်တော် ဘယ်တော့မှ ကျေးဇူးမမေ့ပါဘူး ကြီးကြီးကို အထူးသဖြင့်နဲ့ ဘဘကိုလည်း ကျေးဇူးအမြဲတင် ခဲ့တာပါ ...

အခုကလည်း ခရီးသွားချင်တယ်ဆိုတာက စ,ရတဲ့ ဇာတ်လမ်းပါ၊ ဘာကြောင့်မှမဟုတ်ဘူး၊ စိတ်တွေပေါ့ပါး လန်းဆန်းချင်လို့ ခရီးထွက်ပါရစေ"

"စိတ်ပေါ့ပါးလန်းဆန်းဖို့ ခရီးထွက်ချင်ရင် ငွေဆောင်ကိုပဲ သွား၊ တစ်ပတ်နေပြီးပြန်ခဲ့၊ အဲဒီ '......' ဟိုတယ်က ကြီးကြီး တို့ရှယ်ယာသုံးပုံတစ်ပုံ ပိုင်တယ်၊ ချစ်စစ်တို့လည်း သုံးပုံ တစ်ပုံပိုင်တယ်၊ အဲဒီကိုပဲသွား"

"ကျွန်တော် Beachကို သွားချင်တာမဟုတ်ဘူး ကြီးကြီး"

ဒေါ်ခင်ခင်ကြီး မျက်နှာက စိတ်မရှည်နိုင်သလိုဖြစ် လာကာ ...





"ဒါဖြင့်လည်း ဘယ်မှမသွားနဲ့တော့ ယုဝ၊ အဲသလို စိတ် လေလွင့်သလိုလို၊ ဘာလိုလို စိတ်လွင့်ရာ အလိုလိုက်ပြီး နောက်ကလျှောက်လုပ်တဲ့အပြုအမူမျိုးကို အားမပေးနိုင်ဘူး၊ ဟိုလိုလို ဒီလိုလို ဦးတည်ချက်မဲ့ စိတ်ပြေလှကပ်ပျောက်ဆိုတဲ့ သွားပုံမျိုးကို ခွင့်မပြုဘူး ယုဝ၊ ဒါပဲ"

ဒေါ်ခင်ခင်ကြီး ထမင်းစားခန်းကထွက်ခွာသွားတဲ့ အခါ ယုဝသည် စားပွဲမှာထိုင်လျက် ငြိမ်သက်ပြီးကျန်ရစ်ခဲ့ပါသည်။ သူ့မှာ လမ်းနှစ်လမ်းပဲရှိသည်။ ခွင့်မပြုလည်း သွားမှာပဲလို့ ခွတ် အတိုက်အခံလုပ်ပြီး ကြီးကြီးစကားကို တော်လှန်ပယ်ရှားဖို့နှင့် ကြီးကြီးစကားကို တစ်သဝေမတိမ်း ကျိုးနွံပျပ်ဝပ်စွာ နာယူပြီး မသွားတော့ဘဲ နေလိုက်ဖို့။

ခုအချိန်မှာ ကြီးကြီးနှင့် ပြေလည်ငြိမ်းချမ်းရေးရဖို့ ဆိုရင် ကြီးကြီးရဲ့အခြေခံဆန္ဒဖြစ်တဲ့ ချစ်စစ်နှင့် ချက်ချင်းလက် ငင်း လက်ထပ်ပေးမှုကို သဘောတူဖို့ပဲရှိပါသည်။ ယုဝက အသက် ရှူကျပ် မောတက်လာကာ သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက် မိပါသည်။ သိပ်ခက်ပါလား။

လေးငါးခြောက်တန်းတုန်းက အတန်းတူကျောင်းတူ ကြတယ် ဆိုပေမယ့် ယောကျ်ားလေးနှင့် မိန်းကလေးမို့ သိပ်ကြီး ခွဲမြဲမြဲ ခင်ခဲ့ပေါင်းခဲ့တာတော့မဟုတ်။ သူ့မိဘနဲ့ ကိုယ့်ကြီးတော်



www.burmeseclassic.com

မိတ်ဆွေအပေါင်းအသင်းတွေဆိုတာ သိထားပြီး အိမ်နှစ်အိမ်ရဲ့ အလှူအတန်းပွဲလမ်းတွေမှာ ဆုံစည်းကြတဲ့အခါ နှုတ်ဆက်တာ လောက်ရယ်သာ ရှိခဲ့ကြတာပါ။

အင်မတန်ခင်တဲ့ သူငယ်ချင်းမျိုး မဟုတ်ခဲ့ပါ။ နည်းနည်းပိုရင်းနှီးတာကတော့ ဆယ်တန်းနှစ်ကျမှ။ ယုဝအတွက် အိမ်မှာ ကြီးကြီးစီစဉ်တဲ့ ကျူရှင်ဝိုင်းမှာ ချစ်စစ်ကလည်း အတူတူ လာတက်ခဲ့၍ အဲဒီနှစ်ကတော့ ခင်ခင်မင်မင် ရှိခဲ့ကြရပါသည်။ ခေါ်ပြောဖုန်းဆက် စာတိုင်ပင် စသဖြင့် အရောတဝင် ရှိခဲ့ပါသည်။

ယုဝ အင်္ဂလန်ထွက်သွားတော့ အဆက်အသွယ် ပြတ်သွားကြပြန်ကာ အခု ယုဝ ပြန်မလာမီ လွန်ခဲ့တဲ့တစ်နှစ် လောက်တုန်းကတော့မှ ချစ်စစ်နဲ့ သူ on line မှာ Face book ကတစ်ဆင့် ပြန်လည်ဆက်သွယ်တွေ့ဆုံကြသည်။

ဒါလည်းပဲ အမြဲတော့ စာတွေလှမ်းရေးနေကြတာမျိုး တော့မဟုတ်။ မွေးနေ့လေးလှမ်းပြီး Wish လုပ်လိုက်ကြတာမျိုး၊ ချစ်စစ်က ကြီးကြီးသတင်းလေး လှမ်းပေးလိုက်တာမျိုး၊ တင်ထားတဲ့ ချစ်စစ်ရဲ့ဓာတ်ပုံလေးတွေပေါ် သူကဝင်ပြီး ဝေဖန်ချက် Comment တွေရေးတာမျိုး၊ သူ ဘွဲ့ယူတဲ့ဓာတ်ပုံတွေအောက်မှာ ချစ်စစ်က ဂုဏ်ပြုစကား ဝင်ရေးတာမျိုး။





အဲသလိုလေးတွေလောက်သာ ကျိုးတိုးကျဲတဲ ဆက်ဆံဖြစ်ခဲ့ကြတာပါ။ ဒါပေမဲ့ အေးတိအေးစက် သူ့စရိုက်နှင့် ဆန့်ကျင်ဘက် ချစ်စစ်က ပူပူနွေးနွေး တက်တက်ကြွကြွ သွက်သွက် လက်လက် ရွှင်ရွှင်ပျပျ ကောင်မလေးဖြစ်လေရာ ချစ်စစ်ကတော့ အမြဲတမ်း နွေးထွေးရင်းနှီးမှုပိုခဲ့ပါသည်။

အခု သူ ပြန်ရောက်လာတော့လည်း သူ့မှာ ရွယ်တူ သူငယ်ချင်းရယ်လို့ တရင်းတနှီးမရှိဘဲ ကြောင်နေ ဖြစ်နေတော့ ချစ်စစ်ကပဲ သူ့ထံဝင်ကာထွက်ကာ တရင်းတနှီး ခင်မင်မင်မင် တဂင်ဟက်ပက်ပက် ဆက်ဆံပေးခဲ့တာ။ ဟိုသွားမယ် ဒီလာမယ် နှင့် သူ ပျင်းရိငြီးငွေ့မနေရအောင် ချစ်စစ်ပဲ ဖေးမနေတာပါ။

ချစ်စစ်ကို သူ ခင်မင်နှစ်လိုမှု ရှိပါသည်။ ချစ်စရာ ကောင်းလှတဲ့ ရုပ်ကလေးနှင့် ကြော့ရှင်းခေတ်မီတဲ့ ကိုယ်ခန္ဓာလေး နှင့် စိတ်ကောင်းနှလုံးကောင်း သဘောကောင်းကလေးတို့က သူ့လို ရွယ်တူယောကျ်ားလေးတစ်ယောက်ရဲ့ နှစ်လိုမှုကို အလွယ် တကူလေး ဖမ်းစားညှို့ယူနိုင်ပါသည်။

ပြီးတော့ ချစ်စစ်ဟာ သူတို့နှစ်ယောက်ကို လူကြီး တွေစီစဉ်နေရာချထားချင်တာကိုလည်း အဲဒီအပေါ်လည်း ကန့်ကွက် သံ တစ်စုံတစ်ရာမရှိသလိုလို လိုလိုလားလား လိုက်လိုက်လျော လျောရှိနေခဲ့သူပါ။

www.burmeseclassic.com



ယုဝက ဖုန်းထုတ်ကာ ချစ်စစ်နံပါတ်ကို လှမ်းခေါ်မိရင်း ခြံထဲဆင်းလာခဲ့ပါသည်။ ချက်ချင်းလိုပင် ချစ်စစ်က ဖုန်းဖွင့်ကိုင်ကာ ...

"ဟယ် ... ကြားသားမိုးကြိုးတော်၊ နင် ငါ့ဆီဖုန်းတွေဘာတွေဆက်လို့ပါလား၊ ယုဝရဲ့၊ ဘာအကြောင်းများရှိလဲ"

"အကြောင်းထူးမရှိပါဘူးဟာ၊ ဒီလိုပဲဆက်လိုက်တာပါ"

"ဒီမှာတော့ ယုဝရယ် ပိုက်ဆံနှစ်သိန်းချက်ချင်းမရှိတော့ဘဲ ဘာမှလဲ ဝယ်လာတာမတွေ့လို့ ငါ့အမေက မေးတာနဲ့ နင့်ကို အကြွေးဆပ်လိုက်တာဆိုတာ ပြောပြလိုက်ရပြီ ... အဟီး"

"ငါ့ကို အကြွေးဆပ်လိုက်တာ !! ..."

"ဟိုတစ်နေ့က လှည်းတန်းမှာ နင့်ကို အကြွေးနှစ်သိန်း ဆပ်လိုက်တာလေ"

"ဘာ ..."

"ဟဲ့ ... လန့်လိုက်တာ၊ အသံကြီးကလည်း ယုဝရယ်"

"နင်ပြောတာက !! ..."

ယုဝက စဉ်းစားရင်း အသံတိခနဲ တိတ်ပစ်လိုက်ပါသည်။ မျက်မှောင်တွန့်တွန့်နှင့် တစ်ခဏငြိမ်သက်နေမိပြီးလျှင်တော့ ...





"ချစ်စစ် ... နင် အခုအားလား"

"ဟင် ... အေး ... အားပါတယ်"

"ဒါဖြင့် ငါ အခု နင့်ဆီ ခဏလာခဲ့မယ်"

"ငါ့ဆီ ! ..."

ချစ်စစ်အသံလေးက အံ့အားတသင့်ကျယ်လွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

လမ်းမှာ ကားမောင်းနေရင်းကပင် ယုဝ ခေါင်းတွေ ထိုးကိုက်လာပါသည်။ ခုတလော သူ့ဟာနှင့်သူ ခေါင်းကိုက်ကိုက် နေတတ်ရတဲ့ကြားထဲ ချစ်စစ်ထံမှ ကြားလိုက်ရတဲ့ မမျှော်လင့်သော အံ့သြစရာ စကားတစ်ခွန်းက သူ့ဦးနှောက်တွေကိုတောင် တဖြစ်ဖြစ် မြည်လာစေတယ်ထင်မိသည်။

လှည်းတန်းမှာ သူ့ကို ချစ်စစ်က ငွေနှစ်သိန်း ဆပ်သည်။

မစဉ်းစားပဲလည်း နေလို့မရ။ ဒီစကားကို အထပ်ထပ် အခါခါစဉ်းစားကာ သူ့ခေါင်းထဲ ပိုပိုရှုပ်ထွေးပြီး ပိုပိုကျပ်ခဲလေးလံလာသည်။ သူနဲ့ ချစ်စစ်နဲ့ လှည်းတန်းမှာ တွေ့ကြတယ်လို့ ချစ်စစ် ဆိုလိုတာပေါ့။

"အား ..."





ယုဝက ခပ်တိုးတိုးရေရွတ်ညည်းတွားရင်း နားထင်နှစ်ဖက်ကို လက်ညှိုးလက်မနှင့် ညှပ်၍နှိပ်ကာ ဖြည်းဖြည်းအံကြိတ်ထားမိသည်။ ချစ်စစ်တို့ခြံရှိရာရောက်လာတဲ့အခါ ညဘက်ဆေမယ့် ခြံတံခါးကို သူလာမှာမို့ တမင်ထွက်ဖွင့်ထားပုံရပါသည်။

ခြံထဲကားကွေ့ဝင်လိုက်လျှင် ပေါ်တီကိုရှေ့နားက ဒန်းဖြူဖြူကလေးမှာ ချစ်စစ် ထိုင်နေတာတွေ့ရသည်။ ယုဝက ကားကို ပေါ်တီကိုအောက် ထိုးရပ်လိုက်ပါသည်။ ကားသံကြောင့် ချစ်စစ်ရဲ့မေမေ အန်တီမာလာ ထွက်လာကာ ...

"သား ... ယုဝ၊ တစ်ယောက်တည်းပဲလား"

"ဟုတ်ကဲ့ အန်တီ"

"ချစ်စစ်က သားလာမယ်ဆိုလို့ ဟိုမှာဆင်းစောင့်နေတယ်၊ စကားပြောကြ၊ ပြီးရင် အိမ်ပေါ်တက်လာဦးနော် သား၊ တစ်ခုခုသောက်ရအောင်"

"အန်တီ ကျွန်တော် ခုနပဲ ထမင်းစားလာတာမို့ ဘာမှ မသောက်တော့ပါဘူး၊ ဗိုက်တင်းနေလို့ပါ"

"စကားပြောရင်းနဲ့ ခဏနေတော့ ဗိုက်ချောင်လာဦးမှာပေါ့ သားရဲ့၊ ကဲ ... သွား သား"

"ဟုတ်ကဲ့"

ယုဝကို ချစ်စစ်က လည်ပင်းလိမ်ကာ ငုံ့ကြည့်စောင့်ကြိုနေသည်။ ယုဝက ဒန်းရဲ့တစ်ဖက်စွန်းမှာ ဝင်ထိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ယုဝ … နင် နေကောင်းရဲ့လား"

"ငါ ခေါင်းကိုက်နေလို့ဟ"

"နင် တော်တော်ကိုက်နေပုံပဲနော်၊ မျက်နှာက ဝေဒနာခံစား နေရတာ သိသာနေတယ်၊ ဘာဆေးသောက်ထားလဲ"

"ဘာဆေးမှ သောက်မထားဘူး"

"အနယ်လ်ဂျက်စစ် တစ်ခုခုသောက်လိုက်မလား"

"ဟင့်အင်း … ရတယ်"

"သောက်လိုက်ပါလားဟယ်၊ သက်သာတာပေါ့"

"ငါ ဟိုမှာ ဆရာဝန်ပြလက်စရှိတော့ ငါ ခေါင်းကိုက်တာ အတွက် သူပေးထားတဲ့ဆေးရှိတယ်၊ ခုနသောက်ဖို့မေ့လာ တာ၊ အိမ်ပြန်ရောက်မှ မအိပ်ခင်သောက်လိုက်ပါ့မယ်"

"ခေါင်းတွေကိုက်နေတဲ့ကြားက ညကြီးမင်းကြီးလည်းဖြစ်၊ မလာစဖူး နင်ဘာဖြစ်လို့ ရောက်လာတာလဲ၊ ကိစ္စအထူး တစ်ခုခုတော့ရှိမှာပဲ"

"ကိစ္စထူးမရှိပါဘူး"

ချစ်စစ်က ယုဝကို စေ့စေ့ကြည့်ကာ …

"နင် ခါတိုင်း အကြောင်းကြီးကြီးမားမား မရှိဘဲမှ မလာ တာ၊ နင် ပြန်ရောက်ပြီးကတည်းက နင်တို့အိမ်ကို ငါရောက် တာ တစ်လခွဲလောက်အတွင်း ဆယ်ကြိမ်လောက်ရှိခဲ့တယ်၊ နင် ငါတို့အိမ်ရောက်တာ နှစ်ခါ၊ ပြန်ပြန်ရောက်ချင်း





လက်ဆောင်ပေးဖို့ ကြီးကြီးနဲ့လာတာတစ်ခါ၊ ငါနဲ့ အပြင် ထွက်ဖြစ်တဲ့တစ်ရက်က ငါ့ကို လာဝင်ခေါ်တာတစ်ခါ၊ စုစုပေါင်း အဲဒီနှစ်ခါပဲ"

ယုဝက သေသေချာချာမှတ်ထားတဲ့ ချစ်စစ်ကိုကြည့် ရင်း ပြုံးလိုက်ပါသည်။ သို့ပေမဲ့ အပြုံးက မလန်းဆန်း မကြည် လင်ပါ။

"အခုလာတာမှာ ဘာကိစ္စမှ မရှိဘူးဆိုရင် ငါ မယုံပါဘူး၊ ဖြစ်မှမဖြစ်နိုင်တာပဲဟာ"

ယုဝက ချစ်စစ်ကို ဘာအကြောင်းပြရမည်ကို ကမန်း ကတန်း စဉ်းစားရပါသည်။ ရောက်လာရခြင်းအကြောင်းလည်း နိုင်လုံ၊ သူသိချင်နေတာကိုလည်း သိခွင့်ရအောင် တစ်ချက်ခုတ် နှစ်ချက်ပြတ် အဖြေမျိုးဖြစ်မှ။

"သိပ်တော့အရေးမကြီးပါဘူးဟ"

"ကိစ္စတော့ရှိတယ်မဟုတ်လား"

"အင်း … ငါ့ရဲ့ ဒီခေါင်းကိုက်တဲ့ကိစ္စပဲ"

"ခေါင်းကိုက်တဲ့ကိစ္စ !! …"

"အင်း"

"ခေါင်းကိုက်တာ ဘာဖြစ်လို့လဲ"

"တစ်ခါတလေ ခေါင်းအရမ်းကိုက်ပြီး တချို့ဟာတွေတောင် မမှတ်မိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ချစ်စစ်က အလန့်တကြား ဖြစ်သွားပါသည်။

"နင် တကယ်ပြောနေတာလား ယုဝ"

ယုဝက မျက်နှာကို ပိပိရိရိ မှင်ဆသေ ခပ်တည်တည်နှင့် ...

"အင်း ... တကယ်"

"ဟယ် ... အဲဒါဆိုရင် နင် တစ်ခုခုပဲလေ၊ ဆရာဝန် သေချာပြရမှာပေါ့၊ ခေါင်းကိုက်တာတော့ သူသူကိုယ်ကိုယ်ကိုက်ကြတာပဲ၊ ဒါပေမဲ့ သူများမဖြစ်တဲ့ ထူးထူးခြားခြားဖြစ်ပုံမျိုး ဖြစ်လာတာကျတော့ စိုးရိမ်စရာပေါ့ဟ၊ ခေါင်းကိုက်ပြီး တချို့ကိစ္စတွေ မေ့တယ်ဆိုတာ ရှားပါးတဲ့ဖြစ်စဉ်လေ"

ချစ်စစ်က မျက်လုံးလေးပြူးပြူးဝိုင်းဝိုင်းနှင့် လက်ညှိုးလေးတထောင်ထောင် ပြောနေပါသည်။

"ငါနဲ့ခင်တဲ့ ဆရာကြီး ဆရာမကြီးတွေရှိတယ်၊ ဦးနှောက်နဲ့ အာရုံကြောနဲ့ဆိုင်တဲ့ လက္ခဏာဖြစ်မယ်ထင်တယ် ယုဝ၊ ပြဖို့ ဆရာဝန် ငါ စုံစမ်းပေးမယ်လေ"

"အင်း ... ဒါနဲ့ နင့်ကို မေးရဦးမယ်"

"ဘာလဲ ..."

"နင်နဲ့ ငါနဲ့ ဟိုနေ့က လှည်းတန်းမှာ တွေ့တာလေ"

"အေး ... အဲဒါ ဘာဖြစ်လို့လဲ"





"အဲ ... အဲဒီနေ့က နင်နဲ့ပါတဲ့ကောင်မလေးက ဘယ်သူလဲ"

ယုဝက တမင်တကာ မေးခွန်းကို လမ်းကြောင်းပြောင်း ကွေ့ပတ်ကာ ဝေ့ပြီး စ,မေးလိုက်တာပါ။

ချစ်စစ်က မျက်နှာက တည်သွားကာ ...

"နင် ဘာလုပ်ဖို့လဲ"

"အာ ... မေးကြည့်တာပါဟာ၊ ငါ ဘာမှ မလုပ်ပါဘူး"

"ငါနဲ့ပါတာ နှစ်ယောက်လေ၊ ဘယ်တစ်ယောက်လဲ၊ နင်က ဘာမှ မလုပ်ရင် ဘာအတွက် မေးတာလဲ"

"ဒီလိုပဲမေးတာပါ၊ ငါ ဘာမှ မလုပ်ပါဘူး ချစ်စစ်ရယ်"

"ဒါဖြင့် ငါသိပြီ၊ နင် ဘာမှ မလုပ်ဘူးဆိုတော့ အဲဒီနေ့က နင်နဲ့ပါလာတဲ့ နင့်သူငယ်ချင်းအတွက် မေးပေးနေတာလား"

"အေး ... အဲဒီနေ့က ငါနဲ့ပါလာတာ ဘယ်သူလဲ"

"ဟောတော် ... နင်ပဲ မိတ်ဆက်ပေးတာ ကျော်ကျော်ဆွေဆို၊ နင်က ကျော်ကြီးလို့ ခေါ်တယ်လေဟယ်"

"ကျော်ကျော်ဆွေ"

ယုဝက ရေရွတ်ကြည့်သည်။ ရေရွတ်ကြည့်လည်းပဲ ဘာကယ်တော့ အလကားပါပဲ။ ဒီနာမည်တစ်လုံးကနေတော့ ဘာအဆက်အစပ် ဘာသဲလွန်စမှ ထွက်မလာနိုင်ပါ။

"ချစ်စစ် ... အဲဒီနေ့က ငါ့ပုံစံက ဘယ်လိုနေလဲ"

ချစ်စစ်က ဒီတစ်ခါတော့ ပြုံးစိစိလေးဖြစ်သွားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောပြီးပြီလေ၊ အဲဒီနေ့က နင့်ပုံက လှုယယ်ပိုဆန်တယ်၊ တီရှပ်နဲ့ဂျင်းနဲ့ဆိုတော့ ပိုလည်း နုနယ်ပေါ့ပါးဖျတ်လတ်သွားတယ်၊ ဝတ်စားဆင်ယင်မှု ပြောင်းသွားလို့လားတော့ မသိဘူး၊ နင့်ပြောပုံဆိုပုံ ပြုံးရယ်ပုံပါ တစ်မျိုးလေးဖြစ်သွားတာအမှန်ပဲ၊ မှန်တာတေမဖြစ်ဘဲ ပိုပြီး လန်းလန်းဆန်းဆန်း ရှိတယ် ...

အဲဒီလိုလေးပဲ အမြဲနေပါလား ယုဝရယ်၊ အခုက အရင်ပုံပဲ ပြန်ဖြစ်နေပြန်ပြီ၊ အဲဒါကြောင့် အဲဒီနေ့က ငါ သိပ်တော့မသက်သပါဘူး၊ နင် တစ်ခုခုအကြောင်းထူးကိစ္စ ရှိလို့ ရုပ်ဖျက်ထားတာလို့ပဲ ခုထိ ထင်တုန်းပဲ"

"ဒါပေမဲ့ နင့်စိတ်ထဲ ငါပဲလို့ ထင်တယ်ပေါ့"

"ဟဲ့ ... ရုပ်က ဒီရုပ်ကြီးပဲကိုးဟဲ့၊ ရုပ်ဖျက်ချင်ရင် နှုတ်ခမ်းမွှေးလေး မျက်မှန်လေးတော့ အနည်းဆုံးတပ်ရမှာပေါ့၊ အဲဒီနေ့ကဟာက အဝတ်အစား ပြောင်းဝတ်ထားရုံလောက်ပဲဟာကို"

ယုဝက ချစ်စစ်မျက်နှာကို စူးစိုက်ကြည့်ကာ စကားတစ်လုံးချင်းကို ခွဲခြမ်းစိတ်ဖြာ အဖြေရှာကြည့်နေမိသည်။

"ငါ အဲဒီနေ့က လှည်းတန်းကို ဘာသွားလုပ်ပါလိမ့်၊ နင့်ကိုပြောမိသေးလား"





"မပြောပါဘူး၊ ဟင် ... နင် မမှတ်မိတော့ဘူးလား၊ ဟယ်... နင် အဲဒီနေ့ကကိစ္စကို အခု မေ့နေတာလား ဟုတ်လား"

ချစ်စစ်ပုံစံလေးက ထိတ်ထိတ်ပျာပျာဖြစ်နေရှာပါသည်။

"မေ့တာတော့လည်းမဟုတ်ဘူး၊ တချို့ဟာတွေ ဇဝေဇဝါနဲ့"

"ဟဲ့ ... ဇဝေဇဝါဆိုတာလည်း မေ့တာပဲ ပေါ့ဟာ၊ လှည်းတန်းကို နင် ဘာသွားလုပ်လဲတောင် နင် မမှတ်မိဘူးပေါ့နော်၊ ဒုက္ခပါပဲ ယုဝရယ်၊ နင့်ကို ... နင့်ကို ငါ ဆရာဝန်ပြမပေးလို့ လုံးဝမဖြစ်တော့ဘူးဟဲ့၊ ဒါတွေ ငါပါသိနေရက်သားနဲ့ နင့်ကို ဆရာဝန်ပြဖို့ တစ်ခုခုစစ်ဆေးဖို့တွေ ပျက်ကွက်နေရင် ကြီးကြီးတောင် ငါ့ကို စိတ်ဆိုးလိမ့်မှာ သေချာတယ်၊ ယုဝ အကုန်မေ့ကုန်တာလားဟင်"

"အဲသလောက်ကြီးလည်းမဟုတ်ပါဘူးလေ၊ နင် ကြီးကြီးကိုလည်း ဘာမှ သွားမပြောနဲ့ဦး၊ ထူပူပြီး ထင်သလိုတွေ လျှောက်ကုနေဦးမယ်၊ ငါ့ကို နင်ကူညီချင်ရင် အဲဒီနေ့က ငါ့အခြေအနေ ပုံစံအနေအထားကို ငါ့ကိုပြောပြ"

ချစ်စစ်က မျက်ခုံလေးပင့်မိသည်။

"ငါ ဘာပြောရမှာလဲ"

"နင့်စိတ်ထဲ ထူးပြီး သတိပြုမိတာ အကုန်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့ကလည်း နင်က ဒီနေ့လိုပဲလေ၊ အယောင်ယောင် အမှားမှားပဲဟာကို မမှတ်မိဘူးလား၊ ငါ့ဖုန်းနံပါတ် ပြန်ထပ်မေးလို့မေးနဲ့လေ"

"ဪ ... နင့်ဖုန်းနံပါတ်မေးတယ် ဟုတ်လား"

ယုဝကို ချစ်စစ်က ဦးနှောက်ခြောက်သလိုလေး ကြည့်နေကာ ...

"ယုဝ ဒုက္ခပါပဲဟာ၊ နင်သာ နဂိုကတည်းက ပေါ့ပေါ့ပါးပါး နေတတ်တဲ့သူတစ်ယောက်သာဆိုရင် အခု ငါ့ကို လာနောက် နေတာလို့ ငါ ထင်မိမှာသိလား၊ ဒါပေမဲ့ နင်က နောက်လား ပြောင်လားလုပ်တတ်သူ မဟုတ်လို့သာ ထင်ရခက်နေတာ"

"ငါ နောက်နေတာလည်းမဟုတ်ဘူး၊ ဒါပေမဲ့လည်း နင် သိပ်တော့စိုးရိမ်နေစရာလည်း မဟုတ်ပါဘူး၊ နင် နားလည် ထားရမှာက တချို့ကိစ္စတွေ ငါ သိပ်မမှတ်မိဘူး ဒါပဲ"

ချစ်စစ်က သက်ပြင်းလေးတစ်ချက်ချလိုက်ရင်း ...

"ဒါပေမဲ့ ဘယ်နရက်မှမရှိသေးတဲ့ကိစ္စတွေကို နင် ဒီအသက် အရွယ်နဲ့ နင် ဒီလိုကြီးမေ့နေတယ်ဆိုတာ သဘာဝမကျ တာ ယုဝရဲ့၊ နင့်မှာ မှတ်ဉာဏ်နဲ့ပတ်သက်ပြီး Problem တစ်ခုရှိနေတဲ့ သဘောပေါ့"

"အဲဒါကို ငါ့ဘာသာငါ ဖြေရှင်းနိုင်ပါတယ်၊ ငါ အခုသိချင် တာက နင်နဲ့ငါ လှည်းတန်းမှာတွေ့ကြတယ်၊ နင် ငါ့ကို





ပိုက်ဆံပေးတယ်၊ ဒါတွေ ငါ မှတ်မိတယ်၊ အကြမ်းဖျဉ်း ကို မှတ်မိတယ်၊ အသေးစိတ်ပဲ မမှတ်မိတာ"

"ဘယ်လို အသေးစိတ်လဲ"

"အဲဒီနေ့က နင်နဲ့ငါ ဘယ်လိုချိန်းတာလဲ"

"နင်နဲ့ငါ မချိန်းဘူးလေ၊ ငါက ငါတို့ရဲ့ဆရာအိမ်ကိုလာ တာ၊ ဆရာက လှည်းတန်းမှာ၊ ဆရာအိမ်ကအပြန် လှည်း တန်းမှာ မုန့်စားကြမယ်ဆိုပြီး ငါ့သူငယ်ချင်းတွေနဲ့ လျှောက် လာတုန်း နင်က နင့်သူငယ်ချင်းနဲ့ '......Cafe'မှာထိုင်နေ တာ၊ နင်တို့ထိုင်နေတဲ့ စားပွဲက ပလက်ဖောင်းပေါ်မှာပဲ ဆိုတော့ ငါက ဖြတ်လျှောက်သွားရင်း မြင်ပြီး နင့်ဆီဝင် လာတာလေ"

ယုဝက ခေါင်းညိတ်လိုက်ရင်း ...

"အေး ... နင် အခုပြောလိုက်တော့ အားလုံး မှတ်မိသွား ပဲ"

"တော်သေးတာပေါ့ ယုဝရယ်၊ နင် ငါ့ကို အလန့်တကြား ဖြစ်အောင် လုပ်နေသလိုပဲ"

"ငါ မမှတ်မိတာကတော့ ငါ အဲဒီမှာ ဘာကိစ္စနဲ့ ထိုင်နေ လဲဆိုတာပဲ၊ အဲဒါနဲ့ပတ်သက်ပြီး ပြောမိသေးလား"

"ဘာကိစ္စနဲ့ထိုင်ရမှာလဲ၊ ဒီလိုပဲ သူငယ်ချင်းနဲ့ ကော်ဖီဆိုင် တစ်ဆိုင်မှာ ရိုးရိုးပဲထိုင်နေတာပေါ့၊ ဒါပဲပေါ့၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က နင် ကားကို ဘယ်နားသွားရပ်ထားခဲ့သလဲ ငါတို့ လမ်းခွဲကြတော့ နင်နဲ့ နင့်သူငယ်ချင်းက အဝေးကြီး အထိ ဆက်လျှောက်သွားကြတာ”

“ဩော် ... အေး ... ဟိုးအဝေးကြီးမှာ ရပ်ခဲ့ရတာဟ၊ အဲ နားရပ်မရလို့”

“နင် အဲဒီနေ့က တစ်ခုခုတော့တစ်ခုခုပဲ ယုဝ၊ နင့်ပုံစံ တစ်ခုခုတော့ဖြစ်နေတယ်၊ အဲဒီနေ့က နင့်မှာ ကိစ္စတစ် ရှိနေပြီး အဲဒီကိစ္စကို ငါ့ကို လျှို့ဝှက်ထားတယ်လို့ ငါ ထင်နေတာ”

ယုဝက စကားတွေကို တစ်လုံးချင်း ပြန်လည်ဆ စပ်စဉ်းစားနေမိပါသည်။ လှည်းတန်း။ ‘......Cafe’။ သူငယ်ချင် ကျော်ကျော်ဆွေ ခေါ် ကျော်ကြီး။ ဂျင်းဘောင်းဘီနဲ့တီရှပ်။ အဲ ထက် ဘာမှ ထူးထူးခြားခြား ပိုမသိရ။

“ငါ သွားလိုက်ဦးမယ်”

“ဟဲ့ ... ယုဝ”

ယုဝ လှည့်ထွက်လိုက်၍ ချစ်စစ်က သူ့ပါ ထ ကာ အနားတိုးလာရင်း ...

“အခု နင် ငါ့ဆီ ရုတ်တရက်လာတဲ့ကိစ္စက ဘာလဲ”

“ပြောပြီးပြီလေ၊ ခုတလော ငါ တချို့ကိစ္စတွေ မေ့သ ဖြစ်နေတာကို ပြန်မေးကြည့်ဖို့လာတာ”





“ယုဝ ... နင် အခုပြောနေတာတွေက တကယ်ဆိုရင် နင် ဆရာဝန်တစ်ယောက်ယောက်ပြရမယ် ယုဝ၊ ငါ စိတ်ပူတယ်”

ယုဝက ခြေလှမ်းရပ်၍ ချစ်စစ်ကို ပြန်လှည့်ကြည့်လိုက်ပါသည်။ နုနယ်သန့်ရှင်း အပြစ်ကင်းတဲ့ ချစ်စစ်ရဲ့မျက်နှာလေးမှာ သူ့အတွက်ဖြစ်ပေါ်တဲ့ သောကအရိပ်အယောင်လေး စွန်းထင်နေသည်။ သူ့ကို ချစ်စစ် သံယောဇဉ်ရှိတာ သူသိသည်။ သူလည်းပဲ ချစ်စစ်အပေါ် သံယောဇဉ်ရှိတာပါပဲ။

“ဟုတ်ကဲ့ ဒေါက်တာသည်းဦးချစ်စစ်၊ နောက်မကြာခင်တော့ ပြပါ့မယ်၊ အခုတော့ ခဏသည်းခံပါဦး”

ချစ်စစ် မျက်နှာလေးက ပြုံးယောင်ယောင်လေးဖြစ်သွားရင်း ...

“ဟွန်း ... နင် နည်းနည်းတော့ ပြောင်းကိုပြောင်းလဲနေတယ်၊ အရွတ်အနောက်တွေတောင် ရနေပြီပဲနော် ယုဝ”

“ငါအန်တီတို့ကို တက်နှုတ်မဆက်တော့ဘူး၊ နင်ပဲ နှုတ်ဆက်သွားတယ် ပြောလိုက်တော့နော်”

ချစ်စစ်က ခေါင်းလေးညိတ်၊ လက်လေးပြကာ ကျန်ခဲ့ပါသည်။ ယုဝက ကားကို လှည်းတန်းဘက် ဦးတည်မောင်းလာခဲ့သည်။ လှည်းတန်းက ညဘက် ဒီအချိန်လောက်လည်း စည်ကားနေတတ်တုန်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"...... Cafe"

အဲဒီဆိုင်ကို မထိုင်ဖူးပေမယ့် ကြားဖူးပါသည်။ မီးပွိုင့်နဲ့ မနီးမဝေးမှာ ချစ်စဖွယ် ပြင်ဆင်ထားတဲ့ အဲဒီဆိုင်လေးကို ကားဖြတ်မောင်းသွားရင်း ဆိုင်းဘုတ်ဖတ်မိကာ မျက်စိထဲ ယဉ်ပါးနေခဲ့တာပါ။

အဲဒီကော်ဖီဆိုင်ကလေးမှာ ထိုင်တယ် ဆိုရုံနဲ့လည်း အဲဒီရပ်ကွက်အနီးတစ်ဝိုက်မှာ နေတဲ့သူလို့တော့ ယူဆလို့မရပါ။ လှည်းတန်းဆိုတာက မြို့နယ်ပေါင်းစုံက ကျောင်းသူကျောင်းသားရုံးသူရုံးသမားတွေ ဖြတ်သန်းဆုံစည်းတတ်ကြတဲ့ လမ်းဆုံတစ်ခုပဲ မဟုတ်လား။

ညဘက်မို့ထင်သည်။ အဲဒီကော်ဖီဆိုင်လေးနှင့် မလှမ်းမကမ်းမှာ ကားရပ်စရာ နေရာရပါသည်။ ယုဝက ကားပေါ်က ဆင်းလျှောက်လာရင်း မျက်လုံးတွေက ကျိုးကန်းတောင်းမှောက် လျှောက်ကြည့်လာသည်။ ကိုယ်နဲ့ ရုပ်ချင်းဆင်တူတဲ့သူ တစ်ယောက်ကို ဘယ်နေရာမှာ ဘွားခနဲ တွေ့လိုက်ရမလဲလို့ ရင်တောင်တထိတ်ထိတ် တုန်လာပါသည်။

အိမ်နေရင်းမှ ထ,ထွက်လာတာမို့ ယုဝက လောလောဆယ်တော့ ရှပ်လက်ရှည်နှင့် စတိုင်ပဲန်နှင့် မဟုတ်ပါ။ တီရှပ်လက်ရှည် မီးခိုးရောင်နွမ်းနွမ်းနဲ့ လီနင်သား အမဲစင်းချည်ဘောင်းဘီအရှည်နှင့် ဖြစ်ပါသည်။





အဲဒီနားက ဆိုင်လေးတွေမှာ လူတွေကတော့ ပြည့်နေတာပင်။ သူ ဖြည်းဖြည်းဖြတ်ကာ လျှောက်ဆဲ၊ စားပွဲတစ်နေရာမှာ စုံတွဲလေးတစ်တွဲက ပိုက်ဆံရှင်း ထရပ်လိုက်တာမို့ ယုဝက ခပ်သွက်သွက် လှမ်းဝင်နေရာယူလိုက်ပါသည်။

စားပွဲထိုးကောင်လေးတစ်ယောက်က အနားကပ်လာကာ လက်လေးနောက်ပစ်၍ ဘာမှာမလဲ လာမေးတာမို့ ...

"ကပယ်ချိုးနီးတစ်ခွက်ပဲ ပေးပါ"

"ဟုတ်ကဲ့"

လာမေးတဲ့ စားပွဲထိုးကောင်လေးက လှည့်ထွက်သွားက၂ နောက်စားပွဲထိုးလေးတစ်ယောက်က အနားရောက်လာရင်း လက်ထဲက အပြာကွက်ထီးရှည်တစ်ချောင်း ထိုးပေးကာ ...

"အစ်ကို ... ဟိုတစ်နေ့က ထီးကျန်ခဲ့တယ် ခင်ဗျ"

"ဗျာ"

ယုဝသည် ခေါင်းနပန်းကြီးသွားသလို အလန့်တကြား ဆံပင်တွေတောင် ထောင်ကုန်သလား ထင်မိအောင် ဆန့်ဖျပ်သွားရပါသည်။ စားပွဲထိုးလေးကို မော့ငေးကြည့်နေမိ၍ ဘုတိတ်လေးက မကြားဘူးထင်ကာ ...

"အစ်ကို့ထီး ကျန်ခဲ့တယ်၊ ဟိုတစ်နေ့ နေလယ်ကလေ"

"ဟင် ... ငါ့ထီး"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့၊ အစ်ကို ထိုင်တာလည်း ဒီစားပွဲပဲလေ၊ အစ်ကိုက ထီးကိုခုံရဲ့နောက်မှီမှာ ချိတ်ထားတာ၊ အပြန်ကျ ယူဖို့မေ့သွားတာနဲ့ ကျွန်တော်တို့ သိမ်းထားလိုက်တာပါ ခင်ဗျ”

ယုဝက ထီးကို လက်ညှိုးနှင့်ညွှန်ရင်း ...

“အင်း ... အဲဒါ ငါ့ထီး သေချာလားကွ”

“ဗျာ”

“ငါ့ထီး ဟုတ်လား”

“မဟုတ်ဘူးလား၊ အစ်ကို့ထီး ဟုတ်မဟုတ် အခု အစ်ကိုမြင်ရင် သိမှာပေါ့၊ မဟုတ်လို့လား အစ်ကို”

ယုဝက အဖြေရကျပ်သွားကာ ခေါင်းကိုတစ်ချက်လောက် ကုတ်မိရင်း ...

“ဟုတ်တော့ ဟုတ်သလိုပဲ၊ ဒါပေမဲ့ ငါဆိုလိုတာက ငါ့ထီးလိုပဲ သူများတစ်ယောက်ယောက်ရဲ့ ဆင်တူကြီးဖြစ်နေမှာစိုးလို့ပါ”

“အစ်ကို့ထီး ပျောက်လား မပျောက်လား အစ်ကိုသိနေတာပဲဟာ၊ မပျောက်ဘူးလား၊ ရှိနေလို့လား”

“အမှန်အတိုင်း ပြောရရင် ငါ မသိဘူးကွ”

“သြော် ... အဲဒါဆို ဒီကြားထဲ အစ်ကို ဆောင်းဖို့ မကြုံလို့ သတိမပြုသေးတာနေမှာပါ၊ ကျွန်တော် မှတ်မိပါတယ်၊ အဲဒီနေ့က အစ်ကိုတို့ဆီ အစ်မလေးသုံးယောက်တောင် လာထိုင်သေးတယ်လေ”





“ဟင် ... အင်း ... အင်း ... အဲဒါ ဟုတ်တယ်”

“ဟုတ်ပါတယ်၊ အစ်ကို ကျန်ခဲ့တာပါ၊ အစ်ကိုထိုင်တဲ့ခုံရဲ့နောက်မှီမှာ ချိတ်ပြီးကျန်ခဲ့တာ”

စားပွဲထိုးလေးတစ်ယောက်က ကော်ဖီပန်းကန်ပါသော ဗန်းငယ်နှင့် ရောက်လာကာ ကော်ဖီပန်းကန်ကို ယုဝရှေ့ချလိုက်သည်။

“ဟော့ကောင် သီဟ၊ ဒါ ဒီအစ်ကို့ထီးနော်၊ ဟိုတစ်နေ့က မင်းလည်း ရှိတယ်”

“ဟာ ... ဟုတ်တယ်၊ အစ်ကို့ထီးလေ”

“ငါ့ကို မင်းတို့က ဘယ်သူမှန်း ကောင်းကောင်းသိကြတာပေါ့ ... ဟုတ်လား”

ယုဝက ဖင်ချင်သလိုထင် မေးချလိုက်ပါသည်။

“အစ်ကိုက ကိုကျော်ကြီး သူငယ်ချင်းပဲလေ၊ ဟုတ်တယ်မို့လား။ ကျွန်တော်တို့ကတော့ ကိုကျော်ကြီးကိုပဲ သိနေတာပါ၊ အစ်ကို့ကိုတော့ ကိုကျော်ကြီး သူငယ်ချင်းမို့ သိတာမျိုးပါ”

“ငါ့နာမည်ရော မင်းတို့ သိလား”

“နာမည်တော့ မသိဘူးလေ အစ်ကိုရ၊ ကိုကျော်ကြီးသူငယ်ချင်းလို့ပဲ သိထားတာ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ကြီးဆိုတာ ဟို ... ကျော်ကျော်ဆွေကို ပြောတာလား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ရပ်ကွက်ထဲမှာတော့ ကိုကျော်ကြီးပဲ ခေါ်ကြလို့ပါ"

"မင်းက ကို ... အဲ ... ကျော်ကြီးနဲ့ တစ်ရပ်ကွက်ထဲပေါ့ ဟုတ်လား၊ အိမ်ချင်း နီးတာပေါ့ !!"

"ဟုတ်ကဲ့ ... နီးပါတယ်အစ်ကို"





## ၅

"ဟိုတစ်နေ့က ငါ့ထီးကျန်ခဲ့လားလို့ကွာ၊ ညီလေးတို့တွေ့မိသေးလား"

သုခရဲ့မေးခွန်းကြောင့် စားပွဲထိုးလေးက ကြောင်ငေးကြည့်နေပြီးမှ ...

"မနေ့ညက ပေးလိုက်ပြီလေ"

"ဟင် ... ဘယ်သူ့ကိုလဲ"

"အစ်ကို့ကို"

"အာ ... ဒီကောင် အူကြောင်ကြောင်နဲ့ ဒုက္ခပဲ၊ ဟိုနေ့က ငါ ထီးမေ့ကျန်ခဲ့တယ်ကွ၊ ဒီဆိုင်မှာပဲကျန်တာ သေချာတယ်၊ ဘာလို့လဲဆိုတော့ အဲဒီနေ့ အိမ်ကထွက်တော့ မိုးရွာနေလို့ ငါ ထီးဆောင်းလာတာ၊ နောက်နေ့တွေ မိုးမှမရွာတာ၊ ဒီမနက် မိုးရွာလာတော့မှ ဟိုနေ့က ထီးမေ့ကျန်တာကို သတိရတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ အစ်ကို့ထီး ကျန်ခဲ့ပါတယ်"

"ပေးလေ ... အဲဒါဆို"

"အစ်ကို့ကို ညကပဲ ပေးလိုက်တယ်လေ"

"ငါ့ကို ..."

"ဟုတ်တယ်လေဗျာ"

"ဟာ ... ငါမှ ညက မင်းတို့ဆိုင် မလာတာ"

"အစ်ကိုကလည်း ... လာစားနေပြန်ပြီဗျာ၊ အစ်ကိုကိုယ်တိုင် ယူသွားတာပဲဟာ"

"ဟ ... ငါ မယူဘူးကွ၊ ဒီကိုတောင် မလာဘူး"

"ဟာ ... ရှုးချင်လာပြီဗျာ၊ ကျွန်တော် တစ်ယောက်တည်း ပေးလိုက်တာ မဟုတ်ဘူး၊ သူများတွေလည်း သိတယ်"

"နေပါဦး၊ ငါ့ကိုပေးလိုက်တယ်လို့ပဲ မင်းတို့က အပိုင်ပြောနေရအောင် ငါ့ကို မင်းတို့က အတိအကျ မှတ်မိလို့လား၊ သိလို့လား"

"သိတယ်လေ၊ အစ်ကို့သူငယ်ချင်းနဲ့ သီဟက အိမ်နားနီးချင်းပဲဟာ"

ကောင်လေးက ခေါင်းကုတ်ရင်း ...

"ဟော့ကောင် ... သီဟ"

သီဟ ဆိုတဲ့ကောင်လေး အနားရောက်လာတာကို ကြည့်ရင်း သူမက ခေါင်းတွေရှုပ်နှောက်ကာ ...





"မင်း ငါ့ကို သိတယ် ဟုတ်လား"

"ဟာ ... အစ်ကို၊ ညကလည်း ဒီအတိုင်း ကျွန်တော့်ကို မေးပြီးပြီ၊ ခုလည်း ထပ်မေးပြန်ပြီ၊ သိပါတယ်ဆို၊ အစ်ကိုက ကိုကျော်ကြီးသော်ဒါ မဟုတ်လား"

"အေး ... ဟုတ်တယ်"

"အစ်ကိုက ဒီမှာ မကြာမကြာ မထိုင်ဖြစ်ပေမယ့် ကိုကျော်ကြီးကို သိနေတာပဲဟာ၊ ကိုကျော်ကြီးနဲ့ ပါလာတဲ့ သော်ဒါတွေကိုလည်း သိနေတာပေါ့၊ အဲဒါကြောင့် အစ်ကို ထီး ကျန်ခဲ့တာကိုလည်း သိပြီး၊ အစ်ကိုပဲလာယူယူ ကိုကျော်ကြီးပဲ လာယူယူဆိုပြီး ဆိုင်မှာထားထားတာလေ"

"အဲဒီထီး"

"အဲဒီထီး အစ်ကို့ကို ညကပေးလိုက်တယ်လေ၊ ဟာ ... အစ်ကို မူးမနေပါဘူးနော်"

"ဟော့ကောင် ... မူးစရာလားကွ၊ စောစောစီးစီး"

"အစ်ကိုပဲ ယူသွားတာ၊ မရှိတော့ဘူး၊ အစ်ကို တကယ် မယူဘူး ဆိုရင်တော့ အစ်ကို့မှာ အမြွှာညီအစ်ကိုရှိပြီး အစ်ကို့အမြွှာက လာယူသွားတာပဲ ဖြစ်မယ်"

"အမြွှာညီအစ်ကို"

သူမက ဇဝေဇဝါ ရေရွတ်လိုက်ပါသည်။

ကြည့်စမ်း ...။



www.burmeseclassic.com

www.burmeseclassic.com



ထီးကိုပဲ အာရုံစိုက် စဉ်းစားနေတာမို့ လုံးဝလုံးဝ မစဉ်းစားမိတဲ့အရာက ခေါင်းထဲ ဖတ်ခနဲ ရောက်လာသည်။ အမွှာကဲ့သို့ ရုပ်ချင်းချွတ်စွပ်တူသူ တစ်ယောက် ရှိနေတယ်ဆိုတာ ဟိုတစ်နေ့က ကတည်းက သိခဲ့တာပဲလေ။

သူ့ကို ချစ်စစ် ဆိုတဲ့ကောင်မလေးက သူနဲ့ချွတ်စွတ်တူတဲ့ "ယုဝ"ဆိုတဲ့ လူတစ်ယောက်နဲ့မှားပြီး ပိုက်ဆံနှစ်သိန်းတောင် ပေးခဲ့သေးတာပဲ။ အခု အဲဒီ ယုဝ ရောက်လာတာ ဖြစ်နိုင်တာပေါ့။ ကိုယ်က ယုဝနှင့် လူမှားခံရကာ ပိုက်ဆံနှစ်သိန်းတောင် လက်ခံရလိုက်ပြီး ယုဝကတော့ ကိုယ်နဲ့လူမှားခံရကာ ထီးတစ်ချောင်းပဲ ရသွားရှာတာပါ။

ဒါကို ပြဿနာလုပ်နေလို့ ဘယ်ဖြစ်မလဲ။

"ဟဲ ဟဲ ... ဟဲ ဟဲ"

သူက ကောင်လေးနှစ်ယောက်ကို လက်ညှိုးနှင့် ညွှန်လျက် ရုတ်တရက် ရယ်မောလိုက်ပါသည်။ ကြောင်နေတဲ့ ကောင်လေးတွေကို ...

"မင်းတို့ ချာလပတ်လည်သွားပြီ မဟုတ်လား ... ဟား ဟား"

"ဗျာ"

"မင်းတို့ကို နောက်နေတာကွ ... ဟား ဟား"

"ဗျာ"





သိပ်လည်းမခင်မင်ဘဲ အလကားနေရင်း လာနောက်နေတယ်ဆိုတဲ့ သူ့ကို ကောင်လေးတွေက ပြုံးရမလို မဲ့ရမလို ကြောင်စီစီလေးတွေ ဖြစ်နေကြရှာသည်။

"ကော်ဖီအေး တစ်ခွက်ပေးကွ"

"ဟုတ်ကဲ့"

အလကား ဝင်နောက်ပြီး ချာခနဲ လှည့်ပြန်သွားတယ်ဆိုရင် ယုတ္တိမရှိမှာမို့ သူက ချော်လဲရောထိုင်နှင့် ကော်ဖီမှာလိုက်ရပါသည်။ စားပွဲမှာဝင်ထိုင်လိုက်ရင်း မျက်ခုံးတွန့်၍ အသည်းအသန် စဉ်းစားမိသည်မှာ အဲဒီ ယုဝဆိုတဲ့သူက ညက သူ့ကိုလူမှားပြီး ကောင်လေးတွေက ထီးပေးတော့ "ငါ့ဟာမဟုတ်ဘူးကွ"ဆိုပြီး ဘာကြောင့် မထားခဲ့ပါသနည်း။

ယုဝဟာ ချစ်စစ် ဆိုတဲ့ ကောင်မလေးကို ဈေးဝယ်ရင်း ပိုက်ဆံနှစ်သိန်း ခဏစိုက်ထားနိုင်တဲ့သူပဲ။ ဆင်းတောင့်ဆင်းရဲလည်း မဟုတ်နိုင်။ ကိုယ့်ထီးမဟုတ်တဲ့ ဘာမှလဲ သိပ်မတန်တဲ့ သုံးထောင်ကျော်တန် ထီးရှည်တစ်လက်ကို မက်မောပြီး ကလိမ်ကကျစ်နဲ့ ယူသွားဖို့ အကြောင်းမရှိ။

တစ်ခုပဲရှိသည်မှာ အခု သူ လုပ်နေသလို ချော်လဲရောထိုင် ဟန်ဆောင်ပန်ဆောင် လုပ်သွားတာ။ ဒီလိုလုပ်စရာ သူ့မှာ ဘာအကြောင်းရှိလို့လဲ။ သူက ပထမတစ်ကြိမ်က ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လိုနေတဲ့ ငွေကြေးအပုံလိုက် ကိုယ့်ရှေ့အလကား ရောက်လာရောက် လာတာကို တမင်တကာ လိုချင်လို့ ချော်လဲရောထိုင် ဟန်ဆောင် တာ။

အခုတစ်ကြိမ်တော့ ဒီကောင်လေးတွေကို အတင်း ငြင်းရင် စကားတွေရှည် ပြဿနာတွေ ရှုပ်ကုန်မှာမို့ ချော်လဲရော ထိုင် ဟန်ဆောင်တာ။ ဟန်ဆောင်ရခြင်း အကြောင်းရင်း ခိုင်လုံ သည်။

ယုဝကတော့ "ကျွန်တော့်ထီး မဟုတ်ပါဘူးခင်ဗျာ" လို့ ငြင်းသွားလို့လည်း ရပါလျက် သူ့ထီးလိုလိုနဲ့ ယူသွားခြင်း ဟာ သုမ ဟန်ဆောင်လိုက်တာပဲမို့ ဘာကြောင့် အဲသလို ဟန် ဆောင်လိုက်လဲဆိုတာ စဉ်းစားစရာဖြစ်သည်။ တစ်ခုပဲရှိတာက ယုဝသည်လည်း သုမလိုပင် သူနှင့်အမြွှာကဲ့သို့ ရုပ်ချင်းဆင်တူသူ တစ်ယောက် တစ်နေရာမှာ ရှိနေတယ်ဆိုတာကို သိထားလို့ စကားရှည်ရှည် မရှုပ်ချင်တော့တာနဲ့ပဲ ထီးကိုငြိမ်ပြီးယူသွားလိုက် တာလား။

အား ... ခေါင်းရှုပ်လိုက်တာကွာ။

"အစ်ကို ... ကော်ဖီရပြီ ခင်ဗျ"

"အေး ... ဒါနဲ့ ညက ဟို ... ငါလာတော့ ကျော်ကြီး မပါ ပါဘူးနော်"





"ဗျာ"

ကောင်လေးက သူ့ကို အလန့်တကြား ကြည့်လာ ...

"သြော် ... ဆောရီး ... ဒီလိုပါ၊ ငါနဲ့ ကျော်ကြီး ချိန်း ထားလို့ သူကော လာသေးလားလို့ပါ၊ ငါ ... ငါပြန်သွား ပြီးမှလေ"

"မလာဘူးဗျ"

"သြော် ... အင်း ...၊ မနေ့က ငါ တစ်ယောက်တည်းပဲ အင်း ... ဟုတ်သားပဲ"

"အစ်ကို့ကြည့်ရတာ ထီးလာယူရုံပဲထင်တယ်၊ ဝင်ထိုင်ပြီး ကော်ဖီသောက်ပြီး ပြန်တာပဲဟာ၊ ဘယ်သူမှလဲ မလာပါ ဘူး၊ ဒါနဲ့ အစ်ကိုက ကိုကျော်ကြီးနဲ့ သူငယ်ချင်းဖြစ်ပြီး သူ့လိပ်စာ မသိလို့လား"

"ဟေ ... သူ့လိပ်စာ"

"လိပ်စာမေးပြီး ပြန်သွားလို့ မေးကြည့်တာပါ။ အစ်ကို့ ကြည့်ရတာ တစ်မျိုးပဲလို ဖြစ်နေလို့၊ ကိုကျော်ကြီးနဲ့များ ပြဿနာတစ်ခုခု ရှိလို့လား၊ သူ ရှောင်နေတာများလား၊ သူက ရှောင်နေတာကို ကျွန်တော်ကများ လိပ်စာပြောပြီး လမ်းညွှန်လိုက်သလို ဖြစ်သွားပြီလားလို့ပါ၊ တစ်ခုခုဆိုရင် အစ်ကိုရာ၊ သူ့ရဲ့လိပ်စာကို ကျွန်တော် ပြောတယ်လို့တော့



www.burmeseclassic.com

www.burmeseclassic.com



မပြောပါနဲ့နော်၊ ကျွန်တော်မကောင်းဖြစ်မှာပေါ့၊ မျက်နှာပူလို့ပါ"

အင်း ...။

ဇာတ်လမ်းတွေကတော့ ရှုပ်ကုန်ပြီ။ သူမက ခေါင်းညိတ်ကာ ...

"အေးပါကွာ ... စိတ်ချပါ"

"ဟိုနေ့ကလည်း အစ်မတစ်ယောက်နဲ့ ငွေကြေးအပေးအယူတွေလည်းရှိတော့ ဟို ... ပြဿနာတစ်ခုခုဆိုရင် ..."

"အမယ်လေး ... မင်းကလည်း ကြံဖန်ဇာတ်လမ်းထွင်ပြီး နိုးရိမ်ပူပန်တတ်ရန်ကောကွာ၊ ဘာပြဿနာမှ မရှိပါဘူး"

သီဟ ဆိုတဲ့ ကောင်လေးကတော့ ဒီအစ်ကိုဟာ အလကား ဆိုင်ကိုလာပြီး အပျော်သက်သက် သူတို့ကို နောက်တီးနောက်တောက် လုပ်ဖို့တော့ အကြောင်းမရှိဘူးလို့ပဲ တွေးနေပါသည်။ တစ်ခုခုတော့ တစ်ခုခုပဲလို့လည်း ထင်နေပါသည်။ ညကတည်းက တစ်ခုခုပဲလို့ ထင်နေတာ။ အခုကျတော့ အထင်က ပိုတောင်နိုင်မာလာသည်။

အဲဒီတုန်းမှာ မိုးက ခပ်ဖွဲဖွဲရွာချစပြုလာတာမို့ သူမက ကော်ဖီကိုပိုက်နှင့် မြန်မြန်စုပ်သောက်လိုက်ပါသည်။

"မိုးတောင် ရွာလာပြီ၊ အစ်ကို ကားပါလား"

"ကား ... ! "





"ထီးနဲ့ ကားအထိ လိုက်ပို့ပေးမယ်လေ၊ ကားကနီးလား"

"ဘာလဲ ... မနေ့က ငါ့ကားကို မင်းတို့တွေ့တယ်ပေါ့"

"တွေ့တာပေါ့၊ ဟိုနားလှမ်းလှမ်းမှာ ရပ်ထားပေမယ့် အစ်ကို့ကားကြီးက မည်းပြောင်ပြီး ဂြိုဟ်တုကြီးလို ကော့ပျံနေတာ၊ သတိထားမိတာပေါ့၊ နံပါတ်ကလည်း မှတ်ရအလွယ်လေးလေ ၆ခ လေ(----)နံပါတ်လေးလုံးမှာ နှစ်လုံးစီ ဆင်တူဆိုတော့ တစ်ထိုင်တည်း မှတ်မိသွားတာပဲ"

"ဩော် ... အေး ... အေး"

"ပို့ပေးရမလား အစ်ကို"

"နေပစေတော့၊ ဒီနေ့ ဟိုးဘက်မှာရပ်တာ၊ အရမ်းဝေးတယ်"

သူမက ခပ်တည်တည်နှင့် အရသာရှိရှိ ခပ်ကြွားကြွားလေး ပြောလိုက်ပြီး ပိုက်ဆံရှင်းကာ ဆိုင်ထဲမှ ခပ်သုတ်သုတ်ထွက်လာပါသည်။ ဒီမိကျောင်းသားကိုလည်း ကျေးဇူးတော့တင်သင့်သည်။ သူ့ဆီက အချက်အလက်ကလေးတွေ တချို့သိရသည်လေ။

၆ခ/---- ။

အရမ်းလွယ်ကူတဲ့ ကားနံပါတ်။ သူမလည်း တစ်ထိုင်တည်း မှတ်မိသွားပါပြီ။ ဂြိုဟ်တုလို ကော့ပျံနေတဲ့ ၆ခ ကားစီးတဲ့ သူနှင့်မှ ရုပ်ကချွတ်စွပ်တူနေတယ် ဆိုတာဟာ အံ့သြစရာ



www.burmeseclassic.com

www.burmeseclassic.com



ပင်။ ပြုံးရမလား မဲ့ရမလား ရယ်ရမလားတောင် မသိတော့။ ဒီမှာတော့ အိမ်လခပေးဖို့တောင် အခက်အခဲ ဖြစ်နေခဲ့တဲ့အတွက် အဲဒီ "ယု၀"ဆိုတဲ့ကောင် ရရမှာဖြစ်တဲ့ ပိုက်ဆံနှစ်သိန်းကို ချော် လဲရောထိုင် မေးပြီးယူလာမိခဲ့ရပြီ။

တကယ်တော့ ဒီအပြုံအမူဟာ လူလိမ် လူရှုပ် ကလိမ်ကကျစ်တွေလုပ်တဲ့အမူ။ အယောင်ဆောင်လိမ်လည်မှု။ ပုဒ်မ ဘယ်လောက်လဲ မသိပေမယ့် ရာဇ၀တ်မှုတော့ မြောက်သည်။

မိုးဖွဲဖွဲထဲမှာ ဒီအတိုင်း လျှောက်လာခဲ့ရင်း သုခက ချစ်စစ် ဆိုတဲ့ ကောင်မလေးကို သတိတရ ဖြစ်လာသည်။ နှစ်မျိုး နှစ်ဖုံ သတိရသည်။ တစ်မျိုးကတော့ ငွေနှစ်သိန်းကို ယူလိုက်က တည်းက တစ်နေ့ ပြန်ကိုပေးမည်ရယ်လို့ ဆုံးဖြတ်လိုက်ပေမယ့် ဘယ်တော့ ရောက်လာမယ်မှန်း မသိတဲ့ ထိုတစ်နေ့အတွက် သူ့မှာ အပြစ်မကင်းသလို ခံစားရကာ သတိရမိတာပါ။

နောက်တစ်မျိုးကတော့ ချစ်စရာကောင်းလှတဲ့ စင် ကြယ်ရှင်းသန့်လှတဲ့ ကောင်မလေးရဲ့ အပြစ်ကင်းစင်သော အလှ လေး၊ မျက်လုံးဝိုင်းလေး၊ ဆံပင်တိုတိုဖြောင့်ဖြောင့်လေး၊ အသား ရောင် ဝင်းမွတ်မွတ်လေး၊ စကားပြောရင်း တထောင်ထောင်လုပ် တတ်တဲ့ လက်ညှိုးလေး၊ မျက်တောင်းလေး၊ အို ... အားလုံး အားလုံးကို တစ်ခုချင်း အသေးစိတ် ပြန်မြင်ယောင်ပြီး ထပ်တွေ့ ချင်သေးတဲ့ စိတ်ဓာတ်တစ်မျိုးနှင့် သတိရတာပါ။





သုခက လမ်းဘေး ထီးမိုးလေးအောက်က ပီစီအို ဆိုင်လေးကို ဝင်လိုက်ပါသည်။ ကောင်မလေး အဲဒီနေ့က ပြလိုက်တဲ့ ဖုန်းနံပါတ်ကို သူ အလွတ်ရနေပါသည်။ ရဆို ချင်စိတ် မကြာမကြာ ပေါ်ပေါက်ကာ ပါးစပ်ကနေပဲ ဖုန်း တ်လေးကို စိတ်ပြေလက်ပျောက် ရွတ်ဖတ်နေမိခဲ့ရင်းက ကျိုးနေတာပါ။

သုခက ကောင်မလေး ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

"ဟယ်လို"

"........"

"ဟယ်လို ... ဘယ်သူပါလဲ"

"သြော် ... ဟို ... ဟိုလေ ... ချစ် ... ချစ်စစ်နဲ့ ပြောချင် လို့ပါ"

"ချစ်စစ် ပြောနေပါတယ်၊ ခုပြောနေတာ ဘယ်သူလဲ"

"ဟို ... ငါပါ"

"ဘယ်က ငါလဲ"

"ယု၀ပါ"

သုခက တံတွေးမျိုချပြီး အရဲစွန့်၍ လိမ်လိုက်ရပါ သည်။ ခုနေ အဲဒီကောင်မလေးနံဘေးမှာ အဲဒီ ယု၀ ဆိုတဲ့ကောင် ရှိနေရင်တော့ သေပြီပေါ့။

"ဟဲ့ ... ယု၀၊ ယု၀လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"နင် ဘယ်က ဆက်နေတာလဲ၊ ဘယ်သူ့အိမ်ရောက်နေ
တာလဲ၊ လိုင်းဖုန်းနံပါတ်ကြီး၊ နင်တို့အိမ်ဖုန်းနံပါတ်လည်း
မဟုတ်ပါဘူး"

"ငါ လမ်းဘေးက ဆက်နေတာ"

"လမ်းဘေးက ... !! "

"ဩော် ... အေး ... အဟဲဟဲ"

"နင်က လမ်းဘေးက ဆက်ရအောင် ဖုန်းမပါပြန်ဘူးလား"

"အေးဟ ... မပါဘူး"

"နင်ဟာလေ ... ကြီးကြီးပြောတဲ့အတိုင်းပဲ ပြန်ရောက်က
တည်းက အုတ်အုကြောင် ငိုင်တိငိုင်တိုင်နဲ့တဲ့၊ အဲဒါအမှန်ပဲ
ငါတို့ဆယ်တန်းတုန်းက နင်က ဒီလောက်ကြီး ငေါင်
ကြောင် မဟုတ်ပါဘူး ယုဝရယ်၊ အခု နင် နေရောကောင်း
ရဲ့လား ယုဝ"

"နေကောင်းပါတယ်ဟ၊ ဘာလို့ မကောင်းရမှာလဲ"

"နင် ဟိုနေ့ညက ငါ့အိမ်လာတာကိုရော သေချာသတိရ
ရဲ့လား၊ မေ့နေသေးလား"

သူမက ရုတ်တရက် နှုတ်ဆိတ်သွားရပါသည်။
ချစ်စစ်ထံ စကားမမှားဖို့ ဂရုစိုက်နေရင်းက တစ်ပြိုင်နက် ယုဝ
ဆိုတဲ့သူဟာ ချစ်စစ်ရဲ့အိမ်ကို ညဘက်လည်း ဝင်ထွက်လည်ပတ်





ချင့် ရထားတဲ့ သူပါလားလို့ နားလည်လိုက်ရတဲ့ အသိက လူကို
တစ်မျိုးတစ်မည် ဖြစ်သွားစေပါသည်။

ကိုယ်က တကယ်တော့ ချစ်စစ် ဆိုတဲ့ကောင်မလေး
ခင်မင်တဲ့ လူတစ်ယောက်အစစ်မှ မဟုတ်ဘဲ။ ဒါနဲ့များ ဘာကြောင့်
ဒီကောင်မလေးအပေါ် သံယောဇဉ်အညှောင့်လေး ပေါက်ချင်နေ
တာလဲ။ ဟိုတစ်ကြိမ်ကလေး တွေ့ဖူးထားတဲ့ ဒီကောင်မလေးကို
ဘာကြောင့် ထပ်တွေ့ချင် စကားပြောချင် ဖြစ်နေရတာလဲ။

သူမက သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။

"ဟင် ... အခု မေ့နေတာလား၊ ဟုတ်လား"

"မမေ့ပါဘူးဟ"

"မမေ့ရင်ပြော၊ နင် အဲဒီနေ့က ငါ့ဆီ ဘာလာပြောတာ
လဲ"

အို ...။ သူမက တစ်ဖက်မှာ ရှုံ့မဲ့ခေါင်းကုတ်မိပါ
သည်။ သေပြီ။ ဘာကြောင့်များ ယုဝ ဆိုတဲ့ကောင်က ချစ်စစ်ဆီ
သွားခဲ့တာလဲ။ ဘာပြောဖို့လဲ။

"ပြောလေ"

"ငါ နင့်ကို သတိရလို့ လာတွေ့တာပေါ့ဟ"

"ဘာ"

"လန့်လိုက်တာဟာ"

"ယုဝနော် ...၊ နင် ငါ့ကို နောက်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မနောက်ပါဘူးဟ၊ ဟို ... အခုလည်း နင့်ကို ငါရုတ်တရက် သတိရပြီး ဆက်လိုက်တာ"

"ယုဝ ! "

ချစ်စစ်သည် ဖုန်းလေးကိုင်၍ ရင်ဘတ်လေးဖိ တစ်ဖက်မှာ ငိုင်မှိုင်မှိုင်လေး ကြက်သေ သေနေမိပါသည်။

ယုဝရဲ့အသံဟာ ခါတိုင်း ကြားနေကျ လေယူ သိမ်းမထွ၍လို အားတိအားစက် ဖြစ်မနေဘဲ ပူဆွေးနေသည် နောက်ဆုံးစကားလေးတစ်ခွန်းမှာတော့ သူ့လေသံဟာ ရင်ထဲ ခံစားချက်တစ်ခု မမျှော်လင့်ဘဲ ဖျတ်ခနဲ လွှတ်ကျလိုက်သ မထင်မှတ်ဘဲ ပြောထွက်လိုက်တဲ့ လေသံမျိုးနှင့် မှုမှုညင်သာရှိ သည်။

"နင် ... နင် ဘာပြောစရာရှိလို့လဲ၊ ပြောလေ"

"ငါ ဘာမှပြောစရာ မရှိဘူး"

"ဟင် ... ဘာမှန်းလဲ မသိဘူး"

"ဟုတ်တယ်၊ လမ်းလျှောက်လာရင်း နင့်ကို ရုတ်တရက် သတိရပြီး ဖုန်းဆက်ကြည့်လိုက်တာ၊ ဘာမှ ထွေထွေထူးထူး လဲ မရှိဘူး၊ နင် အခု ဘာလုပ်နေလဲ၊ အိမ်မှာလား"

"ဒီအချိန် အိမ်မှာရှိပါ့မလားဟ၊ ငါ ဆေးရုံမှာလေ"

"ဟင် ... နင် ... နင် ဘာဖြစ်လို့လဲ၊ ဆေးရုံကို"





"ယုဝ ... နင် နောက်နေတာလား၊ ငါ့ကိုလန့်အောင်ခြောက် နေတာလား၊ အဲသလိုတွေ လုပ်နေရတာ ပျော်နေလို့လား၊ ဟုတ်လား"

သုဓသည် စကားနည်းနည်း မှားသွားပြီကိုတော့ တွက်ဆမိကာ ချက်ချင်းပဲ တဟင်းဟင်း ရယ်သွမ်းသွေးလိုက်ပါ သည်။

"ရယ်မနေနဲ့၊ နင် ခုတလော တော်တော်စ,ချင်နောက်ချင် နေလား ဟုတ်လား၊ ဟိုတစ်နေ့ညကပြောတဲ့ အဖြစ်အပျက် တချို့တွေကို မေ့နေတယ် ဘာညာဆိုတာလည်း နင်နောက် တာပဲ မဟုတ်လား၊ အတည့်ပေါက်ရုပ်လေးနဲ့ နင် ငါ့ကို စ,သွားတာ မဟုတ်လား ယုဝရဲ့ ... ဟင် ! "

ခြော် ...။ ဟိုတစ်နေ့ညက ယုဝ ဆိုတဲ့ကောင်ဟာ ချစ်စစ်ထံမှာလည်း ချော်လဲရောထိုင် လုပ်သွားပြန်ပြီ။ ချစ်စစ်ပြောပုံ အရ ယုဝဟာ ချစ်စစ် စကားတွေထဲက သူ မသိတဲ့ အချက်အလက် တွေကို "အဲဒါ ငါမဟုတ်ဘူး"လို့ မငြင်းဘဲ အမှန်သိရအောင် ဖော်ထုတ်ဖို့လည်း မကြိုးစားဘဲ တချို့သော အဖြစ်အပျက် အကြောင်းအရာတွေကို မေ့နေတယ်ရယ်လို့ပဲ ရောချသွားပြန်ပြီ လေ။

ဒီကောင့်အပြုအမူတွေက ဘာသဘောလဲ။ ကော်ဖီ ဆိုင်က ကောင်လေးတွေကိုတော့ စကားတွေ အရှည်ကြီး မပြော



www.burmeseclassic.com

www.burmeseclassic.com



ချင် မရှင်းချင်လို့ ရောချသွားတာဆိုရင် ဖြစ်နိုင်ပေမယ့် အိမ်ကို
တောင် ဝင်ထွက်လည်ပတ်နေတဲ့ ခင်မင်ရင်းနှီးမှုမျိုးရှိတဲ့ ချစ်စ
ကိုတော့ ဟာ ... အဲဒါ ငါမဟုတ်ဘူး၊ နင် လူမှားခဲ့ပြီဆိုတာမျိုး
ပြောကို ပြောသင့်တာပေါ့။

"နင်က စရင်လည်း တကယ်ယုံတာကိုးဟ ... ဟင်း ဟင်း"

"ဒါဖြင့် ဘာလဲ၊ နင်က ဟိုနေ့က ပြောသွားတာတွေ
အားလုံး နောက်နေတာလို့ ဆိုလိုတာလား"

"ဒါပေါ့ဟ"

"ကျွတ် ...၊ ငါကတော့ ဒီမှာ ဦးနောက်နဲ့အာရုံကြော
ဆရာကြီးတစ်ယောက်ကိုတောင် နည်းနည်းပါးပါး
ကြည့်နေတာ၊ နင့်ကိုလည်း သူနဲ့ပြကြည့်မလို့"

"မပြပါနဲ့ဟာ၊ ငါ ဘာမှမဖြစ်ပါဘူး"

"ယုဝ ... ဘယ်ဟာက တကယ်ပြောနေတာလဲ"

"အခုက တကယ်"

ခုလောလောဆယ် ဆေးရုံမှာ။ ပြီးတော့ ဦးနောက်နဲ့
အာရုံကြောက သူ့ရဲ့ဆရာကြီး စတဲ့ အပြောအဆို အသုံးအနှုန်း
တွေအရ ချစ်စစ် ဆိုတဲ့ ချစ်ဖို့ကောင်းတဲ့ ကောင်မလေးဟာ
ဆရာဝန်ပေါက်စလေးလား။ ဒါမှမဟုတ် ဆေးကျောင်းသူလေးလား
တစ်ခုခုပဲပေါ့။ ဒီလောက်တော့ သုလည်း ခန့်မှန်းနိုင်သည်။

"ငါ ဘာမှ မဖြစ်ပါဘူးဆိုမှ ဒေါက်တာဒေါ်ချစ်စစ်ရယ်"





"ဒေါက်တာလို့ မခေါ်ပါနဲ့ ဆိုနေမှ၊ နောက်နှစ်တောင်
နင် ခေါ်လို့မရသေးဘူး သိရဲ့လား၊ နောက်နှစ်မှ ဟောက်စ်
ဆာဂျင်ဆင်းရမှာ"

"သြော် ..."

သုခ မျက်နှာက ပြုံးမြသွားပါသည်။ ဆရာဝန်လောင်း
လေး ချစ်စစ်။ သဘောကောင်းတဲ့ မျက်နှာလေးနဲ့ လူနာတွေက
ချစ်ကြတာကို ခံရဦးမှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၆

“ဒီနားမှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက်နေတာ တိုက်ရှာမတွေ့လို့ ခင်ဗျာ၊ တစ်ဆိတ်လမ်းညွှန်နိုင်မလား”

ကော်ဖီဆိုင်က ကောင်လေးထံက လိပ်စာရပြီးတဲ့တိုင် နေရာအတိအကျ သိဖို့က ခက်နေသည်။ အဲဒီနေရာအဝန်းတစ်ဝိုက်ထဲမှာရှိတဲ့ အိမ်ဆိုင်လေးတစ်ခုမှာ ယုဝက ဝင်မေးလိုက်ပါသည်။

“တိုက်နံပါတ် ဘယ်လောက်လဲ”

“တိုက်နံပါတ်(...)ပါ”

“ဪ ... ဟိုဘက်က အစိမ်းနုရောင်တိုက်ပဲ၊ ဟိုမှာလေ တွေ့တယ် မဟုတ်လား”

“ဪ ... ဟုတ်ကဲ့”





“အောက်ထပ်မှာ ရှမ်းရိုးရာအစားအစာဆိုင် ရှိတယ်လေ၊ အဲဒီတိုက်၊ ဒါနဲ့ ဘယ်သူ့ကို တွေ့ချင်တာလဲကွယ့်”

“ကျော်ကျော်ဆွေ ဆိုတာပါ”

“ဪ ... ကျော်ကျော်ဆွေ ဆိုတာ ဒေါ်ဝင်းခိုင်သားလား”

“အဲဒါတော့ မသိပါဘူး အန်တီ”

“ ‘ပန်းတိုင်သစ်’ဘာသာစုံဝိုင်းကျူရှင်မှာ အလုပ်လုပ်တဲ့ ကောင်လေးကို ပြောတာလား”

“အဲဒါလည်း မသိဘူး ခင်ဗျ”

ဘာမှလဲ မသိဘဲ ဘာတွေလာမေးနေတာလဲဆိုတဲ့ စိတ်မရှည်လှတဲ့ပုံနှင့် ဆိုင်ရှင်အန်တီက သူ့ကို မျက်ခုံးတွန့်ပြီး ကြည့်လာပါသည်။

“ဪ ... ဟိုဟာလေ၊ ကျွန်တော့်မိတ်ဆွေ မဟုတ်ပါဘူး၊ လူကြုံပါးလိုက်တာလေးရှိလို့ လာရတာပါ၊ ဒါကြောင့်ပါ”

“ဪ ... ဟော ... ဟော ... ဟိုက လမ်းကူးလာတဲ့ သူငယ်လေးလား”

ရုတ်တရက် ဆိုင်ရှင်အန်တီ လက်ညှိုးညွှန်လိုက်ရာဆီ လိုက်ကြည့်မိလျှင် ခပ်လှမ်းလှမ်းမှာ လမ်းကူးလာတဲ့ ကိုယ်နဲ့ ရွယ်တူလောက် လူတစ်ယောက်ကို တွေ့လိုက်ရပါသည်။

“သူ့ကိုပြောတာလား”

“အဟင်း ... မသိဘူးခင်ဗျ၊ မမြင်ဖူးလို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ယ်ကွယ်၊ သူ့နောက်ကသာ လိုက်မေးကြည့်ချည်တော့၊ သူကတော့ မင်းပြောတဲ့ တိုက်နံပါတ်မှာ နေတာပဲ၊ ဟိုတိုက်စိမ်းပဲ၊ သူ့အမေနဲ့တော့ သိပေမယ့် သူ့နာမည်တော့ ကျော်ကျော်ဆွေထင်တာပဲလေ၊ အတိအကျ မသိဘူး"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ ခင်ဗျ"

ယုဝက နေကာမျက်မှန်ကို ထုတ်တတ်လိုက်ပါသည်။ သူ့ကို ကျော်ကျော်ဆွေ ရုတ်တရက် မြင်မသွားစေချင်သေးပါ။ မြင်သွားရင် သူက သူ့သူငယ်ချင်းလို့ပဲ ထင်သွားမှာလေ။ ကျော်ကျော်ဆွေကို ယုဝ လာရှာတာက ကျော်ကျော်ဆွေနဲ့တွေ့ဖို့မဟုတ်။ ကျော်ကျော်ဆွေကနေတစ်ဆင့် ယုဝနဲ့ ရုပ်ချင်းတူတယ်ဆိုသူကို တွေ့ရဖို့ မျှော်လင့်ချက်နဲ့ဖြစ်သည်။

ကျော်ကျော်ဆွေလို့ ထင်ရသူက တိုက်အစိမ်းဆီ ပေါ့ပေါ့ပါးပါးပဲ လျှောက်သွားနေပါသည်။ ယုဝသာ လမ်းဘေးမှာ ပါကင်ထိုးထားတဲ့ ကားမျိုးစုံကို မသိမသာ အကွယ်အကာယူကာ ကျော်ကျော်ဆွေ ထင်ရတဲ့သူနောက် လိုက်လာပါသည်။

ထိုသူက တိုက်အစိမ်းရဲ့လှေကားခွင်ထဲ ဝင်ကာ အပေါ်ထပ်ကို အပြေးအလွှား တက်သွားပါသည်။ ယုဝက လှေကားရင်းကို ရောက်လာသည်။ လှေကားရင်းရဲ့အတွင်းဘက် ချောင်လေးထဲမှာ ဗိုတိုကော်ပီယာတစ်လုံးချလျက် လူတစ်ယောက်က မိတ္တူတွေ ကူးနေပါသည်။





"ဒီမှာ ခင်ဗျ"

"ပြောပါ ... ဘာလဲ"

"ခုန ဒီကတက်သွားတဲ့ ရုပ်အင်္ကျီအညိုကွက်နဲ့ တစ်ယောက်က ကိုကျော်ကျော်ဆွေ ဆိုတာလား ခင်ဗျ"

"သြော် ... ဟုတ်ပါတယ်၊ ကျော်ကြီးလေ၊ ဟာကွာ ... မင်း ကျော်ကြီးသူငယ်ချင်း မဟုတ်လား၊ အလကား အားအားယားယား နောက်စရာမရှိ ရှာကြံနောက်တယ်ကွာ၊ မင်းတို့ကတော့"

မိတ္တူဆိုင်ရှင် အသက်သုံးဆယ်လောက် အစ်ကိုကြီးက ယုဝကို ဘုကျကျပြောလိုက်လျှင် ယုဝက ချက်ချင်းသတိပြုမိကာ သွားအဖြီသားပေါ်အောင် ပြုံးလိုက်ရရင်း ...

"အဟဲဟဲဟဲ ... အဟင်း ... ဆောရီး အစ်ကို"

ဖျတ်ခနဲ ခပ်မြန်မြန် လှည့်ထွက်ခဲ့လိုက်ပါသည်။

ကျော်ကြီးရဲ့သူငယ်ချင်းအဖြစ် ဒီမျက်နှာကို ဒီနားတစ်ဝိုက်မှာ တွေ့ဖူးမြင်ဖူးနေနိုင်ကြတာပဲ။ အဲဒါကို ယုဝ မတွေးမိဘဲ ဖြစ်သွားသည်။ ယုဝက ကားလမ်းကူးလာကာ လမ်းဟိုဘက်ခြမ်းက တိုက်ထောင့်တစ်နေရာမှာ ချောင်ခိုကာ ရပ်စောင့်နေလိုက်ပါသည်။

ဘာလုပ်ဖို့ တက်သွားတယ်၊ ဘယ်တော့ ဆင်းလာမယ် မသိတဲ့သူတစ်ယောက်ကို ခွဲနပဲခတ်ကာ အားအားယားယား



www.burmeseclassic.com

www.burmeseclassic.com



စောင့်ဆိုင်းနေတဲ့ ယုဝဟာ မိနစ်နှစ်ဆယ်ကျော်လောက်ကြာလျှင်သော့ ထိုတိုက်လှေကားမှ ပြန်ဆင်းလာတဲ့ ကျော်ကျော်ဆွေကို တွေ့လိုက်ရပါပြီ။

အဲဒီနောက်တော့ ကျော်ကျော်ဆွေ လမ်းလျှောက်ထွက်သွားရာနောက်ကို ပုန်းလျှိုးကွယ်လျှိုးနှင့် ယုဝက နောက်ယောင်ခံကာ လိုက်ပါရပါတော့သည်။ ဘယ်လောက်မှ သိပ်မဝေးလှတဲ့ နေရာတစ်ခုက တိုက်ခန်းတွဲတစ်ခုဆီသို့ရောက်လျှင် ကျော်ကျော်ဆွေက ထိုတိုက်ပေါ် တက်သွားပြန်ပါသည်။

အဲဒီတိုက်ကြီးကို ယုဝက ရှေ့ကနေရပ်ကာ မော့ကြည့်လိုက်လျှင်တော့ သုံးထပ်မြောက်လောက်မှာ "ပန်းတိုင်သစ်" ၉ တန်း၊ ၁၀ တန်း ဘာသာစုံစာသင်ဝိုင်းဆိုတဲ့ ဧရာမဆိုင်းဘုတ်ကြီးကို တွေ့လိုက်ရပါသည်။ ကျော်ကျော်ဆွေဟာ ကိုးတန်းဆယ်တန်းကျောင်းသားလည်း မဖြစ်နိုင်၊ ဆရာလောက်လည်း မဖြစ်နိုင်။

ခုနက အန်တီကြီးပြောသလို ဒီကျူရှင်မှာ အလုပ်လုပ်တဲ့သူ ဖြစ်မှာပင်။ အိမ်နှင့်မနီးမဝေးမို့ ခုနက အိမ်ခဏပြန်ထမင်းစားတာမျိုး ဖြစ်နိုင်သည်။ တကယ်တော့ ကျော်ကျော်ဆွေထံမှာ သူ ဘာမှသွားမေးလို့ မြန်းလို့ဖြစ်တာလည်း မဟုတ်ပါ။ သူနဲ့ရုပ်တူတယ်ဆိုတဲ့သူကို ရှာတွေ့ဖို့ သဲလွန်စက တခြားနည်းကလည်း မရှိ။ ကျော်ကျော်ဆွေ နောက်ကသာ တစ်ချိန်လုံး လိုက်



ကြည့်နေရင် တစ်နေ့တော့ (ယုဝနဲ့ ရုပ်တူတဲ့) သူ့သူငယ်ချင်းဆိုတာနှင့်ပါ ပက်ပင်းတိုးနိုင်တယ် မဟုတ်လား။

တကယ်တော့ ယုဝဟာ မလည်ရှုပ်အလုပ်တွေ ကျွမ်းကျင်တဲ့သူ မဟုတ်။ လူတစ်ယောက်နောက်က သူ နောက်ယောင်ခံလိုက်သွားလျှင်လည်း သိပ်မကြာခင် ထိုလူသတိပြုမိပြီး သူ့ကို ရိပ်မိသွားဖို့က များပါသည်။ တစ်ချိန်လုံး ဒီကျော်ကျော်ဆွေနောက်က လိုက်နေဖို့ထက်စာရင် ကျော်ကျော်ဆွေကို ဖွင့်မေးလိုက်တာမျိုးက ပိုအဆင်ပြေမည်။

လူကိုယ်တိုင်သွားမေးဖို့တော့ မဟုတ်ဘူးပေါ့။ ကျော်ကျော်ဆွေ့ဖုန်းနံပါတ် ရနိုင်လျှင် ကောင်းမည်ဟု တွေးမိတော့ ယုဝက အချိန်ဆွဲမနေတော့ဘဲ ကျော်ကျော်ဆွေ တက်သွားသည့်လှေကားမှ လိုက်တက်လာခဲ့ပါသည်။ သုံးထပ်မှာ ဘယ်ညာနှစ်ခန်းစလုံးဟာ "ပန်းတိုင်သစ်"ရဲ့စာသင်ခန်းတွေချည်းပင်။ ယုဝက နေကာမျက်မှန်လည်း တပ်လျက်သားမှာ မျက်နှာအောက်ပိုင်းကို လက်ကိုင်ပဝါနှင့် ခပ်ကွယ်ကွယ်လုပ်ရင်း စာသင်ခန်းထဲချောင်းကြည့်လိုက်ပါသည်။

အခန်းဝနားက စားပွဲလေးမှာ လူရွယ်တစ်ယောက်ထိုင်နေပြီး ကျော်ကျော်ဆွေကိုတော့ မတွေ့ရပါ။

"ဘာကိစ္စရှိလဲ အစ်ကို"

"ဩော်"

www.burmeseclassic.com

www.burmeseclassic.com



ယုဝက ဟိုကြည့်ဒီကြည့် ရှာဖွေရင်း ...

"ဒီကျူရှင်မှာ ကျော်ကျော်ဆွေ ဆိုတာ ရှိတယ်နော်"

"သြော် ... ကိုကျော်ကြီး ညွှန့်သည်လား၊ ခဏနော်"

"ဟာ ... မဟုတ်ဘူး၊ မခေါ်နဲ့ ... မခေါ်နဲ့ ... မဟုတ်ဘူး"

"ဘာကိစ္စလဲခင်ဗျ"

ကောင်လေးက ပုန်းလျှိုးကွယ်လျှိုး ဖြစ်နေတဲ့ ယုဝကို အံ့အားတသင့် ဖြစ်နေပါသည်။

"ကိုကျော်ကျော်ဆွေ အိမ်ဖုန်းရှိရင် သိချင်ပါတယ်"

"သြော် ... သူ့အိမ်မှာ ဖုန်းမရှိဘူးခင်ဗျ၊ အောက်ထပ်က စားသောက်ဆိုင်မှာတော့ ခေါ်နိုင်းလို့ရတယ်"

"ဒါဖြင့် အဲဒီဖုန်းလေး တစ်ဆိတ်"

ကောင်လေးက အူကြောင်ကြောင် ဖဝေဖဝါနှင့်ပင် ဖုန်းနံပါတ်တစ်ခုကို ရွတ်ပြ၍ ယုဝက သူ့ဟဲန်းဒ်ဖုန်းထဲ ချက်ချင်းရိုက်ထည့်လိုက်ပါသည်။

"ဒီကိုလှမ်းဆက်ရင်လည်း ရပါတယ်၊ သူ့ပိတ်ရက်ကလွဲရင် တစ်နေကုန်နီးပါး ဒီမှာပဲ ရှိတာဗျ"

ကောင်လေး လှမ်းပေးတဲ့ ကျူရှင်ဗစ်ဇစ်တင်းကတ်ကို ယူကာ ...

"ကျေးဇူးပဲ၊ သွားဦးမယ်"





ယုဝ ခပ်သွက်သွက် ပြန်ဆင်းလာချိန်မှာပဲ ကျော်ကျော်ဆွေက နောက်ဘက် ဆရာတွေရုံးခန်းထဲက ထွက်လာကာ သူ့ကိုလျှောက်လာသည်။

"ခုနက ကိုကျော်ကြီး ဖုန်းနံပါတ်ကို လူတစ်ယောက်လာမေးလို့ အောက်ထပ်ရှမ်းဆိုင်က ဖုန်းပေးလိုက်တယ်"

"ဘယ်သူလဲကွ"

"မသိဘူးဗျ"

"မင်းက ငါ့တော့ မခေါ်လိုက်ဘူး"

"သူက မခေါ်နဲ့တဲ့"

"ငါရှိနေရက်နဲ့ မခေါ်နိုင်းဘဲ ဖုန်းပဲဆက်ဖို့ နံပါတ်တောင်းတယ်ဆိုတာက ဘာသဘောကြီးလဲ"

ကျော်ကျော်ဆွေက ဝရန်တာထွက်ရပ်ကာ ငုံ့ကြည့်လိုက်ပါသည်။ လမ်းဟိုဘက်ကိုကူးဖို့ ပြင်နေတဲ့ ယုဝကို လှမ်းဆွဲလိုက်တာမို့ ...

"ဖြောင်း ... ဖြောင်း ... ဟေ့ကောင်၊ ခဏလာဦး"

"........."

"ဟေ့ကောင် ... ဗိုလ်သု"

ယုဝက အော်ခေါ်သံကို သဲသဲကွဲကွဲ မဟုတ်သော်လည်း လက်ခုပ်သံနှင့်တွဲကာ သတိပြုမိပြီး ဆတ်ခနဲ လှည့်ကြည့်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယော့ကောင် ... ခဏတက်ခဲ့ဦး၊ အလုပ်ကိစ္စပြောမလို့"

ကျော်ကျော်ဆွေက ပါးစပ်နံဘေး တစ်ဖက်တစ်ချက်လက်ဝါးကာကာ လှမ်းအော်ပါသည်။ နေကာမျက်မှန် တပ်ထားတာတောင်မှ ရုပ်ကိုဖမ်းမိသေးသည်။ ယုဝက ကမူးရှူးထိုးပင် လမ်းကိုအပြေးဖြတ်ကူးပစ်လိုက်တာမို့ ကားနှင့်တောင် ဝင်တိုးမိမလို ဖြစ်သွားရပါသည်။

"ဟာ ... ဒီကောင် ကြားရက်သားနဲ့ ဘယ်လိုဖြစ်တာလဲ၊ အတင်းထွက်ပြေးနေတယ်၊ ကျွတ် ... ဘာလဲဟ"

"ခုန ဖုန်းနံပါတ်လာမေးတာ အဲဒီအစ်ကိုပဲ ကိုကျော်ကြီး"

"ဟေ"

စာရေးလေး မောင်ပဒူးက လာရပ်ကြည့်ရင်း ပြောလိုက်တာမို့ ကျော်ကျော်ဆွေက မျက်လုံးပြူးသွားကာ ...

"လာမေးတာ ဒီကောင်၊ ဟုတ်လား"

"ဟုတ်တယ်"

"သေချာလို့လားကွ"

"ဩော် ... ဟုတ်ပါတယ် ကိုကျော်ကြီးရာ၊ ခုပဲဆင်းသွားတာကို"

"ဟာ"

ကျော်ကျော်ဆွေက ခဏငြိမ်ကျသွားရကာ စိတ်တွေအကြီးအကျယ် လှုပ်ရှားလာရပါသည်။ သူမက သူ့ဖုန်းနံပါတ်





မေးစရာ ဘာအကြောင်းရှိလို့လဲ။ သိလွန်းလို့ နှောနှောကြနေတာကို။ ပြီးတော့ သူက သူမ ထင်ပြီး အပေါ်ကနေ လှမ်းအော်ခေါ်မိတာနဲ့ ကားနှင့်တိုးမိမတတ် လမ်းကိုအပြေးဖြတ်ကူးသွားတဲ့ အပြုအမူကကော။

"ဒါ ... ဒါ ... ဒါ"

ကျော်ကျော်ဆွေက ပါးစပ်က ဆက်မထွက်နိုင်ဘဲ ထစ်ငေါ့နေပါသည်။ ဟိုကောင်မလေး သူမကို လူလာမှားတဲ့ကောင် ဖြစ်နိုင်တာပေါ့။ ဒီလောက်တောင် ချုတ်စွတ်တူနေတာသူ မဟုတ်လို့ ဘယ်သူဖြစ်ဦးမလဲ။

ဒါဖြင့် သူက ကျော်ကျော်ဆွေ့ကို ဘာကြောင့်လာရှာပြီး ဖုန်းတွေ ဘာတွေ စုံစမ်းရတာလဲ။ သူမနှင့်ပတ်သက်လို့ကလွဲပြီး ဘာအကြောင်း ရှိဦးမှာလဲ။ ဒီလူဟာ သူမ သိထားသလိုပဲ သူနှင့် ရုပ်ချင်းချွတ်စွတ်တူသူတစ်ယောက် ဒီကမ္ဘာလောကကြီးမှာ ရှိနေပြီ ဆိုတာကိုလည်း သိပြီးဖြစ်လိမ့်မည်။

အဲဒီအပြင် ကျော်ကျော်ဆွေနှင့် ပတ်သက်မှုကိုလည်း ကြားနာသိရှိပြီး ဖြစ်လိမ့်မည်။ သူမရဲ့နေရပ်လိပ်စာ မသိဘဲ ကျော်ကျော်ဆွေ့ နေရပ်လိပ်စာသာသိ၍ တစ်ဆင့်စုံစမ်းဆက်သွယ်ရောက်လာတာကလွဲပြီး တခြားအကြောင်းမရှိ။ ဆေးဆေးဆေးဆေး တွေ့ချင်တာဆိုရင် အခု ဒီစာသင်ခန်းကိုတောင် ရောက်လာပြီးမှ ကျော်ကျော်ဆွေ့ကို တွေ့ပြီးမှ ပြန်လို့ရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခု သူက မတွေ့ချင်ဘဲ တမင်တကာတောင် ရှောင်သေးတာ။ ဘာများလုပ်ချင်လို့ပါလိမ့်။ ကျော်ကျော်ဆွေက စိတ်တွေပူလာမိပါသည်။ ဒီကောင်ဟာ သူ့အတွက် အန္တရာယ်ရှိတဲ့သူလေ။ သူရရမယ့်ငွေ (ဖြစ်ပုံရတဲ့) နှစ်သိန်းကို သူ့ကကြားက အချောင်ဝင်ရသွားတာ မဟုတ်လား။

တကယ်တော့ အဲဒီအဖြစ်အပျက်ဟာ ရာဇဝတ်မှု မကင်းတဲ့ အနေအထား ဖြစ်နေသည်။ သူ့အနေနဲ့ လောလောဆယ် ဒီငွေကို ပြန်လဲပေးနိုင်မှာ မဟုတ်။ အိမ်လခတွေ ရှင်းချလိုက်ရ၍ သိပ်မှကျန်တော့တာ မဟုတ်ဘဲ။

ဒုက္ခပဲ ...။ သူ့တော့ ဒုက္ခတွေ့တော့မှာပဲ။

ကျော်ကျော်ဆွေသည် ကမန်းကတန်းပင် ဖုန်းကို ကောက်နှိပ်ကာ သူ့တို့ဘေးခန်းက အိမ်ဖုန်းကိုခေါ်ပြီး သူ့ကို ခဏခေါ်ပေးဖို့ ပြောလိုက်ပါသည်။ ခဏအကြာ သူ့က ဖုန်းလာ ကိုင်လိုက်ပြီး ...

"ဟယ်လို"

"ဟေ့ကောင် မိုလ်သု၊ ငါကွ ..."

"သြော် ... ကျော်ကြီး ပြော၊ ဘာလဲ အလုပ်ရပြီလား"

"မင်းဘိုးအေ အလုပ်ခဏထားဦး၊ ဒီမှာ ပြဿနာတက်နေပြီ ဟေ့ကောင်"

"ဘာပြဿနာလဲ"





"မင်းနဲ့ချတ်စွတ်တူတဲ့ကောင်လေ၊ ဟိုကောင်မလေးချစ်စစ် နာမည် ပြောသွားပါတယ်၊ ဘယ်သူ ! "

"ယုဝ"

"အေး ... အေး၊ အဲဒီကောင် ... အဲဒီကောင်၊ ငါ့ဆီလာ သွားတယ် ဟေ့ကောင်"

"မင်းဆီ ! ဘာလာလုပ်တာလဲကွ"

ကျော်ကျော်ဆွေက သူ့ကို အဖြစ်အပျက်တွေ ရှင်းလင်းပြောပြလိုက်ပါသည်။

"မင်း တွေ့လိုက်တယ်ပေါ့"

"သြော် ... မင်းမှတ်လို့ လှမ်းတောင်ခေါ်လိုက်သေးတယ်ကွာ၊ အခုလေးတင်ပဲ၊ အခု မင်းဆီ ဖုန်းဆက်တာ မင်းမရှိဘဲ အပြင်ရောက်နေတယ် ဆိုရင်တောင် ခုနလာသွားတာ မင်းများဖြစ်နေမလားလို့ ငါ သံသယဝင်ဦးမယ်၊ မင်းအိမ်မှာပဲ ရှိနေတာ သေချာတယ်ကွ၊ ချစ်စစ် ပြောတဲ့ကောင် မင်းနဲ့မှားတဲ့ကောင်ပဲဖြစ်မှာ"

"သူက ဘာလာလုပ်တာလဲ"

"ဘာလုပ်မယ် အတိအကျ ဘယ်သိပါ့မလဲကွ၊ ငါ့ဆီလာပြီး ငါ့ဖုန်းနံပါတ် စုံစမ်းသွားတာဟာ မင်းနဲ့ပတ်သက်တာက လွဲပြီး တခြားဘာရှိဦးမှာလဲကွ၊ ဒီကောင် မင်းနောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှာနေပြီဆိုတဲ့ သဘောပဲ၊ သူ့ပိုက်ဆံ မင်းကြားဖြတ်ဘာ ထားလိုက်တာလည်း သူသိမှာပေါ့ ခုလောက်ဆို”

သုမေသည် ချက်ချင်းပဲ အတော်စိတ်ဆင်းရဲသွားပါသည်။

ငယ်ငယ်ကတည်းက မရှိမရှားဘဝ နေလာခဲ့ကာ ပွတို့သားအမိဘဝဟာ အတန်ငယ် ပြည့်စုံတဲ့ဘက်မှာရှိ၍ ငွေကြေးဆိုပ ကို ကျားကုတ်ကျားယက် မက်မောပြီး လိုချင်မျက်နှာတာမျိုး လည်း မဖြစ်ခဲ့မိပါ။

ကိုယ့်ကိုယ်ကိုယ် သုံးသပ်ရလျှင် သုမေဟာ လူတော်တစ်ယောက် မဟုတ်ခဲ့တောင် လူကောင်းတစ်ယောက်တော့ တတ်နိုင်သလောက် ဖြစ်ခဲ့တာပင်။ မေမေ့အတွက်ဆိုရင်တော့ လူလိမ္မာသားတစ်ယောက်လည်း ဖြစ်နိုင်ခဲ့ပါသေးသည်။ သူ့ဘဝဟာအထူးချွန်ကြီး မဟုတ်ခဲ့ပေမယ့် ဖြူဖြူစင်စင်သာ ကြီးပြင်းလူလားမြောက်ခဲ့တာပါ။

တစ်ခါမှ ငွေကြေးမတင်ဘူးပဲ အိမ်လခအကြွေးတွေ ဝင်ကာ ရှက်လည်းရှက်၊ စိတ်လည်းညစ်၊ ကြံရာလည်းမရ၊ အိမ်ရှင်ကိုလည်းအားနာ၊ သူ့မှာ ဘေးကျပ်နံကျပ်တွေ ဖြစ်နေနိုက်မှာ ရုတ်တရက် သူ့ရှေ့အပုံလိုက်ရောက်လာတဲ့ ဒီငွေနှစ်သိန်းကို “လွှမ်းနေပါပြီခင်ဗျာ” လို့ ရိုးရိုးသားသား မငြင်းဘဲ မှားနေတဲ့သူ





အယောင်ဆောင်ကာ ကိုယ်နဲ့မဆိုင်ဘဲ ယူလာခဲ့မိတဲ့ အပြုအမူအတွက် ဒီကြားထဲမှာ သူ တနုံ့နုံ့တရိပ်ရိပ် ပြန်နှောင်တရနေမိတာ။

ဒါကြောင့်လည်း အလုပ်တစ်ခုကို အသည်းအသန် လိုချင်နေခဲ့ပြီး ပထမဆုံးရမယ့်လခကို ချစ်စစ်ကို ခပ်မြန်မြန်လေး သွားဝန်ခံပြီး ဖုံ့ဆပ်ပေးခဲ့ချင်တဲ့ ဆန္ဒက ရင်ထဲမှာ အပြင်းအထန် ကြီးစိုးနေတာပါ။

လျှပ်တစ်ပြက် တစ်ထိုင်တည်းမှာ ဖြစ်သလိုဆုံးဖြတ်လိုက်မိတဲ့ ကိုယ့်အပြုအမူအပေါ် ခုမှပြန်ပြင်လို့လည်းမရတော့ဘဲ စိတ်ကျဉ်းကျပ် မလုံမလဲ ဖြစ်နေတာ။ ပိုက်ဆံရတာနှင့် သွားကိုဆပ်မည်လို့ ထက်သန်ရည်ရွယ်ထားတာ ကိုယ့်ကိုယ်ကိုယ်ပဲ အသိဆုံးဖြစ်ပါသည်။

ခုတော့ ကိုယ်က သွားဝန်မခံနိုင်မီ၊ မတောင်းပန်နိုင်မီ၊ ကာယကံရှင် နေရာမှန်က လူကသိသွားပြီး သူ့နောက်ကို လိုက်စုံစမ်းနေလေပြီ။ သုမေသည် တော်တော်စိတ်ဓာတ်ကျ မိတ်သိနိုက်ကာ ဘာလုပ်ရမှန်းမသိအောင် လူက နွမ်းလျှပြီး နွတ်ပါဆိတ်သွားခဲ့ရပါသည်။

“ဟော့ကောင် ဗိုလ်သု”

“.........”

“ဟော့ကောင်”



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"မင်း ဘာဖြစ်သွားတာလဲ၊ ဖုန်းများချလိုက်လားလို့ကွာ"

"ငါ ဘာဖြစ်သွားလဲ မင်း အသိဆုံး ဖြစ်မှာပါ ကျော်ကြီး ရာ၊ ငါ့ကို မင်းပဲ အကြောင်းအသိဆုံးပဲဟာ၊ ငါ ဘယ်လို ရည်ရွယ်ထား ရည်ရွယ်ထား ခုချိန်မှာ ကိုယ်နဲ့မဆိုင် ပိုက်ဆံကို ယူသုံးထားလိုက်ပြီး ငါ ကလိမ်ကကျစ်ကော ဖြစ်နေပြီကွာ၊ စိတ်ဆင်းရဲတယ်ကွာ"

"မင်း အလုပ်ရတာနဲ့ ချက်ချင်းပြန်ဆပ်ဖို့ တဖွဖွပြော ာပဲဟာ"

"ဒါက မင်းပဲသိတဲ့ အဖြစ်အပျက်လေ၊ ဒီလူကိုတော့ ငါ က ဒီလိုပြောရင်တောင် မင်းကို မိသွားလို့ မင်း ဒီလိုပြော တာပါလို့ပဲ ငါ့ကိုစွပ်စွဲမှာပဲ၊ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ ငါက အယောင်ဆောင်လူလိမ်ပဲ"

ကျော်ကျော်ဆွေက ညှိုးချုံးပန်းလျနေတဲ့ သုခရဲ့ သံကြောင့် သူပါ စိတ်မကောင်းဖြစ်ကာ ...

"ဒါပေမဲ့ သုခရာ၊ မင်းက သူ့ဆီက တမင်သွားလိမ်တောင် တာမျိုးမှ မဟုတ်တာ၊ အလိုအလျောက် သူတို့ကို လူမှာ ပြီး လာပေးတာကို မငြင်းမိဘဲ လက်ခံထားလိုက်တာလော ပဲ ရှိတာပါကွာ"





"အဲဒါလည်း လိမ်ယူထားလိုက်တာပဲလေကွာ၊ ကျွတ် ... ငါ အဲဒီအချိန်က ဘယ်လိုစိတ်မျိုးပေါက်ပြီး ယူထားလိုက် မိပါလိမ့် ကျော်ကြီးရာ၊ ငါ အလကားကောင်ဖြစ်ပြီကွ၊ ယုဝဆိုတဲ့ကောင်က ငါ့ကို ဘယ်လောက်အထင်သေးစိတ် ဆိုးမလဲ၊ သူ့ထက်ကို ချစ်စစ်လည်း အကြောင်းမှန်သိရင် ငါ့ကို အရမ်းအထင်သေးမှာပဲကွာ"

"ဟော့ကောင် ... ပြန်ပြင်လို့လည်း မရတော့ဘူး၊ ဒီတော့ မင်း စိတ်ညစ်ခံမနေနဲ့၊ အတတ်နိုင်ဆုံး မြန်မြန် သူ့ငွေ သွားပြန်ပေးလိုက်၊ ဒါပဲရှိတယ်"

"ငါလည်း ဒီမနက်တစ်ပိုင်းလုံး အလုပ်ခေါ်တဲ့ကြော်ငြာ တွေကြည့်ပြီး လျှောက်လွှာတွေ လျှောက်တင်တာပဲ၊ ငါတို့ နားက ဝပ်ရှော့နှစ်ခုဆိုရင် အလုပ်မခေါ်ဘဲနဲ့ အလုပ်လို လားလို့ ငါဝင်မေးသေးတာ၊ ဘာတစ်ခုမှကို အဆင်မပြေ ဘူး၊ ငါ ဘာဆက်လုပ်ရမှန်းတောင် မသိဘူးကွာ"

"အေး ... အဲဒါပြောမလို့၊ မင်း မှတ်ပြီး ဟိုလူကို ငါက အပေါ်ကနေ လှမ်းခေါ်မိသေးတာ၊ အလုပ်ကိစ္စပြောမလို့၊ အိမ်တစ်အိမ်က ဒရိုင်ဘာလိုတယ်ဆိုပြီး ရှာနေတာတစ်ခု ရှိတယ်ကွ၊ ငါတို့အိမ်ဘေးခန်းက အစ်ကိုကြီးက ကုမ္ပဏီ တစ်ခုမှာ လုပ်တယ်ပေါ့ကွာ၊ သူ့အလုပ်ရှင် အိမ်ကဒရိုင် ဘာထွက်သွားလို့ အလုပ်ရှင်က ဒရိုင်ဘာရှာနေတာ ငါ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားစပ်မိတာနဲ့ ငါက မောင်းချင်တဲ့သူရှိတယ် ပြောထား တယ်ကွ၊ အဲဒါ စိတ်ဝင်စားလား"

"စိတ်ဝင်စားတာပေါ့ကွာ၊ လုပ်မယ် ကျော်ကြီးရာ၊ ဘာအိမ် ဖြစ်ဖြစ်၊ အလုပ်များများနည်းနည်း ဘယ်လိုပဲဖြစ်ဖြစ်မောင်း မယ်၊ မင်း မိတ်ဆွေကို ချက်ချင်းပြောလိုက်ကွာ၊ မြန်မြန် လိုက်ပို့ပေးလို့"

"အေး ... အေး ... ပြီးရော"





၇

"ကိုယ်တို့အလုပ်ရှင်သူဌေး နာမည်ကတော့ ဦးမျိုးစစ်တဲ့၊ သူ့ဇနီးကတော့ ဒေါ်ခင်မာလာ၊ အသက်အရွယ်တွေက တော့ ငါးဆယ်ပတ်ချာလည်လောက်ရှေ့ပဲပေါ့၊ လင်မယား နှစ်ယောက်လုံး သဘောကောင်းကြပါတယ်"

"ဟုတ်ကဲ့ အစ်ကို"

"ပစိပစပ်လည်း မများဘူးကွ၊ အရင်ဒရိုင်ဘာဆိုတဲ့ကောင် ကကွာ ဆိုနိုးလိုက်၊ သူ့ကိစ္စ အချိန်နိုးသုံးလိုက်၊ ငါတို့ အားလူတွေတောင် သိနေတာ၊ ဘော့စ်လည်း သိမှာပါပဲ၊ ဒါပေမဲ့ တော်ရုံတန်ရုံ ဘာမှပြောတာ မဟုတ်ဘူး၊ ဆိုလို တာက သည်းညည်းခံတယ်ပေါ့ကွာ"

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော်တော့ အဲလိုအပြုအမူမျိုး မရှိစေရပါဘူး၊ ကျွန်တော်က ဒရိုင်ဘာစစ်စစ်ကြီးပါပည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး၊ အလုပ်မရှိလို့သာ တခြားအလုပ်လည်း ရှာမရလွန်းလို့သာ ဘဝရပ်တည်မှုအတွက် လောလောဆယ်တဲ့အလုပ် ဝင်လုပ်တဲ့သဘောပါ၊ အလုပ်ရှင်သဘောကျအောင်နေမှာပါ”

ကျော်ကျော်ဆွေရဲ့အိမ်ခန်းနီးချင်းမိတ်ဆွေ ကိုဝင်းမော်က သူ့ကားလေးကိုမောင်းကာ ကျော်ကျော်ဆွေက ဘေးက ထိုင်ပြီး နောက်ခန်းမှာ သုစကေ ထိုင်လာပါသည်။ သူ့အလုပ်ရှင်အိမ်ကို ကိုဝင်းမော်က ညဘက် လိုက်ပို့နေတာပါ။

“ဒါပေမဲ့ မင်း တစ်လ နှစ်လလောက်နဲ့တော့ ချက်ချင်း အလုပ်က မထွက်ပါနဲ့ ညီလေးရာ”

“အဟားဟား ... သူတို့က အလုပ်ပဲ တန်းခန့်ပါစေဦး အစ်ကိုတာ”

“ခန့်မှာပါ၊ မင်းက ရုပ်ကလည်း အရမ်းသန့်၊ လူရည်မွန်ပုံလည်း ပေါက်နေတာ၊ မျက်နှာကို တစ်ချက်ကြည့်လိုက်တာနဲ့ ဖတ်စ်အင်ပရက်ရှင်မှာ နှစ်လိုဖွယ်ရာ ကောင်းတယ်ကွ၊ သဘောကျမှာ သေချာနေတာပဲလေ၊ တစ်ခုပဲ ရှိတယ်ကွာ၊ ဟား ဟား ဟား”

“ဘာများလဲ အစ်ကို”

“သူတို့မှာ သမီးပျိုလေးတစ်ယောက် ရှိတာကွ၊ အဲသလိုဆိုတော့ အိမ်ကဒရိုင်ဘာကို မင်းလောက်ကြည့်ကောင်းပြီး





ရုပ်သန့်နေစေချင်ပါ့မလား မပြောတတ်ဘူး၊ မင်းက ဒရိုင်ဘာတစ်ယောက်အတွက် လိုအပ်တာထက် ပိုချောနေတယ်လေ”

“ဟာ ... ကျွန်တော် အလုပ်ရှင်ရဲ့သမီးကို ဘာမှ မရိုးမသားစိတ်မွေးမှာ မဟုတ်ပါဘူး အစ်ကိုရာ၊ မိကောင်းဖခင်သားပါ၊ စော်ကားမော်ကား မကြံစည်ပါဘူး၊ ကိုယ့်မောင်နှမလိုပဲ သဘောထားပါ့မယ်၊ ကျွန်တော့်ကို စိတ်ချပါ”

“မင်းကို စိတ်မချတာ မရှိပါဘူးကွ ... ဟား ဟား၊ သူတို့အမြင်မှာသာ သမီးပျိုရှိတဲ့အိမ် လူပျိုလူချော ဒရိုင်ဘာထားချင်ပါ့မလားလို့ ကိုယ်ကတွေးကြည့်တာပါ”

စကားတပြောပြောနှင့် ကိုဝင်းမော်ရဲ့အလုပ်ရှင်အိမ်ရှိရာ ရွှေတောင်ကြားထဲသို့ ရောက်လာပါသည်။

“ရှေ့ကလမ်းသွယ်ထဲကွ”

ကိုဝင်းမော်က ကားကိုကွေ့ဝင်လိုက်လျှင် ရှေ့နားမှာ မိန်းကလေးနှစ်ယောက် လမ်းလျှောက်သွားနေ၍ ကားကို ဘီးလိမ့်ရုံ ခပ်ဖြည်းဖြည်းမောင်းရင်း ...

“ရှေ့နားက ခြံတံခါးအနက်ရောင်နဲ့ခြံပဲ”

ရွှေရောင်နှင့် အနက်ရောင်စပ်ကြား ကနုတ်ပန်းနွယ်ခြံတံခါးကို လှမ်းမြင်နေရပါသည်။ ရှေ့ကမိန်းကလေးနှစ်ယောက်က နောက်ကကားပါလာတာ ငဲ့ကြည့်ရင်း ထိုခြံတံခါးအနက်ရောင်ဆီချိုး၍ ချဉ်းကပ်လိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

လှည့်ကြည့်လိုက်တဲ့ မျက်နှာနှစ်ခုအနက် ဝစ်ခုက အိမ်အလုပ်သမား ကောင်မလေးတစ်ယောက်မှန်း သိသာစေပြီး ကျန်မျက်နှာတစ်ခုက ...။ ချစ်စစ် ...။

"အစ်ကို ... ခဏ ... ခဏ"

"ဘာလဲကွ"

"အစ်ကို ... ခဏလေး ရပ်လိုက်ပါဗျာ"

ကိုဝင်းမော်က ကားကိုမရောက်ခင် တစ်ခြံရဲ့ရှေ့ကပ်ကာရပ်လိုက်ရင်း ...

"ဘာဖြစ်လို့လဲ"

"ခဏနော် အစ်ကို၊ အဲဒီခြံတံခါးအနက်ဟုတ်လား၊ ခဏလေး အစ်ကို"

သူက နောက်ခန်းမှ ကားတံခါးဖွင့်ကာ ဆင်းလိုက်ပါသည်။ သူ့ရင်တွေကလည်း တဒိန်းဒိန်း ခုန်လာပါသည်။ ချစ်စစ်က ထိုခြံတံခါးကိုတွန်းကာ ဝင်မို့ပြင်နေစဉ် ဒီဘက်ကို တစ်ချက်လှမ်းကြည့်ကာ သူ့ကိုမြင်လျှင် မျက်လုံးဝိုင်းသွားပါသည်။

"ဟဲ့"

ခြံတံခါးအပြင် ပြန်ထွက်လာရင်း ...

"ယုဝ ... နင်ဘာလာလုပ်တာလဲ"





ချစ်စစ်က သူ့ကို တအံ့တသြလေး ကြည့်နေပါသည်။ တစ်မျိုးတစ်မည် ရှိုးတိုးရှန့်တန့် ဖြစ်နေတဲ့ သူ့ရဲ့အရိပ်အကဲကိုလည်း အံ့အားသင့်နေပုံပါ။ ယုဝဆိုတာ ဒီအိမ်ကိုလည်း ရောက်ဖူးနေကျ ဖြစ်နိုင်တာမို့ သူက "ဒါ နင့်အိမ်လား"လို့မမေးတော့ပါ။ ချစ်စစ်ရဲ့အိမ် ဖြစ်နေမှတော့ သူ ဘယ်လိုလုပ်ပြီး ဒီအိမ်မှာ ဒရိုင်ဘာ ဝင်လုပ်လို့ ရတော့မှာနည်း။

"လာလေ ... အိမ်ထဲဝင်ဦး၊ မာမီတို့နဲ့ တွေ့သွားဦးပေါ့၊ မနေ့ကတောင် နင့်ကြီးကြီးနဲ့ မာမီ ဖုန်းပြောကြသေးတယ်၊ ပြောလိုက်တာမှ အကြာကြီးပဲ"

ယုဝဟာ ချစ်စစ်ရဲ့ဒက်ဒီမာမီတို့နှင့်လည်း ရင်းနှီးသူ ဖြစ်ပုံရပါသည်။ သူက သက်ပြင်းလေးရှိုက်ကာ ...

"ဘာတွေပြောကြတာလဲ"

"မသိပါဘူးဟာ၊ နင့်ပုံက ဘယ်လိုဖြစ်နေတာလဲ"

"ချစ်စစ်"

"ဟင်"

"နင် ငါ့ကိုပေးတဲ့ ဟိုနေ့က ပိုက်ဆံနှစ်သိန်းလေ"

"ဘာဖြစ်လဲ"

"ငါ နင့်ကို ကြွေတဲ့တစ်နေ့ ပြန်ပေးချင်တယ်"

"ဟဲ့ ... ဘာဖြစ်လို့လဲ၊ အဲဒါ နင့်ပိုက်ဆံကို ငါပြန်ဆပ်တာလေ"

"........"



www.burmeseclassic.com

www.burmeseclassic.com

"နင်က ဘာဖြစ်လို့ ပြန်ပေးချင်ရတာလဲ၊ ထူးဆန်းလိုက်တာ"

"ဩော် ... ဘာရယ်လို့တော့ မဟုတ်ပါဘူးဟာ၊ ဒါပေမဲ့ နင် ဒီငွေနှစ်သိန်း ငါ့ကို ပြန်ပေးတာကို မလိုချင်တဲ့သဘောပေါ့"

ချစ်စစ် နှုတ်ခမ်းလေးက ပြုံးတုံ့တုံ့နှင့် မျက်လုံးလေးက ရွှန်းလက်သွားရှာသည်။

"နင် ဆိုလိုတာက အဲဒီနေ့က ငါ ဝယ်ခြမ်းလိုက်တာတွေကို နင် ငွေချေလိုက်တယ် ဆိုတဲ့သဘောပေါ့၊ ဟုတ်လား ... ယုဝ"

သူမက ခေါင်းငုံ့ချလိုက်မိပါသည်။ ရင်ထဲမှာ တကယ်ပင် အဲသလိုဆန္ဒမျိုးရှိလိုက်တာမှ အရမ်းပါပဲလေ။ တကယ်တော့ အဲသလို ပီပီပြင်ပြင် မပြောသာဘူး မဟုတ်လား။ ချစ်စစ်အတွက်က ဒီလိုထင်ချင်စရာ ဖြစ်နေပေမယ့် သူကတော့ အဲသလို ရဲရဲ ပြောပိုင်တဲ့ ဘဝအခြေအနေမဟုတ်။

ကိုယ့်အဆင့်က လိမ်ယူထားမိတဲ့ငွေကို ပြန်ဆပ်နိုင်ဖို့ အသေအလဲ ကြိုးစားရဦးမယ့်အဆင့်။ ချစ်စစ်က ပြုံးပြုံးကလေးနှင့် ...

"အဲလိုဆိုလည်း ကောင်းတာပေါ့ဟာ၊ ငါက မှုမနေပါဘူး အဟင်းဟင်း၊ နင် ဝယ်ပေးရင် ယူမှာပဲ၊ သဘောတောင်ကျသေးတယ်"





သူမက ချစ်စစ် မျက်ဝန်းလေးများထဲ စိုက်စိုက်လေး ကြည့်မိသည်။ ယုဝ ဆိုတဲ့လူအပေါ် မင်းရင်ထဲမှာ ဘယ်လိုသဘော ခံစားချက် ရှိနေခဲ့တာပါလိမ့်၊ သိချင်လှပါဘိတော့။ သံယောဇဉ်မျှင်တွေကိုတော့ ရိပ်မိနေတဲ့အခါ သူ့ရင်ထဲ ဝမ်းနည်းသလိုလို ရှုံးမှုတစ်ခုနှင့် ရင်ဆိုင်ရသလိုလို။

ချစ်စစ်က လက်ဝါးလေးဖြန့်လိုက်ကာ ...

"ကဲ ... ပေးလေ"

"အာ ... ဟို .. အခု မပါဘူးဟ"

"ဟင် ... အဲဒီပိုက်ဆံ လာပြန်ပေးတာ မဟုတ်ဘူးလား"

"ဟင့်အင်း"

"ဒါဖြင့် နင်က အခု ဘာလာလုပ်တာလဲ ယုဝရဲ့"

"ငါ ဒီနားရောက်လို့ ဘာရယ်မဟုတ်ဘူး ခဏဝင်တာ"

ချစ်စစ်က မယုံချင်သလိုလေး ပြုံးဖျဖျနှင့် သူမကို ကြည့်နေသည်။ အလွန်အင်မတန်မှကို အေးစက်မှုန်ကုပ်တဲ့ ယုဝ တစ်ယောက် ဒီရက်ပိုင်းအတွင်း နတ်ရေကန်ထဲပစ်ချသလို ဘာဖြစ်လို့များ ရုတ်တရက် ပြောင်းလဲသွားပါလိမ့်။ သူ ပြောင်းလဲတာက အရေးမကြီး။

နဂိုကပင် ငယ်သံယောဇဉ်ရှိတဲ့ ချစ်စစ်အဖို့တော့ နောက်ပိုင်းတလော ယုဝရဲ့အပြောအဆို အမူအရာ အပြုအမူတို့က ရင်ခုန်ချင်စရာ ဖြစ်ဖြစ်လာသည်။ ခုလို ညနေဘက်



www.burmeseclassic.com

www.burmeseclassic.com



ညနေတောင်မှ အတော်မှောင်ရီပျိုးနေပြီဖြစ်တဲ့ အချိန်မျိုး မ... လင့်ဘဲ ရောက်ရောက်ချလာတာ ဟိုတစ်နေ့ကတစ်ခါ ဒီနေ့တစ်ခါ ဒီနေ့ဆိုရင် သူ့မျက်ဝန်းအစုံတို့ဟာ ချစ်စစ်အပေါ် အာရုံစိုက်... နှစ်မျှောဝင်စားမှုအပြည့်နှင့်။

"ဘယ်ကပြန်လာတာလဲ"

"ဟိုဘက်ကွေ့မှာ စာအုပ်ငှားဆိုင်ရှိတယ်၊ ကောင်မလေး... စာအုပ်သွားငှားတာ"

"သြော်"

"အိမ်ထဲဝင်ဦးလေဟာ"

"မဝင်တော့ဘူး"

သုမ လှည့်ကြည့်လိုက်တဲ့ကားဘက် ချစ်စစ်ကလည်း... လိုက်ကြည့်ရင်း ...

"နင် ဘယ်သူတွေနဲ့ လျှောက်သွားနေတာလဲ"

"ကျော်ကြီးလည်း ပါတယ်၊ နောက် မိတ်ဆွေတစ်ယောက်... ရယ်ပါ၊ ငါ သွားလိုက်ဦးမယ်၊ သူတို့စောင့်နေရတာ အား... နာလို့"

ချစ်စစ်က သုမကို ခေါင်းကလေးညိတ်ပြလိုက်... သည်။ သုမကေ ချစ်စစ်ကို ပင့်သက်လေးတစ်ရှိုက်နှင့် ခဏစိုက်... ကြည့်နေပြီးနောက် ကားဆီလှည့်ပြန်လာခဲ့ပါသည်။ ကားပေါ်... သူတက်ထိုင်လိုက်လျှင် ...





"ဘယ်လိုတုန်း ညီလေး၊ လူသိတွေလား"

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော် ဒီအိမ်မှာ ကားမောင်းလို့တော့ မဖြစ်တော့ဘူး ခင်ဗျ"

"ဟုတ်လား၊ ဘာလို့လဲ"

"အိမ်ရှင်ရဲ့သမီးက ကျွန်တော်နဲ့ ဟို ... ခင်တယ် အစ်ကို"

"သြော်"

ကိုဝင်းမော်လည်း ဘာဆက်ပြောရမှန်း မသိအောင် ...ဖြစ်သွားပါသည်။ ကျော်ကြီးကိုတော့ ရှင်းပြဖို့မလို။ ကျော်ကြီးက ...ခေါင်းတယမ်းယမ်းနှင့် ပြုံးစိစိ ဖြစ်နေပါသည်။ တိုက်တိုက်ဆိုင် ...ဆိုင် ချစ်စစ်ရဲ့အိမ်မှ လာဖြစ်နေရတာကို ရယ်ချင်နေပုံရပါသည်။

"အခုရော ... မင်း ဒရိုင်ဘာကိစ္စ လာတာလို့ သူ မသိဘူး ပေါ့"

"ဟုတ်ကဲ့ ... မသိဘူး အစ်ကို၊ ကျွန်တော်က ဒီနားလာရင်း ဝင်လာတာလို့ပဲ ပြောလိုက်ပါတယ်၊ အစ်ကို့ကိုလည်းထည့် မပြောဘူး၊ သူငယ်ချင်းတွေနဲ့ လာတာလို့ပဲ ပြောလိုက် တယ်"

"အေးပေါ့ကွာ၊ ဒီတော့လည်း မတတ်နိုင်ဘူးပေါ့၊ ငါတော့ ဖုန်းဆက်ဖျက်ရတော့မှာပေါ့"

ကိုဝင်းမော်က ကားကိုကွေ့ထွက်ရင်းက ချက်ချင်း ...ဲ ဖုန်းထုတ်၍ လှမ်းခေါ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကျွန်တော် ဝင်းမော်ပါ မမ၊ ဆရာရှိလား မေ
ဘူး မမ၊ ဩော် ... ထမင်းစားနေရင် မမကိုပဲ ပြောခဲ
မယ်၊ ဒီညနေ ဒရိုင်ဘာတစ်ယောက် ခေါ်လာပြမယ် ပြော
ထားတာလေ၊ အဲဒါ ကျွန်တော် မလာဖြစ်တော့လို့ပါ မ
ဟုတ်ကဲ့ခင်ဗျ၊ ဟုတ်ကဲ့ မရတော့တာပါ မမ၊ သူ
တခြားကိစ္စလေးတစ်ခု လက်ခံလိုက်တာနဲ့ ဟုတ်ကဲ့
မမ၊ ဟုတ်ကဲ့ ... စိတ်ချပါ၊ ကျွန်တော် ထပ်ရှာကြည့်
ဦးမယ် ခင်ဗျ၊ ဒါပါပဲခင်ဗျာ၊ ဟုတ်ကဲ့"

ကိုဝင်းမော်က ဖုန်းပိတ်လိုက်ရင်း သူ့ကို မော
ကြည့်မှန်မှ စူးစူးစမ်းစမ်းကြည့်ကာ ...

"ဒါနဲ့ ညီလေးနဲ့ ဦးမျိုးစစ်သမီးက ! "

"နည်းနည်းသိကြတဲ့ သဘောလောက်ပါပဲ အစ်ကို၊ အရင်း
ရင်းနှီးကြတာမျိုးတော့လည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ သူ
အိမ်မှာတော့ ကားမမောင်းချင်လို့ပါ"

"အေးလေ၊ ကိုယ် သဘောပေါက်ပါတယ်"

အဲဒီရက်ပိုင်းအတွင်း သူသည် ဝပ်ရှော့ပ်မှာ သူ
လုပ်ဝင်စဉ်က သိဟောင်းကျွမ်းဟောင်း ကိုဌေး ဆိုသူနှင့်ဆုံမိကာ
အလုပ်တစ်ခု ယာယီသဘော ရခဲ့သည်။





"ငါတို့ မန္တလေးတက်ကြမယ်၊ အနီးတစ်ဝိုက်ကမြို့တွေဆီ
ပါကူးပြီး ကားဝယ်ကြမလို့ကွ၊ အပြန်ကျ မောင်းချပြီးယူ
လာမယ့်ကားတွေက လေး,ငါး,ဆယ်စီးရှိမယ်၊ မောင်းပြန်
လာဖို့က လူလိုတယ်၊ မင်းလိုက်မလား၊ လိုက်ခဲ့ရင်တော့
အဲဒီတစ်ခေါက်အတွက် '......'ပေးမယ်၊ ငါးရက်တစ်ပတ်
ကြာမှာပေါ့၊ ဟိုမှာ ငါတပည့်က ကားရှာထား ချိတ်ထား
ပြီးသား"

ကိုဌေးက ရန်ကုန်မှာ ကားအရောင်းအဝယ်လုပ်တဲ့
သူတစ်ယောက်ဖြစ်သည်။ ပါတနာတွေစုကာ လေလံဆွဲတာမျိုး
ယ်ဆင်းဝယ်တာမျိုးတွေ လုပ်လေ့ရှိသည်။ တစ်ခေါက်အတွက်
ည့်ပိုက်ဆံကလည်း ငါးရက်တစ်ပတ်လောက်နှင့် မြိုးမြိုးမြက်
က်လေး မဆိုးလှတာမို့ ...

"လိုက်ခဲ့မယ် ကိုဌေး"

သူကေ သူ့တိုက်ခန်းပေါ်မှာ ကောင်လေးနှစ်ယောက်
တစ်ယောက်တစ်ဆောင်းခွဲယူပြီး အဆောင်သဘောမျိုး တင်
ားတာ ရှိပါသည်။ အဲဒါတွေကလည်း ကျော်ကျော်ဆွေပဲ ရှာ
လာပေးတဲ့ နယ်က ကျော်ကျော်ဆွေ့ရပ်ဆွေရပ်မျိုး အသိအကျွမ်း
ားတွေဖြစ်သည်။

သူကေ ကျော်ကြီးထံ ဖုန်းဆက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ကြီး ... ငါ ကိုဌေးနဲ့ မန္တလေး လိုက်သွားဦးမယ်။ ကိုဌေး ကားအဝယ်တက်တာ အပြန်ကျ ကားမောင်းလာပေးဖို့လေ၊ လေး,ငါးရက် တစ်ပတ်တော့ ကြာမယ်ထင်တယ်ကောင်၊ အဲဒါ မင်းကောင်လေးနှစ်ကောင်ပဲ ကျန်ခဲ့မှာဆိုတော့ မင်းအိမ်ဘက် တစ်ချက်နားစွင့်ပါဦးကွာ နော်"

"အေး ... အေး၊ ဒီကောင်တွေဆီ ငါ ဖုန်းဆက်ဆက်နေပါ့မယ်"

သုမ ခရီးထွက်သွားတာကို ကျော်ကျော်ဆွေ သိထားပြီး နှစ်ရက် သုံးရက်အကြာမှာ တစ်နေ့ သူ အလုပ်လုပ်နေတဲ့ စာသင်ဝိုင်းဆီသို့ ဖုန်းကောလ်တစ်ခု ဝင်လာခဲ့ပါသည်။ "ကိုကျော်ကြီး ... ဖုန်း" လို့ မောင်တူး လှမ်းအော်လိုက်၍ ကျော်ကျော်ဆွေက ဖုန်းလာကိုင်လိုက်ပြီး ...

"ပြောပါ ခင်ဗျာ"

"ကိုကျော်ကျော်ဆွေလားခင်ဗျာ"

"ဟုတ်ကဲ့"

"ဩော် ... ကျွန်တော်က သုမ သူငယ်ချင်းပါ"

"ဟုတ်ကဲ့"

"သုမဆီ ကိစ္စလေးတစ်ခုရှိလို့ ခင်ဗျာ၊ သုမ လိပ်စာလေး တစ်ချက်လောက် သိပါရစေ"

"ဘာကိစ္စရှိတာလဲ မသိဘူး"





"ဩော် ... အလုပ်ကိစ္စပါ ခင်ဗျ"

"ဩော် ... အလုပ်ကိစ္စလား၊ သုမလိပ်စာက တိုက်အမှတ် (၇)၊ အခန်း 5(A) (......) လမ်းပါ၊ ဒါပေမဲ့ သုမက အခုလောလောဆယ် ဒီမှာမရှိဘူးခင်ဗျ"

"ဘယ်သွားနေလို့လဲ ခင်ဗျာ"

"အလုပ်လေးတစ်ခုနဲ့ မန္တလေးသွားနေတာ နှစ်ရက် သုံးရက်တော့ ရှိပြီဗျ၊ အလွန်ဆုံး နောက်သုံးလေးရက်ဆို ပြန်လာမှာပါ၊ အဲဒီလောက်ကျမှ သွားမှတွေ့မှာခင်ဗျ၊ သူ ပြန်ရောက်လာရင် ကျွန်တော်လည်း လှမ်းပြောထားပေးပါ့မယ်၊ ဘယ်သူဆက်တယ်လို့ ပြောရမလဲခင်ဗျာ"

"ရပါတယ်၊ ကျွန်တော်ပဲ သွားတွေ့လိုက်ပါ့မယ်"

ရုတ်တရက် ဖုန်းချသွား၍ ကျော်ကျော်ဆွေက ဖုန်းကိုင်ကာ အနည်းငယ် ဇဝေဇဝါ စဉ်းစားနေမိသည်။ အသံကလည်း သုမအသံနဲ့ တူလိုက်တာ။ တော်တော်ကို ဆင်တူရိုးမှားဖြစ်တဲ့ အသံမျိုး။ နာမည်လည်း ပြောမသွား။

ရုတ်တရက် ကျော်ကျော်ဆွေ့ခေါင်းထဲ အတွေးတစ်ချက် လက်ခနဲနှင့် ပါးစပ်တောင် အဟောင်းသား ဟသွားမိသည်။

"ဟိုကောင်လား မသိဘူး"

သုမနဲ့ ရုပ်ချင်းတူတယ်ဆိုတဲ့ ယုဝ ဆိုတဲ့ကောင်လေး။ ချစ်စစ်က လူမှားပြီး သုမနဲ့ပြောဆိုဆက်ဆံတဲ့အခါ အသံ



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုး ဖြစ်နေတယ်ဆိုတဲ့ သံသယဖြစ်မှုမျိုးလည်း မရှိခဲ့။ အပြင်မှာရော ဖုန်းထဲမှာရော သူမနဲ့ ချစ်စစ် စကားပြောဖူးပေမယ့် ယုဝလို့ပဲ ချစ်စစ် ယုံကြည်ခဲ့တာပဲ။

"ဟား ... သေချာတယ်၊ ဒီကောင်ပဲဖြစ်မှာ"

အင်း ... သို့ပေမယ့်လည်း သူမမှ လောလောဆယ် မရှိသေးတာ။ ဘာပြဿနာမှတော့ မရှိနိုင်ပါဘူး။ ဘာအတွက်များ သူမကို သူ သွားတွေ့မှာပါလိမ့်၊ ပိုက်ဆံကိစ္စပဲ ပြဿနာရှာမှာလား။ ပြန်လာရင်တော့ သူမခမျာ ပြဿနာနဲ့တန်းပြီး ရင်ဆိုင်တိုးရတော့မှာပေါ့။





၈

ယုဝက ကားကိုလမ်းထိပ်မှာ ရပ်တန့်လိုက်ကာ နေကာမျက်မှန်ကိုတော့ ထုတ်တပ်လိုက်ပြီး လမ်းထဲလျှောက်ဝင်လာခဲ့ပါသည်။ သူ့ကို ဘာဘပြောပြလိုက်လို့ သိထားရသလောက်တော့ သူမဟာ အမေတစ်ခု သားတစ်ခုဘဝနှင့် သားအမိနှစ်ယောက်တည်း အတူနေကြတာတဲ့။

ဘာဘ နောက်ဆုံးသိထားတဲ့ သတင်းစကားအရ အမေက "......"ကုမ္ပဏီရုံးမှာ အလုပ်လုပ်သည်။ နေရပ်လိပ်စာကလည်း ဒီလိပ်စာမဟုတ်။ ဘာဘဆီက သိလာခဲ့တဲ့ လိပ်စာဆီ ယုဝလိုက်စုံစမ်းပြီး ရောက်သွားပြီးပါပြီ။ ပြောင်းရွှေ့သွားတာကြာပြီတဲ့။

ပြောင်းသွားတဲ့လိပ်စာကိုတော့ ဘယ်သူကမှ မပြောနိုင်ကြဘဲ ဖဝေဖဝါနှင့် လှည်းတန်းဘက်လိုလို စမ်းချောင်းဘက်

www.burmeseclassic.com

www.burmeseclassic.com



လိုလို ဝိုးတဝါးသာ ဖြေကြတဲ့အတွက် ယုဝ မျက်ခြေပြတ်နေခဲ့ရတာ။

လမ်းလျှောက်လာရင်း ယုဝသည် ရင်တွေခုန်ကာ အနည်းငယ် တုန်လှုပ်နေပါသည်။ သုစကတော့ ခရီးသွားသတဲ့။ ဒါဆိုရင် အိမ်မှာ အမေတစ်ယောက်ပဲ ကျန်ရစ်နေမှာပေါ့။ အဲဒီ အနေအထားက ပိုကောင်းတယ်လို့ ယုဝ ထင်သည်။ သုစနဲ့သူနဲ့ ကျတော့ ရွယ်တူတန်းတူ။ သုစရဲ့သဘောထားဟာ ပျော့ပျောင်းမှုရှိမရှိ သူ မသိ။

ယုဝဆိုတဲ့ သူတစ်ယောက်အပေါ် သူ ဘယ်လိုလက်ခံနားလည်ထားမလဲကို ယုဝအနေနှင့် မသေချာ၊ လိုလားမှုရှိမရှိ သံယောဇဉ်ရှိမရှိ။ ဒါတွေက နှစ်ဦးကြားမှာ အဟန့်ဖြစ်နေဦးမည်။ အမေဆိုတာမျိုးကတော့ ဘယ်တုန်းကမှား ကိုယ့်သားအပေါ်မလိုမလား ပစ်ပယ်မျက်နှာလွှဲတာမျိုး ရှိနိုင်မှာမို့လဲ။

ဒါကြောင့် ယုဝက သုစ ခရီးသွားနေတယ်ဆိုတာကို ပိုတောင်သဘောကျသေးကာ ဒီအချိန်အိမ်မှာ အမေတစ်ယောက်တည်းရှိနေမည်ဖြစ်နိုက် သွားဖို့ဆုံးဖြတ်ခဲ့တာပင်။ ခုန်လှုပ်သောနှလုံးသားနှင့် တိုက်နံပါတ်တွေကြည့်ကာ လျှောက်လာတဲ့ ယုဝသည် ရုတ်တရက် သူ့ကို ရှေ့ကနေ ရင်ဘတ်ကို တွန်းမတတ် လက်နှင့်ကာရင်း တားလိုက်တဲ့ အစ်မကြီးတစ်ယောက်ကြောင့် ခြေလှမ်းတွေ ရပ်သွားရသည်။





"ဟဲ့ ... သုစ"

"ခင်ဗျာ"

"နင် ပြန်တောင်ရောက်နေပြီလား၊ ဘယ်တုန်းက ရောက်တာလဲ"

"ဩော် ... အစ်မ ... ဟို ..."

"မနေ့ညကတော့ နင် မရောက်သေးဘူးမို့လား"

"ဟုတ်ကဲ့ ... မနေ့က မရောက်သေးဘူးဗျ"

"ဩော် ... ဒီမနက်မှ ရောက်တာပေါ့၊ အေးပါ ... နင် မရှိဘူးလို့တော့ ငါ ထင်တာပါ၊ နင့်ကောင်လေးတွေ မနေ့က သူတို့ဘော်ဒါတွေ ခေါ်လာပြီး သောက်ကြစားကြတယ်ထင်တယ်၊ ညသန်းခေါင်နားအထိ ဆူညံနေတာပဲ"

"ဗျာ ... ကောင်လေးတွေ"

"ဟုတ်ပါ့၊ နင်ရှိတုန်းတော့ ကုပ်ကုပ်လေးတွေပဲလေ၊ နင် လည်းမရှိရော ကဲကြတော့တာပဲ၊ ဆိုးဆိုးဝါးဝါးကြီးရယ် တော့လည်း မဟုတ်ပါဘူး၊ ရန်ဖြစ် ဘာဖြစ်လဲ မရှိပါဘူး၊ စကားတွေ ဆူညံပြော၊ ရယ်ကြ၊ သီချင်းဆိုကြနဲ့ အကြာကြီး လုပ်နေကြတာပါ"

"ဩော်"

"ဘာပဲဖြစ်ဖြစ် သန်းခေါင်ကျော်ထိဆိုတော့ ဘေးခန်းတွေ အောက်ခန်းတွေ အသံတွေ ကြားနေရတော့ အနှောင့်အယှက်ဖြစ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့"

"အေး ... အဲဒါ နင်သိအောင် ပြောပြတာပါဟယ်၊ သွားမယ်"

"ဟုတ် ... ဟုတ်"

ယုဝက အူကြောင်ကြောင်နှင့် ဆက်လျှောက်လာခဲ့ပါသည်။ ကြည့်ရတာ တစ်တိုက်တည်းနေတဲ့ အစ်မကြီး ဖြစ်မှာပေါ့။ အိမ်မှာ ဘယ်ကကောင်လေးတွေက လာဆူညံသောင်းကျန်းနေကြတာတဲ့လဲ။

လျှောက်လာရင်းက တိုက်နံပါတ်(၇) ဆိုတာကို ရုတ်တရက် ဘွားခနဲ တွေ့လိုက်ရသည်ဖြစ်၍ တိုက်ရဲ့လှေကားရင်းကို ရောက်လာခဲ့လျှင် အောက်ဆုံးထပ်ရဲ့ရှေ့မှာ ကစားနေတဲ့ ကလေးငယ်တစ်ယောက်က ...

"ဦးသု ... ကဂျားရအောင်"

"ဟေ ..."

"မြွေကဂျားမလား၊ ဒိုးဆက် ကဂျားမလား"

"သြော် ... ခဏနေဦးကွ၊ ကစားပါ့မယ်၊ နောက်မှနော်"

"ညကျရင်နော်"

"အေး ... အေး"

ယုဝက လှေကားမှ တက်လာခဲ့ပါသည်။ အခန်း ၅(A)ဆိုတော့ ငါးထပ်ပေါ့။ ကြည့်ရတာ သုမ ဆိုတဲ့ကောင်က





သူချစ်လှခင်ပေါ လူသိများသလားပဲ။ ယုဝက နေကာမျက်မှန်ကို ချွတ်ဘဲ ဆက်တပ်ထားရင်း ငါးထပ်ထိ တက်လာခဲ့ပါသည်။

5(A) ။

အခန်းတံခါးထိပ်ဦးက နံပါတ်ပြားလေးကို မြင်လျှင်တော့ သူ့ရင်တွေ ပိုပြီးအခုန်မြန်လာသည်။ တံခါးဝက ဘဲလ်လေးကို နှိပ်ဖို့လက်အပြင် ...

"ဂလောက်"

တံခါးကို အထဲက သူ့ဟာသူဖွင့်နှင့်ကာ ...

"ဟော့ကောင် ... ကိုရဲ၊ မြန်မြန်လာ၊ ဟာ ... ကိုသု"

တံခါးဖွင့်လိုက်တဲ့ အသက်နှစ်ဆယ်လောက်ကောင်လေးက ယုဝကိုမြင်လျှင် အံ့အားတသင့် ဖြစ်သွားကာ ...

"ဟာ ... ကိုသု ပြန်လာပြီလား"

"ဟေ ... အေး"

"တစ်ပတ်လောက် ကြာမှာဆို"

"အင်း"

"အလုပ်ပြီးခဲ့လို့ပေါ့၊ ဟုတ်လား အစ်ကို"

ကောင်လေးက အပြင်သံတံခါးက သော့ခလောက်ကိုပါ သော့နှင့်လှည့်ဖွင့်ရင်း တံခါးကို တွန်းဟခဲ့ကာ ...

"လာ ... ကိုသု၊ လက်ဆွဲအိတ်ရော"

"သြော် ... အဲဒါက မပါသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထပ်သွားရဦးမှာလား၊ ဝင်လေ ကိုသု"

ယုဝက ဖိနပ်ချွတ်ကာ အိမ်ခန်းထဲ လှမ်းပင်လိုက်ရင်း ...

"မင်းတို့က !! "

"သြော် ... ကျွန်တော်နဲ့ ကိုရဲ ဒီနေ့ စာစဥ်တွေအပ်ရမှာမို့ ကျောင်းဘက်သွားကြမလို့၊ ရော့ ... ကိုသု သော့"

ယုဝက ကောင်လေးပေးတဲ့သော့ကို လှမ်းယူလိုက်ရပါသည်။ ကိုရဲဆိုတဲ့ ကောင်လေးလည်း ထွက်လာကာ ...

"တော်ပါသေးရဲ့၊ ကိုသုက ကျွန်တော်တို့ ရှိတုန်းရောက်လာလို့၊ နို့မို့ရင် တံခါးသော့ခတ်ကြီးနဲ့ ထိုင်စောင့်နေရဦးမယ်"

"ကိုသု ... ခရီးပန်းလာတာလား၊ နေမကောင်းဘူးလား"

"ဟင် ... အေး ... ငြီးစီစီဖြစ်နေလို့ပါ၊ ဒါနဲ့ မင်းတို့သွားရင် အခုအိမ်မှာ ! "

"ကိုသု တစ်ယောက်တည်းပေါ့"

"ငါတစ်ယောက်တည်း ! ဒါဖြင့် ဟို ..."

"သြော် ... ဟား ဟား၊ ကိုသုကို အောက်က အစ်မအပျိုကြီးတို့ တိုင်တယ်ထင်တယ် ... အဟဲဟဲ၊ ညက သူငယ်ချင်းတွေ လိုက်လာပြီး စားသောက်ကြတာ၊ ဆူလို့ဆိုပြီး အစ်မအပျိုကြီးပောင် လာကြည့်သေးတယ်"





"ဟုတ်တယ် ကိုသုရ၊ သူက ကျွန်တော်တို့တွေ ဟိုကောင်တွေပါ အိမ်မှာလက်ခံသိပ်မယ် ထင်နေတာနဲ့ တူပါတယ်၊ ကျွန်တော်တို့ ဘယ်သူ့မှ ညအိပ်မထားပါဘူး ကိုသုရ၊ မိုးချုပ်ပေမယ့် သူတို့ ပြန်သွားကြတယ်၊ တစ်ယောက်ကကားပါတယ်လေ"

"ကိုသုလည်း မှာသွားတာပဲ၊ လူပိုခေါ်မအိပ်ရဘူး ဆိုတာလေ၊ ဘယ်သူမှ ညမအိပ်ပါဘူး ကိုသုရဲ့၊ ခုလည်း ဘယ်သူမှ မရှိဘူး"

"အဲဒီတော့ ... ငါ ..."

ယုဝသည် ငါအမေလို့ စကားစမိတော့မလို ဖြစ်ပြီး မဆက်ဘဲ ရပ်ထားလိုက်ကာ မျက်လုံးကသာ ဟိုဟိုဒီဒီကြည့်လိုက်မိလျှင် ...

"သြော် ... ဒီဧည့်ခန်းစားပွဲပေါ်က ကိုသုတို့သားအမိပုံတို့ ကိုသုအမေဓာတ်ပုံတို့ ဒီစားပွဲအံဆွဲထဲမှာပါ၊ ညက ဟိုကောင်တွေကို ဧည့်ခန်းမှာပဲ ကျွေးမွေးရင်းက တိုက်မိခိုက်မိမှာစိုးလို့ အံဆွဲထဲ ထည့်ထားလိုက်တာ"

"ကိုသု ကျွန်တော်တို့ သွားလိုက်ဦးမယ်၊ ကိုသု အိမ်မှာပဲ ရှိမှာမဟုတ်လား"

"အင်း ... ငါ ပြန်ထွက်ရင် ထွက်ရဦးမှာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အောက်ထပ်က အစ်မအပျိုကြီးဆီမှာပဲ သော့ ရင် ပေးခဲ့လေ ကိုသု၊ ကျွန်တော်ကို အရမ်းတော့မကြာ ဘူး၊ တစ်နာရီ နှစ်နာရီပဲ"

"အေး ... အေး"

"အစ်မအပျိုကြီးတောင် မှာသွားသေးတယ်၊ ဒီလ အိမ်လ ကို လဆန်းရင် နှစ်ရက် သုံးရက် နောက်အကျဆုံးထားပြီး ပေးဖို့ အစ်ကို့ကို ပြောပါဦးတောင် မှာသေးတယ်"

ချာတိတ်တွေက ခပ်သွက်သွက် ထွက်သွားကြပါ သည်။ ယုဝက သံတံခါးကို သော့ခတ်၊ သစ်သားတံခါးကို လော့ခ်ချ၍ ညှော်ခန်းထဲ ခဏငြိမ်သက် ထိုင်နေမိသည်။

ဒီကောင်လေးတွေသွားရင် ဘယ်သူမှ မရှိပါဘူး ဆိုတော့ မေမေကရော။

အစကတည်းက ဒီမှာ မနေတာလား။ ဘယ်လိုလဲ။ သူတို့ပြောပုံက သူတို့နှင့် သုမပဲ နေကြသလို အဓိပ္ပာယ်ပေါ်လွင် သည်။

ယုဝက ကောင်လေးတွေ ညွှန်ပြသွားသော အလယ် စားပွဲရဲ့ အံဆွဲပြားကလေးကို လှမ်းဆွဲဖွင့်လိုက်ပါသည်။ ဘောင် လေးတွေနှင့် ထည့်ထားသည့် ဓာတ်ပုံနှစ်ပုံ။ နှစ်ခုလုံးကို ထုတ်ယူ ပြီး ယုဝ ကြည့်မိသည်။ ဒါက သုမ၊ ဒါက မေမေပေါ့။





အပြစ်ကင်းစင်တဲ့ အပြုံးမျိုးနှင့် မေမေ့ကို ဖက်ထား သုမက တကယ့်ကို သူနှင့် ဆင်တူချွတ်စွပ်ပါ။ မေမေကကျ တော့ လှလိုက်တာ။ ကျက်သရေရှိပြီး စိတ်နှလုံးကောင်းလေး င်ဟပ်နေတဲ့ မျက်နှာပိုင်ရှင် မေမေ့ကို သူ အကြာကြီး စိုက် ကြည့်နေမိသည်။

မှတ်မိတဲ့အထိ။

တကယ်တော့ မေမေ ဆိုတာကို သူမှမသိတာ၊ တ်မိတာ။ ခုမှစပြီး မြင်ဖူးရတာပါ။ မေမေဆိုတာ ရှိနေမှန်း ောင် သူ ဒီကိုမပြန်ခင် နှစ်လလောက်ကမှ ဘဘထံက သိ ာလေ။ သူ့မှာ သုမဆိုတဲ့ အမြွှာညီအစ်ကိုရှိတယ် ဆိုတာကို ည်း အဲဒီတုန်းကမှပဲ သူ သိခဲ့တာပါ။

သူ့မှာတော့ ကံကြမ္မာကြောင့် ဘဘတို့ ကြီးကြီးတို့ ာ်ထဲရှိနေခဲ့ရပြီး သုမကတော့ မေမေနှင့် နေခွင့်ရခဲ့တာ ကံ ာင်းတာပဲ။ မေမေ့မျက်နှာကိုကြည့်ရင်း သူ့ရင်ထဲ လှိုက်ဖို ခံတ်လာသည်။ မေမေ့ကို သူ တွေ့ချင်လှပြီ။ မေမေ့ကို ဘယ် သူလိုက်ရှာတွေ့နိုင်မလဲ။

ယုဝက သူ ဆွဲဖွင့်ထားလို့ ခပ်ဟဟဖြစ်နေတဲ့ အံ လေးကို ပြန်တွန်းပိတ်ဖို့ လက်လှမ်းရင်း အံဆွဲထဲက ယပ်တောင် း တစ်ချောင်းကို ရုတ်တရက်မြင်ကာ သတိပြုမိသွားပါသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အတုန်တုန် အယင်ယင် ဖြစ်သွားရင်း အံဆွဲထဲ ယပ်တောင်လေးကို အယောင်ယောင် အမှားမှား ဆွဲယူလိုက်မိ သည်။

"ဒေါခင်ခင်လေး

အသက်(၄၇)နှစ်

ကောင်းမှု"

"ဟာ ... ဟာ ..."

ယုဝသည် သတိလက်လွတ် အသံကြီးနှင့် အံ့အာ တသင့် အော်ဟစ်မိကာ တစ်ကိုယ်လုံး ပူထူတုန်ယင်လျက် မျက် ရည်တွေပါ ချက်ချင်းရစ်လည်လာသည်။ ဟာ ... ဖြစ်မှဖြစ်ရလေ မေမေရယ်။ တစ်မိသားစုလုံးကိုရအောင် လိုက်လံရှာဖွေစုစည်း မည့် သူ့ရဲ့အကြံအစည် အကောင်အထည် မဖော်နိုင်တော့ဘူးပေါ့။

ဖြစ်မှဖြစ်ရလေ။

ဖြစ်မှဖြစ်ရလေ မေမေရယ်။ ငယ်ငယ်လေး ရှိသေး ရက်နဲ့ ဘယ်လိုဖြစ်ပြီးတော့များ စောစောစီးစီး ကွယ်လွန်ဆုံးပါး သွားရတာတဲ့လဲ။ ပြီးတော့ ဘယ်လောက်တောင်များ ခဲခဲယဉ်း ယဉ်း ပင်ပင်ပန်းပန်း ဘဝကို ရုန်းကန်ရင်ဆိုင်သွားခဲ့ရသလဲ ဒီအိမ်ဟာတောင် ဟိုကောင်ကလေးတွေ ပြောသွားပုံအရ ငှားနေ ရတဲ့ အိမ်ခန်းလေးပေါ့။ ကိုယ်ပိုင်အိမ်ကလေးတစ်လုံး မပြောနဲ့ အိမ်ခန်းလေးတစ်ခုတောင် မပိုင်ဆိုင်သွားခဲ့ရတာလား မေမေရယ်





ရပ်တည်ဖို့ ရုန်းရင်းကန်ရင်း ရင်ဆိုင်ရင်း ခြေကုန်လက်ပန်း အားပြတ်သွားခဲ့ရတာလား။ ယုဝသည် ဝမ်းပန်းတနည်း ရှိုက်ရှိုက် တုန်ယင်လာကာ ဆက်တီနောက်မှီပေါ် ခေါင်းကို တင်၍ ခဏလောက် စိတ်ကိုငြိမ်သက်အောင် ထိန်းရပါသည်၊

ထိန်းနေရင်းကကိုပဲ သူ့ခေါင်းထဲက တစစ်စစ်ထိုး ကိုက်လာခဲ့ပါသည်။

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံကြောင့် ကိုထွေးက ထိုင်ရာမှထကာ တံခါးဖွင့်လိုက်ရင်း ...

"ဩော် ... ကိုကျော်ကြီး"

"အေး ... မင်းတို့ ဘယ်လိုနေလဲလို့ ငါ အခြေအနေလာ ကြည့်တာ၊ မိုလ်သု မရှိဝ္ဂန်း သူ့ဧည့်သည်တွေ ဘာတွေ လာသေးလား"

ကိုထွေးက သော့ဖွင့်ပေး၍ ကျော်ကျော်ဆွေက အိမ်ခန်းထဲ လှမ်းဝင်လိုက်ရင်း မေးလိုက်လျှင် ...

"ဧည့်သည် မလာပါဘူး၊ ကိုသုက ပြန်လာပြီလေ"

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ်က ပြန်ရောက်တယ်"

"ဟင် ... ဒါဖြင့် ခု ဘယ်မှာလဲ"

"မသိဘူး၊ အပြင်ပြန်ထွက်သွားတယ် နေမှာပေါ့၊ သူက အိမ်ပြန်အရောက် ကျွန်တော်တို့က အိမ်ကထွက်ခါနီးဆဲဆဲ၊ ကျွန်တော်တို့ ပြန်ရောက်တော့ ကိုသုက မရှိတော့ဘူး"

"ဘာ"

"အစ်မအပျိုကြီးတို့ဆီ သော့ထားပြီး ပြန်ထွက်သွားတယ်"

"ဘာ ... မင်းတို့က သူ့ ... သူ့ကို သော့ပေးပြီး အိမ်မှာ တစ်ယောက်တည်း ထားခဲ့တာပေါ့၊ ဟုတ်လား"

ကိုထွေးနှင့် ကိုရဲက ကျော်ကျော်ဆွေ့ကို အံ့သြသလို ကြည့်ရင်း ...

"ဟုတ်တယ်လေ ကိုကျော်ကြီး"

"ဒါ ... ဒါဖြင့် မင်းတို့ ထွက်သွားတော့ အိမ်မှာ သူ ... သူ တစ်ယောက်တည်း"

"အင်းပေါ့ ကိုကျော်ကြီးရ"

"ဘာဖြစ်လို့လဲ ကိုကျော်ကြီး"

"မင်း ... မင်းတို့က ကိုသု ပြန်လာတယ်လို့ ဘာဖြစ်လို့ တစ်ထစ်ချ ပြောရတာတုန်းကွ"

"ဟင် ... ကိုသု ပြန်လာလို့ ပြောတာလေ"

"ဟာ ... ကျွတ်"





ကျော်ကျော်ဆွေသည် ခေါင်းနပန်းတွေကြီးပြီး ဘာဆက်ပြောလို့ ပြောရမှန်း မသိအောင် ဖြစ်နေပါသည်။ ဒါဟာ ဘယ်က သုခ ဟုတ်ရမှာလဲ။ ယုဝ ဆိုတဲ့ကောင်ပေါ့။ နေ့လယ်က ဖုန်းဆက်တာဟာ ယုဝပဲလို့ အတပ်တွေးထင်မိတာကြောင့် ချက်ချင်းပဲ ဒီညနေမှာ ဒီကောင်တွေဆီ လာလိုက်တာ။

မတော် ဒီကောင်တွေဆီ ရောက်လာပြီး ဟိုမေးဒီစမ်း လုပ်ရင်း သူ့ကို မပုန်းရှောင်နိုင်အောင် ကွိခနဲလာဖမ်းမိနေမှာ စိုးရိမ်ပြီး လူစိမ်းလာမေးရင် ဘာမှမသိဘူး၊ ဘူးခံငြင်းဖို့ သင်ထားနှင့်ဖို့ ရောက်လာတာပါ။

တကယ်တမ်း ယုဝ ရောက်လာရင် ဘာမှမသိကြတဲ့ ဒီကောင်တွေက ဒီရုပ်ကြီးကို သုခပဲ ထင်ကြမှာပါလား ဆိုတာကို ထည့်မတွေးခဲ့မိ။ ခုတော့ သော့တောင်အပ်ပြီး ဒီကောင်တွေက အပြင်ထွက်သွားလိုက်သေးသတဲ့။ အိပ်ရှင်တွေ မရှိတဲ့အိမ်ထဲမှာ ဒီ ယုဝဆိုတဲ့လူ တစ်ယောက်တည်း ကျန်ခဲ့တာ။

တစ်အိမ်လုံးကို အေးအေးဆေးဆေး မွှေနှောက်နိုင်သည်။ တကယ်တော့ ဒီအိမ်မှာ သူခိုးဝင်ရင်တောင် ယူငင်စရာ ပစ္စည်းထဲက တန်ဖိုးကြီးကြီးရယ်လို့ ရှိကိုမရှိတာ။ တီဗီလိုဟာမျိုး ကြီးကိုရော သူခိုးက လူမြင်သူမြင် သယ်ပါ့မလား။ ရွှေရယ် ငွေရယ်လို့ ခိုးဝှက်စရာတောင် မရှိတဲ့ ဒီအိမ်ခန်းထဲက အလွန်ဆုံး သေမှာနိုင် ခိုးဝှက်နိုင်ရင် အဝတ်အစားပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်ကို ရှောပင်လုပ်ဖို့ ရှေ
နှစ်သိန်းထုတ်ပေးတဲ့၊ ၆/ခ ကားစီးတယ်ဆိုတဲ့ ဒီလူဟာ ဒီအိ
မှာ အိမ်ရှင်မသိအောင် တိုသွား လျှို့သွားစရာ အကြောင်းလည်
မရှိ၊ ပစ္စည်းလည်းမရှိ၍ ဒါကိုမပူပင်ပါ။

ဒါဖြင့် ဘာကိုပူပင်တာလဲ ဆိုတော့လည်း ဘာ
ပူပင်ရကောင်းမှန်း မသိပါ။ သုမနဲ့ ချစ်စွတ်တူတယ်ဆိုတဲ့သူဟာ
သုမရဲ့ဒ် ့အထိတောင် ခြေချဖူးသွားခဲ့ပြီ။ ဘာအကြောင်
ဘာစိတ်ကူး ဘာရည်ရွယ်ချက်တွေနှင့် သုမအနီးအနားကို ရစ်
လာတယ်လဲ် နားမလည်ပေမယ့် ကိုယ်တွေက သူ့ရရမယ့်ပိုက်
ကို ကြားက ဖြတ်ယူထားသူတွေမို့ လိပ်ပြာမလုံနိုင်ဘဲ အလ
တကြား ရင်မောနေရတာ။

"ဒါနဲ့ မင်းတို့ သူ့ကို ကြည့်ရတာ ဘာထူးသေးလဲ"

"တစ်မျိုးကြီးပဲ ကိုကျော်ကြီးရ"

"ဘယ်လိုတစ်မျိုးကြီးလဲ"

"ရှိုးတိုးရှန့်တန့်၊ အိုးတိုးအမ်းတမ်းလိုလို၊ မလုံမလဲလိုလို
ကျွန်တော်တောင်မှ ကိုသု နေကောင်းရဲ့လား မေးလိုက်
သေးတယ်။ ခရီးပန်းလာတာပဲလား၊ တစ်ခုခုတော့ ဖြစ်
လာပုံပဲ၊ သူ့မျက်နှာပေါ်မှာ ဖိစီးမှုတစ်ခု ရှိတယ်ဗျ။ ပြီးတော့
သွားတုန်းက ပါသွားတဲ့အိတ်လည်း မပါလာဘူး၊ ဘယ်
ထားခဲ့လဲ မသိဘူး၊ သူ့မျက်နှာပေါ်မှာ ထူးဆန်းတဲ့အရိပ်





အယောင်တစ်မျိုး ရှိနေတာကို ဖုံးကွယ်ဖို့ ဖြစ်မှာပေါ့၊
နေကာမျက်မှန်မည်းကြီးလည်း တပ်ထားသေးတယ်၊ ကျွန်
တော်တို့ကို ပြောတာဆိုတာလည်း ခပ်အမ်းအမ်း ခပ်စိမ်း
စိမ်းကြီးဗျ"

"အင်း ..."

ကျော်ကျော်ဆွေက သက်ပြင်းတစ်ချက် ချရင်း ...

"ဒီည ဒီကောင် အဲ ... ဗိုလ်သု ပြန်လာအိပ်မယ် မထင်
ဘူးကွ၊ မင်းတို့ စောင့်မနေနဲ့တော့"

"ဟုတ်လား၊ ကိုသုက ဘယ်သွားအိပ်မှာလဲ"

"အင်း ... သူ့အလုပ်ကိစ္စတွေက မပြီးသေးတဲ့သဘောရှိ
တယ်၊ ပြီးတော့ မင်းတို့ကို ငါမှာထားမယ်၊ လူစိမ်းတွေ
ဘာတွေရောက်လာပြီး သုမနဲ့ပတ်သက်တဲ့ အကြောင်းအရာ
တွေ ဘာပဲ မေးမြန်းစုံစမ်း စုံစမ်း ဘာမှမသိဘူးသာဘူးခံ"

"ဗျာ"

"ဘာဆိုဘာမှ သုမ အကြောင်း မပြောမိစေနဲ့"

"ဗျာ ... ဘာဖြစ်လို့လဲ ကိုကျော်ကြီး၊ ကိုသုမှာ ဘာအန္တရာယ်
တွေများ ရှိနေတာလဲဟင်၊ ဒါကြောင့် မျက်နှာနွမ်းနေတယ်
ထင်တာကိုး"

"ဘာအန္တရာယ်မှတော့ မဟုတ်ဘူး၊ မင်းတို့ ယုံထင်ကြောင်
ထင်လည်း ဖြစ်စရာအကြောင်း မရှိပါဘူး၊ အရှုပ်အထွေး



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ခု ဖြစ်လာနိုင်စရာ အကြောင်းရှိမလားလို့ ကြိုတ ကာကွယ်လိုတဲ့ သဘောပါပဲ၊ သူရှိရင် သူ ဘယ်လိုဆုံးဖြ ဆုံးဖြတ်မေပါ့၊ သူ မရှိတုန်း ငါတို့ တစ်ခုခု လုပ်ထားတာ သူ့ကိုဂန့်သွားပိစေတာမျိုး ပြဿနာတက်စေတာမျိုး မဖြ စေချင်လို့၊ မင်းတို့ အဲလောက်သိရင် ရပြီ"

ကိုထွေးနှင့် ကိုရဲက ကျော်ကျော်ဆွေကို အံ့ဩစိတ ဝင်စားသလို ကြည့်နေကြပါသည်။

"ကြီးကော့ အခု အိမ်မှာ မင်းတို့မှတ်မိသလောက် ဘာပစ္စည် တွေ ပဲ၊ တစ်ချက်လောက် စစ်ကြည့်ကြစမ်း၊ ဘာတွေမှ မရှိတော့ဘူးလဲလို့၊ သူ ဘာများယူသွားသလဲလို့"

"ဗျာ"

"ကိုသုက သူ့ပစ္စည်းတွေ ဘာပဲယူသွားယူသွား ဘာဖြစ်လို့ လဲ ကိုကျော်ကြီး"

"သြော် ... စစ်ဆိုရင် စစ်ကြည့်ကြစမ်းပါကွာ၊ လိုလိုမယ် မယ် သိရအောင်ပါ၊ ငါက အိမ်မှာ ဘယ်နေရာ ဘာရှိမှန်း မသိလို့ပါ၊ သိရင် ငါဘာသာငါ စစ်ကြည့်ပါတယ်၊ မင်း တို့က နေတာတစ်လရှိပြီလေ"

ကိုထွေးနှင့် ကိုရဲက နားမလည်ပါးမလည်နှင့် ကျော် ကျော်ဆွေ့စကားအတိုင်း ဟိုလှန်ဒီလှော ဟိုလျှောက်ဒီလျှောက် နှင့် ကြည့်နေကြရင်း ...





"အပြင်မှာ ဘာပစ္စည်းမှ မရှိတာပဲဟာ၊ ကိုသု ဗီရိုကလည်း သူ သော့ခတ်သွားတာလေ"

ကိုရဲက ညှော်ခန်းဘက် ပြန်လျှောက်ထွက်လာရင်း ဧည့်ခန်းအလယ်စားပွဲရဲ့ အံဆွဲကို ဆွဲဖွင့်လိုက်ရင်းက အထဲက သုမနှင့် သူ့အမေ တွဲရက်ဖက်ရင်း ရိုက်ထားတဲ့ဓာတ်ပုံကို ဆွဲ ထုတ်ကာ စားပွဲပေါ် ဒေါက်နှင့်ထောင်ထားလိုက်ပါသည်။ အဲဒီ နောက် အံဆွဲထဲ ငုံ့ကိုင်းကာ သေချာကြည့်ရင်း ...

"ဟင် ဒီထဲမှာ ကိုသုအမေဓာတ်ပုံ မရှိတော့ဘူး"

"ဘာပုံလဲ"

"ကိုသုအမေရဲ့ဓာတ်ပုံလေ၊ ဒီပေါ်မှာ နှစ်ပုံတင်ထားတာ၊ ညက ဧည့်သည်တွေနဲ့မို့လို့ အံဆွဲထဲ ထည့်ထားခဲ့တာ၊ နေ့လယ်ကတောင် ကိုသုကို အဲဒါ ပြောခဲ့သေးတယ်၊ ဓာတ်ပုံတွေ အံဆွဲထဲမှာလို့၊ အခု အဲဒီတစ်ပုံ မရှိတော့တာ၊ ဘာပစ္စည်းပျောက်လဲ ဆိုရင်တော့ အဲဒါပဲ ပျောက်တယ် ပြောရမှာ ဟား ဟား၊ ကိုသု ဘယ်ကိုယူသွားလဲ မသိ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



# ၉

"အဲဒါပဲကွာ"

ကျော်ကြီး စကားဆုံးလျှင် သုစကေ ငိုင်နေမိပါသည်။ အပြန်မှာ ပါလာခဲ့တဲ့ ကားသွားသယ်ယူလာခ၊ အမိုးအခရော ပိုက်ဆံရယ်၊ ကိုထွေးတို့နှစ်ယောက်ဆီကရတဲ့ လခရယ်၊ လက်ထဲ ရှိတဲ့ထဲကပါ လိုတာလေး နည်းနည်းဖြည့်ပြီး အစ်မအပျိုကြီးတို့ ကို လခပေးလိုက်ပြီဖြစ်၍ သူ့မှာလည်း နောက်ထပ် အလုပ်တစ်ခု ထပ်မရခင်စပ်ကြား မြီးခြံသုံးစွဲဖို့ မလောက်မင မစို့မပို့ကလေး သာ ကျန်ပါသည်။

ငွေနှစ်သိန်းကို ဘယ်နည်းနှင့်မှ ပြန်ပေးနိုင်မှာမဟုတ် သေး။ ကိုယ်က မဟုတ်တာ လုပ်ထားမိပြီး ဒီလို တစ်ဖက်ကလိုက် ရှာနေတာ သိသိနှင့် ရှောင်တိမ်းပုန်းအောင်းနေတာဟာ သရဲဘော နည်းရာ ကျလုပါသည်။





ဘာပဲဖြစ်ဖြစ် ကိုယ်လုပ်မိတာ ကိုယ်ဝန်ခံပြီး ပိုက်ဆံ လည်း အခုပြန်မပေးနိုင်သေးပေမယ့် ပြန်ပေးနိုင်တဲ့ တစ်နေ့အသေ အချာ ပြန်ပေးမှာဖြစ်တဲ့အကြောင်း တောင်းပန်စကားပြောဖို့က ကိုယ့်ဘက်က လုပ်သင့်တဲ့ ဝတ္တရားပါ။

ဒီအကိုင်းကတော့ ရှက်ဖို့ကောင်းနေပြီ။ ရှက်ရတာ တောင်မှ ကိုယ်နဲ့ ရပ်ချင်းချွတ်ရှုပ်တူနေတဲ့ လူတစ်ယောက်ကို ကိုယ်က မျက်နှာအောက်ချ သိမ်ငယ်ရ ရှက်ရမယ့် အနေအထား မို့ တော်တော်စိတ်ပျက်ဖို့ ကောင်းလှပါပြီ။

"ငါ အဲဒီ ကိုယုဝဆီ ဆက်သွယ်လိုက်တော့မယ်ကွာ၊ ကျော်ကြီး"

"တကယ်လား ဗိုလ်သု"

"အေး ... ချစ်စစ်ကို အရင်ဖွင့်ပြောဝန်ခံပြီး တောင်းပန်ရ မယ်၊ ချစ်စစ်ဆီက အဲဒီယုဝရဲ့လိပ်စာ၊ ဖုန်းနံပါတ်ကို ငါ သွားတောင်းလိုက်မယ်၊ ပြီးရင် တိုက်ရိုက်သွားတွေ့လိုက် မယ်ကွာ"

"မင်း ဖုန်းဆက်ဖို့အတွက် ဆိုရင်တော့ ချစ်စစ်ကို သွားပြော နေစရာ မလိုပါဘူး၊ ငါတို့ကျူရှင်ကဖုန်းက Coller ID ဖွင့်ထားတာဆိုတော့ ဒီကောင် ဒီအိမ်လာသွားတာကို ငါ သိပြီးတာနဲ့ ကျူရှင်ကဖုန်းမှာ နံပါတ်ပြန်ရှာလိုက်တယ်၊ အဲဒီ ယုဝဆက်တဲ့ ဖုန်းနံပါတ် ငါ့မှာ အခုရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဒါဖြင့် ငါ့ကို အခုပဲပေး"

သုမသည် လမ်းဘေးက ဖုန်းဆိုင်လေးမှာရပ်ရင်း အသက်ပြင်းပြင်းရှူ၊ အားယူသတ္တိမွေးကာ ကျော်ကြီးဆိက ယုဝရဲ့ဖုန်းနံပါတ်ကို ခေါ်လိုက်ပါသည်။ အတန်ကြာ တစ်ဖက်မှ ခေါ်မြည်နေပြီးမှ ...

"ဟယ်လို"

"......"

သုမကေ ကြားလိုက်ရတဲ့အသံကို ကြက်သီးမွေးညင်း ထသလို တစ်မျိုးလေး နွေးစိမ့်ခံစားလိုက်ရကာ ရုတ်တရက် ဘာ မှ နှုတ်ကမထွက်။ အသံဟာ အေးစက်ထိုင်းမှိုင်းနေတဲ့ တက်ကြွ ပျော်ရွှင်ခြင်းကင်းတဲ့ အသက်မပါသော အသံမျိုးပင်။

"ဟယ်လို"

"ကိုယုဝလား ခင်ဗျာ"

"ဟုတ်ကဲ့"

"ကျွန်တော် ... ကျွန်တော်က"

"ဟယ်လို"

"ကျွန်တော်က သုမပါ"

"ဘာ"

"ဟို ... ကိုယုဝ ကျွန်တော့်နာမည်ကိုပါ သိပြီးသား ထင် ပါတယ် ခင်ဗျာ၊ ကျွန်တော် သုမပါ"





"အေး ... သိတယ်၊ မင်းနာမည်ကို ငါသိပါတယ်၊ ဒါနဲ့ မင်း အခု ငါ့ဆီ ဖုန်းဆက်တာ ဘာအတွက်လဲ"

"ကျွန်တော် ကိုယုဝအပေါ်မှာ အမှားတစ်ခု ကျူးလွန်ထား တာ ရှိခဲ့ပါတယ်၊ အဲဒီကိစ္စကိုသိပြီး ကိုယုဝလည်း အခု ကျွန်တော့်နောက်ကို လိုက်စုံစမ်းနေတယ်လို့ ထင်ပါတယ်၊ ကျွန်တော် အဲဒီကိစ္စအတွက် ကိုယုဝနဲ့တွေ့ပြီး ရှင်းပြ တောင်းပန်ချင်တာ ရှိပါတယ်"

တစ်ဖက်က ဘာသံမှမကြားရ။ အတန်ကြာ တိတ် နေလျှင် ...

"ဟယ်လို"

"အင်း ... ငါ နားထောင်နေပါတယ်၊ ဩော် ... မင်း ငါ့ ကို အဲဒီကိစ္စနဲ့ တွေ့ချင်တာပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျ"

"တခြား ဘာကိစ္စရှိသေးလဲ"

"ခင်ဗျာ"

ယုဝ အမေးကို သုမ နားမလည်ပါ။ အူကြောင် ကြောင် တုံ့ပြန်သံကြောင့် ယုဝက သက်ပြင်းတစ်ချက် ချလိုက် ပါသည်။

သုမ ...။ မင်းဟာ ငါသိထားသလို မင်းမှာ အမြွာ ညီအစ်ကိုတစ်ယောက် ရှိနေတယ်ဆိုတာ သိပုံမရပါလား။ ငါက



www.burmeseclassic.com

www.burmeseclassic.com



တော့ သိထားသူမို့လို့ ချစ်စစ် လူမှားတယ်ဆိုတာ စသိကတည်းက ချစ်စစ်ကိုယ်တိုင်တောင် မမှတ်မိအောင် ဖွံ့ဖြိုးရအောင် လူမှားရတယ်ဆိုသူဟာ ငါ့ရဲ့အမြွာညီ သုစပဲ ဖြစ်မှာဆိုတာ ချက်ချင်းတန်းသိခဲ့တာပါ။

မင်းကတော့ မင်းကို ရုပ်ချင်းတူသူတစ်ယောက်နဲ့ လူမှားခံနေရတာ သိပေမယ့် အမြွာညီအစ်ကိုလားလို့ မတွေးမိတာလား။ မင်းကို မေမေက ပြောပြမထားခဲ့ဘူးဆိုတဲ့ သဘောလား။

သုစဘက်ကတော့ မဝံ့မရဲဖြစ်နေတာကလွဲပြီး အသံက တည်ငြိမ်နေသလောက် ယုဝမှာတော့ ရင်ထဲ တလှပ်လှပ် တဖျပ်ဖျပ် လှုပ်ရှားတုန်ယင်နေကာ ကိုယ့်စိတ်ကို ကိုယ်တည်ငြိမ်မှုရအောင် မနည်းထိန်းသိမ်းစုစည်းနေရပါသည်။ အသံတွေကပါ ကတုန်ကယင် ဖြစ်နေတာမို့ နှုတ်ဆိတ်နေမိသည်။

"ဟယ်လို"

"နားထောင်နေပါတယ်"

"ကိုယုဝလည်း ကျွန်တော်နဲ့ တွေ့ချင်နေတယ်လို့ ထင်ပါတယ်"

"………"

"ကျွန်တော့်ကို ရှာနေတယ် မဟုတ်လား"

"မင်းကို ရှာနေတယ်လို့ ဘာလို့ ထင်တာလဲ"





"ရှာနေတာ မဟုတ်ဘူးလား၊ ကျွန်တော့်သူငယ်ချင်းဆီလည်း လာစုံစမ်းခဲ့တယ်လေ၊ ကျွန်တော့် အိမ်ကိုလည်း ခင်ဗျား ရောက်လာခဲ့တယ်လေ"

"ဘာအတွက် ရှာနေတယ်လို့ရော မင်း ထင်လဲ"

"ကျွန်တော် ခင်ဗျားအပေါ် အမှားကျူးလွန်မိခဲ့လို့ပေါ့"

"မင်း ချစ်စစ်ဆီက ပိုက်ဆံနှစ်သိန်း ယူသွားတဲ့ကိစ္စကို ပြောတာလား"

သုစက သက်ပြင်းချရင်း …

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ ကိုယုဝ၊ ကျွန်တော် ဒီငွေကို ပြန်ဆပ်မှာပါ၊ လောလောဆယ် ငွေရေးကြေးရေး အခက်အခဲ ရှိနေတာမို့လို့ လိုနေတဲ့ငွေကို ကိုယ့်ရှေ့ရောက်လာတာကို မရှောင်မငြင်းနိုင်ဘဲ ချော်လဲရောထိုင်နဲ့ ယူလိုက်မိပေမယ့် ကျွန်တော် အကျင့်စာရိတ္တမကောင်းတဲ့လူစား မဟုတ်ပါဘူး ကိုယုဝ"

"ဒီကိစ္စကို ငါ သိပ်စိတ်မဝင်စားပါဘူး သုစ"

"ဗျာ"

"ဒီကိစ္စကို ခေါင်းထဲတောင် မထားမိဘူး"

"ဒါဖြင့် ကျွန်တော့်ကို ဘာဖြစ်လို့ လိုက်ရှာဖွေစုံစမ်းနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စတစ်ခုရှိတယ်၊ အဲဒီကိစ္စကို မင်း ငါနဲ့တွေ့မှသိရမယ် သုမ၊ အခု မင်းက ငါ့ကို တွေ့ကြရအောင်လို့ ဖုန်းဆက်တာနော်၊ ငါကလည်း မင်းကို ကိစ္စတစ်ခုနဲ့ တွေ့ချင်နေတာ၊ ဒီတော့ ကိုယ့်စိတ်ကူးနဲ့ကိုယ် အသီးသီးပေါ့ကွာ၊ ငါတို့ တွေ့ကြမယ်၊ တွေ့ကြမယ်ဆိုရင်လည်း ငါ ချက်ချင်းပဲ တွေ့ချင်တယ်၊ သိပ်အချိန်တွေ မဆွဲချင်ဘူး သုမ"

ယုဝစကားထဲမှာထည့်ကာ သူ့ကိုခေါ်ဝေါ်သုံးနှုန်းသွားတဲ့ "သုမ"ဆိုတဲ့ အခေါ်ဟာ တရင်းတနှီး ရှိလှတယ်လို့ သုမ ထင်မိသည်။

"ဒါနဲ့ ခင်ဗျား ကျွန်တော့်အိမ်က တစ်ခုခုများ ယူသွားသေးလား"

"အေး ... မင်း ငါ့ကို တောင်းပန်ချင်တယ်ဆိုရင် ငါလည်း တောင်းပန်ချင်တာ ရှိပါတယ်လို့ပဲ ပြောရမှာပဲ၊ တကယ်တော့ ငါက အဲဒီကိုလာခဲ့တာ မင်းနဲ့တည့်တည့်မတွေ့တောင် မင်းမိသားစုနဲ့ပဲ တွေ့ရ တွေ့ရဆိုပြီး လာတာပါ၊ မင်းအယောင်ဆောင်ပြီးလာတာ မဟုတ်ပါဘူး"

"ကျွန်တော်လည်း အဲဒီလိုပဲ ထင်ပြီးသားပါ၊ အိမ်ကချာတိတ်တွေက ကိုယုဝကို မြင်တာနဲ့ ကျွန်တော်လို့ပဲ ထင်လိုက်ကြတော့ ခင်ဗျားလည်း ကျွန်တော့်လိုပဲ ချော်လဲ





ရောထိုင် လုပ်လိုက်တဲ့သဘော ဖြစ်မှာပေါ့၊ ဒါပေမဲ့ ကျွန်တော်ချော်လဲရောထိုင်တာက ဒီငွေနှစ်သိန်းကို လိုချင်လို့၊ ငွေလိုနေလို့ဗျ၊ အကြောင်းပြချက်က ခိုင်လုံတယ် ...

ခင်ဗျားက ဘာကြောင့် ချော်လဲရောထိုင်လုပ်ပြီး ကျွန်တော့်အယောင်ဆောင်လိုက်လဲ ဆိုတာတော့ ကျွန်တော်နားမလည်ဘူး"

"အဓိကတစ်ချက်က ငါဟာ မင်းမဟုတ်ပါဘူး၊ မင်းနဲ့ရုပ်ချင်းတူတဲ့ လူတစ်ယောက်ပါလို့ သူတို့ကို အသိမပေးချင်တာပဲ၊ ဒီလိုရုပ်မျိုး ချွတ်စွပ်တူ နှစ်ယောက်ရှိနေတယ်လို့ လူများများ မသိစေချင်တဲ့ သဘောပဲ သုမ"

"ဪ"

"နောက်လည်း ရှိပါသေးတယ်၊ အားလုံးတော့ မင်းကို တစ်ထိုင်တည်း ရှင်းမပြတော့ပါဘူး၊ မင်း တဖြည်းဖြည်းသိလာမှာပါ၊ အကြောင်းရင်းတွေ အများကြီးထဲမှာ မင်းအိမ်ထဲကို ရောက်ဖူးပြီး ဝင်ကြည့်ချင်တဲ့ ဆန္ဒကြောင့်လည်းပါတယ်"

"ကျွန်တော့်အိမ်က သာမန်ကန်ထရိုက်တိုက်ခန်းလေး တစ်ခန်းပဲဗျာ၊ ဘာဖြစ်လို့ အထူးတလည် ဝင်ကြည့်ချင်နေရတာလဲ၊ ဘာများထူးခြားတာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို မမြင်ဖူးရသေးပေမယ့် မင်းအိမ်ကို ကြည့်လိုက်ရင် မင်း ဘယ်လိုလူဆိုတာ အနည်းအကျဉ်းတော့ ကောက်ချက်ဆွဲကြည့်လို့ ရတာပေါ့"

"ကျွန်တော် မေးထားတာ မဖြေရသေးဘူးနော်"

"ဘာလဲ သူခ"

"ကျွန်တော့်အိမ်က တစ်ခုခုများ ခင်ဗျားယူသွားခဲ့သလားလို့ပါ"

"………"

ယုဝက ခဏငြိမ်နေပြီးမှ …

"ဟုတ်တယ်၊ မင်း ပျောက်နေတဲ့ ပစ္စည်းကို ငါယူသွားတာ"

"ဘာအတွက်လဲ၊ ခင်ဗျားနဲ့လည်း ဘာမှမပတ်သက်ဘဲနဲ့ တခြားလူတစ်ယောက်ရဲ့အမေဓာတ်ပုံကို ဘာကြောင့်များ ယူသွားပါလိမ့်ဗျာ၊ စဉ်းစားလို့ကို မရတော့ဘူး"

"ကိစ္စတစ်ခုရှိလို့ပါ သူခ"

"ဘာကိစ္စလဲ စဉ်းစားမရဘူးဗျာ"

သြော် … မင်း တကယ်ကို မသိထားတာကိုး။ မင်းမှာ အမြွှာညီအစ်ကိုရှိကြောင်း၊ မင်းအမေဟာ မင်းရဲ့အမြွှာအစ်ကိုရဲ့အမေလည်း ဖြစ်တဲ့အကြောင်း။ နောက်ကြောင်းဇာတ်လမ်းတွေ မင်း ဘာကိုမှ တကယ်မသိတာပါလား။

"အဲဒီဓာတ်ပုံတော့ ခင်ဗျား ပြန်ပေးဗျာ၊ ခင်ဗျားပိုက်ဆံလည်း ကျွန်တော် ပြန်ပေးမှာပါ"





"ဒီပိုက်ဆံကို ငါ စိတ်မဝင်စားဘူးလို့ ပြောပြီးပြီလေ၊ မင်းအမေဓာတ်ပုံကိုတော့ ငါ ပြန်ပေးမှာပါကွာ"

"ဘာဖြစ်လို့ ယူသွားတာလဲ မပြောနိုင်ဘူးလား"

"ခြုံငုံပြောရရင်တော့ ငါ စိတ်ဝင်စားလို့ ယူသွားတာပဲ"

"ခင်ဗျား ဘာကို စိတ်ဝင်စားတာလဲ"

"မင်းကတော့ တော်တော်အံ့သြဖို့ကောင်းနေပြီ၊ မင်းရော စိတ်မဝင်စားဘူးလား၊ မင်း ဒီအသက်အရွယ်ရောက်မှ မင်းနဲ့ရုပ်ချင်း ဒီလောက်တူတဲ့ လူတစ်ယောက်နဲ့ ဘွားခနဲ ပတ်သက်လာရတာ မင်း စိတ်ဝင်စားတဲ့ အံ့သြတဲ့စိတ် မဖြစ်ဘူးလား"

"ဖြစ်တာပေါ့ဗျာ၊ လူမှားလောက်အောင် အယောင်ဆောင်လို့ရအောင် တူတယ်ဆိုတာလည်း အရမ်းအံ့သြဖို့ကောင်းတာပေါ့"

"ဒီလောက် ချွတ်စွပ်တူတာကို မင်းစိတ်ထဲ ဇာတ်လမ်းလေးဆင်ပြီး အမြွှာညီအစ်ကိုများ တော်နေမလားလို့ မတွေးမိဘူးလား"

"အဲလိုတော့ မတွေးမိဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ အမြွှာညီအစ်ကိုမှ မရှိတာ၊ ရှိရင် ငယ်ငယ်ကတည်းက သိရမှာပေါ့၊ ကျွန်တော့်အမေဆုံးတုန်းက ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်က အခါလည်ကျော်ပဲ ရှိသေးတယ်တဲ့၊ ဒီတော့ အဖေ့ကိုတော့ သိပ်မမှတ်မိဘူးပဲ ထားပါတော့ဗျာ၊ အမြွာ ရှိရင် သူက ဘယ်ရောက်သွားလို့လဲ၊ မေမေကလည်း ဘာဖြစ်လို့ မပြောဘဲ နေပါ့မလဲ၊ အဲဒါကြောင့် အမြွာလို့တော့ မတွေးမိပေမယ့် ဘာဖြစ်လို့ ဒီလောက်တိုက်ဆိုင်ပြီး တူရလဲလို့တော့ အံ့သြတယ်"

ယုဝက သူ့စကားကြောင့် ဘာမှမပြောနိုင်ဘဲ ဆွံ့အနေရပါသည်။ ဟုတ်တာပေါ့။ သူရော လွန်ခဲ့တဲ့ လပိုင်းတွေကအထိ ဒါတွေကို သိခဲ့တာမှ မဟုတ်လို့လား။ နိုင်ငံခြားမှာ ကျောင်းသွားတက်နေခဲ့တယ် ဆိုပေမယ့် ဆယ်တန်းထိ ရန်ကုန်မှာပဲ နေထိုင်ကြီးပြင်းခဲ့တာပဲဟာ။

ကိုယ့်မှာ အမြွာညီရှိတယ်လို့ သံသယဝင်ရလောက်တဲ့ အခြေအနေမျိုး ကြုံဖူးလို့လား။ သွားရင်း လာရင်းရော မတော်တဆ အမှတ်တမဲ့လေးတောင် ဆုံဖူးလို့လား။ ဘယ်လိုမှ ထင်စရာ တွေးစရာ အကြောင်းမှမရှိတာ။

"ကျွန်တော့်အဖေက အခါလည်သားကတည်းက ဆုံးပြီ ကျွန်တော့်အမေကတော့ လွန်ခဲ့တဲ့ နှစ်လကျော်လောက်က ဆုံးတာပါ၊ မေမေ ဆုံးသွားတာ မကြာသေးဘူးဗျ"

သူ့အသံက ဝမ်းနည်းသံ ပေါက်နေ၍ ယုဝရင်လည်း နာကျင်ဆို့နစ်လာပါသည်။





"မေမေက အသက်ငယ်ငယ်ပဲ ရှိသေးတာပါ၊ ကင်ဆာရောဂါဆိုတော့လည်းဗျာ၊ ဘယ်လိုပဲကုကု သူ့အချိန်တန်တော့ ကျွန်တော်ဆွဲထားလို့ ဘယ်ရနိုင်ပါ့မလဲ၊ ခင်ဗျားမိဘတွေရော ကိုယုဝ !၊ ရှိကြသေးလား၊ သူတို့လည်း ကျွန်တော့်ကိုမြင်ရင် အံ့အားသင့်ကြလိမ့်မယ် ထင်တယ်"

"ငါ့အမေကတော့ ..."

"........"

ယုဝက သက်ပြင်းရှိုက်ရင်း ...

"မကြာသေးခင်က ဆုံးသွားပြီ"

"သြော် ... ဘဝတူတွေပါလားဗျာ၊ အဖေကရော"

"အဖေက ... နယ်မှာကွ"

"သြော် ... ဒါဖြင့် ခင်ဗျားလည်း အခု တစ်ယောက်တည်းပေါ့ ကိုယုဝ"

"တစ်ယောက်တည်းတော့ မဟုတ်ဘူး၊ ငါက အင်္ဂလန်မှာ ငါ့ဘကြီးနဲ့လည်း နေတယ်၊ ရန်ကုန်မှာဆိုရင် ကြီးကြီးနဲ့ နေတယ်"

"ဘာပဲဖြစ်ဖြစ် ဘကြီးတွေ ကြီးတော်တွေ ရှိတာလည်း အားပါပဲဗျာ၊ ကျွန်တော့်မှာတော့ ဘာဘကြီး ဘကြီးတော်မှ မရှိဘူး၊ ဖေဖေက တစ်ဦးထည်းသောသား၊ ငယ်ငယ်ကတည်းက မိဘမဲ့၊ မေမေကလည်း ဥတစ်လုံး တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ကြွက်တဲ့၊ ရှာဖွေ စပ်ဟပ်မယ် ဆိုရင်တော့ ဟိုးနယ်ဘက် ဘာဘက်တွေမှာ ဖေဖေ့အမျိုး ဝေးဝေးတွေ ရှိကောင်းရှိ လိမ့်မယ်တဲ့၊ မေမေ့မှာတော့ မေမေသိတဲ့ အမျိုးတစ်ယောက်မှ မရှိဘူးတဲ့"

ဩော် ...။

မေမေက အရမ်းစိတ်နာခဲ့တာပဲ။ အင်္ဂလန်မှာ အစ်ကိုရင်း၊ ရန်ကုန်မြို့မှာပဲ အစ်မရင်း ရှိတယ်ဆိုတာကို အသိပေးမနေခဲ့တော့တာ။

"မင်း ဘာအလုပ်လုပ်လဲ သုဓ"

"ကျွန်တော် လောလောဆယ် အလုပ်လက်မဲ့ပါ၊ ဟိုအရင်က ဝပ်ရှော့ကြီးတစ်ခုမှာ လုပ်ဖူးပါတယ်၊ နောက်တော့ ဝပ်ရှော့ပိုင်ရှင်က လုပ်ငန်းကို ဖြတ်ပစ်လိုက်လို့ အလိုလို အလုပ်ပြုတ်သွားတာ၊ အခုတော့ လခစားမဟုတ်တဲ့ ရရာ အလုပ် အတိုအထွာတွေပဲ ရှာဖွေလုပ်နေတာပါ"

"မင်း ဘွဲ့ရလား"

သူစိမ်းသာဆိုရင်တော့ မရင်းနှီးလှပေမယ့် ဒီလိုကြီး မေးချလိုက်တာ ရိုင်းရာကျမလားပင်။ ယုဝ စိတ်ထဲမှာတော့ သုဓဟာ သူ့ညီလေး။ ဒီကောင် ပညာမှကောင်းကောင်းသင်ခဲ့တတ်ခဲ့ရဲ့လားလို့ မေးမြန်းမိတာပါ။ သို့ပေမယ့် သုဓက စိတ်အနှောင့်အယှက် ဖြစ်မသွားဘဲ ယဉ်ယဉ်ကျေးကျေးပင် ...





"ဟုတ်ကဲ့ ... ကျွန်တော် သင်္ချာအဓိကနဲ့ ဘွဲ့ရပြီးပါပြီ။ ကိုယုဝ ကျွန်တော့်ကို အလုပ်ခန့်ပေးမလို့လား"

"ဟား ဟား ... ငါ့ပုံစံက ကုမ္ပဏီပိုင်ရှင်သူဌေးပုံ ပေါက်နေလို့လား၊ အင်းလေ ... မင်းလုပ်ချင်ရင်တော့ မင်းကို ငါ့ကြီးတော်ရဲ့ကုမ္ပဏီမှာ ခန့်ပေးလို့ရပါတယ်"

"ဟာ ... တကယ်ပြောတာလား ကိုယုဝ"

"တကယ်ပြောတာ၊ လခလည်း ကောင်းမှာပဲ၊ ဒါပေမဲ့ သုဓ၊ အဲဒီအဆင့်ကိုရောက်ဖို့ ကြားမှာ မင်း အဆင့်တချို့ကို ဖြတ်ကျော်ရဦးမယ်"

"ဘာတွေကိုလဲဗျ"

"အဲဒါတွေ မင်းကို ငါ အသေးစိတ် ပြောပြချင်တယ်၊ ဒါကြောင့်လည်း မင်းကို ငါ တွေ့ချင်တာ၊ အဆင်ပြေရင် မင်းဟာ ငါနိုင်းတဲ့အလုပ်နဲ့၊ ငါ့ဆီက လခလည်းရမယ်၊ ကြီးတော်ရဲ့ကုမ္ပဏီထဲလည်း ဝင်လုပ်ရင်း ကုမ္ပဏီလခလည်း ရမယ်၊ နှစ်သီးစားပေါ့ကွာ"

"ခင်ဗျား နောက်နေတာလား"

"မနောက်ပါဘူး၊ လခကလည်း နှစ်ခုပေါင်း မနည်းရမယ်၊ နေစရာအိမ်၊ စီးစရာကား၊ ဖုန်း အားလုံးပေးထားမယ်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်ဝင်စားရင် မင်းနဲ့ငါ တွေ့ပြီး နှစ်ယောက်တည်း စကားပြောကြမယ်"

"ကျွန်တော် ဘယ်ကိုလာရမလဲ ကိုယုဝ"





# ၁၀

သုဓာက ထမင်းစားခန်းထဲရောက်လျှင် ထမင်းစားပွဲပေါ်က အုပ်ဆောင်းကို ဆွဲမ၍ ဖွင့်ကြည့်လိုက်ပါသည်။ အုပ်ဆောင်းအောက်မှာတော့ ပေါင်မုန့်၊ ထောပတ်၊ စထရော်ဘယ်ရီယို၊ နို့စ်ပြား၊ ဘောကွန်၊ ဆလပ်ရွက် အလွန်တရာ လှပ ဖွယ်ရာစွာပြင်ဆင်ထားပါသည်။

အိပ်ရာက စောစောနိုးတတ်သော သုဓအဖို့ အိပ်ရာကနိုးလာလျှင် မေမေ ပြင်ထားတဲ့ ထမင်းစားပွဲပေါ်က ဘရိတ်ဖတ်စ်ကို ဒီနေ့ ဘာများလဲလို့ စိတ်ဝင်တစား အုပ်ဆောင်းဖွင့်ကြည့်ရတာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ။ မေမေ မဆုံးခင်ကတည်းက။ နေမကောင်းစ,ဖြစ်ကတည်းကပါပဲ။

သုဓာ ထမင်းစားခန်းနှင့်ကပ်လျက် မီးဖိုချောင်ဘက်သို့ကူးသော တံခါးပေါက်ဝမှ မီးဖိုဘက်လှမ်းစပ်စုလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဂရင်းနိုက်ကျောက်ပြားအမည်းတွေနှင့် အောက်က ခ
အကန့်အကန့်လေးတွေတွဲကာ ဘိုဆန်ဆန် ပြင်ဆင်ထား
မီးဖိုချောင်က သားနားလှပလွန်းပါသည်။ ဂက်စ်မီးဖိုနှစ်ဖိုမှာ
လျှပ်စစ်မီးဖိုမှာပါ အိုးကြီးအိုးငယ်တွေ တစ်ပြိုင်နက်ချက်ပြုတ်
ကြတာများ မြိုင်မြိုင်ဆိုင်ဆိုင်။

"ဟင်"

ခေါင်သူကြီး ကျော့ကျော့က သူ့ကိုမြင်သွားလျှ
မျက်လုံးပြူးသွားကာ ...

"အစ်ကိုလေး အစောကြီး နိုးလာတယ် !! "

"သိပ်မစောတော့ပါဘူးဗျ၊ ခုနစ်နာရီတောင်ထိုးပြီ၊ ဒါတော
ကျွန်တော် အရမ်းစောနေမလားလို့ အခန်းထဲမှာ နာရီထ
ထိုင်နေသေးတာ"

ကျော့ကျော့၊ မပိုင်း၊ နန်းနတို့ တစ်ယောက်မျက်
တစ်ယောက် ကြည့်မိကြတာကို မြင်လျှင် ...

"ဪ ... ကျွန်တော် မျက်စိတွေကြောင်ပြီး အစော
နိုးလာတာဗျ၊ ညကလည်း ခပ်စောစော အိပ်ပျော်သွား
နဲ့တူပါတယ်"

"အစ်ကိုလေး မီးဖိုဘက်က ညှော်ပါတယ်၊ မလာပါနဲ့"

"ဟို ... ကျွန်တော် စားပွဲပေါ်က ဘရိတ်ဖတ်စ်ကို စား
ရပြီလား"





"ဟင် ... ရပြီလေ အစ်ကိုလေးရဲ့၊ ကြက်ဥတစ်မျိုးပဲ
အစ်ကိုလေး ဆင်းလာမှ ကြော်ပေးမှာမို့ ကြော်ဖို့ကျန်တယ်၊
အခု ကြော်လိုက်မယ်လေ၊ အစ်ကိုလေး စားပွဲမှာသာထိုင်
နှင့်ပါ"

"ကျွန်တော် ဗိုက်ဆာနေလို့ပါ၊ ကြီးကြီးက ဆင်းမစားသေး
ဘူးဆိုတော့ ဟို ... သပ်သပ်ခွဲပြီး ဦးချထားလိုက်ရမလား"

"ကြီးကြီးက ဘယ်တုန်းက ဒါတွေစားလို့လဲ အစ်ကိုလေးရဲ့
ဒါတွေက အစ်ကိုလေး စားဖို့ပဲလေ၊ ကြီးကြီးဖို့က ဒီနေ့
မုန့်ဟင်းခါးလေး ဝယ်ထားပြီးသားပါ"

"မုန့်ဟင်းခါး ! "

စားပွဲပေါ်ကဟာတွေကိုလည်း သရေယိုနေပြီဖြစ်တဲ့
သူဟာ မုန့်ဟင်းခါးသံ ကြားတော့လည်း အာခေါင်တွေတောင်
လာပါသည်။

"ဟုတ်ကဲ့၊ ကြီးကြီးက နံပြားနဲ့ ပဲပြုတ်လေးတို့ အသုပ်လေး
တို့၊ ကောက်ညှင်းဆီထမင်းနဲ့ ငါးရံ့ခြောက်ဖုတ်လေးတို့
မုန့်ဟင်းခါးတို့လို မြန်မာဆန်ဆန်လေးပဲ ကြိုက်တာမဟုတ်
လား အစ်ကိုလေးရဲ့"

"ကျွန်တော်လည်း မြန်မာဆန်ဆန်လေးလည်း ကြိုက်ပါ
တယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ပြောချင်တာက ကျွန်တော့်အတွက် နောက်ထ
ကြီးကြီးနဲ့မတူတာမျိုး သီးခြားခွဲ မစီစဉ်ပေးပါနဲ့၊ လုပ်အေ
ရတဲ့သူတွေလည်း နှစ်မျိုးစီစဉ်ရတာ အလုပ်ရှုပ်ပါတယ်
ကြီးကြီးက အရင်က ကျွန်တော်က နိုင်ငံခြားက ပြန်ရောက်
မို့လို့ ဒီလိုတွေ စီစဉ်နိုင်းတာ ဖြစ်ပါလိမ့်မယ် ...

အခု ကျွန်တော်က သွားရင်းလာရင်း ကြုံတာ
ရင်းက တော်တော်ကျင့်သားရနေပါပြီဗျ၊ ဘာမဆို စားနိုင်
နေပါပြီ၊ မကျော့တို့လည်း တစ်မျိုးပဲလုပ်ရတော့ သက်သာ
တာပေါ့ဗျာ"

"ရှင် ... ဟုတ် ... ဟုတ်ကဲ့ အစ်ကိုလေး"

သူကဗ ပြုံးလိုက်ရင်း ...

"ဒါဆို ကြက်ဥကြော် လာပေးဦးမယ် ဟုတ်လား"

"ဟုတ်ကဲ့"

"မြန်မြန်လာပေးတော့လေ၊ ကျွန်တော် စားတော့မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ နန်းနု ... ရေခဲသေတ္တာထဲက
အစ်ကိုလေးအတွက် ဆန်းကစ်စ်ဂျူ့စ် ထုတ်လိုက်ဦး
ခုလေးတင် ဖျော်ထည့်ထားတော့ သိပ်တောင် အေးမှ
မလား မသိဘူး အစ်ကိုလေးရယ်၊ ခါတိုင်းလို ကိုးနာ
လောက်မှစားမယ်ထင်ပြီး မှန်းလုပ်ထားတာ"





"သြော် ... ရပါတယ် မကျော့ရာ၊ သိပ်မအေးတော့လည်း
ရေခဲတုံး ထည့်သောက်လိုက်မှာပေါ့၊ စိတ်မပူနဲ့"

နောက်ဖေးမီးဖိုက သုံးယောက်သားဟာ တစ်ယောက်
မျက်နှာ တစ်ယောက် အပြန်ပြန်အလှန်လှန် ကြည့်ရင်း အူကြောင်
ကြောင်များပင် ဖြစ်ရပါရဲ့။ အစ်ကိုလေးယုဝဟာ သူတို့ကို ဘယ်
အခါတုန်းကများ အရေးလုပ် အဖက်လုပ်ပြီး စကားစမြည်ပြောဖူး
လို့လဲ။ ဂျူ့စ်ကိုဆိုလည်း ဘာမှမရောတဲ့ Pure လေးပဲ လိုချင်လို့
ရေခဲတုံး မထည့်နိုင်းဘူး မဟုတ်လား။

"အစ်ကိုလေးမျက်နှာက ပြုံးနေတာပါပဲလား အစ်မ"

"ကဲ ... လျှာမရှည်ဘဲ ကြက်ဥပြေးယူ၊ နန်းနု ... ဂျူ့စ်
သွားထုတ်ပေးလိုက်လေ၊ ရေခဲတုံးထည့်မယ်ဆိုရင် ညှပ်ဖို့
ရေခဲညှပ်ပါကိုင်သွား"

မဝိုင်းက ဒယ်အိုးပြာဆွဲကာ ကြက်ဥကြော်ဖို့ အပြေး
အလွှားလုပ်ရင်း ...

"သူ့မှာ ဝမ်းသာစရာ တစ်ခုခုတော့ ကြုံထားတာဖြစ်မယ်"

"သြော် ... အဲဒါ ညည်းအလုပ်လား မဝိုင်းရယ်"

"ကျွန်မတို့လည်း ဝမ်းသာလို့ပါ၊ အစက သူရှိရင် ဖြတ်
တောင်မလျှောက်ရဲတာ၊ မျက်နှာကြီးက အမြဲပုပ်နေတော့"

"ဟဲ့ ... ပြောလေ ကဲလေ၊ ကြော်စရာရှိတာကြော်"

နန်းနုက ကုပ်ပုရှ် ပြုံးရွှင်စွာ ပြေးဝင်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အပါ ... ကျွန်မက ဖန်ခွက်ထဲ ရေခဲတုံး ညှပ်ထည့်ေ
တော့လေ အစ်ကိုလေးက သင့်ခယူးတဲ့ ... ဟီဟိ"

"ဒီနေ့ ပိုလည်းချောလာသလိုပဲ"

"အဲဒါ ပြုံးနေလို့ပါဟဲ့၊ နောက်ကို ညည်းတို့ သတိထ
ဆက်ဆံကြဦးနော်၊ မျက်နှာသာပေးတယ်၊ မျက်နှာကြေ
လျှော့တယ်ဆိုပြီး ဟီးဟီးဟားဟားနဲ့ အရောမဝင်နဲ့၊ စိ
ပြောင်းသွားရင် ညည်းတို့ပဲ ဆန့်ငင်ဆန့်ငင် ဖြစ်နေမယ
တော်ကြာ ကြီးကြီး မကြိုက်မှာလည်း စိုးရတယ်၊ ကြားလာ"

"ဟုတ်"

အိမ်က အစ်ကိုလေးယုဝ မျက်နှာကြောလျော့
ချိုချိုသာသာ ရွှင်ရွှင်ပြုံးပြုံးရှိတာ သူတို့နှင့် ဘာမှသိပ်မဆိုင်
မယ့်လည်း မီးဖိုချောင်အုပ်စုပါ အပျော်ကူးစက်သလို ဖြစ်နေကြ
သည်။ မသိမသာ ချောင်းကြည့်လျှင် အားပါးတရ စားသော
နေတာကို လှမ်းမြင်ရတာမို့ လုပ်ထားပေးရတဲ့သူတွေအဖို့ ပီတိ
ဖြာနေပါသည်။

"မကျော့"

"ရှင် ... အစ်ကိုလေး"

"ပေါင်မုန့် ကျန်သေးလား"

ကျော့ကျော့သည် စာပွဲပေါ်မှာ ပိုပိုလိုလို
ခြောက်ချပ်ပြင်ထားတဲ့ ပေါင်မုန့်ပန်းကန် ပြောင်တလင်းခါနေ
ကိုကြည့်ရင်း ...





"ရှင်"

"ပေါင်မုန့် ရှိသေးလားလို့"

"ရှိ ... ရှိပါတယ် အစ်ကိုလေး၊ ယူခဲ့မယ် ခဏနော်"

အစ်ကိုလေးယုဝ ဒီမနက်အဖို့ ဖုတ်ဝင်နေတာလား။
ကျော့ကျော့က ပေါင်မုန့်လက်ကျန်လေးချပ်ကို ပြင်ဆင်ထည့်သို
လာပါသည်။ ခါတိုင်းများ ဂျုံစ်လေးပဲ သောက်သွားလိုသောက်
သွား၊ တစ်ခါတစ်ရံ ကြက်ဥကြော်လေး ဖဲ့စား၊ တစ်ခါတစ်ရံ
မင်းစားပွဲဘက် ဝင်တောင်ကြည့်မသွားတဲ့ အစ်ကိုလေးယုဝ
လို အားပါးတရစားတော့လည်း အံ့သြဝမ်းသာကြရတာပေါ့။

"ဟင် ... ယုဝ၊ အစောကြီး တ,နေပါလား"

အသံကြောင့် သူဝေ သတိဆွဲလိုက်သလို တုံ့ခနဲ
ရပ်လိုက်ရင်း ...

"ကြီးကြီး ... အိပ်ရာနိုးပြီလား"

ဒေါ်ခင်ခင်ကြီးက နှုတ်ခွန်းချိုသာ တီတာတာဆို
လို ဖြစ်နေတဲ့ သူဝေကို ခဏကြောင်၍ ကြည့်နေမိပါသည်။
နေမှ ...

"အင်း ... နိုးပါပြီ၊ မင်း ဘယ်သွားစရာရှိလို့ အစောကြီး
ထ,စားနေတာလဲ"

"သွားစရာကြောင့် မဟုတ်ပါဘူး ကြီးကြီး၊ ဗိုက်ဆာလို့ပါ"

"သြော် ... သြော်"



www.burmeseclassic.com

www.burmeseclassic.com



သုခက ကြီးကြီးထိုင်ဖို့ ခုံဆွဲထုတ်ပေးလိုက်သည်
ညကမှ သူ ရောက်လာတာဖြစ်၍ ကြီးကြီး၏ သေချာမမြင်မ
ရသေး၍ မျက်နှာချင်းဆိုင် ရွှေ့ထိုင်ကာ တစိမ့်စိမ့် စိုက်ကြ
အကဲခတ်နေမိပါသည်။

မုန့်ဟင်းခါးစားဖို့ ဈာန်ရေး ပြင်ဆင်နေ
ဒေါ်ခင်ခင်ကြီးက သုခရဲ့အကြည့်ကြောင့် မလုံမလဲ ဖြစ်လာသည်
သုခကတော့ ယုဝရဲ့စကားအရ ပေါင်းရသင်းရခက်တဲ့ ခွ
အတ္တကြီးကြီး အမျိုးသမီးကြီး ဆိုတာကို ဘယ်လိုပေါင်းရမ
အကဲခတ်ရင်း တွေးတောနေတာပါ။

"အစ်ကိုလေး ... ပေါင်မုန့်ရပါပြီ"

"ဩော် ... ယုဝက စောစောထလာတော့ ညည်းတို့အ
အသောက်တောင် မပြင်ရသေးဘူးပေါ့၊ ဘာမှမပြင်ရ
ပါလား ကျော့ကျော့"

"ဟို ... အန်တီ ..."

"အဟင်း ... မကျော့တို့ ပြင်ပေးထားတာ စားပြီး
ကုန်သွားပြီ၊ ဒါက ထပ်တောင်းထားတာ"

"ဟင်"

ဒေါ်ခင်ခင်ကြီးက အံ့သြသွားပြီးမှ ...

"ကြက်ဥကြော်တို့ ချိစ်တို့ ထပ်ချဦးလေ ကျော့ကျော့"

"ဟုတ်ကဲ့ပါ အန်တီ"





"မင်း ဒီနေ့ တစ်မျိုးတစ်မည် ထူးခြားနေပါလား ယုဝ"

"ဟုတ်ကဲ့"

"ဘာထူးခြားတဲ့ကိစ္စ ရှိလို့လဲ"

"ကျွန်တော် ဆုံးဖြတ်လိုက်ပြီ ကြီးကြီး"

"ဘာကိုလဲ"

"စိတ်သစ် လူသစ် ပုံစံသစ်နဲ့ ကျွန်တော့်ဘဝကို တည်ဆောက်တော့မယ်"

"ဘယ်လိုရယ်"

"ကျွန်တော့်ပုံစံက ခုပုံစံပဲ ဖြစ်နေတော့မှာ ကြီးကြီး၊ ကျွန်တော် ဘဝကို တက်တက်ကြွကြွပဲ လျှောက်လှမ်းတော့မယ်"

ဒေါ်ခင်ခင်ကြီးက သုခကို ငေးကြည့်နေရင်း ...

"ကောင်းတာပေါ့၊ ဒါနဲ့ ဘယ်လိုလျှောက်လှမ်းမှာလဲ"

"ပထမဆုံးတော့ ကျွန်တော် အလုပ်လုပ်တော့မယ်၊ ကျွန်တော် အလုပ်လုပ်ချင်စိတ် ရှိလာပြီ"

"ဟေ"

"ကြီးကြီး အမြဲခေါ်နေတဲ့ ကြီးကြီးရဲ့ကုမ္ပဏီရုံးလုပ်ငန်းထဲမှာ ကျွန်တော် လေ့လာသင်ကြားရင်းက ဝင်လုပ်ပေးတော့မယ်"

"မင်း တကယ်ပြောနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကြီးကြီး၊ တကယ်ပြောနေတာပါ"

ဒေါ်ခင်ခင်ကြီးက သူ့ကို အံ့အားတသင့် ငေးကြ
နေပါသည်။ အိမ်းမစွမ်းတော့ မဖြစ်သေးသော်လည်း တတ်
ရင်တော့ ကိုယ့်နေရာမှာ တာဝန်ယူ ဆက်ခံမည့်သူကို တဖြ
ဖြည်း သင်ရင်းကြားရင်း လက်တွဲခေါ်ရင်းကနေ လွှဲအပ်ပေး
အနားယူချင်နေပါပြီ။ မောင်ဖြစ်သူကလည်း ယောက်ျားလေ
လောက်လားလား ဖြစ်ပါလျက် ဒီစီးပွားရေးလုပ်ငန်းကို စိ
ဝင်စားဘူးဆိုပြီး နိုင်ငံခြားအပြီးထွက်သွားကာ သူ့ပညာနဲ့ပဲ
ကိုင်စားသောက်ကာ အေးအေးချမ်းချမ်း နေနေသည်။

ညီမအငယ်ဆုံးကျတော့ ကိုယ့်ရင်ကိုခွဲ အသ
နှလုံးကိုထုတ်ယူ၊ မြေပေါ်ချခင်း ဖနောင့်နဲ့ပေါက် နင်းသွာ
အခုပြန်တွေး အခုဆတ်ဆတ်ခါ နာကျင်ဆွေးမြည့်တုန်း။ သူ
က ဘာအားကိုးမှ မရနိုင်။

ကိုယ်နဲ့ကြီးပြင်းခဲ့ကာ သားလိုတစ်ပိုင်း ဖြစ်နေ
ယုဝကကျတော့ ငယ်ငယ်ကတည်းက ဘာသိဘာသာ
နိုင်ငံခြားစာသွားသင်အပြီး အခု ပြန်ရောက်လာတော့ ပိုဆိုး
သည်။ ဘာဖြစ်နေတယ် အရိပ်အကဲဖမ်းလို့ မရဘဲ သူ့မျက်နှာ
မျက်နှာကိုပဲ ကြည့်နေရတဲ့အဖြစ်။

"ရုံးမှာ မင်းက ဘာလုပ်မှာလဲ"





"ကြီးကြီး သဘောအတိုင်းပါ၊ ကြီးကြီး ပြောထားသလို သေချာနားလည်အောင် သင်ယူပါမယ်၊ အလုပ်ဝင်တာတော့ စာရေးအဆင့်ကပဲ စ,ဝင်ဝင်၊ ရာထူးတွေ နေရာတွေ ကျွန်တော့်အတွက် အဓိကမကျပါဘူး၊ လောလောဆယ် တာဝန်တစ်ခုယူပြီး ကြီးကြီးကို ကူညီနိုင်ဖို့ပဲ စိတ်ထဲမှာ ရည်ရွယ်ထားပါတယ်"

ဒေါ်ခင်ခင်ကြီးသည် ယုံတောင်မယုံချင်ပဲ အံ့သြနေ
ပါသည်။

"တစ်ခုပဲရှိတယ် ကြီးကြီး"

"ဘာလဲ"

"ကျွန်တော့်ကို လခတော့ပေးပါ၊ ကျွန်တော် အလုပ်လုပ်ပြီး ရတဲ့လခကို သုံးချင်လို့ပါ"

"အမယ်လေး ... ယုဝရယ်၊ မင်းဘဏ်စာအုပ်ထဲမှာရှိတဲ့ သိန်းပေါင်းများစွာကို သုံးလို့ ရတာ ကျနေတာပဲ"

ယုဝက သူ့ အသေးသုံးဖို့ သိန်းအတော်များများ
တ်ပေးသွားပါသည်။ ဒါပေမဲ့ ဒီငွေတွေ သူ ယူမသုံးချင်ပါ။
ဟာ ကိုယ့်ဟာမဟုတ်တဲ့ သူများရဲ့ပိုက်ဆံနှစ်သိန်းကို အယောင်
ောင် လက်ခံရယူခဲ့သူအဖြစ် ယုဝရဲ့အသိမှာ နာမည်ပျက်နှင့်
မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ယုဝ ပြန်လာတဲ့အထိ ယုဝ ထုတ်ပေးခဲ့တဲ့ ငွေတွေကို လုံးလုံးယူမသုံးဘူးလို့ သုဓက ဆုံးဖြတ်ထားပါသည်။ ယုဝနေရာမှာ အစားဝင် သရုပ်ဆောင်ပေးရမယ့်အတွက် လခအဖြစ် သတ်မှတ်ပြီး ပထမဆုံး တစ်လစာပေးသွားတဲ့ငွေက သာ သူ့အတွက်သူ သုံးစွဲပါမည်။ သူငှားထားတဲ့ အခန်းကိုလည်း အရေးပေါ် ဆက်သုံးစရာရှိ သုံးလို့ရအောင် မအပ်ဘဲ ဆက်ငှားထားရမည်ဟု ယုဝက စီစဉ်ကာ ခြောက်လစာ တစ်ပုံတည်းပေးခဲ့ပြီး ပါပြီ။

အစ်မအပျိုကြီးကယောင် အံ့အားသင့်နေကာ —

"သုဓ ... မင်း အလုပ်ကောင်းကောင်းရလား ဟုတ်လား ကြိုငွေရလို့လား"

"ဟုတ်ကဲ့"

"တခြားသုံးစရာရှိသုံးပြီး ငါတို့ကို သုံးလစာလောက်ပေးရင်လည်း ရပါတယ် သုဓရယ်၊ အဆင်ပြေရဲ့လား"

"ပြေပါတယ် အစ်မအပျိုကြီးရဲ့၊ ကျွန်တော်က နေစရိတ် စားစရိတ်ငြိမ်း၊ လစာလည်း ကောင်းကောင်းရလို့ပါ။ အိမ်လခကလည်း အလုပ်ရှင်ကပေးတာပါ၊ ပေးပဆေပေါ့ — ဟားဟား၊ အရေးဆိုရင် ဒီအိမ်ခန်းလေး နေစရာရှိနေတော့ အဆင်ပြေတာပေါ့၊ ကိုထွေးနဲ့ ကိုရဲတော့ ဆက်နေခဲ့လိမ့်မယ်"





"ဟင် ... ဒါဖြင့် မင်းက ဒီမှာမနေဘဲ ဘယ်ကို ... ! "

"ခရီးသွားရမှာ အစ်မ၊ ဒီမှာနေလို့ မရဘူး"

"ဩော် ... ဘယ်ကိုလဲ"

"ခရီးက မျိုးစုံထွက်နေရမှာ၊ ဝေးတာတွေရော နီးတာတွေရော နယ်စပ်ရော"

"သုဓ ... မကောင်းတဲ့အလုပ်တွေတော့ မဟုတ်ပါဘူးနော် မောင်လေး"

သူ့အပေါ် မောင်နှမသားချင်းလို စိတ်ပူပုံကြောင့် အစ်မအပျိုကြီးကို သူ ကျေးဇူးတင်ရပါသည်။

"မကောင်းတာတွေ မဟုတ်တာတွေ ကျွန်တော် ဘာမှမလုပ်ပါဘူး အစ်မရယ်၊ မေမေ မရှိတော့လို့ ကျွန်တော်က မကောင်းတာတွေ လုပ်နေတယ်ဆိုရင် မေမေ တမလွန်ကနေ ဘယ်စိတ်ချမ်းသာပါ့မလဲ၊ ကျွန်တော် ဘယ်လုပ်ပါ့မလဲ"

"အေး ... ကောင်းပါတယ် သုဓရယ်၊ နင် အလုပ်အကိုင်ကောင်းကောင်း အဆင်ပြေသွားတာ ဝမ်းသာပါတယ်၊ ခရီးက ပြန်ရောက်ရင်တော့ လာဦးနော်"

"လာမှာပေါ့ အစ်မအပျိုကြီးရယ်"

သူ့မှာ တခြားကုန်စရာကိစ္စမရှိ။ ယုဝက သူယူလိုက်တဲ့ ငွေနှစ်သိန်းကိုလည်း ပြန်ဆပ်ဖို့ မလိုပါတဲ့။ ဒီတော့ သူက



www.burmeseclassic.com

www.burmeseclassic.com



ဒီငွေနှစ်သိန်းကို ချစ်စစ်ကို တစ်နည်းနည်းနှင့် ပြန်ပေးပါမည်။ နှိမ့်ချ၍ တိုက်တွန်းနေသောအခါ ချစ်စစ်က သူ့ကို ငွေလိမ်ယူတဲ့ မိန်းမကြမ်းကောင်လို့ ယဆာမှာပေါ့။

ချစ်စစ်ရဲ့ အထင်အမြင်သေးမှုကို သူ လက်မခံနိုင်ပါ။

ယုဝဟာ သူ့ငွေးမို့ ပိုက်ဆံကို သုံးနိုင်စွဲနိုင်တာ လားပါတော့။ ဒါပေမဲ့ ဘာကိစ္စကြောင့်များ ဒီလောက်ငွေ မဖောမဖောင်သိ သုံးစွဲပြီး သူ့ကို ယုဝရဲ့နေရာမှာ အစားထိုး သွားတယ်ဆိုတာ သူမ မသိပါ။

ယုဝအတွက်တော့ ဒီကိစ္စက သေရေးရှင်ရေး အရေးကြီးနေလိမ့်မည်။

"ကျွန်တော်က ခင်ဗျားအိမ်မှာနေ၊ ခင်ဗျားနေရာ အစား နေတုန်း ခင်ဗျားက ဘာလုပ်မှာလဲ ကိုယုဝ"

သူ့မျက်နှာနှင့် ချွတ်စွပ်မျက်နှာတစ်ခုကို မြင်ရ အသည်းယားသလိုလို ရယ်ချင်သလိုလို ဖြစ်ရသည်။ ဤမျက်နှာ သေချာစိုက်ကြည့်မေးမိတော့ ...

"ငါ တစ်နေရာကို ခရီးထွက်မလို့"

"ခင်ဗျား စာသွားသင်တယ်ဆိုတဲ့ နိုင်ငံခြားကို ပြန် မှာမျိုးလား"

"ဟင့်အင် ... ငါ အင်္ဂလန်ကို မပြန်တော့ပါဘူး၊ ပြည်တွင်း မှာပဲ ခရီးထွက်မှာပါ"





"ကျွန်တော့်ကို နေရာစား လူစားထိုးပြီး သွားရမယ်ဆိုတော့ ခင်ဗျားသွားမယ့်ခရီးကို ကြီးကြီးက တားလို့လား"

"ဒါပေါ့ သူမ၊ ကြီးကြီးက ငါ ခရီးထွက်မှာကို ခွင့်မပြု ဘူး"

"ခင်ဗျား နိုင်ငံခြားမှာတောင် နှစ်ပေါင်းများစွာ သွားနေ သေးတာပဲ။ ပြည်တွင်းခရီးစဉ်ကို သဘောမတူဘူးဆိုတာက ဘယ်လိုကြီးလဲ"

"ဘယ်ကိုသွားမယ်၊ ဘာကိစ္စကြောင့်သွားမယ်ကို ငါက ဖွင့်မပြောနိုင်လို့ပါ"

"ဘယ်လောက်ကြာနိုင်တာလဲ၊ ကျွန်တော်က ခင်ဗျားနေရာ အစားဝင်နေပြီး ခင်ဗျားက ပြန်မလာတော့ရင် ကျွန်တော်က ဘာဆက်လုပ်ရမလဲ"

"တကယ်လို့ ငါ ပြန်မလာတော့လို့ မင်း ငါ့နေရာမှာ တစ်သက်လုံး အပြီးနေလိုက်ရမယ် ဆိုရင်ကော ဘာဖြစ် လဲကွာ၊ မင်းအတွက် မဖြစ်နိုင်စရာရှိလို့လား၊ မင်းက တစ်ကိုယ်ရည်တစ်ကောင်ကြွက်ပဲဟာ"

"အာ ... ဒါတော့ ဒါပေမဲ့ ကျွန်တော်မဟုတ်တဲ့ လူတစ် ယောက်အဖြစ်နဲ့တော့ တစ်သက်လုံး ဘယ်နေသွားချင်ပါ့ မလဲဗျ၊ ကျွန်တော်က ခင်ဗျားနဲ့ ဘယ်လောက်ပဲတူတူ ကျွန်တော်က သူမပဲလေ၊ ဒီနေရာမှာ တစ်သက်လုံးနေဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သုခဆိုတဲ့ လူတစ်ယောက်ရဲ့ဘဝ ဘယ်နားသွာ
ပျောက်ပစ်ရမှာလဲ၊ ခင်ဗျား ပြန်လာမှဖြစ်မယ်၊ ခင်ဗျားကး
ပေးမှရမယ် ကိုယုဝ"

"ပြန်လာမှာပါကွာ၊ ငါ ပြန်လာမှာပါ သုခရော၊ စိတ်ချ
ငါ့ကိစ္စပြီးရင် ငါ ပြန်လာခဲ့မှာပေါ့။ ငါ့ဘဝအစစ်က ဒီ
ပဲဟာ"

"ဘယ်လောက်ရော ကြာမှာလဲ၊ ခင်ဗျားကို ဘယ်လိုလ
ဆက်သွယ်ရမှာလဲ"

"မင်းကို ငါ့ ဟဲန်းဒ်ဖုန်းပေးခဲ့မှာဆိုတော့ ငါဆက်ပါ့မ
ဖုန်းနံပါတ်တစ်ခုခုတော့ အခုမပေးနိုင်ဘူး၊ နောက်ပေး
ရင် လှမ်းပေးမယ်၊ မင်းကို ငါ့အီးမေးလ်အကောင့်လည်
ပေးခဲ့မယ်၊ ငါ မကြာမကြာရောက်ရာအရပ်ကနေ အီးမေး
စစ်မှာပါ၊ မင်းပြောချင်တဲ့သတင်းတွေကို ပို့ထားလိုက်ပါ"

တစ်ဆက်တစ်စပ် တရည်တလျှား လျှောက်တွေး
မိသော သုခသည် အတွေးစကိုဖြတ်လျက် ဒေါ်ခင်ခင်ကြီးကိုပြ
ပြုလိုက်ကာ ...

"ရတဲ့လခကိုပဲ သုံးချင်လို့ပါ ကြီးကြီး"

"တော်ဘော်ထူးဆန်းတာပဲ၊ ရိုက်မောင်း ပုတ်မောင်းပြော
ဆိုပြီး ငါ့အလုပ်ထဲဝင်ပါကူပါ ပြောနေတာတောင် စုပ
ပြီး ကန်ငြင်းနေတဲ့မင်းက ဘယ်ကနေဘယ်လို စိတ်ကူ





ပြောင်းသွားတာလဲ၊ ကြီးကြီး မင်းကို တောင်းဆိုထားတာ
နှစ်ချက်လေ၊ အခု မမျှော်လင့်ဘဲ မင်းက ဒီတစ်ချက်ကို
ကြီးကြီးဆန္ဒ ဖြည့်ဆည်းပေးလာတယ် ...

ဒါဖြင့် နောက်တစ်ချက်ကိုရော ... ယုဝ"

"နောက်တစ်ချက် !! "

သုခက ဇဝေဇဝါ ရေရွတ်လိုက်ပါသည်။

"မင်းကလေ ကိုယ် သတိရချင်တဲ့အချက်လေး ရွေးသတိ
ရပြီး မင်းမေ့ထားချင်တဲ့ ငါ့ဆန္ဒကိုကျတော့ မေ့ထားတယ်
ပေါ့ ယုဝ ... ဟုတ်လား"

ဒေါ်ခင်ခင်ကြီးက မကျေမချမ်းလိုလို နောက်သလိုလို
ခနဲ့သလိုလို မေးလေလျှင် သုခက ဘာမှန်းမသိဘဲ ပြုံးကျဲကျဲလေး
သာ မျှော်ပြီးနေနေရပါသည်။ ဘာပါလိမ့်။ ယုဝလည်း မှာစရာသင်
စရာရှိတာတွေအားလုံးတော့ ပြောပြသွားပေမယ့် လစ်ဟာမေ့လျော့
ကျန်တာလည်း ရှိရင်ရှိမှာပဲပေါ့။

"ချစ်စစ်နဲ့ကိစ္စလေ ယုဝ၊ မင်း ခုထိ လက်မခံနိုင်သေးဘူး
လား"

သုခရဲ့ရင်တွေ တဒိတ်ဒိတ် စတင်ခုန်လှုပ်လာခဲ့လေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

တကယ်တမ်းတော့ သူ ဆင်ခြင်ခဲ့တာပါ။

ကြီးကြီးရဲ့စကားက သူ့ရင်ကို ကြီးစွာသော လှုပ်ရှားမှုကို ပေးပေမယ့် တကယ်က ကြီးကြီးဟာ"သည်းဦးချစ်စစ်" ဆိုတဲ့ ကောင်မလေးနှင့် သဘောတူထားတာ ယုဝနဲ့လေ။ သူနဲ့မှ မဟုတ်ဘဲ။

သူသည် ယုဝကို သစ္စာမမဲ့လိုပါ။ ဒါကြောင့် ချစ်စစ်ရဲ့ဖုန်းနံပါတ်လည်း လက်ထဲရှိ၊ ဆက်စရာဖုန်းလည်း လက်ထဲရှိ၊ အခွင့်အရေးတွေလည်း ပေးနေပါလျက် ချစ်စစ်ထံ ဖုန်းကလေးသော်မျှ မခေါ်မိခဲ့။ ခေါ်ချင်စိတ် ဆက်ချင်စိတ်ကို အောင့်အည်း၍ သူ့စိတ်ဆန္ဒတို့ကို စောင့်ထိန်းခဲ့ပါသည်။

သို့ပေမယ့် ချစ်စစ်က သူ့ထံ ဖုန်းလေးတကော်လ်နှင့် လှမ်းဆက်သွယ်လာတာပါ။ ဖုန်းမြည်လာတော့ ဖုန်းကို သူ ကြည့်လိုက်လျှင် နံပါတ်တစ်ခု။ ဤနံပါတ်ကို ချစ်စစ်ရဲ့ဖုန်းနံပါတ်





မှန်း သူသိထားတာကြောင့် ရင်တွေ ခုန်သွားရပါသည်။ ယုဝက ချစ်စစ်ရဲ့ဖုန်းနံပါတ်ကို နာမည်နှင့်တွဲ၍တောင် ဖုန်းထဲမှတ်မထား။ သူကသာ သူ့ဟာသူ နံပါတ်ကြောင့် မှတ်မိရတာပင်။

"ဟယ်လို"

"ယုဝ"

"ပြော ... ချစ်စစ်"

"ကြားသားမိုးကြီး ဖုန်းတွေ ဘာတွေ ဖွင့်ထားလို့ပါလား၊ ခါတိုင်း တစ်ချိန်လုံး ပိတ်ထားတဲ့ဖုန်းက"

"အင်း ... အခုတော့ ကြီးကြီးဆီမှာ အလုပ်လိုက်လုပ်နေပြီ ဆိုတော့ အလုပ်ကိစ္စတွေ ပြောစရာ ဆိုစရာ ကိစ္စတွေ ရှိတယ်လေဟာ၊ ဒါကြောင့် ဖုန်းပိတ်ထားလို့ မရတော့ဘူး"

"နင် လိမ္မာလာပြီ ယုဝ"

"ဘာဖြစ်လို့လဲဟ"

"စကားပြောတာလဲ စိတ်လက်မပါ လေသံလုံးမကွဲ မဟုတ်တော့ဘူး၊ ကြီးကြီးကုမ္ပဏီကိုလည်း ဝင်ကူလုပ်ရကောင်းမှန်း သိလာပြီလေ၊ တစ်ခုပဲရှိတော့တယ်"

"ဘာလဲ"

"နင့်စိတ်ကမမှန်ဘူးလေ၊ ငါ့ကို အေးတိအေးစက် အဆက်အသွယ် ဖြတ်ချင်ဖြတ်ထားပြန်ရော၊ တစ်ခါတလေလည်း စိတ်ရှုပေါက်သလိုပဲ ဖုန်းခေါ်လိုက်၊ အိမ်ကိုရောက်လာ လိုက်ဖြစ်ပြန်ရော၊ ဘာမှ နင့်ကိုပုံမှန်တွက်လို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်းဟင်း"

ချစ်စစ်ရဲ့အသံလေးကိုပင် သူ့မှာ မြတ်နိုးချစ်ခင်မဆုံး ဖြစ်ကာ တဟင်းဟင်းသာ ရယ်မောနေမိပါသည်။

"နင် အခု ရုံးမှာလား"

"အင်း"

"ကြီးကြီးကတော့ ဟိုတစ်နေ့က မာမိဆီလာပြီး နင့်အကြောင်း ချီးမွမ်းခန်းတွေ ဖွင့်နေလေရဲ့၊ ပြန်ရောက်ကာစက မှုန်တေတေ ငိုင်တွေတွေနဲ့ဟာ၊ ဒီလောက် နီးနီးကြားကြား ရှိမယ်မထင်ဘူးတဲ့၊ ကြီးကြီး တော်တော်ဝမ်းသာအားရနေတာဟ၊ နင် ကြီးကြီးကို စိတ်ပြန်ပျက်သွားအောင် မလုပ်နဲ့နော်"

"ဘာဖြစ်လို့ လုပ်ရမှာလဲဟာ၊ မလုပ်ပါဘူး"

"တစ်ခါတလေကျရင် နင့်ပုံစံ တစ်မျိုးကြီးတွေက နင် တမင်လုပ်တာ မဟုတ်ရင် သူ့ဟာသူ အလိုအလျောက် နင့်ကိုယ်နင်တောင် မသိဘဲ ဖြစ်သွားတာတွေဖြစ်မှာ၊ နင် အဲဒါကို ပေါ့ပေါ့လေး တွေးမနေနဲ့ ယုဝ၊ အဲဒါကို အလေးအနက် စဉ်းစားရမယ်၊ နင့်ကို ငါ စိတ်ပူတယ် ယုဝ"

ကိုယ့်နာမည်တပ်တာ မဟုတ်မှန်းသိသိနှင့် သူ့ရင်ထဲ နွေးသွားရပါသည်။

"အဲဒီတော့ နင့်ကို ငါ ဆရာဝန်ပြဖို့ ရည်ရွယ်ထားတယ် သိလား ယုဝ"





"အာ ... နင်ကလည်း မလိုပါဘူး၊ မပြပါဘူးဟာ"

"ပြလိုက်ပါ ယုဝရယ်၊ ငါသေချာပြောဆို မေးမြန်းပြီး ငါ့ဆရာကြီးကို တိုင်ပင်ထားပြီးပြီဟ၊ ဆရာကြီးကလည်း အခု နင့်ကို သူ့ဆီခေါ်ခဲ့လို့ ပြောတယ်"

"အာ ... နင်ကလည်း ငါ ဘာမှမဖြစ်ပါဘူး၊ နင်က ဘာတွေလျှောက်ပြောမှန်းမှ မသိတာ၊ ဆရာဝန်ဆီ သွားစရာကိစ္စ မဟုတ်ပါဘူးဟာ"

"ဆရာဝန်ဆီ သွားစရာကိစ္စ ဟုတ်မဟုတ်က နင့်ထက် ငါပိုဆုံးဖြတ်နိုင်တယ်လို့ နင် လက်ခံမလား၊ ငါက ဆေးကျောင်းသူလေ"

"ဟုတ်ပါတယ်၊ နင်က ငါ့ထက် ဆေးပညာအသိ၊ ဆေးပညာဗဟုသုတ ပိုတာပေါ့၊ ဒါပေမဲ့ ငါ့ကိုယ်ငါ သိပါတယ် ချစ်စစ်ရယ်၊ ငါဘာမှမ မဖြစ်တာ"

"နင်က ကာယကံရှင်မို့ နင့်ကိုယ်နင် ဖြစ်နေတာကို သတိမပြုမိတာ၊ ငါက ဘေးလူမို့ သတိပြုမိနေတယ်၊ နင် တစ်ချက်တလေမှာ သတိလက်လွတ် ဖြစ်သွားသလို ဖြစ်နေတယ် ယုဝ၊ ဟိုဟာမမှတ်မိ ဒီဟာမမှတ်မိတာ ကိုယ်လုပ်တာ ကိုယ်ပြောတာ ကိုယ်ပြန်သတိမရတာတွေလည်း ရှိတယ်လေ"

သူမက စိတ်ညစ်ညစ်နှင့် ရှုံ့မဲ့ခေါင်းကုတ်မိရင်း...



www.burmeseclassic.com

www.burmeseclassic.com



"နင်မှားနေပြီဟ ... ဒုက္ခပဲ၊ ငါလည်း ရှင်းမပြတတ်တော့ဘူး"

"နင် ရှင်းပြစရာလည်း မလိုဘူး၊ ကြီးကြီးလည်း လက်ခံတယ်"

"ဘာရယ်"

"ကြီးကြီးကို ဟိုနေ့က ငါပြောပြလိုက်တော့ ကြီးကြီးက သူ့စိတ်ထဲမှာလည်း နင့်ကို ကြည့်ရတာ တစ်မျိုးပဲတဲ့၊ မေ့လျော့တာ သတိမရတာတွေတော့ သူ သတိမပြုမိပေမယ့် နင်က မှုန်တေတေ ထုံပေပေကြီးဖြစ်လိုက် တက်ကြွနေလိုက်၊ စိတ်ကအမျိုးမျိုးပြောင်းနေတယ်တဲ့၊ ငါ့မျက်စိထဲ ထူးခြားနေရင် ဆရာဝန်ပြစရာရှိ ခေါ်ပြတဲ့ ခွင့်ပြုတယ် အင်္ဂလန်က ဘဘကလည်း နင်နေကောင်းရဲ့လားဆိုတာ ဖုန်းဆက်ဆက်နေတာ နှစ်ခါရှိပြီတဲ့"

"ဘဘက ! "

"အေး ... ယုဝ၊ နင် ရောဂါတစ်ခုခုများ ဖြစ်နေသလားဟင်"

"မဖြစ်ပါဘူးဟာ၊ တကယ်ပါဟာ၊ ငါ ဘာမှမဖြစ်ရပါဘူး ချစ်စစ်ရယ်"

စစ်ရဆေးရမည်ကိုစိုး၍ ခါးသီးသီး ငြင်းလိုက်ရင်းက သုမ အတွေးထဲတွင် ယုဝရဲ့အသွင်သဏ္ဍာန်တချို့ကို ပြန်လည်မြင်ယောင်လာပါသည်။ သုနှင့် ယုဝတို့ ပထမတစ်





ကြိမ် ဆုံတွေ့ကာ အကြာကြီး စကားပြောဆို ဆွေးနွေးနေကြအပြီး လူစားလဲဝင်မည့်နေ့မှာ နောက်တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်သာ ဆုံစည်းလိုက်ရပါသည်။

နှစ်ကြိမ်လုံးမှာ မျက်မှောင်ကုတ်ကာ ပုံမှန်ကြည်လင်မှုမျိုး လုံးဝမရှိသည့် ယုဝရဲ့အသွင်သဏ္ဍာန်ဟာ မျက်နှာတွေပဲ နည်းနည်းအမ်းနေသလိုလို နီမြန်းနေသလိုလို။ မကြာ မကြာ နားထင်ကိုထောက်ကာ ဖိနှိပ်ကာ ခေါင်းကိုက်နေတဲ့ အသွင်သဏ္ဍာန်ကိုလည်း အကြိမ်ကြိမ်မြင်သည်။

ယုဝ ...။

ယုဝ ဆိုသူဟာ ကျန်းမာရေးကောင်းရဲ့လား။ ချစ်စစ် စိုးရိမ်နေတာက တကယ်တော့ အမှားကြီး။ သူတို့နှစ်ယောက် လူအပြောင်းအလဲမှာ ရှေ့ကတစ်ယောက်ရဲ့ အပြုအမူကို နောက်တစ်ယောက်က မသိတဲ့အတွက် မေ့သွားသလိုလို လျော့ချ ရောချတာကို ချစ်စစ်က "သတိမေ့တယ်"လို့ ဝေဒနာတပ်စွဲကာ စိုးရိမ်နေတာ။

သုမ တကယ်စိုးရိမ်လာတာက ယုဝရဲ့ခန္ဓာကိုယ်ထဲမှာ ရောဂါဝေဒနာ တစ်စုံတစ်ရာ ရှိနေသလားလို့ပင်။ သူ့ပုံပန်းဟာ ဒီအသက်ဒီအရွယ် လူငယ်တစ်ယောက်မှာ ရှိရမယ့် ဖျတ်လတ်တက်ကြွမှုမျိုးမှ မရှိဘဲ။

"နင် ငါ့ကို ညာမပြောနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မညာပါဘူး ချစ်စစ်ရယ်"

နှုတ်ကဖြေနေပေမယ့် သူ့စိတ်မှာ ယုဝအတွက် စိုးရိမ်မှုတစ်မျိုးလည်း အုံဖွဲ့ဖြစ်တည်လာသလို ယုဝအတွက် အစိုးရိမ်ကြီးနေတဲ့ ချစ်စစ်ရဲ့သံယောဇဉ်အပေါ်မှာလည်း တစ်မျိုးကလေးသော ဆုံးရှုံးမှုကို ခံစားရပါသည်။

"ဒါပေမဲ့ ပြစရာရှိတာပြ၊ စစ်စရာရှိတာ စစ်လိုက်ရင် ရောဂါဘာမှမရှိဘူးဆိုရင်လည်း စိတ်ရှင်းသွားတာပေါ့ဟာ၊ တကယ်လို့ နင်က ရောဂါဝေဒနာလို့ မထင်ထားတဲ့ဟာက ဝေဒနာတစ်ခုခု ဖြစ်ခဲ့ရင်လည်း မြန်မြန်ကုလို့ ရတာပေါ့"

သူမက စိတ်တွေကျဉ်းကျပ်ကာ ...

"မပြလို့ မရဘူးလား ချစ်စစ်ရာ"

"ဟင့်အင်း ... ဆရာကြီးကိုတောင် ငါ ရက်ချိန်းချိတ်ပြီး ပါပြီဆို၊ အဲဒါကြောင့် နင့်ကို ဖုန်းဆက်ပြောတာပေါ့"

ပြဿနာပဲ။

ဘာမှလဲ မဟုတ်ဘဲနှင့် ဆရာဝန်ကို သွားရောက်ပြသ စစ်ဆေးခံရဦးမည်။

"နော် ... ယုဝ၊ ပြမယ် မဟုတ်လား၊ ပြလိုက်ပါဟယ် နော် ... နော်လို့"

ချစ်စိတ်ရဲ့ တိုက်တွန်းနားချသံလေးက ချစ်စဖွယ်။ သူမနားထဲ ဆီထဲ့နှစ်စိမ်ထားသော ငွမ်းစနယ် နူးညံ့နဖပ်အိထွေးနေသည်။





"အေးပါဟာ၊ နင့်သဘောပါ ချစ်စစ်ရယ်"

"ဟယ် ... ကြည့်စမ်း၊ ငါ တင်တောင်မထင်ဘူး၊ နင် အရမ်းပျော့ပျောင်းနူးညံ့လာတာပဲ၊ အရမ်းကို ပြောင်းလဲလာတာပဲ ယုဝရယ်"

ဆရာဝန်သွားပြတာ တစ်ခါ။ ဆရာဝန်ညွှန်ကြားချက်အတိုင်း စမ်းသပ်စစ်ဆေးမှုတွေ လိုက်လုပ်ရတာက အခါခါ။ ဆေးစစ်ချက်တွေရတော့ ပြန်ပြရတာက တစ်ခါ။ စစ်ရဆေးရတာတွေထဲမှာ ဦးခေါင်းပေါ် အစွပ်တစ်ခုစွပ်ပြီး အဲဒီကကြိုးတွေတန်းလန်းက စက်မှာဆက်သွယ်ပြီး ရိုက်ရတဲ့ ဦးနှောက်ကို EEG ရိုက်ခြင်းလည်းပါသည်။ တစ်သက်လုံး ကျန်းကျန်းမာမာရှိခဲ့ပြီး သွေးတောင် သေသေချာချာမဖောက် ဖူးလှတဲ့ သူမအဖို့ အသည်းယားရင်တုန်စရာ အလန့်တကြားဖြစ် ရသေးသည်။

ဘယ်လိုပင်ဖြစ်စေ အခေါက်တိုင်းမှာ ချစ်စစ်နှင့်နှစ်ယောက်အတူ တွဲသွားတွဲလာရသည်မှာ သူ့ရင်ကို ပူနွေးလိုက်ဖို နေစေခဲ့ပါသည်။ ပုံမှန်အတိုင်းဆိုရင် သူနှင့်တွေ့ဆုံ ဆက်စပ်ဖို့ မလွယ်ကူလှသော ဟိုးအမြင့်အသိုင်းအဝိုင်း တစ်နေရာက ချစ်စစ်နှင့် ဆုံစည်းပတ်သက်ဖို့ ဖြစ်လာတဲ့ ကံကြမ္မာကိုလည်း သူအံ့အားသင့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စစ်တို့အိမ်မှာ ခုထိ အိမ်အတွက် ဒရိုင်ဘာမ ... သေးသည်ဖြစ်၍ သူတို့အဖေရဲ့ဒရိုင်ဘာက သူ့အဖေ သွားစရာ ... သေးခိုက်မျိုးတွေ အချိန်ညှိပြီး ရုံးမှအိမ်သို့ ပြန်ပြေးကာ အိမ်ကို ... ရှိသလို မောင်းပို့ပေးရင်း မျှသုံးနေရဆဲပါ။

အဲဒါကြောင့် ချစ်စစ်နှင့် သုမ သွားလာသမျှ သု ... ပဲ ကားမောင်းကာ ချစ်စစ်ကိုသွားခေါ် အတူသွား ပြန်ပို့ လုပ် ... တာမို့ နှစ်ယောက်တွဲတွဲ သွားလာရခြင်းတွေစိပ်ကာ နှစ်ယော ... အကြားက ရင်းနှီးဆက်သွယ်မှုက တစ်ရက်ထက်တစ်ရက် နီးကပ် ... နိုင်မာမြဲမြံလာသလိုပင်။

"ဝမ်းသာလိုက်တာ ယုဝရယ်၊ ဘာရောဂါ ဘာပြဿနာ ... မရှိ လူကောင်းပကတိ၊ အလွန်ပင် ကျန်းမာလန်းဖြာလှ ... ၏တဲ့၊ ဆရာကြီးက ငါ့ကိုတောင် ညည်း ဘာတွေကိုကြည့် ... ဘာတွေကိုစိုးရိမ်ပူပန်ပြီး ဒီလောက် လျှောက်စစ်ဆေးတာ ... လဲတဲ့ ... အဟင်း"

"ငါပြောသားပဲ၊ ငါ ဘာမှမဖြစ်ပါဘူးလို့"

"အင်း ... ဟုတ်ပါတယ်၊ နင်က အခုတော့လည်း ကျန်းမာရေး ... ကောင်းနေတဲ့ပုံပဲ"

ချစ်စစ်က အင်တင်တင်ကလေးပြောလျှင် သုမသည် ယုဝကို ဖျတ်ခနဲ သတိရမိပြန်ပါသည်။ အင်း ... ဒီလူတစ်ယောက် တော့ ဘယ်များရောက်နေပါလိမ့်။ ဘာတွေအရေးတကြီးနှင့် ခရီး တွေပတ်ထွက်နေပါလိမ့်။





"ကြီးကြီးရော မာမီတို့ရော ဝမ်းသာစိတ်အေးသွားမှာပဲ"

"စိတ်မအေးအောင်လုပ်တာ ဘယ်သူလဲ"

သုမက ချစ်စနိုးစ,လျှင် ...

"အမယ် ... သူ့ကို စိတ်ပူပေးရတဲ့လူက အပြစ်ပေါ့ ... ဟွန်း"

အသည်းတယားယားနှင့် ရှေ့ကိုစူထုတ်ထားတဲ့ နှုတ် ခမ်းလေးကို လက်သီးဆုပ်နှင့် ညင်ညင်သာသာ ထိခတ်မိမလို လက်တစ်ဖက် မြှောက်တက်ရွယ်ပြီးမှ အချိန်မီ သူ့စိတ်ကို ထိန်း ချုပ် ဘရိတ်အုပ်လိုက်ရကာ ချစ်စစ် မျက်နှာလေးကလည်း ရှက် စနိုး သွေးရောင်လျှမ်းသွားရပါသည်။

"တီတီ ... တီ ... တီတီ"

ရုတ်တရက် ဖုန်းမြည်လာ၍ ချစ်စစ်က ဒက်ရှ်ဘုတ် မှာချိတ်ထားသော ဖုန်းအိတ်ဆလင်ဒါလေးထဲ ထည့်ထားသည့် သုမရဲ့ဖုန်းကို နှိုက်ယူကမ်းပေးလိုက်ပါသည်။ နံပါတ်ကို မျက်စိက အလိုက်သင့်မြင်ကာ ...

"နယ်ကဖုန်းဟဲ့"

သုမက လှမ်းယူရင် ...

"ဟယ်လို"

"........."

"ဟုတ်ကဲ့ ... ပြောပါ ခင်ဗျာ"

"........."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"သုခလား"

အေးစက်စက် အသံကြားလျှင် သုခသည် ဘရိတ်
ပင် ယောင်ယမ်းနင်းမိသလို ဖြစ်သွားတဲ့ထိ ဟန်ချက်ပျက်ကာ

"ဪ ... ဟိုဒင်း ... အင်း ... ကျွန်တော်ပါ"

ရင်ထဲ တဒိန်းဒိန်းနှင့် ခုန်ပေါက်လှုပ်ရှားလာ
နံဘေးက ချစ်စစ်ကိုလည်း မသိမသာကလေး ငုံ့ကြည့်မိသည်
သူ့ဘေးမှာထိုင်နေရာက ရုတ်တရက်အတွင်း ဝေးကွာသွားသ
ခံစားလိုက်ရသည်မှာ ဘယ်လိုကြောင့်နည်း။

ယုဝ ပြန်များလာတော့မလို့လား ! ။

အမှန်တိုင်း ပြောရရင် ပြန်မလာစေချင်သေးပါ
အချိန်က တစ်လလောက်ရှိပြီဆိုတော့ သူ့ကိစ္စများ ပြီးသွားပြီလား
မလာစေချင်သေးတာဟာ ဒီနေရာလေးကနေ သုခ ဖယ်ခွာမသွား
ချင်သေးလို့ ဆိုတာ ကိုယ့်ဟာကိုယ် သိနေတော့ သုခ ယုဝအပေါ်
အားနာစိတ် ဖြစ်မိရသည်။

"အိမ်မှာလား"

"ကျွန်တော် အပြင်မှာ"

"စကားပြောလို့ ရလား"

"ဟုတ်ကဲ့ ... ပြောပါ"

"အဆင်ပြေလား သုခ"





"ဟုတ်ကဲ့"

"ကြီးကြီး ဘာပြောသေးလဲ၊ ရိပ်မိလား"

"ဟင့်အင်း"

"ဘေးမှာ ဘယ်သူရှိလဲ"

"ဟုတ်ကဲ့"

"........."

ခဏတိတ်သွားပြီးမှ ...

"ဘေးမှာ ချစ်စစ်လား"

"ဟုတ်တယ် ခင်ဗျ"

"ဪ ... ချစ်စစ်နဲ့ရော အဆင်ပြေလား သုခ"

"ဟုတ်ကဲ့ ... ပြေပါတယ်"

"မင်းအတွက်လည်း အခက်အခဲ စိတ်အနှောင့်အယှက် မရှိပါဘူးနော်"

"ဟုတ်ကဲ့ မရှိပါဘူး"

"အားလုံး အဆင်ပြေရင် ကောင်းပါတယ်ကွာ၊ ငါ့အခု လူတစ်ယောက်ကို ရှာနေတာတော့ အဆင်မပြေသေးပါဘူးကွာ၊ သူ ရှိတယ်လို့ စုံစမ်းလို့ရထားတဲ့နေရာကို ရောက်တော့ မရှိတာကြာပြီ၊ ဘယ်ဘက်ကို ပြောင်းသွားတယ်ဆိုတာနဲ့ တစ်ခါ အဲဒီကို ထပ်လိုက်။ ဟိုရောက်တော့ မရှိတော့ပြန်၊ ညွှန်တဲ့ဘက် ဆက်လိုက်နဲ့ ငွေလည်းကုန် လူလည်းပန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟို … ခင် …, ခင်ဗျား နေကောင်းရဲ့လား"

"ဘာမှမဖြစ်ပါဘူး သူရော၊ မင်းက ဘာဖြစ်လို့မေးတာလဲ"

သူက ကားကို လမ်းဘေးမှာရပ်လို့ရတဲ့ တစ်နေရာ ထိုးကပ်၍ ရပ်လိုက်ပြီး …

"ချစ်စစ် ခဏနော်"

"အင်း … ရတယ်"

သူက ကားပေါ်က ဆင်းလိုက်ပါသည်။ မလှမ်း မကမ်းကို လျှောက်လာရင်း …

"ခင်ဗျားနဲ့ကျွန်တော် တွေ့ဖူးလိုက်တဲ့ နှစ်ကြိမ်အတွင်းမှာ ခင်ဗျားပုံစံက မရွှင်မလန်းဘူးလေ၊ ကျွန်တော်နဲ့မတွေ့ ခင် ခင်ဗျားပုံစံကိုလည်း ကြီးကြီးရော ချစ်စစ်ရောက နေ ကောင်းရဲ့လား ထင်ကြတယ်ဗျ၊ အဲဒီကြားထဲ ကျွန်တော် တို့ လုပ်လွဲတဲ့ကိစ္စတွေအတွက် မမှတ်မိတော့ဘူး၊ မေ့သွား တယ်လို့ ဟန်ဆောင်ရတာမျိုးလည်း ရှိခဲ့တော့ ကျွန်တော့်ကို အခု ချစ်စစ်က ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာတွေ စစ် ဆေးတယ်ဗျ …

စစ်လိုက်တော့လည်း ကျွန်တော်ကတော့ ဘာရောဂါ မှ မတွေ့ဘူးပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော် ခင်ဗျားအတွက် စိတ်ပူမိလို့ပါ၊ ခင်ဗျားနေကောင်းရဲ့လား ကိုယုဝ"

သူက အသံအုပ်အုပ်နှင့် ပြောနေပါသည်။

"သောမှာ ချစ်စစ် မရှိတော့ဘူးလား"





"မရှိဘူးဗျ၊ ကျွန်တော် ကားရပ်ပြီး လမ်းဘေးဆင်းပြော နေတာ"

"မင်းအပေါ်မှာရော ချစ်စစ်က ဘယ်လိုသဘောထားမျိုးနဲ့ ဆက်ဆံလဲ"

သူ့ရဲ့ခန္ဓာကိုယ်က အနည်းငယ် တောင့်တင်းသွား ရပါသည်။

ယုဝ ဘာသဘောထား ခံစားချက်မျိုးနှင့် မေးပါလိမ့် ဟု အနည်းငယ် တွန့်ဆုတ်သွားပြီး …

"ခင်ဗျားလို့ပဲ ယုံကြည်တော့ တရင်းတနီး ဆက်ဆံပါတယ် ကိုယုဝ"

"မင်းနဲ့ ခုလိုပဲ အပြင်တွေ ထွက်နေကြတာလား"

"ဒါက ကျွန်တော့်ကို ခုတလော ဆရာဝန်ပြ ဆေးစစ်နေ လို့ပါ၊ ဒါ … ဒါပေမဲ့ ကိုယုဝ သဘောမကျရင် ကျွန်တော် ချစ်စစ်နဲ့ နှောင်သိပ်မသွားလာတော့ပါဘူး"

သူ့စကားကြောင့် ယုဝက အနည်းငယ် အံ့သြ ရယ်မောမိကာ …

"မင်းက တော်တော်ရိုးတဲ့ကောင်ပဲ၊ ငါ သဘောမကျမရှိ ပါဘူးကွာ၊ ပြီးတော့ ခုကိစ္စက ငါက မင်းကို အတင်းဆွဲ ပြီး ငါ့နေရာ ခဏအစားထိုးခဲ့တာလေ၊ ငါက မင်းအကူ အညီကို ယူထားတဲ့သဘောပါ၊ အကူအညီလည်းတောင်း ထားသေး၊ ဘာမလုပ်ရ ညာမလုပ်ရတွေလဲ တားမြစ်ပြည်တော်



www.burmeseclassic.com

www.burmeseclassic.com



သေးဆိုရင် ဘယ်လိုကောင်းပါ့မလဲ၊ မင်း အဆင်ပြေသလို သာနေပါ၊ ငါ့မှာ ကန့်ကွက်စရာ မရှိပါဘူး"

"ဒါပေမဲ့ ဟို ... ခင်ဗျား စိတ်ချပါ"

"ဘာကို စိတ်ချရမှာလဲ"

"ကျွန်တော် ချစ်စစ်ကို အရိုးသားဆုံး ဆက်ဆံပါ့မယ်"

ယုဝက ခဏတိတ်သွားပြီးမှ တကယ်သဘောကျသလို တစ်ဖက်ကနေ တကိကိနှင့် ရယ်မောနေတော့ပြီးမှ ...

"ငါက မင်းကို အဲလို ဆက်ဆံပါလို့ တောင်းဆိုထားမိလို့လား"

"ဟာဗျာ ... ဒါပေမဲ့ ..."

ယုဝသည် တစ်ဖက်မှာ တစ်ယောက်တည်း ကျိတ်ပြုံးနေမိပါသည်။ သူ့မှာ အမြွှာညီလေးတစ်ယောက် ရှိတယ်လို့ သိလိုက်ရတဲ့အချိန်မှာ အဲဒီညီဟာ သူနှင့်ပြန်ဆုံတွေ့ကြရင် ဒီလောက်ပြေပြေလည်လည် ဆက်ဆံလို့ရမည့် အေးချမ်းရိုးသားသော လူတစ်ယောက်လို့တောင် ကြိုမျှော်လင့်မထားပါ။

ပြည့်စုံစွာ ကြီးပြင်းလူလားမြောက်ခဲ့ရတဲ့ ယုဝရဲ့ဘဝအနေအထားနှင့် (ဘယ်နည်းနဲ့မဆို မိခင်တစ်ယောက်တည်းအားနှင့်မို့) ရုန်းကန်ခဲ့ရမယ့် သူ့ဘဝအနေအထားတို့ကို ယှဉ်နိုင်းမိလျှင် ပုထုဇဉ်ပီပီ မကျေမချမ်း စိတ်မကောင်းဖြစ်မှာမျိုး ဖြစ်လိမ့်မည်လို့သာ ကြိုတင်တွေးထင်ထားမိ၍ သုမကို လောလောဆယ်ဘာမှ ဖွင့်ပြောမပြသေးတာ။





အဲဒါအပြင်၊ သူ့ကိုပေးတာ မဟုတ်မှန်း သိသိနှင့် အနှစ်သိန်းကို အလွယ်လေး အယောင်ဆောင်ရယူသွားတဲ့ သူတစ်ယောက်ရဲ့ အကျင့်စာရိတ္တ အတွင်းစိတ်ရင်းခံတို့ကို လုံးလုံးလျားလျား မယုံရဲသေးတာကြောင့်လည်း "မင်းလည်း အမွှေခံတစ်ယောက်ပဲကွာ"လို့ ဖွင့်ပြောပြီး ရွှေဘုံပေါ် ပစ်မတင်ချင်ခဲ့တာလည်း ပါသည်။

ဒါပေမဲ့ နှစ်ကြိမ်တည်းသော တွေ့ဆုံမှုနှင့်ပင် ယုဝက သုမကို နှစ်လိုမိပါသည်။ သူ မှန်းထားတာထက် ရိုးသားအေးချမ်းပုံရတဲ့ သုမဟာ ယုဝထက် မိနစ်ပိုင်းမျှသာ ငယ်တာဖြစ်ပေမယ့် သူ့ပုံစံက ဒီထက်မကငယ်တဲ့ ညီငယ်တစ်ယောက်နယ် ရှိသေနှာခံစွာ အပြစ်ကင်းစင်နေသည်။

သူ့ကို နေကောင်းရဲ့လား စိုးရိမ်ပေးဖော်ရတာအတွက်လည်း တစ်ခါမှ မခံစားဖူးတဲ့ သံယောဇဉ်ပီတိနှင့် ယုဝရင်ထဲ ကြည်နူးမိလေသည်။

"ချစ်စစ်အပေါ် ရိုးသားတာ မရိုးသားတာ မင်းကိစ္စပါ၊ ငါကတော့ ဘယ်လိုနေပါလို့ မတောင်းဆိုပါဘူး၊ ဒါပေမဲ့ ချစ်စစ်ကတော့ မင်းကို ယုဝလို့ထင်နေလို့သာ တရင်းတနှီးဆက်ဆံတာပေါ့၊ သုမ ဆိုရင် သူနဲ့မင်းက သူစိမ်းပဲ၊ မင်းနားလည်ပါတယ်နော်"

သုမက အောင့်သက်သက် နင့်တင့်တင့်နှင့်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"နားလည်ပါတယ်ဗျာ"

"အေးကွာ၊ မင်း အဆင်ပြေရင်ပြီးရော၊ ငါ အဲဒါသိချင်လို့ဆက်တာ"

"ဒီဖုန်းနံပါတ်နဲ့ ခင်ဗျားဆီ ဆက်သွယ်လို့ရလား"

"မရဘူး၊ နက်ဖြန်ဆို ငါ ဒီနားတစ်ဝိုက်မှာ မရှိတော့ဘူး"

"ခင်ဗျား အခု ဘယ်မှာလဲဟင်"

"မင်းကိုတော့ ပြောပြပါ့မယ်၊ ငါ အခု အောင်ပန်းမှာ"

"ဟင် ... ခင်ဗျားက အညာဘက်သွားတာဆို"

"အညာမှာ တစ်မြို့ပြီးတစ်မြို့ ကူးအပြီး အခု ရှမ်းပြည်နယ်ဘက် ရောက်လာပြီ၊ နောက် ချင်း၊ ကချင်တွေဘက်လည်း ရောက်ရင် ရောက်သွားမယ်၊ ဘာမှမပြောနိုင်ဘူး"

"ဒါဆို ခင်ဗျား မကြာ မကြာ ဖုန်းဆက်ပါဗျာ"

"အင်း ... ငါ ကြိုးစားပါ့မယ်"

"ခင်ဗျား နေကောင်းတာတော့ သေချာပါတယ်နော်"

ယုဝ ရင်ထဲ အနည်းငယ် ဝမ်းနည်းထိခိုက်သလို ခံစားလိုက်ရပါသည်။

"ကျွန်တော် စိတ်ပူပူနေမိလို့ မေးတာပါ"

"ကျေးဇူးပဲကွာ၊ ငါ့အတွက် မပူပါနဲ့၊ ကြီးကြီးနဲ့ အဆင်ပြေအောင်နေပါ"

"ဟုတ်ကဲ့"





တစ်ဖက်က လိုင်းပြတ်သွား၍ သူကေ ဖုန်းပိတ်ပြီး ကားပေါ်လာထိုင်သည်။ ချစ်စစ်က သူ့ကို စူးစူးလေးအကဲခတ်နေကာ ...

"နင် နိုင်ငံခြားကရောက်တာ မကြာသေးဘဲနဲ့ နယ်က ဘယ်သူ့ဆီကဖုန်းတွေ လာနေတာလဲ၊ ဖုန်းပြောတဲ့ နင့်မျက်နှာကလည်း ဆီးရီးယပ်စ် ဖြစ်နေတယ်"

"အသိတစ်ယောက်ပါ"

"ဘယ်အသိလဲ"

"နင်မှ မသိတာဟာ၊ ဟိုမှာ သိလာတာပါ"

ချစ်စစ်က ခေါင်းလေးကစ်ချက်ဆတ်ရင်း ...

"အင်းလေ ... နင့်ကိစ္စတွေ ငါ မစပ်စုပါဘူး၊ ဒါပေမဲ့ နင့်ကိုကြည့်ရတာ ငါ့ရင်ထဲမှာ ထူးဆန်းတဲ့ ခံစားချက်တစ်မျိုး ရရနေတယ်၊ နင်က ဟိုးတုန်းက ကျူရှင်အတူတက်ဖူးကဲ့ ငယ်သူငယ်ချင်း ယုဝနဲ့ သိပ်မတူတော့သလိုပဲ၊ Strange ဖြစ်တဲ့ ခံစားမှုတစ်ခု ငါ ရနေတယ် ယုဝ၊ ဒါပေမဲ့ နင့်ရဲ့ ခပ်ပုံစံကိုလည်း ငါ သဘောကျပါတယ်"

သူ့ရင်ထဲ ပူနွေးရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၂

မနက် ဘရိတ်ဖတ်စ်စားပွဲမှာ အတူဆုံတွေ့ကြစဉ် ကြီးကြီးက ပြောပါသည်။

"ယုဝ ... ညနေကျ ချစ်စစ်တို့အိမ်မှာ ထမင်းစားဖိတ်ထားတာ သွားရမယ်"

သူမက ကြီးကြီးကို လှမ်းကြည့်ရင်း ...

"ချစ်စစ်က မပြောပါဘူး ကြီးကြီး"

"သူပြောပြော မပြောပြောပေါ့ ယုဝရယ်၊ အခု ကြီးကြီး ပြောနေပြီပဲ"

"ဪ ... ကျွန်တော် ဆိုလိုတာက ချစ်စစ်မေမေ အန်တီမာလာက ကြီးကြီးကိုပဲ ဖိတ်တာဖြစ်ပါလိမ့်မယ် ထင်လို့ပါ"

"မင်းလည်းပါတယ်"

သူမက စားသောက်နေရင်းက အနည်းငယ် ဆုတ်ဆိုင်းသွားကာ ...





"ကျွန်တော် မလိုက်လို့ မရဘူးလား ကြီးကြီး"

"သွားစရာကိစ္စ ရှိလို့လား"

"မရှိပါဘူး"

"မရှိရင် လိုက်ခဲ့ပေါ့၊ မာလာက မမကြီးတစ်ယောက်တည်း ပဲလာခဲ့၊ ယုဝ မခေါ်ခဲ့နဲ့လို့ ပြောပါ့မလား၊ တူဝရီးနှစ်ယောက်လုံးဆိုပြီး ဖိတ်တာပေါ့"

"အကြောင်းထူးကိစ္စရော ရှိလား ကြီးကြီး"

"တိုင်ပင်စရာလေးတွေ ရှိတယ်"

"ဗျာ"

တိုင်ပင်စရာ ဆိုတာနှင့် လန့်သွားပုံရတဲ့ သူမပုံစံကို ကြီးကြီးက အမြင်ကတ်သလို မျက်စောင်းချိတ်ကာ ကြည့်လိုက်ရင်း ...

"ငွေဆောင်က ဟိုတယ်ကို ဦးအိုက်မောင်က ငွေပြန်အမ်းထုတ်ချင်နေတယ် ပြောတယ်၊ အဲဒါ သူ့နေရာမှာ ရှယ်ယာပါတနာတစ်ယောက်ရှာပြီး လူစားသွင်းဖို့ကို သိပ်စိတ်မကူးချင်တော့ဘူး၊ အဲဒီကိစ္စ တိုင်ပင်ဖို့ရှိတာနဲ့ မာလာနဲ့ချိန်းလိုက်တာ၊ မဆုံကြတာလည်း ကြာပြီဆိုတော့"

"ငွေဆောင်ကဟိုတယ် ! ဪ ... အဲဒါ အန်တီမာလာနဲ့က !! "



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးရယ် မာလာရယ် ဦးအိုက်မောင်းရယ် သုံးဦးရှယ်ယာလေ၊ မင်းလည်းသိရဲ့သားနဲ့၊ မင်းတို့ ကိုးတန်းနှစ်က စ,ကြတာလေ"

ဪ ...။

ချစ်စစ်ရဲ့မိဘများနှင့်က ဒီလိုစီးပွားရေးအရ လက်တွဲပတ်သက်မှုလည်း ရှိတာကိုး။

"မင်းကို သီးသန့်သေချာ ခေါ်တာနော် ယုဝ၊ ကြီးကြီးကားမကောင်းလို့ မင်းကားနဲ့ လိုက်ပို့ပေးစေချင်လို့ လိုက်ပို့ရမယ့်တူတူ ထမင်းစားပွဲပါ တစ်ခါတည်း ဖိတ်လိုက်တဲ့သဘောလို့ မတင်နဲ့ဦး"

"ဟုတ်တဲ့ပါ၊ မထင်ပါဘူး ကြီးကြီး၊ ကြီးကြီးကားလည်း ကောင်းသွားပါပြီ"

"ဘယ်လိုကောင်းသွားတာလဲ၊ ဒီနေ့မှ ဦးစိုးကို ဝပ်ရှော့ပို့ခိုင်းမှာလေ"

"မနက်စောစောက ကျွန်တော်နဲ့ ဦးစိုး ကားကိုကြည့်ပြီး ပြင်ကြည့်လိုက်တာ ကောင်းသွားပါပြီ ကြီးကြီးရဲ့"

"ဟင် ... ဦးစိုးက ဘာတတ်လို့လဲ၊ ဆီပျောက်မီးပျောက်တောင် မရတာပဲဟာ"

"ကျွန်တော်လည်း နည်းနည်းပါးပါး ကြည့်တတ်ပါတယ်"

"မင်းက ဘယ်တုန်းက တတ်တာလဲ"





ဒေါ်ခင်ခင်ကြီးက အံ့အားတသင့်မေး၍ သုမှာ အပြောလောသွားတာကို ကမန်းကတန်း ဘရိတ်အုပ် အရှိန်သတ်ရသည်။

"နည်းနည်းပါးပါး ဟိုကလိဒီကလိနဲ့ ကံကောင်းပြီး ရွတ်ရွတ်ကောင်းသွားတာပါ ကြီးကြီးရာ၊ ဒီလောက်ကြီး ခက်ခက်ခဲခဲ မဟုတ်လို့ပါ"

"ဒါပေမဲ့ ဟိုမှာတောင် မင်းက ကားမောင်းတာမကြာသေးတော့ ဒီကျတော့လည်း ဘယ်ကပ် ညာကပ်တွေ ကြောင်တယ်ဆိုပြီး ကားမောင်းတာတောင် အနိုင်နိုင် မဟုတ်လားယုဝရဲ့၊ ဘယ်တုန်းကများ ကားစက်တွေ ဘာတွေ နားလည်လို့လဲ"

သုမှာ ပန်းတွန့်ရင်း ...

"ကြီးကြီး ... ကြည့်ကြည့်ဦးလေ၊ ကောင်းတော့ ကောင်းသွားတာပဲ"

စကားရောဖွဲ့ရောနှင့် ကြီးကြီးရှေ့မှောက်က စောင်းကန်းကန်းနှင့် လစ်ထွက်ခဲ့ရပါသည်။ သုမှာ ကားကို ကျွမ်းကျွမ်းကျင်ကျင် ပြင်တတ်နေတာ ကြီးကြီး ရိပ်မိမသွားပါစေနှင့်။

ဒေါ်ခင်ခင်ကြီးက မယုံနိုင်သလိုနှင့် အိမ်ရှေ့ထွက်လာခဲ့ရင်း ...

"ဦးစိုး ကားဘယ်လိုလဲ အခြေအနေ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသွားပြီလေ မမကြီး၊ ယုဝ မနက်က ပြင်တာပဲ"

"ဟင် ... သူ ပြင်တာ ဟုတ်လား၊ တခြားဘယ်သူမှ မပါ ဘဲနဲ့"

"တော်တော်ကျွမ်းတာပဲ မမကြီးရ"

"ရှင်ရော ဝိုင်းကူတာ မဟုတ်လား"

"ကျွန်တော်က ဘေးကနေ ပလာယာယူပေး စပန်နာယူ ပေးလေ၊ ဘာလုပ်တတ်မှာလဲ မမကြီးရာ"

ဦးစိုးဟာ ဒေါ်ခင်ခင်ကြီး တစ်ခါတစ်ရံမှ ခေါ်မောင်းနိုင်သည့် ရုံးဒရိုင်ဘာပါ။ အိမ်အတွက် ဒရိုင်ဘာသီးသန့်ထားမနေတော့ဘဲ ရုံးသွားရုံးပြန် များသောအားဖြင့်တွေကို ဒေါ်ခင်ခင်ကြီး ကိုယ်တိုင်ပဲ မောင်းတာပါ။

ဒေါ်ခင်ခင်ကြီးက ကားပေါ်တက်ကာ စက်နှိုးကြည့်ရင်း အံ့အားတသင့် ဖြစ်နေမိပါသည်။

(၁၂)

အခန်းတစ်ခုထဲမှ အပြေးလေးထွက်လာသော ချစ်စေသည် သုခကို နှာခေါင်းလေးရှုံ့ပြုံးပြရင်း ကြီးကြီးနံဘေးဝင်ထိုင်လျက် ကြီးကြီးခါးကိုဖက်ကာ ...

"ကြီးကြီး ပရက်ရှာ ချိန်ဦးမလား"





"အလိုတော် ... ရတ်တရက် ဆိုင်းမဆင့် ဗုံမဆင့် ကြီးကြီး သွေးတိုးမနေပါဘူး သမီးရဲ့"

"အင် ... ဒက်ဒီလည်း ဒီလိုပဲပြောပြောပြီး သွေးကတက် တက်နေတာပဲ၊ ခုပဲ ဒက်ဒီကို ပရက်ရှာတိုင်းလာလို့ ပြောတာပါ"

"ဦးမျိုးစစ်က သွေးဘယ်လောက်တောင် တက်နေလဲ"

"ဝမ်းဖောတိ နိုင်းတီ"

ခုနအခန်းထဲကပဲ ဦးမျိုးစစ်ပါ ထွက်လာကာ ...

"ဝမ်းဖောတိ နိုင်းတီလောက်ကို မမရယ် အိမ်ကဆရာဝန်မက အရမ်းကို အရေးသယ်နေတော့တာပဲ၊ သွေးအရမ်းတိုးတယ် တိုးတယ်နဲ့၊ ဒက်ဒီက ဒီလောက်နဲ့ နေရထိုင်ရတာ အိုကေပါ့ပဲ သမီးရဲ့"

"သွေးတိုးနေတာကို သိပြီး လူက ခေါင်းကိုက်နေတာမျိုးဆိုရင် ကိုယ့်သွေးတိုးတာကို ကိုယ်သတိရှိနေတော့ လိုအပ်တဲ့ ထိရိမ်နဲ့ လုပ်နိုင်တယ်၊ သွေးကတိုးနေပြီး လူကနေလို့ကောင်းနေတယ် ဆိုတာက ဒီသွေးကို ကိုယ်ကလက်ခံနေနိုင်သွားပြီ၊ ယဉ်သွားပြီဆိုတဲ့ သဘောဖြစ်နေလို့ ရုတ်တရက် သွေးတက်လာရင် မသိလိုက်ဘဲ မကုသမိဘဲ ရှိတတ်တာ ဒက်ဒီရဲ့၊ သွေးတိုးနေရက်နဲ့ ခံစားချက်က အိုကေကို ဖြစ်မနေရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ"

"ဒက်ဒီနော်"

"ယုဝရေ ... ဘယ့်နှယ်လဲဟေ့၊ မင်းလည်း သူ့လက်ချ
ဟိုစစ် ဒီစစ် ခေါင်းတွေ ဦးနှောက်တွေတောင် ရိုက်စစ်လို
ရသေးတယ်ဆိုကွ ... ဟား ဟား"

သူမက ပြုံး၍ခေါင်းညိတ်လိုက်ရပါသည်။

"စစ်လိုက်လို့ ဘာမှဖြစ်မနေတော့ စိတ်မအေးရဘူးလ
ဒက်ဒီ၊ သူက လူကို မသက်သာအောင် စိတ်ပူအောင် က
ကရောင်တွေ လုပ်နေတာကိုး"

"သား ဟိုတလောက ခေါင်းတွေကိုက်ကိုက်နေတာ ဆို
ရော အခု ကောင်းသွားပြီလား သား"

"ဟုတ်ကဲ့ ... ကောင်းသွားပါပြီ အန်တီ"

"မကိုက်တော့ဘူးပေါ့"

"ဟုတ်ကဲ့"

"သူ့ရုပ်ကြည့်လိုက်ရင် အသိသာကြီးလေ မာမိရဲ့၊ အ
ရုပ်က ကြည်လင်နေတာပဲဟာကို၊ ဟိုတလောက ပြန်ရော
ကာစက ကောင်းမှမကောင်းတာ"

"ဦးမျိုးစစ်ရေ ... လူကြီးတွေလည်း အသက်ကကြီးလာ
ကျန်းမာရေးတွေလည်း ထောက်လာကြပြီဆိုတော့ စိ
စရာရှိတာလေးတွေ စီစဉ်ကြမှနဲ့ တူပါရဲ့"





ဒေါ်ခင်ခင်ကြီး စကားကြောင့် ချစ်စစ်က ဒေါ်ခင်ခင်ကြီးကို ဖက်ထားတဲ့ လက်လေးဖြေကာ လူက ရှက်တက်ဇက်ကုပ်ချိချိလေးလို ဖြစ်သွားရပါသည်။

"ဟုတ်ပါရဲ့ မမကြီးရယ်၊ မမကြီးသာ ကြည့်အစီအစဉ်ဆွဲပါဦး"

သူမသည် ချစ်စစ်နှင့် ဖျတ်ခနဲ မျက်လုံးချင်းဆုံသွားကာ သူ့ရင်ထဲမှာ ဒိုင်းခနဲ တုန်ဟည်းသွားရပါသည်။ ချစ်စစ်ရဲ့ ပုံစံလေးကလည်း သူ့လိုပဲ ရင်ခုန်ရှက်ရွံ့သွားတဲ့ပုံပင်။ အမြဲသွက်လက်ချက်ချာနေသူလေးက မျက်လွှာချပြီး နှုတ်ဆိတ်ငြိမ်ကုပ်သွားတာ ကြည့်ပါလား။

"ဦးအိုက်မောင် ရှယ်ယာကိုတော့ မမ စဉ်းစားတာ လူသစ်ဝင်ခံမနေတော့ဘဲ ဦးမျိုးစစ်တို့ မာလာတို့ရယ် မမရယ် တစ်ဝက်စီပဲ ပြန်ရှယ်လိုက်ကြမလားလို့လေ၊ စုစုပေါင်း အားလုံးတစ်ယောက်တစ်ဝက် ဖြစ်သွားတာပေါ့၊ အဲဒီရှယ်ယာစုကိုတော့ သူတို့နှစ်ယောက်နာမည်နဲ့ ထားပေးလိုက်တော့မယ်လေ၊ မကောင်းဘူးလား"

"အင်းလေ ... ဟုတ်တယ်၊ မထူးဘူးလေ၊ သူတို့ကိစ္စလည်း မြန်မြန်လေး စီစဉ်၊ ရှယ်ယာတစ်ခုကိုလည်း သူတို့နာမည်ပေါ့"

ချစ်စစ်က သူ့အမေကို မျက်စောင်းလေးရွယ်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးတစ်ဝက် မာမီတို့တစ်ဝက် ပြန်ထည့်မှာပဲ ရှယ်ယာရှင်နှစ်ဦး တစ်ယောက်တစ်ဝက်လို့ပဲ လုပ်လို လည်း ရှင်းနေတာကို"

"မရှင်းဘူး၊ အဲဒါက ရှုပ်တာ၊ စပြီးအစုစပ် ဖွဲ့စည်းကတည်း က စာချုပ်စာတမ်းနဲ့ရုံးတွေမှာ သုံးဦးရှယ်ယာဆိုတဲ့ အချ ပေါက်ပြီးသား၊ ဦးအိုက်မောင်က သူ့ရှယ်ယာကို ဦးမြ ရောင်းလိုက်တယ်၊ ဦးလှကို လွှဲလိုက်တယ် စသဖြင့် လု တာက ပိုပြီးလွယ်ကူတာ၊ ဒါကြောင့် သမီးတို့နှစ်ယော ကို လွှဲပြောင်းရောင်းချလိုက်တယ်လုပ်မယ် ပြောတာပေါ့ ဦးအိုက်မောင် ရှယ်ယာကိုဖျက်၊ ဒေါ်ခင်ခင်ကြီးထဲတစ်ဝက် ဒေါ်ခင်မာလာထဲတစ်ဝက် ခွဲထည့်ဆိုတာ စာချုပ်စာတမ်း လုပ်ထုံးလုပ်နည်းအရ ရှုပ်ဘယ်"

"ရှုပ်နေတာပဲ မာမီတို့ဟာတွေက"

"မရှုပ်ပါဘူးအေ၊ ရှင်းရှင်းလေးပါ၊ ညည်းသဘောမပေါက် တာပါ"

"သဘောပေါက်ပါတယ် မာမီရယ်၊ အဲဒါဆိုရင်လည်း ချစ်စစ်တို့နှစ်ယောက် နာမည်နဲ့ အစုတစ်စုလုပ်မှာ မဟုတ် ပါဘူး၊ ကြီးကြီးနဲ့ မာမီ နာမည်ပေါင်းပြီး တစ်စုလုပ်လိုက် လည်း ရတာပဲပေါ့၊ မဟုတ်ဘူးလား"

"ရောင်ကွေ့ထွက်ဖို့ ကြိုးစားမနေနဲ့ ချစ်စစ်ရေ၊ ညည်းဉာဏ် ဒါအကုန်ပဲလား၊ မရဘူး ... မရဘူး"





ကြီးကြီးက သူ့ဘက် လှည့်ကြည့်ရင်း ...

"သားတို့ချင်းလည်း သေသေချာချာ တိုင်ပင်ဆွေးနွေးတော့ အချင်းချင်း သေချာစကားပြောဖို့လိုတယ်၊ ဟုတ်ကဲ့ပါ၊ ကြီးကြီးစကား နားထောင်မှာပါ၊ မငြင်းပါဘူး ဆိုတာ လောက်နဲ့ ပြီးနေလို့ မရဘူး၊ တိုင်ပင်စရာရှိတာတိုင်ပင်၊ ပြီးရင် အကြမ်းဖျဉ်းအချိန်ကာလလေးတစ်ခု သတ်မှတ်၊ အကြမ်းဖျဉ်း အစီအစဉ်လေးဆွဲ၊ ကြားလား ယုဝ"

"ခင်ဗျာ ... ဟုတ်- ... ဟုတ်ကဲ့"

"ချစ်စစ်လည်း ကြီးကြီးပြောတာ ကြားတယ်နော်"

"ဟုတ်ကဲ့"

ချစ်စစ်က သူ့ဘက် လှည့်ကြည့်ရင်း ...

"ယုဝ ... လာဦး၊ ငါတို့ သတ်သတ်စကားပြောရအောင်"

ချစ်စစ်က ဦးဆောင်ကာ အိမ်ပြင်ထွက်ဖို့ ထ၊ လျှောက်သွားပြီမို့ သူက နောက်က ထ,လိုက်ပါရပါသည်။

"သားတို့ ခဏနေရင်တော့ ထမင်းစားဖို့ ပြန်တက်ခဲ့ကြ"

"ဟုတ်ကဲ့ အန်တီ"

ချစ်စစ်က ဒန်းကလေးဆီ ဦးဆောင်လျှောက်သွားကာ ထိုင်နှင့်သည်။ သူက နောက်ကလိုက်လာကာ တစ်ဖက် ဒန်းနားမှာ ဝင်ထိုင်လိုက်ပါသည်။ သူသည် ရင်လည်းခုန်ချင် စိတ်တွေလည်းကျဉ်းကျပ် တစ်စုံတစ်ရာကိုလည်း ခံစားနေရကာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မလန်းဆန်း မရွှင်ပျနိုင်ဘဲ ခေါင်းငိုက်စိုက် ဖြစ်နေပါသည်။

"ဟဲ့"

"........"

"ယုဝ"

"........"

"ဘာလဲ ... နင်က ကြီးကြီး မင်္ဂလာကိစ္စ ပြောတာကို ဒီလောက်ကြီးထိအောင်တောင် စိတ်ဓာတ်တွေ ကျနေတာလားဟင် ယုဝ"

"အဲ့ဒီလို မဟုတ်ပါဘူး"

ချစ်စစ်သည် သုဓာက် မှုန်တေတေလေးကြည့်ကာ မျက်စောင်းလည်း တစ်ချက်ထိုးလိုက်မိပါသည်။ မတုန်မလှုပ် ကျောက်ဆစ်ရုပ်ကောင်ဒီ။

ချစ်စစ်အဖို့တွင်မူ ငယ်ငယ်ရွယ်ရွယ် အချိန်လောက်ကတည်းက မာမီ ပြောဆိုနေသမျှတို့ကို တဖွဖွ နားရည်ဝနေ၍ "ယုဝ ဆိုတဲ့ကောင်ကလေးဟာ ဒက်ဒီမာမီတို့ သဘောတူကြတဲ့ ကောင်ကလေး၊ ကြီးရင် ချစ်စစ်နှင့် လက်ဆက်ပေးဖို့ ရည်ရွယ်ထားသူ"ဆိုတဲ့ အသိက ခေါင်းထဲ အစောကြီးစွဲနေပါသည်။

ယောက်ျားလေးတစ်ယောက်ကို ကြိုက်တယ် မကြိုက်ဘူး နားမလည်ခင်ကတည်းက ကြီးလာရင် ဒီကောင်လေးဟာ ငါနဲ့ချစ်ကြိုက်ရမယ့် ကောင်ကလေးပါလားရယ်လို့ နားလည်လက်ခံထားပြီးသားလို ဖြစ်နေပါသည်။ ဒါဟာ သူ့ကိုချစ်နေတာလားဆိုတော့လည်း အဲသလို မဟုတ်ပါ။ တစ်နေ့ ကိုယ်ချစ်ရမယ့်သူလို့ လိမ်လိမ်မာမာ ခံယူထားတာမျိုးပါ။

ဆယ်တန်းအရွယ်လောက်ရောက်တော့ ဝိုင်းတူတူ တက်ရင်း အရင်ထက်လည်း ခင်မင်ရင်းနှီးလာတဲ့အခါ ယုဝဟာ စိတ်ဓာတ်ကောင်းကောင်းလေးနှင့် လူတော်လေးတစ်ယောက်ဆိုတာ အနီးကပ်ပေါင်းရင်း သိလာရ၍ ရွယ်တူချင်းပေမယ့် လေးလေးစားစား သဘောကျတဲ့စိတ်မျိုး သူ့အပေါ် ရှိခဲ့တာပါ။

တခြားသူငယ်ချင်းယောက်ျားလေးတွေနှင့်ယှဉ်လျှင် ယုဝအပေါ် ကိုယ်ကပိုပြီး နှစ်လိုခင်မင်မိသလို ယုဝကလည်း ချစ်စစ်အပေါ် တခြားမိန်းကလေး အားလုံးထက် တရင်းတနှီးထားပြီး သံယောဇဉ်ပိုတယ်လို့တော့ ခံစားရပါသည်။ ဒါပေမဲ့ ရင်ခုန်တဲ့စိတ် ချစ်တဲ့စိတ် ဆိုတာမျိုးတော့ ဖြစ်ပဲမဖြစ်တတ်သေးလို့လား၊ နှင့်နှင့်သည်းသည်း မခံစားခဲ့ရဖူးတာ အမှန်ပါ။

ဆယ်တန်းအောင်အပြီး ယုဝ နိုင်ငံခြားထွက်သွားတော့လည်း အကြောင်းတိုက်ဆိုင်လျှင် သတိရစရာအဖြစ်ကလေးတွေပေါ်လာတတ်တာကလွဲလို့ လွမ်းလှချည်ရဲ့တော့မဟုတ်။ ဆေးကျောင်းတက်နေတဲ့ ကျောင်းသူတစ်ယောက်အဖြစ် ချစ်စစ်ကို စိတ်ဝင်စားသူ လိုက်တဲ့သူတချို့ ရှိပေမယ့် ချစ်စစ် လုံးဝစိတ်မဝင်စားပါ။







www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ရိုးရိုးရှင်းရှင်း ပြတ်ပြတ်သားသား ငြင်းလွှတ်ပစ်လိုက်တာပင်။ နှစ်တွေကြာလာတဲ့အခါ ယုဝ မြန်မာပြည်ပြန်လာဖြစ်၊ မပြန်လာဖြစ် သိပ်မရေရာလှတဲ့သဘော ကြီးကြီးထဲကသိတော့ မာမီက ...

"ငါ့သမီးလေးကို ယုဝနဲ့ အရမ်းသဘောတူပါတယ်ဆိုမှ ဒီကလေးက ဟိုမှာများ အခြေချသွားရင်တော့ ပေးစားမရတော့ဘူးပေါ့။ ယုဝကလည်း ပညာတွေသင်ပြီး ပြန်လာရောပေါ့၊ သူ့ကြီးတော် အလုပ်အကိုင်တွေလည်း ဆက်ခံရမယ့်ဟာကို စိတ်တောင်မကောင်းနိုင်ဘူး"

ရံဖန်ရံခါ ဤသို့ ညည်းညူနေတတ်လျှင် ဒက်ဒီကတော့ ...

"မင်းကလည်းကွာ၊ လောကမှာ ယုဝ တစ်ယောက်ပဲ သမက်တော်စရာရှိလား၊ ဘာများချွန်ချွန်မွှန်မွှန် မက်စရာရှိလဲ၊ လူကြီးချင်း ခင်မင်ရင်းနှီးပြီး မမကြီးကို ခင်မင်လေးစားရတာနဲ့ ကိုယ့်မျက်စိအောက် ကြီးလာတဲ့ကလေးဆိုတဲ့ အချက်လေးနဲ့ ဒါပဲရှိတာကို သူမှသူ မက်နေလောက်စရာတော့ ငါဖြင့်မတွေ့ပေါင်ကွာ"

"မာလာက ယုဝကို ရုပ်ကလေးကိုကို ချစ်တာ၊ သန့်ပြီး ဘယ်လိုမျက်နှာကလေးမှန်းကို မသိတာ၊ ပုဂ္ဂလသံယောဇဉ် ကိုဖြစ်တာ အစ်ကိုရဲ့၊ အစ်ကိုလည်း ယုဝက လူရည်သန့်



လေးနဲ့ ခေတ်လူငယ်ရယ်လို့ ဟီးလားဟားလားမရှိ တည်တည်ကြည်ကြည်ကလေးဆိုပြီး သဘောကျတာပဲ မဟုတ်လားလို့"

"သဘောကျတာတော့ ကျတာပဲလေ၊ ကံတရားရှိတော့လည်း သမက်တော်ရတာပေါ့ကွာ၊ မရှိတော့လည်း မတော်ဘူးပေါ့ကွာ၊ ဒါပဲပေါ့"

"အင်းပါ၊ ဒီထက်လည်း ဘာတတ်နိုင်တာမှတ်လို့၊ မာလာကလည်း ပါးစပ်က ထုတ်ညည်းဖြစ်တာလေးပါ"

နောက်ပိုင်း ယုဝနဲ့ အင်တာနက်အွန်လိုင်းကတစ်ဆင့် ပြန်လည်တွေ့ဆုံနှုတ်ဆက်ဖြစ်ကြတော့ ချစ်စစ် ဝမ်းသာပါသည်။ အရမ်းကြီး အဆက်မပြတ် မဟုတ်ပေမယ့် မကြာမကြာလေးတော့ တစ်ယောက်ကိုတစ်ယောက် လှမ်းနှုတ်ဆက်ဖြစ်ကြပါသည်။ အဲဒီတုန်းက "နင်ပြန်လာဖို့ အစီအစဉ်ရှိလား"လို့ ချစ်စစ်ကမေးတော့ ယုဝက "မသေချာသေးပါဘူးဟာ"တဲ့။

သို့ပေမဲ့ ယုဝ မြန်လာတော့မည်လို့ ကြားသိလိုက်ရတော့ သိသိချင်း ချစ်စစ်ရင်ထဲ ဒိတ်ခနဲတော့ ခုန်သွားပင်။ ဝမ်းလည်းသာပါသည်။ သူ့ကို ချစ်နေလွမ်းနေလို့လားဆိုကော့လည်း မဖြစ်နိုင်ဘူးပဲ ထင်ပါသည်။

ချစ်စစ်ရဲ့ခံစားချက်က သူဟာ ကိုယ်လက်ထပ်ရမယ့် ခင်ပွန်းလောင်း၊ ကိုယ်နဲ့ပတ်သက်ရမယ့် ယောကျ်ားဆိုဒ့

www.burmeseclassic.com

www.burmeseclassic.com



အသိက ငယ်ကတည်းက တစ်သက်လုံးစာ စွဲနေခဲ့တာမျိုးပါပင်။ အခု သူ ပြန်လာမယ်ဆိုတော့ ချစ်စစ်အဖို့ ကျပျောက်သွားတဲ့ အဖိုးတန်ပစ္စည်းလေး ပြန်တွေ့သလို ခံစားရသည်။

ပြန်ရောက်လာတဲ့အခါမှာ ယုဝဟာ မှန်တောတော ပေကတ်ကတ်လိုလိုနှင့် တစ်မျိုးကြီး စိတ်ပျက်စရာ။ အေးတိအေးစက်နှင့် ချစ်စစ်အပေါ်လည်း ခပ်တန်းတန်းသာ။ ဒီတော့ ကိုယ့်ဘက်ကလည်း အခြေအနေကြည့်ကျက်ပြီး ခပ်စိမ်းစိမ်းကလေးသာ နေလိုက်တာပေါ့။

ကြီးကြီး စီစဉ်တဲ့အတွက် အတူသွားလာ စားသောက်ရတာလေးတွေ အတူတူ ရှော့ပင်ထွက်ရတာလေးတွေ ရှိတဲ့အခါမှာတော့ မလိုက်ချင် မသွားချင်ပုံ မပေါက်ပြန်ပါ။ ယုဝရဲ့စိတ်ကို အင်မတန်မှ ခန့်မှန်းရခက်ပါသည်၊

ဟော ... အဲသလိုနဲ့ တဖြည်းဖြည်းနဲ့တော့ သူ့ပုံစံဟာ ချစ်စစ်အပေါ် ပူနွေးလှုပ်ခတ်လာခဲ့သား။ သူ့အကြည့်တို့ဟာ ချစ်စစ်အတွက် ရွှန်းတောက်လက်ဖြာလာသား။ အပြုအမူ အပြောအဆိုလေးတွေမှာ ရင်ခုန်စရာ ရိုးတိုးရိတ်တိတ်လေးတွေ နိုးကြောင်နိုးဝှက်ပါလာခဲ့သား။

သူက ဒီလိုဆိုတော့ ချစ်စစ်လည်းပဲ ရင်ခုန်တာပေါ့။ ပူနွေးတာပေါ့။ သူ့ရဲ့ချစ်စရာကောင်းမှုလေးတွေကို ခံစားတုံ့ပြန်မိတာပေါ့။ ဒါပေမဲ့ ခက်တာက သူက လူကြီးတွေလည်း အင်မ





ဟန်နှစ်ထောင်းအားရ လိုလားတာကိုသိပါလျက် ဒီထက်တော့ ရှေ့တိုးမလာတာ။ မျိုသိပ်နေတာ။

မျိုသိပ်နေတာလို့ စွပ်စွဲလို့ရလောက်အောင် သူ့မျက်ဝန်းမှာ သူ့အပြုံးမှာ သူ့စကားမှာ သူ့အပြုအမူတွေမှာ အရိပ်အရောင်များစွာကို ချစ်စစ် တွေ့ထားရပြီးနေပါပြီ။ ဘာကိုငဲ့ညှာထောက်ထားနေလို့ ဒီအခြေအနေမှာ လိုအပ်နေတဲ့ စကားလေးတစ်ခွန်းနဲ့ သူ မပွင့်လင်းလိုက်ပါလိမ့်လို့ နားမလည်နိုင်ပါ။

မပွင့်လင်းလိုက်တဲ့အပြင် တစ်ခါတလေများ သူ စိတ်ပါလက်ပါ စီးမျောနေတဲ့ အခြေအနေတစ်ခုကပင် ဖြုန်းဆိုချက်ချင်း ဘရိတ်အုပ်ပြီး ရုပ်ပါပြောင်းသွားတတ်သေးတာကကော။ မကောင်းတာတစ်ခုကို လုပ်မိနေသလို အပြစ်မကင်းတဲ့ရုပ်နှင့် ဟိုချောင်ဒီချောင်တိုးတော့မလိုလို ဟန်မူရာမျိုးကကော။

အဲဒီလို ဆန်းကြယ်ထူးခြားတဲ့ သူ့လက္ခဏာတွေကြောင့်ပဲ ချစ်စစ်က သူ့ကို တစ်ချိန်နဲ့တစ်ချိန် စိတ်ချင်းမှတူရဲ့လား၊ သူ့ဦးနှောက်မှာ ရှောခ်တစ်ခုခုများ ရှိနေပြီလားလို့တောင် သံသယဝင်ဝင်လာမိပြီး သူမေ့တာ လျော့တာ ခေါင်းကိုက်တာစတဲ့ အရင်ကအဖြစ်အပျက်တွေကိုပါ ပေါင်းရုံးပြီး မရေမရာဆေးစစ်တဲ့အထိ လုပ်မိတာလေ။

ခုလည်းကြည့် ...။

"နှင် ဘာဖြစ်နေတာလဲ ယုဝ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာဖြစ်လို့လဲ ချစ်စစ်ရယ်"

"နင့်ရုပ်က ခေါင်းဖြတ်စက်အောက် ရောက်နေသလိုပဲ ဘယ်တော့ ဓားသွားကြီး ပြုတ်ကျလာမလဲလို့ ရင်ထိတ်ပြီး ချွေးသီးချွေးပေါက်ကျနေတဲ့ပုံလေ"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ အဲဒါ ဘာဖြစ်တာလဲပြော"

"အာ ... ကြီးကြီးက အန်ကယ်ရှေ့မှာပါ ဖြောင်ကြီးပြောချနေတော့ ငါက ..."

"အဲဒါ ဘာဖြစ်လဲ၊ ဒက်ဒီ မသိတဲ့ကိစ္စမှ မဟုတ်ဘဲ၊ ပြီးတော့ ကြီးကြီးက ဒီလိုပဲ ပြောချနေကျပဲ၊ ဒီမှာ နင် ဒီဘက်လှည့်ပြီး ငါ့ကိုကြည့်စမ်း ယုဝ"

သူမက ချစ်စစ်ကို လှည့်ကြည့်လိုက်ပါသည်။

"နင် ငါ့ကို ခါးခါးသီးသီး မယူချင်နေတာလားဟင် ယုဝ"

"ဟာ ... အဲသလို မဟုတ်ပါဘူးဟာ၊ ငါ နင့်ကို၊ ငါ နင့်ကို"

"ဘာဖြစ်လဲ"

"မယူချင်ပဲ နေပါ့မလား"

"နင်က ခါးသီးနေရင် ငါကလည်း နင့်ကို ဇွတ်မယူပါဘူးဟဲ့၊ စိတ်အေးအေးထားစမ်းပါ၊ နင့်ပုံစံက မျက်စိမျက်နှာပျက်နေတာ ရူးသွားမှာတောင် ကြောက်ရတယ်"





ချစ်စစ် ရင်ထဲ အောင့်သက်မိပါသည်။

"နင်ထင်သလို မဟုတ်ပါဘူး ချစ်စစ်ရာ။ ငါ့ဟာနဲ့ငါ တခြားစိတ်ရှုပ်စရာရှိလို့ပါ"

"နင့်စိတ်ရှုပ်စရာက ဒီစကားပြောမှ အချိန်ကိုက်ပေါ်လာပြီး စိတ်ရှုပ်နေစရာလား၊ ဒီမှာ ယုဝ၊ ငါမေးတာ ဖြေ၊ အခုက အချိန်တစ်ခုနီးကပ်လာနေပြီ၊ အတိအကျ အဖြေတစ်ခုကို လူကြီးတွေကို ပေးရတော့မှာလေ"

"........."

"နင် ယောကျ်ားလေး၊ နင် ပြော"

"ဘာပြောရမှာလဲ"

"ခုန ကြီးကြီးပြောတာကို နင် ငြင်းဖို့စိတ်ကူးရှိလား"

သုခက ချစ်စစ်ကို ဆွေးဆွေးမြည့်မြည့် ကြည့်လိုက်ပါသည်။

"နင် ပြန်လာကတည်းက ဒီကိစ္စကို စိတ်ညစ်နေသလိုဖြစ်နေတာ ငါ ရိပ်မိပြီးသား၊ နင့်စိတ်ထဲမှာ ငါကနင့်ကို မရရင်သေလိမ့်မယ်၊ အရမ်းလက်ခံချင်နေတယ်များ ထင်နေလား ... ဟင် ! "

"တီတီ ... တီ ... တီတီတီ"

ဖုန်းမြည်လာတာမို့ နှစ်ယောက်ကြားက ခံစားချက်အရှိန်က တစ်ဝက်ပြတ်ရပ်တန့်ကာ သုခက ဖုန်းကိုဖွင့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"သုခ"

"ဗျာ ... ဟယ်လို"

သုခက နေရာမှထ,ကာ လိုင်းမမိချင်ယောင်ဆောင်ရင်း "ဟယ်လို ... ဟယ်လို"ဆဲ,ာ်တိုက်အော်ရင်းက ဝေးရာကိုရွှေ့လာပါသည်။

"ဟေ့ကောင်ကွာ ... နားငြီးလိုက်တာ၊ ဘာလဲ ... ဘေးမှာ ဘယ်သူလဲ"

"ချစ်စစ်ဗျ"

"မင်းနဲ့ချစ်စစ်က မနက်, နေ့, ည, အချိန်မရွေး တွေ့နေကြပါလား"

"ခင်ဗျာ ... ဟာ ... ဟို ... ခင်ဗျားထင်သလို မဟုတ်ဘူးဗျ မှားနေပြီ၊ ဒီနေ့ ချစ်စစ်အမေ အန်တီမာလာက ကြီးကြီးနဲ့ ကျွန်တော့်ကို ထမင်းစားဖိတ်လို့ ကျွန်တော်တို့ ဒီရောက်နေတာပါ၊ ကြီးကြီးလည်းပါတယ်"

"ကြီးကြီးလည်းပါရင် လူငယ်တွေကိစ္စရော ပြောနေကြမှာပေါ့"

"ဗျာ"

"ဟေ့ကောင် ... တဗျာဗျာလုပ်မနေနဲ့၊ မင်း နားလေးပုံမရပါဘူးကွာ"





"ခင်ဗျားထင်တဲ့အတိုင်းပဲ၊ လူကြီးတွေက အဲဒီအကြောင်းပဲ ပြောနေကြတာပဲဗျ၊ အခု ကျွန်တော် ကျဉ်းထဲကျပ်ထဲ ရောက်နေပြီ၊ ကျွန်တော်နဲ့ ချစ်စစ်က အခုအပြင်မှာ သီးသန့်လာတိုင်ပင်နေတာ၊ ငြင်းမှာလား မငြင်းဘူးလား ချစ်စစ်က မေးနေပြီ၊ ဒုက္ခရောက်နေတုန်း ခင်ဗျားဆီက ဖုန်းလာတာ အတော်ပဲဗျာ"

"ဘာတော်တာလဲ"

"ကျွန်တော် ဘာပြောရမှာလဲ၊ လူကြီးတွေက သိပ်အချိန်မဆိုင်းဘူးလည်း ပြောနေတာ၊ ခင်ဗျားကရော ဘယ်တော့ပြန်လာမှာလဲ"

"ငါ ပြန်လာရဖို့ နီးနေပါပြီကွ၊ လက်ထပ်တယ် ဆိုတာလည်းကွာ ဒီနေ့စီစဉ် နောက်တစ်ပတ် မင်္ဂလာဆောင်လို့ရတာမှ မဟုတ်တာ၊ သုံးလေးလတော့ အနည်းဆုံးကွာဦးမှာပဲ၊ ဘာမှပူမနေနဲ့၊ လက်ခံပါတယ်လို့ ခေါင်းညိတ်လိုက်"

"........"

သုခသည် ရင်ထဲမှာ တစ်မျိုးလေး နင့်ကာ အသံတိတ်သွားရပါသည်။

"သုခ ... ငါပြောတာ ကြားလား"

"ကြားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငြင်းလို့ဖြစ်မလားကွ၊ မင်းကတော့ကွာ၊ ဒီလောက်တော့ မင်းမှာ ဦးနှောက်ရှိဖို့သင့်တယ်၊ မင်း ငြင်းလိုက်ရင် မင်္ဂလာအစီအစဉ်က ပျက်သွားမှာပေါ့၊ ခုနေမှာ မင်းငြင်းထာက ငါငြင်းတာပဲလေ"

"ခင်ဗျားက ချစ်စစ်ကို လက်ထပ်ချင်တာလား"

"ဟား ဟား ... မင်းက ဘာဖြစ်လို့ မေးတာလဲ"

"ချစ်စစ်ကပြောတော့ ပြန်ရောက်ကတည်းက ခင်ဗျားပုံက ငြင်းချင်တဲ့ရုပ် ထွက်နေတာကို သူသိတယ်တဲ့၊ အဲဒါကို ကျွန်တော်က အခု ခေါင်းညိတ်ရမှာလား"

"နေပါဦး ... မင်းလေသံကလည်း အလကားနေရင်း ဒေါကန်သလိုလို ဘုကျသလိုလိုဖြစ်နေပါလား သူမ၊ ဒါနဲ့ မင်းကို တရင်းတနှီး သဘောနဲ့ မေးပါရစေ၊ မင်း လနဲ့ချီပြီး ချစ်စစ်နဲ့ တရင်းတနှီး နေလာရတော့ ချစ်စစ်အပေါ်မှာ မရိုးသားတဲ့သဘောနဲ့ စွဲလမ်းတာ စိတ်ဝင်စားတာ ချစ်မိတာတွေ ရှိမလာဘူးလား၊ နည်းနည်းများ ရင်ခုန်လာမိလား"

"ဟာ ... ခင်ဗျား ဘာတွေ လျှောက်မေးနေတာလဲ"

"အဟင်း ဟင်း ... မမေးရဘူးလားကွ"

"ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် ခင်ဗျားနေရာမှာ အစားထိုးဝင်နေရတာဆိုတာ အမြဲသတိရှိနေပါတယ် ကိုယုဝ"





"အဲဒီတော့ ..."

"အဲဒီတော့ ချစ်စစ်က ခင်ဗျားချစ်သူဆိုတာ ခေါင်းထဲမှာ ရှိပါတယ်"

"ဟာ ... မင်းကတော့ ညွှန့်နေပြန်ပြီ၊ ချစ်စစ်က ဘယ်ကလာ ငါ့ချစ်သူ ဖြစ်ရမှာလဲ၊ လက်ထပ်ဖို့ စီစဉ်ထားတဲ့သူပါကွာ"

"ဒါဖြင့် ခင်ဗျားမေးသလိုပဲ ကျွန်တော်လည်း တရင်းတနှီး သဘောနဲ့ မေးပါရစေ၊ ချစ်စစ်ကို ခင်ဗျားရော မချစ်လို့လား"

"ငါက မင်းမေးတာ မှန်သမျှကို ဖြေပါ့မယ်လို့ ပြောထားမိလို့လား"

"ဟာ ... ခင်ဗျား၊ ကျွန်တော့်ကိုတော့ မေးပြီးတော့"

"မေးတာ ငါ့အပိုင်းလေ၊ ဖြေတာကတော့ မင်းသဘောနဲ့ မင်း ဖြေချင်လို့ဖြေတာပဲဟာ"

"ဟာ ... ခင်ဗျား တော်တော်ညစ်တာပဲဗျာ"

"ဟား ဟား ဟား၊ သုမ ... ဟား ဟား၊ မင်းနဲ့ခင်မင်ရင်းနှီးရတာ ငါပျော်တယ်ကွ သိလား၊ ငါ အဲဒါလိုထင်တောင် မထင်ဘူး။ ကဲ ... ကဲ ... ဖုန်းပြောတာ ကြာနေပြီ၊ မင်း မင်္ဂလာကိစ္စကို သဘောတူတယ်သာ ပြောလိုက်ပါ သုမ၊ မင်းပဲဖြစ်ဖြစ် ငါပဲဖြစ်ဖြစ် ဘယ်ယောကျ်ားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်ဖြစ် ချစ်စစ်နဲ့လက်ထပ်ခွင့်ရမယ်ဆိုရင် ငါ
တွေက,ပြီး ဝမ်းသာအားရ လက်ခံရမယ့် မိန်းကလေး
ပါ၊ မဟုတ်ဘူးလား"

သုမသည် ဒီလူစကားပြောတာ ဘယ်လိုပြော
မသိဘူးရယ်လို့ နိုးလိုးနုလု ဖြစ်ရသည်။ သူ့စကားက တခြား
အဓိပ္ပာယ်တွေပါ ပါနေသလိုပဲဟု ဇဝေဇဝါ ဖြစ်ရပေမယ့်
အဓိပ္ပာယ်မှန်းတော့ စဉ်းစားမရပါ။

"ကြီးကြီး ပြောတဲ့ စကားတွေသာ လိုက်နာလက်ခံ
ထောင်လိုက်ပါကွာ၊ မင်းမှာလည်း မေမေ မရှိတော့ဘူး
တော့ လူကြီးသူမ အုပ်ထိန်းစောင့်ရှောက်မယ့်သူရှိ
တာမှမဟုတ်ဘဲ၊ ကြီးကြီးကိုပဲ အုပ်ထိန်းသူအဖြစ် သ
ထားပေါ့ ...

ပြောမယ့်သာ ပြောနေတာပါ၊ မင်းက ငါ့ထက်ပို
ပေါင်းသင်းဆက်ဆံရေး ပြေပြစ်ကျေညက်ပုံ ရပါတ
ကြီးကြီးနဲ့လည်း ငါ့ထက်တောင် ပိုအဆင်ပြေမှာပါ၊ ကဲ
ဒါပဲကွာ၊ ငါ ပြန်ရဖို့ နီးကပ်လာပါပြီလို့ပဲ မင်း
ထားလိုက်ပါ"

"ကိုယုဝ"

"ပြော"

"ခင်ဗျား ကျန်းမာရေးအခြေအနေကော"



"ငါက ဘာဖြစ်လို့လဲ"

"ခင်ဗျား ကျွန်တော်နဲ့တွေ့တဲ့ နှစ်ကြိမ်လုံး ခေါင်းတွေ ကိုက်နေတာလေ"

"ခေါင်းကိုက်တာကတော့ ငါ့ရောဂါပဲဆိုတော့ ကိုက်တာပဲ၊ ဒါပေမဲ့ အခြေအနေအဆိုးကြီး မဟုတ်ပါဘူး၊ ဒါပဲကွာ"

ဖုန်းလိုင်းပြတ်သွားလျှင် သုမ ရင်ထဲမှာ တစ်မျိုးကြီး ကျန်ရစ်ပါသည်။ ဒီလူတော့ ဘာကိစ္စတွေနှင့် ဘယ်တွေလျှောက် ရောက်နေတာပါလိမ့်။ အိမ်ကောင်းကြီးမှာနေ ကားကောင်းကြီး စီးပြီး ငွေရေးကြေးရေးလည်း အလျှံပယ်ပြည့်စုံကြွယ်ဝနေတဲ့သူ က ဘာကိစ္စအတွက် ပင်ပန်းဆင်းရဲခံပြီး ဘယ်တွေသွား ဘာတွေ လုပ်နေတာလဲ။

"ယုဝ ... နင် ရည်းစားများ ရနေတာလား ... ဟုတ်လား"

ဖုန်းကို နားကချွာလိုက်တာတွေ့ပြီး ငိုင်တိငိုင်တွေ ဖြစ်နေတဲ့ သုမကို ချစ်စစ်က လှမ်းအော်မေးလိုက်တာဖြစ်ပါသည်။

"မဟုတ်ပါဘူး ချစ်စစ်ရာ၊ နင်ကလည်း"

"ခုတလော ဖုန်းပြောရင် အကြာကြီးပဲ တစ်ခါတည်း၊ ပွတ်တွတ် ပွတ်တွတ်နဲ့ သူများမကြားအောင်လည်းပြော တယ်"

"သူငယ်ချင်းတစ်ယောက်ပါဟာ။ သူ့ကိစ္စတွေ ပြောနေ တော့ ငါက ရှုလို့ဘယ်ကောင်းပါ့မလဲ"

www.burmeseclassic.com



"မာမီက ထမင်းစားဖို့ ခေါ်နေပြီ"

ချစ်စစ်က ထရပ်လိုက်ကာ လျှောက်လာနေတဲ့ သုခရှေ့က မျက်နှာချင်းဆိုင် ပိတ်ရပ်ထားလိုက်ရင်း မျက်နှာလေး မှုန်မှုန်နှင့် ...

"အပေါ်မတက်ခင် အောက်မှာ အပြီးတိုင်ပင်သွားမယ်"

သုခက သူ့ကို စူးစိုက်အကဲခတ် ကြည့်နေတဲ့ ချစ်စစ်ရဲ့မျက်ဝန်းရွှန်းတောက်တောက်ကလေးများကို ကြည့်ကာ သက်ပြင်းတစ်ချက်ချရင်း ...

"နင်နဲ့ငါ လက်ထပ်မှာပေါ့ဟာ"

"ဘာ"

"လက်ထပ်ကြမယ်လို့၊ ကြီးကြီးနဲ့ နင့်အမေ စီစဉ်တာကို လက်ခံမယ်လေ၊ ငြင်းစရာမရှိပါဘူး"

"နင် ဘယ်လိုဖြစ်သွားတာလဲ ယုဝ"

"ဘာလို့လဲ"

"တစ်မျိုးပြောင်းသွားပြန်ပြီ၊ နင်လေ အဲသလိုပဲ တစ်သမတ်တည်းမရှိဘဲ ဖျတ်ခနဲ ဖျတ်ခနဲ အမျိုးမျိုးပြောင်းနေတယ်၊ ခုနပဲ ချွေးသီးချွေးပေါက်ကျလို့၊ ခုတော့ အေးအေးဆေးဆေး ဖြစ်နေပြန်ရော"

သုခက ခေါင်းကိုငုံ့ချလိုက်ရင်း ...





"ဘာပဲဖြစ်ဖြစ် နင် ဘာပဲထင်ထင် နင့်ကို လက်ထပ်ချင်ပါတယ်လို့ ပြောခွင့်ရတဲ့ ငါ့ဘဝကို ငါ တကယ်ကျေနပ်ပါတယ်"

နူးညံ့တိုးတိမ်သည့် သုခရဲ့စကားကြောင့် ချစ်စစ်က ငေးငေးကလေး ဖြစ်သွားပြီး ...

"ယုဝ ... ငါကတော့ ငါ့ကိုမချစ်တဲ့ ချစ်ခွင့်မပန်တဲ့ ယောကျ်ားတစ်ယောက်ကို မယူချင်ပါဘူး"

ထိုစကား ကြားလိုက်တဲ့ ချစ်စစ် မျက်နှာလေးက နီမြန်းမြန်း။ သုခက တစ်ဖက်ကိုလှည့်ထားတဲ့ ချစ်စစ် မျက်နှာကလေးကို စိုက်ကြည့်နေမိရင်း ရင်တွေဖိုလှိုက်လာပါသည်။ အင်း ... တအားကြီး ကျူးဖက်မိတော့မှာပဲ ချစ်စစ်ရာ။ အရာရာကို မျိုသိပ်အောင့်အည်းထားရတာ ရင်တွေမွန်းကျပ်လိုက်တာ။

"ငါ့ကို လူကြီးပေးစားလို့ယူတဲ့ ယောကျ်ားတစ်ယောက်နဲ့ ငါတစ်သက်လုံး တူတူမနေချင်ပါဘူး"

ချစ်စစ်က အသံတုန်တုန်လေးနှင့် ပြောပြီး နေရာကခွာခနဲ လှည့်ထွက်လိုက်သည်နှင့် သုခက ချစ်စစ်ရဲ့လက်ကလေး တစ်ဖက်ကို နောက်ကနေ မရည်ရွယ်ဘဲ လှမ်းဖမ်းတဲ့ဆွဲထားလိုက်မိပါသည်။

"ချစ်စစ်"

"........"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်စစ်"

"ဘာလဲ"

ချစ်စစ်ရဲ့ထူးသံက တိုးတိုးကလေး တုံ့ပြန်ထွက်ပေါ်လာသည်။ သူမက သက်ပြင်းတစ်ချက် ဖြည်းညင်းရှည်လျားစွာ မှုတ်ထုတ်လိုက်ရင်း ...

"ဒီစကားကို နင် တစ်သက်လုံး ဘယ်တော့မှ မမေ့ပဲ စွဲစွဲမြဲမြဲ မှတ်ထားပေးပါ၊ ဒီနေ့၊ ဒီရက်၊ ဒီအချိန်၊ ဒီနေရာလေးမှာ ငါပြောခဲ့တယ်ဆိုတာ နင် ဘယ်တော့မှ မမေ့ပါနဲ့၊ နင့်ကို ငါ သိပ်ချစ်ပါတယ် ချစ်စစ်"

ချစ်စစ်ရဲ့စင်းကျနေသော မျက်လွှာလေးက ဝဲပင့်ကာ သူမထံ မယုံနိုင်သလိုလေး ငေးကြည့်လာသည်။ ပြောမိမှတော့ မထူးတော့ပြီပဲလေ။

"ဘာတွေ ဘယ်လိုဖြစ်ဖြစ် ဘယ်သူတွေ ဘာဖြစ်ဖြစ် နင့်ကို ငါ ချစ်တယ်၊ အချိန်တိုတိုကလေးထဲမှာပဲ နင့်ကို သိပ်ချစ်သွားတာ၊ ပြီးတော့ နင့်ကို ငါ့ဘဝမှာ ငါပထမဆုံးချစ်မိတာပါ၊ တစ်သက်လုံးလည်း ချစ်သွားမှာပါ"

"ယုဝ"

သူမက ချစ်စစ်ရဲ့ နှုတ်ခမ်းလေးရှေ့မှာ လက်ညှိုးတစ်ချောင်း ကန့်လန့်ဖြတ်ကာ တားလိုက်ရင်း ...





"မလိုပါဘူး ချစ်စစ်၊ နင်က နင့်ကိုချစ်ခွင့်မပန်တဲ့ယောက်ျားကို လက်မခံချင်ပေမယ့် ငါ့အတွက်တော့ နင် အဖြေမပေးလည်းပဲ လက်ခံမှာပါ"

ချစ်စစ်သည် သူမရဲ့မျက်နှာပေါ်က ဆန်းကြယ်လှတဲ့ အရိပ်အယောင်တွေကို နားမလည်ပါးမလည် ငေးနေမိပါသည်။ အကယ်က ဒီအချိန်မှာ နင့်မျက်နှာဟာ ကြည်နူးစိတ်လှုပ်ရှားတဲ့ အပြုံးနဲ့ ရှိနေသင့်တယ် မဟုတ်လား ယုဝရယ်။

"တီ ... တီ"

ခြံတံခါးမှ ကားတစ်စီး ဝင်လာကာ ဟွန်းသံတစ်ချက် ပေးလိုက်၍ နှစ်ယောက်သားလန့်ကာ လှည့်ကြည့်လိုက်မိကြပါသည်။ ကားပေါ်ကဆင်းလာတဲ့ ကိုဝင်းမော်က သူမကိုတအံ့တသြ လှမ်းကြည့်လိုက်၍ သူမက ခေါင်းတစ်ချက်ဆတ်ကာ သိမသာ ပြုံးပြလိုက်ရလေသည်။

"ဒက်ဒီရေ ... ဦးဝင်းမော် လာတယ်"

ချစ်စစ် အသံကြောင့် ဦးမျိုးစစ်က အိမ်တံခါးဝအထိ ထွက်လာပါသည်။ ကိုဝင်းမော်သည် ဒရိုင်ဘာအတွက် လူတစ်ယောက် ခေါ်လာပြပုံရကာ အဲဒီကိစ္စကို စိတ်သိပ်မဝင်စားနိုင်ဘဲ သူမကိုသာ အံ့အားသင့် စိတ်ဝင်စားနေပုံပင်။

"သားရေ ... မင်းကားကို အိမ်ဘေးဘက် ကွေ့ထိုးထားလိုက်ပါလား၊ ဒီကားက ခဏနေထွက်မှာဆိုတော့ လမ်းပိတ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်ကယ်"

သုခ တက်မောင်းမောင်းတဲ့ ကားကြီးကိုလည်း ကိုဝင်းမော်က အံ့အားတသင့် ငေးမောနေပါတော့သည်။ ဦးမျိုးစစ်က လည်း "သား"တွေ ဘာတွေ ခေါ်လိုက်သေးတော့ ဒီလိုလူမျိုးဟာ တစ်ချိန်က သူ့ကို ဒရိုင်ဘာအလုပ်တစ်ခု ခယယတောင်းဆိုခဲ့ ဖူးတာကို ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်နေပုံပင်။

ကားမောင်းပြီး သုခနှင့် ချစ်စစ်က အိမ်ပေါ်တက်လာ ခဲ့ကြရင်း ...

"ယုဝ ... နင် ခုန ဦးဝင်းမော်နဲ့ သိတာလား၊ သူက နင့်ကို ပြူးပြူးကြီး လိုက်ကြည့်နေတာ"

"အင်း ... သူက ကျော်ကြီးမိတ်ဆွေပါ၊ သူ့အလုပ်ရှင်နဲ့ လည်း ကိုယ်က ရင်းနှီးနေတာကို အံ့သြနေတာနေမှာပေါ့"

သုခက မျက်နှာမပျက်အောင်ထိန်းကာ ယုတ္တိရှိရှိ လေး အဖြေပေးရပါသည်။





၁၃

"ကိုယုဝ ... ဒေါ်ခင်ခင်ကြီး မူးလဲလို့ပါ"

"ဗျာ"

သုခသည် သူထိုင်နေတဲ့ ခန်းမထဲက ရုံးစားပွဲမှ ကြီးကြီးရဲ့ရုံးခန်းရှိရာ အပြေးအလွှားပင် ရောက်သွားပါသည်။ ကြီးကြီးက သူ့ကို ရုံးခန်းတစ်ခု သီးသန့်ပေးဖို့ စီစဉ်ခဲ့ပေမယ့် သူက ခန်းမထဲက တစ်နေရာမှာပဲ ထိုင်ပါသည်။ မန်နေဂျာရဲ့ လက်အောက်မှာ သူ့သင်ကြားမှု ခံယူ၍ အလုပ်အတူ တွဲလုပ်ပါ သည်။

သူ့အတွက် ကုမ္ပဏီရုံးလုပ်ငန်းတို့က အခက်အခဲ မရှိလှဘဲ အလွယ်တကူပင် သင်ယူနိုင်၍ အလုပ်ခွင်မှာ သူပျော် သည်။ သူနှင့် ကြီးကြီးက ရုံးအသွားအပြန်လည်းမတူ တစ်ရုံး တည်းသာ အလုပ်လုပ်နေကြသည် နေရာချင်းလည်း ခပ်လှမ်းလှမ်း။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ"

"မူးတယ်ဆိုပြီး မသူဇာကို ပရက်ရှာတိုင်းတဲ့စက်လေး ယူခိုင်းပြီး တိုင်းကြည့်တော့ သွေးတော်တော်တိုးနေတာနဲ့ အိမ်ပြန်နားမယ် လုပ်နေတာ၊ အဲဒါ ထိုင်ရာအထ ..."

"မူးတယ် ဆိုကတည်းက လာပြောရောပေါ့ဗျာ"

သုစသည် ပြေးလာနေရင်းပင် ရုံးအဆောက်အအုံနှင့် မဝေးလှတဲ့ ဆေးခန်းတစ်ခုက ဆရာဝန်တစ်ယောက်ယောက် ချက်ချင်းသွားပင့်ခဲ့ဖို့ တစ်ယောက်ကို ကားနှင့်လွှတ်ရန်စီစဉ်သည်။ ကြီးကြီးက ရုံးခန်းထဲမှာ ကြမ်းခင်းကော်ဇောပေါ် လဲကျနေ၍ ချီပွေ့ကာ ဆိုဖာတွေပေါ် တင်ရပါသည်။

ဆရာဝန်က ခပ်မြန်မြန်ရောက်လာကာ စမ်းသပ်ကြည့်ပြီး ဆေးရုံတစ်ခုခု အမြန်ဆုံးတင်လိုက်ကြဖို့ ပြောတာမို့ ဆေးရုံကား ဖုန်းဆက်ခေါ်ကာ ကြီးကြီးကို ပုဂ္ဂလိကဆေးရုံတစ်ခုသို့ တင်လိုက်ရပါသည်။

"stroke ခပ်သေးသေး ရတာပါပဲ၊ အသက်အန္တရာယ်တော့ မရှိပေမယ့် အကောင်းပကတိဖြစ်ဖို့ ဂရုတစိုက် ကုသရပါမယ်၊ လုံးဝ completely အနားယူရပါမယ်"

သုစ ခေါင်းခဲရသည်မှာ ကြီးကြီးမှာ အကြောင်းကြားစရာ ဆွေမျိုးသားချင်းတွေ ဘယ်သူရှိလို့ ရှိမှန်းမသိ။ တာဝန်အားလုံးက သုစခေါင်းပေါ်မှာရှိနေ၍ ကြီးကြီး ပကတိ ပြန်ကောင်းလာဖို့ သူ့မှာဇောကပ်နေပါသည်။





ယုဝ ပြန်ရောက်လာလျှင် သူ့ကြီးတော် ဒုက္ခိတဖြစ်နေပါက "မင်း ဂရုတစိုက် မလုပ်ဘူးလား"လို့ ပြစ်တင်မဆုံးမှီလားဆိုတာကို ပူပန်ရတာလည်း တစ်မျိုးရှိပေမယ့် သူ့စိတ်ထဲ ကြီးကြီးရဲ့ကျန်းမာရေးသီးသန့်ကိုလည်း စိတ်ပူကိုပူတာ။ မေမေ ကျန်းမမာ နာတာရှည်နေတာကို လနဲ့ချီပြုစုခဲ့ရပြီး နောက်ဆုံးတော့ လက်လွှတ်ဆုံးရှုံးလိုက်ရတာ အတွေ့အကြုံရှိနေ၍ သူ ပူပန်စိုးထိတ်နေပါသည်။

ယုဝ ပြောသလို သူ့မှာအုပ်ထိန်းသူ လူကြီးသူမမိဘ ဆွေမျိုးဆိုတာ လုံးဝမရှိသည်ဖြစ်၍ လောလောဆယ်တိုက်ဆိုင်ကြုံကြိုက်သော ကံကြမ္မာကြောင့် တွေ့ဆုံခိုလှုံနေရတဲ့ ကြီးကြီးကို ကိုယ့်ရဲ့ဆွေမျိုးမိဘလိုလည်း သဘောထားခဲ့တာဖြစ်၍ အဲဒီသံယောဇဉ်နှင့်ဖြစ်ရတဲ့ သောကကတစ်မျိုး။

ဆွေမျိုးစာရင်းမသိ၍ အကြောင်းမကြားနိုင်ဘဲ ဒီတိုင်းထားလိုက်တဲ့ သူ့ကို အန်တီမာလာက ...

"ယုဝရေ ... တချို့မိတ်ဆွေရင်းတွေတော့ အန်တီ အကျိုးအကြောင်း ဖုန်းဆက်ပေးထားတယ် သိလား၊ အားလုံးလျှောက်သတင်းပေးပြန်လည်း လာကြည့်ကြ သတင်းမေးကြနဲ့ မမကြီး အနှောင့်အယှက်ဖြစ်မှာ စိုးရသေးတယ်။ မင်းတို့အမျိုးဝမ်းကွဲတွေတော့ မြို့ထဲကအုပ်စုလည်း မမကြီးနဲ့ အပေါက်လမ်း သိပ်မတည့်တော့ ပြောလည်း လာချင်



www.burmeseclassic.com

www.burmeseclassic.com



မှလာမှာ၊ လာလည်း မမကြီး မကြိုက်ရင် ဝေဒနာတိုးမှာ စိုးလို့ လှမ်းပြောမနေတော့ဘူးနော်”

“ဟုတ်ကဲ့ … ဟုတ်ကဲ့၊ အန်တီမာလာ အဆင်ပြေသလို စီစဉ်ပေးပါ၊ ကျွန်တော်ကတော့ ကြီးကြီးနဲ့အမျိုးတွေရဲ့ ဆက်ဆံရေးတွေ ဘာတွေလဲ ဂဃနဏမသိဘူးဆိုတော့ ဘယ်သူ့မှ မပြောတော့ဘူးခင်ဗျ”

“အေးပါ၊ အေးပါ”

ဒေါ်ခင်ခင်ကြီးသည် သတိလည်လာတဲ့အခါ လက်တစ်ဖက်လှုပ်မရ လေးဆိုင်းကာ မျက်နှာတစ်ခြမ်းက ဆွဲသွားရာမှ ပြန်မတည့်သေးပါ။ သို့ပေမယ့် စိတ်ဓာတ်ပြင်းထန်တဲ့ ဒေါ်ခင်ခင်ကြီးက စကားပြောဖို့ ခက်ခဲတဲ့ကြားက သုဓကို သူ့အနားတိုးကပ်စေကာ အသံမပီမသနင့်ပင် သူ့အခြေအနေကို မေးပါသည်။

“ဆရာဝန်က ဘာတဲ့လဲ၊ ငါသေနိုင်လား”

“ဘာလို့သေရမှာလဲ ကြီးကြီးကလည်း၊ ဘာမှမဖြစ်ပါဘူး အသက်နဲ့ အဝေးကြီးပါ၊ ကြီးကြီး ခဏနေ သက်သာမှာပါ”

“ငါ့ကို ညာမပြောနဲ့၊ အမှန်အတိုင်းပြော”

“အမှန်အတိုင်းပါ၊ အသက်အန္တရာယ် မရှိပါဘူး၊ ဒါပေမဲ့ နားရမယ်၊ လေ့ကျင့်ခန်းတို့ ဘာတို့ လုပ်ရမယ် ကြီးကြီး”

“တကယ်လား ယုဝ”





“တကယ်ပါ ကြီးကြီး၊ ကြီးကြီး ဘာမှမပူပါနဲ့၊ ကြီးကြီး မြန်မြန်ပြန်ပြီး မကောင်း,ကောင်းအောင် ကျွန်တော်ရှိသမျှ နည်းလမ်းတွေနဲ့ ကြိုးစားမှာပါ၊ ကျွန်တော့်ကို ယုံကြည်ပြီး စိတ်ဓာတ်မကျပါနဲ့၊ အခုပြန်ကောင်းဖို့က စိတ်နဲ့အများကြီး ဆိုင်တယ်တဲ့၊ ကြီးကြီး စိတ်ခိုင်ခိုင်မာမာ ကြည်ကြည်လင်လင်နဲ့ မျှော်လင့်ချက် အပြည့်ထားထားပါ၊ ကြီးကြီး ပြန်ကောင်းစေရပါမယ်၊ ခုနေမှာ ကြီးကြီးက ကျွန်တော့် အမေပါပဲ ကြီးကြီးရယ်”

“ကျေးဇူးပဲ ယုဝ”

အလုပ်ကိစ္စတွေအတွက် သုဓနှင့် မန်နေဂျာကြီးတို့ တိုင်ပင်စီစဉ်ဆောင်ရွက်ရပါသည်။ သို့ပေမဲ့ ဒီကြားထဲမှာ ကြီးကြီး လက်မှတ်ထိုး ဆောင်ရွက်ရမည့်ကိစ္စတချို့ ရှိလာ၍ တစ်ကြိမ် ဘလေနှင့်လည်း ပြီးသွားနိုင်တာ မဟုတ်လေရာ ယုဝကို ဂျင်နရယ်လ်ပါဝါ လွှဲပေးရန်ကိစ္စ ပေါ်ပေါက်ခဲ့ရပါသည်။

ယုဝရဲ့လက်မှတ်ဟာ အင်္ဂလိပ်စာလုံးနှင့် အလွယ်တကူလေးဖြစ်ကြောင်း သူပေးခဲ့တဲ့ ကားလိုင်စင်မှာ မြင်မှုးပြီး ဒီတွင်းလက်မှတ်ထိုးတဲ့ ကိစ္စတွေမှာပါ အဆင်ပြေခဲ့ပြီးသားဖြစ်တဲ့ သုဓအတွက် လက်မှတ်ထိုးဖို့လည်းမခက်။ မှတ်ပုံတင်ကိုလည်း ပျောက်နေတယ်ပြောကာ မပြနိုင်တာသာရှိပြီး မှတ်ပုံတင်နံပါတ်ကော့ သိပြီးသားမို့ ဘာမှမခက်ခဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးလွှဲအပ်တဲ့ ဂျီပီကိုကိုင်ကာ လုပ်ငန်းကိ အတော်များများကို ဒီကြားထဲ ကိုယ်တိုင်ဆုံးဖြတ်ဖြေရှင်းခဲ့ရ သည်။ ဆေးရုံမှာ ဆယ်ရက်သာနေပြီး အိမ်မှာစပါယ်ရှယ်နာ နှင့်နေရတဲ့ ကြီးကြီးအပေါ်လည်း သူ အထူးတလည် ဂရုစိုက် စောင့်ရှောက်ခဲ့သည်မှာ ရင်ထဲက လှိုက်လှိုက်လှဲလှဲလာသည့် စိတ်ရင်း စေတနာရင်းနှင့်ပင်။

အဲသလို ကြီးကြီး ကျန်းမာရေးချို့ယွင်းလိုက် အကြောင်းရင်းကြောင့်ပင် သူနှင့် ကြီးကြီးကြားက ကြိုးတစ်ချောင် ဟာ လှုပသက်ဝင်စွာ မြဲမြဲခိုင်မာလာခဲ့သည်။

"ယုဝ ... သားကို ကြီးကြီး ကျေးဇူးတင်ပါတယ်"

"ကြီးကြီးကလည်း တူဝရီးချင်းပဲ ကြီးကြီးရယ်၊ ကျေး စကားပြောစရာလား၊ ကျွန်တော့်အဖို့ ကြီးကြီးက အ နေရာမှာ၊ ဘဘက အဖေနေရာမှာရှိခဲ့တာပဲ မဟုတ်လား ကျွန်တော့်မှာ တာဝန်လည်းရှိတယ်၊ စေတနာမေတ္တာလည်း ရှိတယ်၊ ဘာမှလဲ ပင်ပန်းတကြီး မရှိခဲ့ပါဘူး ကြီးကြီးရ"

"ဒါပေမဲ့ ဒီမိန်းမကြီး ဖြစ်ချင်ရာဖြစ်ဆိုပြီး မင်းသာပစ်ထား မယ်ဆိုရင် ကြီးကြီး အသက်မသေနိုင်တောင် ဒုက္ခိတာ က တက်မလာဘဲ ဝှီးချဲကြီးနဲ့ နေရင်နေသွားရနိုင်တယ် လေ"

"ဟာ ... ကြီးကြီးကလည်း၊ ဘာဖြစ်လို့ ကျွန်တော် ဖြစ်ချင်ရာဖြစ် ပစ်ထားရမှာလဲ"





"ယုဝ ... ကြီးကြီး သိပြီးပါပြီ သား"

"ဗျာ ... ကြီးကြီး ဘာသိပြီးတာလဲ"

"မင်းဘဘ ပြောပြပြီးပါပြီ"

"ဘဘက ဘာပြောတာလဲ ကြီးကြီး"

သူမှာ တကယ်မသိတဲ့သူဖြစ်ရာ စိတ်ဝင်တစား နှင့် မေးမိသည်။

"ကြီးကြီး စိတ်မကောင်းဖြစ်မှာစိုးပြီး မြှုမထားပါနဲ့ သား ရယ်၊ ဟိုတလောက မင်းပုံစံကို အကဲခတ်ပြီး မင်းရင်ထဲ မှာ ကြီးကြီးအပေါ် အစိုင်အခဲ အခုအခံ တစ်ခုခုရှိသလိုပဲ လို့ သံသယဝင်တာနဲ့ ကိုကိုဦးဆီ ဖုန်းဆက်ပြီး စွတ်မေး ပြီးပါပြီ"

"ဗျာ"

"မင်း ကလေးကို နောက်ကြောင်းတွေလှန်ပြီး ဇာတ်စုံခင်း ပြလိုက်တယ် မဟုတ်လားလို့ လှမ်းမေးတာ၊ ပထမတော့ သူ ငြင်းတာပဲ၊ နောက်တော့ ဟုတ်တယ်တဲ့၊ နောက်ကြောင်း တွေ သူ ပြောလိုက်ပြီလို့ ကြီးကြီးကို ဝန်ခံတယ်"

သူမသည် စကားအသွားအလာကို ရိပ်မိအောင် သတိနှင့် နားစွင့်နေရပါသည်။

"သား အားလုံးသိပြီးပြီပေါ့နော်"

"........"



www.burmeseclassic.com

www.burmeseclassic.com



သုမက အင်းမလုပ် အဲမလုပ် ငြိမ်နေလိုက်ပါသည်။

“ကိုကိုဦးကိုလည်း အပြစ်မတင်တော့ပါဘူး၊ တကယ်တော့လည်း ကိုယ့်မိဘအကြောင်း ကိုယ်သိသင့်သိထိုက်ပါတယ်လေ”

“.........”

“ဒါတွေသိပြီးတော့ သား ကြီးကြီးကို စိတ်နာသလား”

“မနာပါဘူး ကြီးကြီး”

ဒီလိုပဲ ဖြေရမှာပင်။ ယုဝ စိတ်နာမနာ သူ မသိသော်လည်း လေဖြတ်ရာက နာလန်ထဖို့ မနည်းအားယူနေရတဲ့ လူမမာသည်ကို “ခင်ဗျားကို စိတ်နာတယ်”လို့ ပြောလို့ဖြစ်ပါမလား။

“ကျေးဇူးတင်ပါတယ် သားရယ်၊ ဩော် ... ဒါကြောင့်လည်း ဟိုးတလောက သား ကြီးကြီးကို ခရီးထွက်ချင်တယ်ပြောတာ၊ မင်းမိဘတွေကို မင်း ရှာချင်တာပေါ့၊ ကြီးကြီးက တားမြစ်ခဲ့မိတယ်”

သုမသည် အနည်းငယ် ပြုံးကျယ်လာသော မျက်ဝန်းနှင့် ဇာတ်ရည်လည်လာပါသည်။ ဒါဆိုရင် သေချာပြီ။ ယုဝ အခု ခရီးထွက်သွားတာဟာ သူ့မိဘတွေရှာဖို့ ထွက်သွားတာပေါ့။ သုမကို လှစားထည့်သွားတာကတော့ သူ့ခရီးကို ကြီးကြီးသဘောမတူ ခွင့်မပြုခဲ့လို့ တိတ်တဆိတ် ထွက်သွားလို့ ရအောင်ပေါ့။





သူ သဘောပေါက်ပါပြီ။ သဘောပေါက်တာနှင့် အမျှ ယုဝအတွက်လည်း ဝမ်းသာကြည်နူးမိသည်။ သူ့မိဘတွေနဲ့ မြန်မြန်တွေ့ပါစေ။ နေပါဦး။ တစ်ခါက ယုဝ သူ့ကိုပြောဖူးတဲ့ စကားထဲမှာ သူ့အမေက ဆုံးပြီဆို။ ဒါကို ကြီးကြီးမသိတာဟား။ ကိုယ်သေချာမသိတဲ့ကိစ္စဖြစ်၍ သုမက မတင်မကျနှင့်ပင် နှုတ်ဆိတ်ထားလိုက်ပါသည်။

“ကြီးကြီး ခုလို ကျန်းမာရေးထိခိုက်သွားတာ ကံကောင်းတယ် ပြောရမှာပဲ”

“ဗျာ ... ဘာဖြစ်လို့လဲ ကြီးကြီးရဲ့”

“သား ကြီးကြီးကို အမေတစ်ယောက်လို သဘောထားတယ်ဆိုတာ သိရလို့ပဲ၊ မင်းပြောခဲ့တဲ့ ဒီအချိန်မှာ ကြီးကြီးက ကျွန်တော့်အမေပါပဲ ကြီးကြီးရယ် ဆိုတဲ့ စကားသံလေးကို ကြီးကြီး နားထဲပြန်ပြန်ကြားတိုင်း စိတ်မကောင်းဖြစ်လွန်းလို့ ရင်ထဲမှာ ဘယ်လိုမှ မထားနိုင်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်ချင်သလို ခံစားရတယ်”

“စိတ်မကောင်း မဖြစ်ပါနဲ့ ကြီးကြီး”

“လူငယ်ဖြစ်ပြီး စိတ်နှလုံးကောင်းရှိတာ သဘောထားပြည့်ဝတာတွေကို ချီးကျူးပါတယ် သားရယ်၊ ကြီးကြီး နေကောင်းလာတဲ့အခါ မင်း သွားပါ၊ မင်းမိဘတွေကိုရှာဖို့ သွားပါ၊ တစ်ယောက်တကွဲ ဘယ်နေရာ ဘယ်ဒေသတွေမှာ ရောက်နေပြီလဲဆိုတာ”



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီး တရှိုက်ရှိုက်နှင့် အတော်စိတ်မကောင်းဖြ
လာပုံပေါ်တာမို့ ...

"တော်ပါတော့ ကြီးကြီး၊ အားလုံး ပြေလည်သွားမှာ
ကြီးကြီးမောနေပြီ၊ နေကောင်းအောင် အရင်နေပါဦး"

သူမနှင့် ကြီးကြီးအကြားက ဆက်ဆံရေးက
မတူအောင် တစ်မုဟုတ်ချင်း တိုးမြင့်တက်သွားပါသည်။ သူမ
လည်း ကြီးကြီးကို ဂရုတစိုက်၊ ကြီးကြီးကလည်း သူမကို တ
တယ အားကိုးတကြီး။ ပြေလည်ခဲ့ကြပုံမရတဲ့ ယုဝနဲ့ ကြီးကြ
အကြားမှာ အခြေအနေ အရပ်ရပ်ကို အကောင်းဘက် ဆွဲတ
ပေးနိုင်ခဲ့တယ်ဆိုတဲ့ အသိနှင့် သူမက ဝမ်းမြောက်ဂုဏ်ယူမိသည်။

"မမကြီးအခြေအနေက အချိန်တိုတိုနဲ့ အရမ်းမြန်မြန်တိုး
တက်တာပဲ၊ သားကို အန်တီ တကယ်ချီးကျူးတယ်၊ ဖြစ်
တဲ့နေ့က မမကြီးမျက်နှာတစ်ခြမ်း ရွဲ့စောင်းနေတာကြည့်
ပြီး ခုလောက်တောင်မှ ပြန်ကောင်းလာနိုင်ပါတော့မလား
အန်တီက ထင်နေတာ"

"ဆရာဝန်တွေ စပါယ်ရှယ်နာ့စ်တွေ တော်လို့ပါ အန်တီ
မာလာရယ်၊ ကြီးကြီးကလည်း စိတ်ဓာတ်ခိုင်မာလို့ပါ"





"အရေးအကြီးဆုံးက သား ဂရုစိုက်လို့ပေါ့၊ မလှုပ်နိုင်
မရှားနိုင် လူနာတစ်ယောက်ဟာ သူ့ကိုယ်သူ လုပ်ပေးစေ
ချင်တာရှိတောင် သေချာ ကိုယ်တိုင် ဘယ်လိုစီစဉ်နိုင်ပါ့
မလဲ၊ လူနာရှင် တော်တာပေါ့၊ လူနာရှင်ဆိုလို့လည်း စီမံ
ခန့်ခွဲနေရတာ သားတစ်ယောက်တည်းပဲဟာ"

"သိပ်ချီးမွမ်းမနေနဲ့ မေမေ၊ ဘဝင်မြင့်နေဦးမယ် ... ဟွန်း၊
ရုပ်ကြီးက ဟိုအရင်လို ဘဝင်မြင့်တဲ့ရုပ်ကြီး ပြန်ဖြစ်သွား
ဦးမယ်၊ ပုံမှန်ဖြစ်လာတာမှ မကြာသေးဘူး မေမေကလည်း"

သူမက ချစ်စစ်ကို ချစ်စနိုး ပြုံးကြည့်နေမိသည်။

ခုတော့ ချစ်စစ်နှင့် သူဟာ ချစ်သူတွေ ပွင့်ပွင့်လင်း
လင်း ဖြစ်နေကြပြီပင်။ ဒီဘဝကလေးတစ်ချိန်မှာ တိခန့် ဖာတ်
လမ်းပြတ်ကာ ရပ်တန့်ရမည့်မှန်း သိသိနှင့်ပင် သူ့မှာ တခြား
ရွေးချယ်စရာလမ်း မရှိပါ။ ဒီလို အယောင်ဆောင်ဘဝနှင့် ချစ်စစ်
ကို ချစ်နေရတာကိုလည်းပဲ သူ စိတ်ချမ်းသာပါသည်။

ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် ဘယ်လောက်ကြာကြာပဲဖြစ်
ဖြစ် ချစ်ခွင့်ရခဲ့ဖူးတာကိုပဲ သူက ဘဝတစ်လျှောက်လုံး အမှတ်တရ
တမ်းတသွားမှာပါ။

"အစ်ကိုလေး ... မန်နေဂျာ ဦးမင်းထွန်း လာပါတယ်"

ကျော့ကျော့က အနားလာ သတင်းပို့တာမို့ သူမက
ညှော်ခန်းမှာ ထိုင်နေရာကထပြီး တံခါးဝဘက်က ဝင်လာတဲ့
ဦးမင်းထွန်းကို ဆီးကြိုကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးမင်းထွန်း လာပါ၊ လာ … ထိုင်၊ ခုမှ ရုံးကပြန်လာတာလား"

"ဟုတ်ပါတယ် ကိုယုဝ၊ အလုပ်လေးတွေ နည်းနည်းများတာနဲ့ ဒီနေ့ နောက်ကျတယ်"

"ကျွန်တော်က ဒီနေ့တော်တော်စောစော ပြန်လာတာ… ဘာကိစ္စများရှိလဲ"

"ဂျီပီ ကျွန်တော် ခဏယူသွားချင်လို့ ကိုယုဝ၊ ဒီညပဲဖိုတိုကော်ပီ ဝင်ဆွဲသွားမယ်၊ နက်ဖြန် ကိုယ်စားလှယ်စာချုပ် ချုပ်တော့ ကျွန်တော် ဖိုတိုကော်ပီပဲ ထည့်ပေးလိုက်မယ်၊ ချိန်းထားတာ မနက်စောစောဆိုတော့၊ ကိုယုဝကို နေ့လယ်က သတိပေးဖို့လည်း မေ့သွားလို့ပါ၊ အဲဒါကြောင့် ဝင်လာခဲ့တာ"

"အော် … ဟုတ်တာပဲ၊ ကျွန်တော်လည်း ဘာကြောင့် သတိမရပါလိမ့်၊ သတိရရင်တော့ ကျွန်တော် ကော်ပီဆွဲထားလိုက်ပါတယ်၊ ခဏနော်၊ ကျွန်တော့်အခန်းထဲမှာ သွားယူလိုက်ဦးမယ်"

သုဓက အပေါ်ထပ်တက် အခန်းထဲဝင် ဗီရိုအံဆွဲဖွင့်ကာ ဂျီပီထည့်ထားတဲ့ စာအိတ်ညိုကြီး ဆွဲယူလာခဲ့ပါသည်၊ အောက်ထပ်ရောက်လျှင် ဦးမင်းထွန်းကို ကမ်းပေးပြီး …

"ဦးမင်းထွန်း ထမင်းစားသွားပါလား"





"နေပါစေတော့ ကိုယုဝ"

"မကျော့ရေ … ဦးမင်းထွန်းဖို့ တစ်ခုခု"

မကျော့က သခွားမွှေးကို ဖရက်ရှ်ဖျော်ထားတဲ့ ဖျော်ရည်လင်ပန်းနှင့် ထွက်လာနေပါပြီ။ စားပွဲပေါ်ချပြီးလျှင် …

"သောက်ပါဦး ဦးမင်းထွန်း"

"ဟုတ်ကဲ့၊ ကိုယုဝ … ဒါက ဆေးစာရွက်တွေ ဖြစ်နေတယ်၊ အိတ်မှားလာတယ်ဗျ"

"အော် … ဟုတ်လား၊ ဘယ်ကဆေးစာတွေလဲ၊ ကြီးကြီးဟာတွေလား"

သုဓက လက်ကမ်းတုန်း ချစ်စစ်က …

"ခဏ … ယုဝ၊ ငါ ကြည့်ချင်လို့"

ထို့ကြောင့် ယုဝက ဆေးစာရွက်တွေကို ပြန်မယူနဲ့သေးဘဲ အပေါ်ထပ်ကို နောက်တစ်ခေါက်တက်၍ ဂျီပီထည့်ထားသောစာအိတ်ကို ထပ်ယူလာရပါသည်။ ဟိုဘက်အံဆွဲနှင့် ဒီဘက်အံဆွဲ မှားနှိုက်ယူမိတာ။ စာအိတ်အညိုတူတူကြီးချင်းကလည်း မတိမ်းမယိမ်း တူနေတာကြောင့်ပင်။

ဦးမင်းထွန်းကို ဂျီပီပေး၊ ဦးမင်းထွန်း ဂျူးစ်သောက်ကာ စကားစမြည် ခဏတဖြုတ်ပြောပြီး ပြန်တဲ့အထိ ချစ်စစ်ထံမှ အသံတိတ်ဆိတ်နေတာကို သုဓ သတိမပြုမိလေ။ အန်တီမာလာကတော့ ဖွင့်ထားတဲ့တီဗီက အစီအစဉ်တစ်ခုကိုသာ လှမ်းကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဦးမင်းထွန်း ထပြန်တာကို တံခါးဝပို့ပေးပြီး ပြန်ဝင်လာတော့မှ သူကေ ချစ်စစ်ရဲ့မျက်နှာကို သတိပြုမိတော့တာဖြစ်သည်။

ချစ်စစ်မျက်နှာမှာ သွေးဆုတ်သလို ဖြူဖပ်ဖြူရော်ဖြစ်ကာ ပျက်နေပါသည်။ သူ့ကို လှမ်းမော့ကြည့်နေတဲ့ မျက်ဝန်းတို့မှာ ပဟေဠိတွေနှင့် ဇဝေဇဝါ။

"ချစ်စစ်"

"........."

"ချစ်စစ် ဘာဖြစ်လို့လဲ"

သူ့ထံမှ နှစ်ခွန်းဆင့်ကာ အသံထွက်လာမှ အန်တီမာလာကလည်း ချစ်စစ်ထံ သတိထားကြည့်မိကာ ...

"ဟဲ့ ... သမီးလေး၊ ဘာဖြစ်တာလဲ"

ချစ်စစ်သည် ပါးစပ်လေးဟကာ လေးနှင့် မွန်းကျပ်သွားတဲ့ ရင်ထဲမှ လေပူတွေကို တဝကြီး မှုတ်ထုတ်ပစ်လိုက်ရင်း ကတုန်ကယင် ဖြစ်လာပါသည်။

"ချစ်စစ်"

"သမီး ... ကြီးကြီးဆေးစာမှာ ဘာတွေ့လို့လဲ"

"ကြီးကြီးဆေးစာရွက်တွေ မဟုတ်ဘူး မာမီ"

"ဘယ်သူ့ဟာတွေလဲ"

"ယုဝဟာတွေ"





"ဟင်"

"ဟင်"

ချစ်စစ်က သူ့ထံ မျက်စိသူငယ် အကြောင်သားနှင့် မော့ကြည့်လိုက်ရင်း ...

"ယုဝ ... ဒါ ... ဒါ ... နင် အင်္ဂလန်ကပါလာတဲ့ ဆေးစစ်ချက်တွေ မဟုတ်လား"

"ဟို ... အဲဒါ"

"နင် ... နင် တတယ်ပဲ"

"ဘာတဲ့လဲ၊ ဘာဖြစ်လို့လဲဟင် ... သမီးလေး"

"ယုဝ ဒီထဲက ဆေးစစ်ချက်တွေက အစစ်အမှန်တွေလားဟင်၊ ဒီမှာ နင့်နာမည်၊ နင့်အသက်၊ ဒါ နင့်ဟာတွေပါ၊ နင် ဘာဖြစ်လို့ ဘယ်သူ့ကိုမှ ဘာမှမပြောတာလဲဟင်၊ ဘာဖြစ်လို့ မပြောတာလဲ"

"ငါ ... ဘာ ... ဟို ..."

သူမသည် ဘာတွေတွေ့လို့ ချစ်စစ် ဒီလောက်တုန်လှုပ်နေတာ ဆိုတာလည်းမသိ၊ စာရွက်ထဲပါတာတွေလည်း သူ ဘာတစ်ခုမှ မသိလေရာ အခြေအနေကို ဘယ်လိုဖြေရှင်း ဆင်ခြေတက်ရမည် မသိဘဲ ရင်တွေထိတ်ကာ အလန့်တကြား ဆွံ့အနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... မာမိကို ပြောစမ်းပါ၊ ရင်ထိတ်လိုက်တာ၊ သား ယုဝ၊ ဘာတွေများလဲကွယ်၊ သမီးလေး မငိုနဲ့၊ မာမီသိအောင် ပြောပြစမ်းပါဦး"

"မာမီ ဒီစာရွက်တွေထဲမှာ ရေးထားတာက သူ့မှာ ဘရိန်းကျူမာ ရှိနေတယ်၊ ပြီး ... ပြီးတော့ inoperable ခွဲစိတ်ကုသလို့ မရနိုင်တော့ဘူးတဲ့၊ ဒီမှာ ဦးနှောက်ကို စီတီစကန် ရိုက်ထားတဲ့ပုံတွေ၊ ယု ... ယုဝ ... နင်"

ချစ်စစ်သည် လက်ထဲက စာရွက်တွေကို စားပွဲပေါ် ပစ်ချလိုက်ရင်း ခေါင်းငုံ့ကာ မျက်နှာကို လက်ဝါးလေးနှစ်ဖက်နှင့် အုပ်ထားလိုက်ပါသည်။ ထို့နောက်တော့ ပခုံးလေးသိမ့်သိမ့်တုန်အောင် ရှိုက်ငင်လာလေသည်။

"ယုဝ ... သား၊ တကယ်ပဲလားဟင်၊ တကယ်လားသား"

"........."

သုခသည် တစ်ကိုယ်လုံး အေးစက်တောင့်တင်းကာ ရေခဲတုံးကြီးတစ်တုံး ချထားသလို မလှုပ်မယှက် ငြိမ်နေပါသည်။ သူ့ရင်ထဲမှာ ဒိန်းဒိုင်းမြည်ကာ သူပါ ကတုန်ကယင်ဖြစ်လာသည်။ သူ ဆေးစာရွက်တွေကို ကောက်ယူမကြည့်တော့ပါ။ ကြည့်ရင်လည်း ချစ်စစ် နားလည်သလောက် သူ နားလည်မှာ မဟုတ်၍ အပိုပါ။ ချစ်စစ် စကားဟာ အမှန်ပဲဖြစ်မှာမို့ ကြည့်နေဖို့လည်း မလိုပါ။





ကိုယုဝ ...။ သူ အလွန်တရာ စိတ်မကောင်းဖြစ်မိကာ တုတ်တုတ်လှုပ်မရအောင် ရင်ထဲနင့်ကျပ်သွားပါသည်။

"ယုဝ ... နင် ဘာလို့ မပြောတာလဲ၊ ဘာဖြစ်လို့မပြောတာလဲဟင်"

ချစ်စစ်က ရှိုက်ငင်ရင်း တိုးတိုးတွတ်တွတ် ရေရွတ်နေပါသည်။

"ကြီးကြီးလည်း မသိသေးဘူးပေါ့နော် သား"

"........."

"ဘဘတော့ သိမှာပဲ၊ ဒါကြောင့် ဘဘက ကြီးကြီးဆီ ဖုန်းဆက်မေးတယ်တဲ့၊ ယုဝ နေကောင်းရဲ့လားလို့၊ နင် ဘာကြောင့် ဒီကိုပြန်လာတာလဲ ယုဝ၊ ဒီလောက်ဖြစ်နေတဲ့ ရောဂါဝေဒနာ အဆောက်အအုံကြီးနဲ့ဆို ဟိုမှာ ဆေးရုံပေါ်မှာပဲ စောင့်ရှောက်ကုသမှုခံယူပြီး အတတ်နိုင်ဆုံး သက်သောင့်သက်သာရှိအောင် နေရမှာ မဟုတ်လား၊ ဟင် ! ယုဝ ...၊ နင် ဘာကြောင့် ပြန်လာခဲ့တာလဲ"

သူဟာ သူ့မိဘကို ရှာဖွေဖို့ ပြန်လာခဲ့တာတဲ့။ သူ မတွေ့ရဖူးတဲ့ သူ့မိဘတွေကို သူ့ရဲ့နောက်ဆုံးအချိန်တွေမှာ လိုက်ရှာတွေ့ဖို့ ပြန်ခဲ့တာ။ ခုဆိုရင် သူ ဘယ်လောက်တောင် ရေဆုံးမြေဖျား ပတ်ရှာနေသလဲ။ ရောဂါဝေဒနာက တစ်ဖက်နဲ့။ သုခ ရင်ထဲနင့်ဆို့နာကျင်ကာ ပြောမပြတတ်အောင် ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ... နင် ... ဒါကြောင့် ခေါင်းတွေကိုက်တာ၊ ဒါကြောင့် ဟိုမေ့ဒီမေ့ မေ့တာ၊ ဒါပေမဲ့ ... ဒါပေမဲ့ ... နင့်ကို ငါ ဆရာကြီးတွေ စစ်ဆေးတော့ ဘာဖြစ်လို့ ရောဂါရှာမတွေ့တာလဲ"

ချစ်စစ်က ရှိုက်ငင်ရင်းက တအံ့တသြ ရေရွတ်ညည်းတွားသည်။

"ယုဝကို ဒီမှာ စီတီစကဲန်ရိုက်မှ မရိုက်တာ"

"ဒါပေမဲ့ မေမေ၊ သူ့ကို EEG တော့ ရိုက်တာပဲ ဦးခေါင်းကို၊ Electroencephalography ဆိုတာ ဦးနှောက်က လျှပ်စစ်လှိုင်းကိုရိုက်တာ၊ ဦးနှောက်ထဲမှာ တစ်ခုခုဖြစ်နေရင် ပုံမှန်မဟုတ်ကြောင်း ပေါ်ရမှာပေါ့၊ ဘရိန်းကျူမာကိုရိုက်တာ မဟုတ်ပေမယ့် ပုံမှန်မဟုတ်ဘဲ ရောဂါတစ်ခုခုရှိကြောင်းကိုတော့ ပြသရမှာပေါ့၊ အခု ဘာမှမတွေ့ဘူးလေ"

"အဲဒါ ဘာဖြစ်လို့လဲ"

သားအမိနှစ်ဦးသား အမောတကော အံ့အားတသင့်ရင်ဖိနေရချိန်တွင် သုဓက ခေါင်းငိုက်စိုက်နှင့်သာ ငြိမ်နေပါသည်။

"ယုဝ ... ဒါ နင့်ဆေးစစ်ချက်တွေ ဟုတ်တယ်မဟုတ်လား၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"





"ဒါဖြင့် နင် ခုနောက်ပိုင်း ဘာဖြစ်လို့ ခေါင်းမကိုက်တော့တာလဲ၊ ပြီးတော့ တစ်ခါတစ်ရံ နင် အန်ချင်တာလည်း ဖြစ်ဖူးတယ်လို့ ပြောဖူးတယ်၊ အခု အဲဒါလည်းမရှိဘူး ယုဝ၊ ခေါင်းငိုက်စိုက်ချမထားပါနဲ့၊ ပြောပါ"

"........."

"နင် ... နင် ... ငါ့ကို .. ဟိုအရင်က မပြောဘူးဆိုရင် တောင် ခုနောက်ပိုင်းတော့ ပြောသင့်ပါတယ် ယုဝရယ်၊ ရက်စက်လိုက်တာ၊ ခုဆို နင်နဲ့ ငါနဲ့ ချစ်သူတွေဖြစ်သွားပြီပဲလေ၊ နင် ပြောရမှာပေါ့၊ ငါ့ကို ပွင့်ပွင့်လင်းလင်းပြောရမှာပေါ့၊ နင် မကောင်းဘူး၊ နင်သိပ်ရက်စက်တယ်"

တရှိုက်ရှိုက်ငိုသော ချစ်စစ်ကို ဒေါ်ခင်မာလာက ဆွဲဖက်ရင်း ...

"သမီးရယ် ... သူလည်း သူချစ်တဲ့သူတွေကို စိတ်ဆင်းရဲမှု မပေးချင်လို့ မပြောချင်တာ ဖြစ်မှာပေါ့ကွယ်၊ ယုဝကို အပြစ်မတင်ပါနဲ့"

"မင်္ဂလာကိစ္စကိုတောင် နင် အေးအေးဆေးဆေး ခေါင်းညိတ်သဘောတူတယ်၊ နင် သွေးအေးလှချည်လားဟင် ယုဝ၊ နင် ဘယ်လိုခံနိုင်ရည်မျိုးနဲ့ ဒီလိုအချိန်မှာ အပြုံးမပျက် နေနေနိုင်တာလဲ၊ ငါမယုံဘူး၊ မယုံချင်ဘူး၊ ငါကတော့ ခုနောက်ပိုင်း လန်းဆန်းတက်ကြွပြီး သွက်လက်ပေါ့ပါးနေတဲ့နင့်ကို မြင်ရတာ စိတ်တွေချမ်းသာလို့ပါ ...



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... ခွဲစိတ်ဖို့ မဖြစ်နိုင်တဲ့ ဘာရိန်းကျူမာတဲ့၊ ဘာရိန်းမှာရှိတဲ့ အဓိက Artery မှာ ပူးကပ်တည်ရှိနေတဲ့ ကျူမာမို့ ခွဲစိတ်ဖို့ မဖြစ်နိုင်ဘူးတဲ့၊ ငါ မယုံဘူး ယုဝ၊ ငါတို့ ပြန်စစ်ကြရအောင်၊ နက်ဖြန် သွားပြန်စစ်ကြရအောင်"

"သမီး"

"နင့်မျက်နှာကို ငါ ကြည့်လိုက်ရင် ဟောဒီစာရွက်တွေကို တစ်လုံးမှ မယုံနိုင်ဘူး၊ ပြန်စစ်မယ်"

အရူးမလေးနှယ် သွေးဆူပေါက်ကွဲ ခံစားနေရတဲ့ ချစ်စစ်ကို သုမ မကြည့်ရက်တော့ပါ။ ချစ်စစ်ရဲ့နံဘေးကို ဝင်ထိုင်လိုက်ရင်း ချစ်စစ်ကို ပခုံးလေးမှ ပွေ့ဖက်လိုက်လျှင် ချစ်စစ်က ကိုယ်လေးကိုလိမ်ပြီး သုမ ရင်ခွင်မှာ မျက်နှာတိုးဝင်အပ်၍ ငိုချလိုက်ပါသည်။ ချစ်စစ်ကို တင်းတင်းပြန်ဖက်ကာ သုမပါမျက်ရည်ရစ်ဝိုင်းလာသည်။

ကိုယုဝ ...။ ကျွန်တော် ဘာဆက်လုပ်ရမလဲဗျာ။ ခင်ဗျားအတွက်လည်း စိတ်တွေပူလှပါပြီ။ ဘယ်နေရာမှာများ နေမကောင်း ဖြစ်နေမလဲ။

"ယုဝ ... နင် အခု ဘာတွေမှ မခံစားနေရဘူးလားဟင်၊ နင် ခံစားရတာတွေကို မျိုသိပ်ပြီး ဟန်ဆောင်နေတာလား"

"........"





"နင့်မျက်စိအမြင်တွေ ဘာတွေ မဝါးဘူးလား၊ ဘေးဖက်ထောင့်တွေကို မြင်နိုင်သေးရဲ့လား၊ ခြေတို့လက်တို့ရော ထုံကျင်လား၊ ကောင်းကောင်း လှုပ်ရှားသွားလာနိုင်တုန်းလား"

"သမီးရယ်၊ ယုဝ စိတ်မကောင်းအောင် ဒါတွေမေးမနေပါနဲ့တော့၊ သူ သွားလာလှုပ်ရှားနိုင်နေတာ သမီးလည်း မြင်တာပဲ၊ မျက်စိလည်း ကောင်းနေသေးတာ အသိသာကြီးပဲ၊ ကျူမာက အစောပိုင်းအဆင့် ဖြစ်ကာစလေးဖြစ်ပါလိမ့်မယ်"

"မဟုတ်ဘူး မေမေရဲ့၊ အရွယ်အစားလည်း ဒီမှာပါတယ်၊ အရွယ်ကြီးနေပြီ"

"ကဲ ... တိတ်ပါ သမီးရယ်"

"ယုဝ ... နင် ငါ့ကို ဘာစကားတစ်ခွန်းမှ မပြောတော့ဘူးလားဟင်"

ယုဝသည် ရင်ခွင်ထဲမှ ချစ်စစ်ကို ပခုံးနှစ်ဖက်မှ ဆုပ်ကိုင်ကာ အသာလေးခွာထုတ်လိုက်ပါသည်။ ဒီလောက်ဖြစ်နေတဲ့အချိန်မှာ သူ နှုတ်ကြီးပိတ်ပြီး ဆက်ညာနေသင့်သေးရဲ့လား။ ဘယ်ရောက်နေမှန်းမသိတဲ့ ယုဝကို အမြန်ဆုံး ဆက်သွယ်ရှာဖွေဖို့ လိုအပ်မလား။ ဘာကြောင့် ဖွင့်မပြောရဲရမှာလဲ။ သူ ဖွင့်ပြောလိုက်ချင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

သူဟာ ယုဝအပေါ် မဟုတ်မတရားလုပ်ကာ နေရာ အစားဝင်နေတာမှ မဟုတ်ဘဲ။ ယုဝတောင်းတဲ့ အကူအညီတစ်ခု ကိုပေးပြီး ဒီနေရာမှာ ဝင်နေရတာပဲလေ။

"ချစ်စစ် ... အန်တီမာလာ"

"သား"

"ကျွန်တော် ပြောစရာတစ်ခု ရှိပါတယ်"

"ပြောလေ သား"

ချစ်စစ်က နှုတ်ခမ်းလေး မဟတဟနှင့် သူ့ကို အသက်မရှူဘဲ စောင့်ကြည့်နေသည်။

"ကျွန်တော် ... ယုဝ မဟုတ်ပါဘူး"





၁၄

ချစ်စစ်သည် သူ့မရဲ့ပါးပြင်ကလေးနှစ်ဖက်ကို ပွတ်သပ်တို့ထိမိကာ ထုံပေပေသော ခံစားချက်ကြားက ဝမ်းနည်းနာကျင်လာမိသည်။ ဒီပါးပြင်လေးတွေကို သူ ရှိုက်နမ်းဖူးတယ်လေ။

ယုဝ တစ်ယောက် သက်ဝင်ပူနွေးလာတယ်လို့တော့ အုံအားတသင့် ထင်ခဲ့မိသား။ ဝမ်းသာကြည်နူးမိခဲ့သား။ ဒီအနမ်းညင်ညင်သာသာလေးတွေမှာလည်း ရင်ခုန်မောလျခဲ့ရဖူးသားပင်တည်း။ ခုတော့ ... သူက သူတဲ့။

အဲဒီညနေက ချက်ချင်း ဒက်ဒီ့ကို ဖုန်းဆက်ခေါ်လိုက်ကာ ဒီကိစ္စကို ဘယ်လိုဖြေရှင်းမလဲဆိုတာ အတော်ဦးနှောက်စားလိုက်ကြရပါသေးသည်။ ကြီးကြီးဟာ လမ်းတောင်ကောင်းကောင်း သေချာမလျှောက်နိုင်သေးတာမို့ ကြီးကြီးကို ချက်ချင်းမပြောဖြစ်။ လနဲ့ချီကာ ကိုယ့်နံဘေး အနီးကပ်ရှိခဲ့ပြီးသူဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



တောင် ချက်ချင်းဝေးကွာသွားသလို စိမ်းသက်သွားသလို သူစိမ်းပြင်ပြင်ကြီးလို ခံစားလိုက်ရသည်။

ချက်ချင်း အဝေးခွာထိုင်လိုက်မိကာ စိမ်းစိမ်းကားကား ကြည့်မိတော့ သုစ ဆိုသူဟာ မျက်နှာငယ်နှင့် မျက်နှာကိုအောက်ချ ငြိမ်သက်နေကာ ချစ်စစ်ကို စေ့စေ့မကြည့်တော့ပါ။ ဒေါ်ခင်မာလာသည် တုန်တုန်လှုပ်လှုပ်နှင့် ...

"ချစ်စစ် ... ညည်းဒက်ဒီကို ချက်ချင်း ဖုန်းဆက်ခေါ်စမ်း"

အဖြစ်အပျက်က ရုပ်ရှင်ဆင်တူတစ်ယောက်ဟာ ယုဝနေရာ အစားထိုး ဝင်ရောက်နေတာဖြစ်ပြီး ယုဝက ဘယ်ရောက်နေမှန်း အစားထိုးနေသူ ကိုယ်တိုင်က မသိပါဘူးတော့ ခုချက်ချင်း ရဲပဲတိုင်ရမလား၊ ဒီလူကို ဖမ်းချုပ်ရမှာလားတောင် ကယောင်ချောက်ချား တွေးမိကြသည်။ ဦးမျိုးစစ်က ချက်ချင်းရောက်လာကာ သုစကို မေးစရာရှိတာတွေ မေးမြန်းစူးစမ်းစစ်ဆေးသည်။

"မင်း ရှိနေမှန်း ယုဝက ဘယ်လိုလုပ် သိတာလဲ"

"ကျွန်တော်က ချစ်စစ်နဲ့အရင်ဆုံဖူးတာပါ အန်ကယ်၊ ချစ်စစ်က အဲဒါကို ကိုယုဝကို စကားပြန်စပ်ရာက ကိုယုဝက သူနဲ့တူတဲ့လူကို ချစ်စစ် လူမှားခဲ့တာဆိုတာ သိသွားတာပါ"





"ဒါဆိုရင် သူက အဲဒါ ငါ မဟုတ်ဘူးလို့ ချစ်စစ်ကို ပြောရမှာပေါ့"

"ကိုယုဝ အဲသလို ဘာကြောင့် မပြောဘဲ ကျွန်တော့်ကိုပဲ ကျိတ်ရှာခဲ့သလဲဆိုတာ အတိအကျ မသိပေမယ့် နောင်တစ်ချိန်မှာ ခုလို ကျွန်တော့်ကို သူ့နေရာ အစားထိုးခဲ့ဖို့ အကြံအစည်နဲ့ ဘယ်သူ့ကိုမှ မပြောတော့တာ ဖြစ်ပါလိမ့်မယ် ခင်ဗျာ"

"ခုလည်းပဲ မင်းပြောလို့သာ မင်္ဂ နာမည်က သုစလို့ သိရတယ်၊ ငါတို့မျက်စိထဲတော့ ယုဝနဲ့ ဆံချည်တစ်မျှင်တောင် မလွဲသလိုပဲ"

ဒက်ဒီက အဲသလိုပြောတော့ "ယုဝ အရမ်းကိုပုံစံပြောင်းသွားတယ်"လို့ မကြာခဏ တွေးမိတဲ့ ချစ်စစ်မှာ ကိုယ့်အမြင် ကိုယ့်သတိရှုးရှုမှုကို ကိုယ့်ဘာသာ ချီးမွမ်းရမလိုပင်။ ယုဝ မဟုတ်ဘူးလို့တော့ သံသယ မဝင်မိပေမယ့် အရမ်းပြောင်းလဲသွားတယ်ဆိုတာကိုတော့ တစ်ချိန်လုံး အံ့အားတသင့် ဖြစ်နေတဲ့ကြားက အဲဒီပြောင်းလဲမှုကိုပဲ နှစ်ခြိုက်ကြည်နူး ယစ်မူးသာယာခဲ့တာ မဟုတ်လား။

"မင်းစကားတွေကို အန်ကယ်တို့ ဘယ်လိုလက်ခံယုံကြည်ရမလဲ သုစ၊ အခု မင်းစကားအရ ယုဝ ဘယ်ရောက်နေမှန်း မင်းလည်းမသိဘူး ဆိုတော့ သဲလွန်စပျောက်မနေပေ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား။ လူတစ်ယောက်ပျောက်နေပြီး ရုပ်ချင်းဆင်တူတဲ့ သူတစ်ယောက်က အစားထိုးဝင်နေတယ်ဆိုတာ လျှို့ဝှက် သဲဖို စိတ်ကူးယဉ်ဆန်နေသလို ရာဇဝတ်ကြောင်းတောင် ကင်းရှင်းရဲ့လားလို့ စဉ်းစားစရာဖြစ်နေတယ် ...

အန်ကယ်တို့အနေနဲ့ ယုဝအတွက်ကြည့်ပြီး ရဲကို တိုင်ထားသင့် မတိုင်သင့် တော်တော် ဆုံးဖြတ်ရလိမ့် မယ်"

"တကယ်လို့ အန်ကယ်တို့ ရဲတိုင်ချင်ရင်လည်း ကျွန်တော့်ကို အားမနာပါနဲ့ခင်ဗျာ"

ဦးမျိုးစစ်က ခေါင်းရှုပ်လှပုံနှင့် ...

"နေပါဦး ... သူက ငါတို့နေရာလဲ လူစားထိုးရအောင်ဆို တာနဲ့ မင်းက လက်ခံလိုက်ရောလား၊ မင်းတို့ဟာက ကလေးကစားတာ ကျနေတာပဲကွာ"

"ကိုယုဝက သူ့ အရေးကြီးကိစ္စနဲ့ ခရီးထွက်ဖို့ရှိတယ်၊ ကြီးကြီးက ခွင့်မပြုတဲ့အတွက် ကျွန်တော်က သူ့နေရာ လူစားဝင်ပေးပါလို့ ပြောချိန်မှာ ကျွန်တော်က အလုပ်လက်မဲ့ ဘဝနဲ့ အလုပ်ရှာနေတုန်း အချိန်ပါ။ ကျွန်တော့်အမေဆုံး ပြီးတာ မကြာသေးလို့ အလုပ်မရှာရသေးတာပါ၊ အဖေက လည်း ငယ်ငယ်ကတည်းက ဆုံးသွားတော့ ကျွန်တော်က တစ်ကောင်ကြွက် မိဘမဲ့တစ်ယောက်ပါ ....





ကြီးကြီးကုမ္ပဏီမှာဝင်လုပ်၊ အဲဒီလခလည်းရမယ်၊ သူ့နေရာ လူစားထိုးပေးတဲ့အတွက် သူပေးတဲ့လခလည်း ရမယ်ဆိုတာနဲ့ ကျွန်တော့်လည်း အလုပ်သဘောတစ်ခုလို သဘောထားပြီး လက်ခံလိုက်တာပါ၊ သူ့ကိစ္စပြီးလို့ သူ ပြန်လာရင် လူစားပြန်လဲကြမယ်လို့ သဘောတူထားကြ တာပါ"

သူ့စကားတွေ နားထောင်ရင်းက ကိုယ့်ဆီက ပိုက်ဆံ နှစ်သိန်း လက်ခံယူသွားတာဟာ ယောဒီ သူ့ပဲလို့ ချစ်စစ် သဘောပေါက်လာသည်။ ဒါကြောင့်လည်း သူက ကြီးကြီးထံမှာ လကုန်လို့ လခထုတ်တော့ နှစ်သိန်းကျော်တန် YSL ပိုက်ဆံအိတ် တစ်လုံး ပြန်ဝယ်ပေးခဲ့တာပေါ့။

ယုတုန်းကတော့ ယူသွားပေမယ့် ဒီငွေတန်ဖိုးကို တော့ တစ်ဖက်လှည့်နဲ့ ပြန်ပေးဖြစ်အောင်ပေးတဲ့အတွက် ဒီငွေ ကိစ္စကို ဒက်ဒီတို့ကို ချစ်စစ် ပြောမနေတော့ပါ။ သူ့ကို ရွံသလိုလို မုန်းသလိုလို ခံစားနေရတဲ့ကြားက သနားလည်းသနားနေမိသေး တယ် မဟုတ်လား။

"မင်း ပြောလို့သာ ကြားနေရတယ်၊ ခုချိန်ထိ ဒါဟာ ယုဝ မဟုတ်ပါလားလို့ မယုံနိုင်သလိုတောင် ဖြစ်နေတယ်၊ ရှုးကြောင်ကြောင်တွေပဲ လျှောက်ပြောနေလား၊ အကြံအစည် တစ်ခုခုနဲ့ ဇာတ်လမ်းထွင်နေသလားတောင် တွေးမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒေါ်ခင်ခင်ကြီးအိမ်လို နေရာမျိုးကိုမှ ဝင်ပြီးလိမ်တယ်၊ အယောင်ဆောင်တယ် ဆိုတာတော့ ရာဇဝတ်မှု မြောက်နေတယ်၊ မင်းကို ဘယ်လိုအရေးယူဆောင်ရွက်ရမှန်းတောင် မသိအောင်ပဲ"

"ရဲတော့ အသိပေး အကြောင်းကြားမှ ဖြစ်မယ်ထင်တယ် အစ်ကို"

"အန်တီတို့ အကြောင်းကြားရမှ ကျေနပ်မယ်ဆိုရင် ကြားပါခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော်ဟာ ကိုယ်ကျိုးတစ်ခုခုကို မျှော်မြင်ပြီး လိမ်နေတဲ့ လူလိမ်ဆိုရင် ကျွန်တော့်ကို ယုဝလို့ အကြွင်းမဲ့ယုံနေတဲ့သူတွေကို ယုဝ မဟုတ်ပါဘူးလို့ ကျွန်တော်ကစ,ဖွင့်ပြောစရာ အကြောင်းမရှိပါဘူးခင်ဗျာ။ ဒီအတိုင်းမေ့ပြီးနေလည်း ဘယ်သူမှ သံသယဝင်နေတာမှ မဟုတ်တာ"

"ဆေးလက်မှတ် စာရွက်စာတမ်းတွေ မမျှော်လင့်ဘဲ ထွက်လာတယ်လေ၊ ဒါကြောင့် ပေါ်တော့မယ်ဆိုပြီး မင်းဖွင့်ပြောလိုက်ရတာ မဟုတ်ဘူးလား"

"ဆေးလက်မှတ်တွေ ပေါ်လာလည်းပဲ ဒီတိုင်းနေလိုက်လို့ ရပါတယ် အန်တီ၊ ဟုတ်တယ်၊ အင်္ဂလန်မှာစစ်ခဲ့တုန်းက အဲသလိုပဲ၊ ဘာမှားယွင်းသလဲတော့ မသိဘူးဆိုတဲ့ ပုံစံနဲ့ ဒီအတိုင်း နေနေလိုက်လည်း ချက်ချင်းတော့ ပေါ်မသွား





နိုင်သေးပါဘူး အန်တီ၊ ကိုယုဝက မကြာခင် ပြန်လာတော့မယ်လို့ ပြောထားတော့ အဲဒီအချိန်လောက်အထိတော့ ကျွန်တော် လှည့်ပတ်ပြီး နေလို့ရနိုင်နေပါသေးတယ်"

"မာလာရယ် ... မောင်သုမ အနေနဲ့က နောက်ဆုံးတစ်နေ့ ပေါ်သွားတော့မှာမို့ ရင်မဆိုင်ချင်ဘူးဆိုရင် အိမ်ကနေ အသာလေး ထွက်သွားလိုက်လို့ ရနေတာပဲကွာ၊ သူ ဘယ်ကိုထွက်သွားမှန်းတောင် ဘယ်သူမှ မသိနိုင်ပါဘူး၊ အခု လည်း သူကစပြီး ဖွင့်ပြောတာပဲ၊ မင်းတို့ မသင်္ကာလို့ သံသယဖြစ်လို့ ဖွင့်ပြောရတာမှ မဟုတ်တာ"

ဦးမျိုးစစ်က တွေးတွေးဆဆ ဝင်ပြောပါသည်။ အဲဒီစကားက ယုတ္တိကျကျမို့ ဒေါ်ခင်မာလာလည်း စကားမဆက်ဘဲ ငေးငိုင်သွားရပါသည်။

"ဒါပေမဲ့ ကျွန်မကလည်း သူ့ကို မယုံသင်္ကာလွန်းလို့ ရဲတွေ ဘာတွေ တိုင်ဖို့ပြောတာ မဟုတ်ပါဘူး၊ လူစားလဲတယ်ဆိုပေမယ့် ယုဝ ဘယ်ရောက်နေမှန်း သူကမသိဘူးဆိုတော့ လိုလိုမယ်မယ် အနေနဲ့ပါ၊ ဒါနဲ့ နေပါဦး၊ ပေါ်သွားမှာစိုးလို့ ဖွင့်ပြောတာ မဟုတ်ဘူးဆိုတော့ မင်းက ဘာကြောင့် ဖွင့်ပြောလိုက်တာလဲ"

"ကျွန်တော် ကိုယုဝအတွက် စိုးရိမ်သွားလို့ပါ"

သုမက သက်ပြင်းတစ်ချက်ရှိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယုဝ ... ကျွန်းမာရေးတစ်ခုံတစ်ရာ ချို့ယွင်းနေပုံရတာ ချစ်စစ်လည်း သတိပြုမိတာပဲ မဟုတ်လား၊ ကျွန်တော်လည်း သတိပြုမိပါတယ်၊ ခုလို အကြာကြီး ခရီးထွက်နေတော့ သူ့အတွက်လည်း ကျွန်တော် တကယ်စိတ်ပူနေတာပါ။ အခု ဒီဆေးစာရွက်တွေ ထွက်လာတော့ သူ့အတွက် အရမ်းစိတ်ပူတယ် ...

သေလူလိုဖြစ်နေတဲ့ လူတစ်ယောက် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိဘူး ဆိုတာကို လောကမှာ သိထားတာ ကျွန်တော် တစ်ယောက်တည်းပါ၊ ဘယ်သူမှ မသိကြဘူးလေ၊ ဒီအဖြစ်အပျက်ကို ကျွန်တော် ဆက်ဖုံးဖိမထားသင့်ဘူး ထင်လို့ပါ၊ ကိုယုဝ တစ်နေရာရာ ရောက်နေရာက ဒီကို ပြန်ရောက်လာဖို့ တစ်ယောက်ယောက်ကများ အချိန်မီ တတ်နိုင်မလားလို့ပါ ခင်ဗျာ ...

ကျွန်တော် ဆက်ပြီးဖုံးကွယ်ထားတဲ့အတွက် ကိုယုဝရဲ့ အသက်အန္တရာယ် ပိုပြီးစိုးရိမ်စရာ ဖြစ်မလားလို့ပါ၊ ကျွန်တော် သူ့အတွက် စိုးရိမ်တဲ့စိတ်ကြောင့် ဒီကိစ္စကိုဖွင့်ပြောလိုက်တာပါ"

"သူ ဘယ်ကိုသွားတယ်ဆိုတာ မင်း မသိဘူးလား မောင်သုခ"





"မသိဘူး ခင်ဗျ၊ ဒါပေမဲ့ ဒီကြားထဲမှာ ကျွန်တော့်ဆီနှစ်ခါ ဖုန်းဆက်ပါတယ်၊ နောက်ဆုံးသိတဲ့အချိန်မှာ သူ အောင်ပန်းရောက်နေပါတယ်၊ ပထမ အညာကိုသွားတယ်တဲ့၊ နောက်တစ်ဆင့် တစ်ဆင့် ပြောင်းပြီး အဲဒီ ဖုန်းဆက်ချိန်က အောင်ပန်းရောက်နေတယ်၊ ချင်းပြည်နယ်တွေ ကချင်ပြည်နယ်တွေအထိလည်း လိုအပ်ရင် သွားရမှာပဲတဲ့"

"သူက ဘာသွားလုပ်နေတာလဲ"

"လူတစ်ယောက်ကို သွားရှာနေတာတဲ့ အန်ကယ်"

သုခရဲ့စကားတွေကို ချစ်စစ် ပြန်စဉ်းစားနေမိပါသည်။ သူဟာ လုလိမ်လုကောက်တစ်ယောက်တော့ မဟုတ်ပါဘူး၊ သေချာပါသည်။ သူ့စကားတွေကိုလည်း ယုံကြည်မိပါသည်။ ကာယကံရှင်နှစ်ယောက် အချင်းချင်းသဘောတူကျေနပ်ပြီး လူစားထိုးထားတဲ့ကိစ္စမို့ သုခအပေါ်ကိုပဲ အပြစ်တင်နေစရာလည်းမရှိပါ။

ကြီးကြီးကို ဘာမှမပြောခဲ့ကြသေးဘဲ အိမ်ပြန်ရောက်တဲ့အခါ မိသားစုသုံးဦးသား ခေါင်းချင်းဆိုင် တိုင်ပင်ရပြန်ပါသည်။

"မမကြီးနား သူ့ကို ထားထားတာ စိတ်ချရပါ့မလား"

"မင်းကလည်းကွာ၊ ငါတို့မသိရသေးခင်က နေလာတာပဲ ဘယ်လောက်တောင် ကြာနေပြီလဲ၊ အခု ငါတို့က ယုဝအတွက်ပဲ စိုးရိမ်ရမယ့်အချိန်။ သူ့ကို သံသယဝင်နေရမယ့်အချိန် မဟုတ်ဘူး မာလာ၊ သမီးကတော့ သူနဲ့ဆက်ပြီး ရင်းနှီးတွေ့ဆုံနေဖို့ မလိုတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဤစကားက ချစ်စစ်ရဲ့နှလုံးသားတို့ကို ဓားပါးလေး နှင့်မွှန်းသလို စပ်ဖျဉ်းနာကျင်စေသည်။ ဒါပေမဲ့ ဒက်ဒီ့စကားကို ရက်စက်လှချည်ရဲ့လို့ ပြောလို့မရပါ။ ဒီလိုပဲ ဖြစ်ရမှာပဲ မဟုတ်လား။ လူကြီးတွေအားလုံး သဘောတူထားတာက ယုဝနဲ့ချစ်စစ် မဟုတ်လား။

ချစ်သူတွေဘဝရောက်သွားခဲ့ပြီးတဲ့ နောက်ပိုင်း အချိန် တိုတိုလေးအတွင်းမှာ ချစ်စစ်နှင့် ယုဝတို့ မတွေ့ဖြစ်ကြတဲ့ရက် ဆိုတာ မရှိပါ။ ဖုန်းမပြောဖြစ်တဲ့နေ့ဆိုတာ မရှိပါ။ အရင်တုန်း ကတော့ ထုံပေပေ ဂျစ်ကန်ကန်နဲ့ ချစ်သူတွေဖြစ်တော့လည်း သူ့လောက်ချစ်တတ်တဲ့သူ မရှိပါလားလို့တောင် စကားနာထိုးရတဲ့ အထိ သူက ချစ်စစ်အပေါ် တမြတ်တနိုး အရေးတယား ချစ် ခဲ့တာကို ခံစားလို့ရပါသည်။

ဪ ... သူတဲ့။

ခုတော့ မတွေ့ဖြစ်တာ ဖုန်းစကားမပြောဖြစ်တာ ဘယ်နှရက်တောင် ရှိသွားပြီလဲ။ ဘယ်ကမှန်းမသိတဲ့ လူတစ် ယောက်က ယုဝ ဟန်ဆောင်ပြီး သူမရဲ့အချစ်ကို ရယူလိုက်တာ လေ။ ပါးပြင်လေးတွေကိုလည်း ရှိုက်နမ်းသွားခဲ့ရဲ့။ လက်ဖဝါး လေးကိုလည်း ဆုပ်ကိုင်ခဲ့ဖူးရဲ့။ ပခုံးကလေးတွေကိုလည်း ဖက် ထွေးခဲ့သေးရဲ့။





စိတ်ကိုတင်း၍ ချစ်စစ် ဖြေသိမ့်ပါသည်။ ဘယ်က မှန်းမသိတဲ့ လူတစ်ယောက်ကို ဘာဖြစ်လို့ လွမ်းဆွတ်ရမှာလဲ။ အလကားလူ။ အခွင့်ရေးသမား။ သူများအချစ်ကို လိမ်ယူလိုက် သေးသည်။

ဒီကြားထဲ ဒက်ဒီနှင့် မာမီကတော့ အဲဒီအိမ်ကို ရောက်ကြပါသည်။ ဒေါ်ခင်ခင်ကြီး အိမ်ပေါ်မှာ လူစိမ်းတစ်ယောက် ရောက်နေတယ်ဆိုတာ သိနေတာ သူတို့မိသားစုပဲ ရှိတာလေ။ သိသိနှင့် မျက်နှာလွှဲခဲပစ် ဘယ်လိုလုပ်မလဲ။ စောင့်ကြည့်ရတော့ သည်ပေါ့။

ဒေါ်ခင်ခင်ကြီးကအလျှဉ်းကောင်းမလာသေး။ စကား သံက မပီမသ မဖြစ်တော့သော်လည်း လေးနေဆဲ။ ခြေလက်တွေ အတွက် နာ့စ်နှင့် လေ့ကျင့်ခန်းတွေ လုပ်နေရဆဲ။ စိတ်လှုပ်ရှား ထိနိုက်မှုတွေ နှလုံးခုန်သွေးတိုးမည့် ကိစ္စရပ်တွေ ကြုံဖို့မဖြစ်နိုင် သေးဘူးဆိုတဲ့အတွက် ဖွင့်ပြောလို့ မရပါ။

"ဒီကောင်လေးက မဆိုးရှာပါဘူးကွာ၊ ရုံးကိစ္စလည်း အကွက် စေ့လို့၊ မမကြီးအပေါ်လည်း တော်တော်ကို ဂရုစိုက်ပြုစု တာ၊ ကိုယ်တို့ သူ့ကိုမသိခင်ကတည်းက ဂရုစိုက်တာပါ၊ လူမှုရေး ပေါင်းသင်းဆက်ဆံရေးနဲ့ အောက်သက်ကြေမှု မှာတော့ ယုဝက သူ့ခြေဖျားတောင် မမီဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ အစ်ကိုရယ်၊ ကျွန်မ စဉ်းစားမိတယ်၊ ဒီလောက်ကြီးတောင် ချွတ်ခြုံကြီး တုနေတာ ခွဲလို့မှမရတာ အမြွှာညီအစ်ကိုတွေ ဘာတွေများ ဖြစ်နေမလားပဲ"

"မမကြီး တစ်ခါမှ ပြောသံမကြားဖူးပါဘူးကွာ"

"ကျွန်မတို့နဲ့ မမကြီး စပြီးခင်မင်ရင်းနှီးကြတော့ ချစ်စစ်တို့ ယုဝတို့ နှစ်တန်း သုံးတန်း ရှိနေပြီပဲ အစ်ကိုရဲ့၊ အဲဒီကတည်းက ယုဝမှာ မိဘတွေမရှိတော့ဘူးလို့ သိထားရတာပဲလေ၊ မမကြီးက မပြောဘဲ ဖုံးဖိထားတာမျိုးကော မဖြစ်နိုင်ဘူး ပြောမလား။ စိတ်ကူးယဉ်ဆန်သလို ရှိပေမယ့် ဒီလောက်ကြီး ရုပ်တူတာတော့ အမြွှာကလွဲလို့ ဘယ်ရှိပါမလဲ၊ ရုပ်ချင်းဆင်တာမှ မဟုတ်တာ၊ ချွေးကိုမရတာ"

"ဖွင့်မေးရမှာလည်း မမကြီးက နေမကောင်း၊ နေကောင်းတောင်မှ မေးရမှာ အားနာစရာကြီး၊ သူများဖုံးဖိထားတဲ့ ကိစ္စဆိုရင် ကိုယ်ကကော ဘယ်လိုလုပ်ပြီး စပ်စပ်စုစုမေးမလဲ"

ဒီကြားထဲက ရက်တချို့မှာ ချစ်စစ်ရဲ့ မနက်ပိုင်းဆေးရုံမှာတက်ရတဲ့ အတန်းတို့မှာ ဆေးရုံနှားအနီးတစ်ဝိုက်၌ သူမကို ရီးခနဲ ရိပ်ခနဲ တွေ့လိုက်ရတတ်လေသလားလို့ ချစ်စစ် ထင်ယောင်ထင်မှား ရှိမိလေသည်။ ဟုတ်ရင်လည်း ဟုတ်မှာ။ ကိုယ်တောင် ရင်ထဲ မပျောက်ဖျက်နိုင်သော အစိုင်အခဲ ဖြစ်နေတာ သူလည်း ဒီအတိုင်း ရှိမှာသာပါ။





သိပ်မကြာခင်တစ်ရက်မှာတော့ သူတို့အိမ်နှစ်အိမ်လုံးမှာ ယောက်ယက်ခတ် လှုပ်ရှားသွားစေတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ပါသည်။

အဲဒါကတော့ ကျန်းမာရေးအခြေအနေ အလွန်ဆိုးဝါးနေတဲ့ လူကြီးတစ်ယောက်ကို ခေါ်ဆောင်ကာ ယုဝ တစ်ယောက် အိမ်ပြန်ရောက်ခဲ့ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

"ဟယ်လို"

အိမ်ဖုန်းကို ချစ်စစ်က ကောက်ကိုင်ထူးလိုက်လျှင် တစ်ဖက်က ခဏတိတ်နေပြီးမှ ...

"ချစ်စစ်"

သုခအသံကြောင့် ချစ်စစ်သည် ရင်တွေတုန်ကာ ပရမ်းပတာ စိတ်လှုပ်ရှားသွားရပြီးမှ ...

"ဘာလဲ၊ ရှင် ဘာဖြစ်လို့ ကျွန်မဆီ ဖုန်းဆက်ရတာလဲ"

"မဟုတ်ပါဘူး ချစ်စစ်၊ ကျွန်တော် အန်ကယ့်ဆီဆက်တာပါ၊ ဒါကြောင့် အိမ်ဖုန်းကိုပဲ ခေါ်လိုက်တာပါ၊ အန်ကယ့် ဟဲန်းဒ်ဖုန်း မသိလို့ပါ"

သုခရဲ့နူးညံ့ခယသော တောင်းပန်သံတွင် ချစ်စစ်သည် ကိုယ့်ရဲ့စိတ်ဆောမှု၊ မှားယွင်းမှုအတွက် အနည်းငယ်ရှက်ရွံ့သွားရကာ ...



"ဒါဖြင့် ကိုင်ထား"

ဒက်ဒီနှင့် သုခ ဖုန်းပြောတာ ခဏလေးရယ်ပင်။ လှမ်းမကမ်းမှာ ယောင်လည်လည်ရပ်ကာ ဒက်ဒီ့ကို သူ ဘာပြောပါလိမ့် စိတ်ဝင်စားနေမိဆဲပင် ဒက်ဒီက ဖုန်းချ၍ ...

"မာလာရေ ... ကိုယ်တို့ ဟိုအိမ် ခဏလိုက်သွားကြမှဟေ့၊ အဝတ်လဲမနေပါနဲ့၊ ညကြီးမင်းကြီးပဲဟာ၊ လာ ... ဒီတိုင်းသွားကြစို့"

"ဘာဖြစ်လို့လဲ အစ်ကိုရဲ့"

"ယုဝ ပြန်ရောက်လာတယ်"

"ဟင်"

ဒက်ဒီနှင့်မာမီ ခပ်သုတ်သုတ် ထွက်ခွာဖို့ပြင်လျှင် ချစ်စစ်က နောက်မှလိုက်ပါကာ ...

"ဒက်ဒီ ... သမီးလည်း လိုက်ချင်တယ်"

"သမီးက ...၊ အင်းလေ ... လိုက်ချင်လည်း လိုက်ခဲ့ပါ၊ လူမမာတစ်ယောက်လည်း ပါလာတယ်ပြောတယ်"

ချစ်စစ်တို့မိသားစု ချက်ချင်းရောက်သွားတာမို့ အောက်ထပ်မှာ မကျော့တို့အလုပ်သမားအဖွဲ့က အခန်းရှင်းကာ ပြင်ဆင်ကာနှင့် အလုပ်များကြတုန်း။ သူတို့ဟာ ဘာကိုမှဂဃနဏ သိမထားတာမို့ အိမ်မှာ သုခ ရှိနေတုန်း ယုဝ ရောက်လာတဲ့အတွက် နားမျက်စိတွေ ချာလပတ်လည်ကာ မူးနောက်ကုန်ကြပုံနှင့် လုပ်သမျှကိုင်သမျှ အယောင်ယောင်အမှားမှား။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ချင်းတွေ့စဉ်က ဘယ်လိုမှ ခွဲမရဘဲရှိခဲ့တဲ့ ယုဝနှင့် သုမက ခုတော့ ကောင်းကောင်းကွဲပြားနေပါသည်။ တစ်ချက်က ယုဝက မျက်တွင်းတွေကျ ကိုယ်ရေစစ်ကျသွားပြီး နွမ်းနယ်အားပျော့နေတာကြောင့်။ နောက်တစ်ချက်ကတော့ သူ့ထုံးစံ မျက်မှောင်ကို ကုတ်တုတ်တုတ်နှင့် ရုပ်ကိုမှုန်တေတေလုပ်ထားပြီး နည်းနည်းဘဝင်မြင့်တဲ့ရုပ် ထွက်နေတာ။

သုမရဲ့မျက်နှာထားက နူးညံ့သိမ်မွေ့လှပါသည်။ လူတစ်ဖက်သားအတွက် ပိုကြည့်ကာ အလျှော့ပေးမယ့် အောက်ကျို့ဖို့ ဝန်မလေးမယ့် ရုပ်ဆင်းသဏ္ဌာန်က သူ့မျက်နှာပေါ်မှာ ပေါ်လွင်နေသည်။

ဦးမျိုးစစ်တို့ ရတ်တရက် အိမ်ပေါ်တက်၊ ဘဲ့ယုဝက အလန့်တကြား အံ့အားသင့်ကာ ...

"ဟာ ... အန်ကယ်တို့ ဘယ်လို ..."

"ကျွန်တော် ဖုန်းဆက်လိုက်တာပါ ကိုယုဝ"

"ဟာ ... မင်းက ငါ့ကိုတောင်မှ ဘာမှမတိုင်ပင်ဘဲနဲ့ နေရင်းထိုင်ရင်း လူကြီးတွေ အလုပ်များအောင်ကွာ"

"ကိုယုဝ ပြန်မလာခင်ကတည်းက ကျွန်တော် ကိုယုဝ မဟုတ်ကြောင်း အန်ကယ်တို့မိသားစုက သိပြီးနေပါပြီ"

"မင်း မပိရိတာပေါ့ ... ဟား ဟား"

"ကျွန်တော် ဖွင့်ပြောလိုက်တာပါ"





"ဖွင့်ပြောလိုက်လည်း အရေးမကြီးတော့ပါဘူးလေ၊ အခုလည်း အားလုံး ဖွင့်ပြောရတော့မယ့် အခြေအနေပဲဟာ၊ ဖွင့်ပြောတဲ့အခါမှာ အန်ကယ်တို့ကိုလည်း အသိသက်သေတွေအဖြစ် ရှိစေချင်တဲ့ဆန္ဒ ရှိပါတယ်၊ ကြီးကြီးရော ..."

"မမကြီး လေဖြတ်ထားတယ် မောင်ယုဝ၊ လမ်းမလျှောက်နိုင်သေးဘူး၊ ဒါကြောင့် မင်းတို့နှစ်ယောက် လူစားလဲထားတဲ့ကိစ္စတောင် မမကြီးကို ပြောမထားသေးဘူး၊ စိတ်လှုပ်ရှားတာ ဒေါသဖြစ်တာတွေနဲ့ ဝေဒနာတိုးမှာစိုးလို့လေ"

"ဟုတ်ကဲ့ ... မနက်မှ အားလုံးဖွင့်ပြောတာပေါ့ အန်ကယ်၊ မနက်ဖြန်ကျရင် အန်ကယ်လည်းအားရင် ခဏလောက်လာပေးပါလား၊ စကားတွေလည်း ပြောစရာရှိပြီး ဒီမြန်မာပြည်မှာက ကြီးကြီးနဲ့ ရင်းနှီးသင့်မြတ်တဲ့ ဆွေမျိုးလောက်လောက်လားလား မရှိဘဲ အန်ကယ်တို့မိသားစုကတော့ လောလောဆယ် ကြီးကြီးနဲ့ အရင်းနှီး အရိုင်းပင်းဆုံးဖြစ်နေကြတာဆိုတော့"

"ရပါတယ်၊ အန်ကယ်တို့ လာခဲ့မှာပေါ့ ယုဝ၊ မင်းနဲ့ပတ်သက်ပြီးတော့လည်း မေးချင်တာတွေ သိချင်တာတွေ အန်ကယ်တို့မှာလည်း အများကြီးရှိနေတာပဲ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဧည့်ခန်းရဲ့ထောင့်တစ်နေရာက ခုံတစ်လုံးမှာ ခပ်ကုပ်ကုပ်ထိုင်နေပါသည်။ အတော်လှမ်းတဲ့ ခုံတစ်လုံးမှာ ထိုင်နေရင်းက ချစ်စစ်က ယုဝကိုတစ်လှည့် သူမကိုတစ်လှည့် အကဲခတ်နေမိသည်။ အဲသလို ရုပ်ဆင်တူ လူနှစ်ယောက်ကို မြင်နေရတာကိုကပဲ လူကိုခံပြင်းစေသလိုလို၊ ဝမ်းနည်းစေသလိုလိုနှင့် ရင်ထဲ တလှိုက်လှိုက် တက်လာပါသည်။

"ကိုလေး ... ဧည့်သည်အတွက် အခန်းအားလုံး အသင့်ဖြစ်ပါပြီ"

မကျော့က လာပြောလျှင် ယုဝက ...

"သူမ စာကြည့်ခန်းထဲ ခဏနားနေတဲ့ လူနာကို မင်းပဲ တွဲချီပြီး နေရာရွှေ့ပေးပါဦး၊ ငါတို့နှစ်ယောက်လုံး တအားခရီးပန်းလာတော့ သူလည်း ယဲ့ယဲ့ပဲ ရှိရှာတယ်၊ ငါလည်း တော်တော် ဖလက်ပြနေပြီ"

သူမက စာကြည့်ခန်းထဲက ဆိုဖာရှည်မှာ လှဲလျောင်းနေကာ အားပြတ်သလောက်နီးနီး ဖြစ်နေသည့် လူမမာဧည့်သည်ကို တွဲမနေတော့ဘဲ ပွေ့ပဲချီရွှေ့ခဲ့ပါတော့သည်။ လူကြီးက အတော်ပိန်ချုံးနေသည်ဖြစ်၍ ပေါ့ပေါ့ရွတ်ရွတ်ကလေးမျှသာ။ အသားရောင်က ဖြူဖပ်ဝါရော်ကာ လူတစ်ကိုယ်လုံး ပိန်ချုံး၍ ဝမ်းဗိုက်က အနည်းငယ် စူပုံ့ချင်ပြီး မျက်နှာပြင်အရေပြားက ထူပွပြီးမှ ပျော့တွဲနေသည်။





သတိရနေပေမယ့် မောဟိုက်ကာ စကားမပြောနိုင်ဘဲ မျက်လုံးကြီးတွေက သူမကို မော့ပြီးကြည့်နေပါသည်။ ကြည့်လိုက်ရုံနှင့် ဆေးပညာဗဟုသုတ မများလှတာတောင်မှ ဒီလူကြီးရုပ်ဟာ တစ်ချိန်က အရက်ကို လွန်လွန်ကျူးကျူး သောက်ခဲ့ပြီး အခုအခါမှာ အသည်းနှင့်ပတ်သက်သော ရောဂါတစ်ခုခု ဆိုဆိုးဝါးဝါး ခံစားနေရတဲ့ပုံစံဆိုတာ သိသာနေပါသည်။

"မောင်ယုဝ လူနာက ဘယ်သူလဲ"

"ဒါတွေအားလုံး မနက်ဖြန်မှပဲပြောပါရစေတော့ အန်ကယ်"

"တော်တော် အခြေအနေမကောင်းပါလား၊ ဘာများလုပ်ပေးဖို့ လိုအပ်မလဲ၊ ချစ်စစ်လည်း ရှိနေတာပဲ၊ ဒါမှမဟုတ် ဆရာဝန်တစ်ယောက်ယောက် ခေါ်မလား"

"မနက်မှပဲ ခေါ်တော့မယ် အန်ကယ်၊ အသည်းခြောက်နေတာပါ၊ အခြေအနေလည်း သိပ်မကောင်းလှဘူးဗျာ၊ လောလောဆယ်တော့ ခရီးလည်း ဆက်တိုက်ပန်းလာလို့ နားနေပါစေတော့"

"မောင်ယုဝ ... မင်းရောဂါကရော"

ယုဝက မှင်သေသေနှင့် ...

"ကျွန်တော့်ဘာရောဂါကို ပြောတာပါလိမ့် အန်ကယ်"

"အန်ကယ်တို့ တွေ့ပြီးပါပြီ၊ မမျှော်လင့်ဘဲ သိကြပြီးပြီ၊ မမကြီးပေးတဲ့ ဂျီပီထည့်ထားတဲ့အိတ်နဲ့ မှားယူလာမိပြီး



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ဆေးစစ်ချက် စာရွက်စာတမ်း ဆေးမှတ်တမ်းတွေ ချစ်စစ် တွေ့ထားပြီးပြီ၊ မင်းမှာ ဘရိန်းကျူမာရှိနေတယ် ဆိုတာ သိပြီးပါပြီ မောင်ယုဝ ...

အဲဒီတော့မှ မောင်သုစကလည်း မင်းအတွက် စိတ်ပူသွားပြီး ဖွင့်ပြောလိုက်တာပါ၊ မင်းရဲ့ရောဂါဝေဒနာ အကြောင်းသိမှ သူ ဖွင့်မပြောရင် မင်း တစ်ခုခုဖြစ်သွားမှာကို အချိန်မီ မကယ်တင်နိုင်မှာမျိုး သူ စိုးရိမ်ပြီးတော့ ဖွင့်ပြောပြခဲ့တာ၊ အန်ကယ်တို့အားလုံး မင်းအတွက်စိတ်ပူနေကြတာ"

"ဪ ... အန်ကယ်တို့ သိထားနှင့်ကြပြီ ဆိုတော့လည်း မတတ်နိုင်ဘူးပေါ့ဗျာ၊ တကယ်တော့ ကျွန်တော်က ဒီအကြောင်းကို ဘယ်သူ့ကိုမှ ဖွင့်ပြောဖို့ ရည်ရွယ်ချက်မရှိဘူး၊ ဟိုမှာ မလွှဲသာမရှောင်သာ ဘဘတော့ သိသွားခဲ့ပေမယ့် ဘဘကိုလည်း ကြီးကြီးအပါအဝင် ဘယ်သူ့ဆီမှ သတင်းမပေါက်ကြားဖို့ ကတိတောင်းထားတာပါ"

"ဒီလိုလည်း ဘယ်ဟုတ်ဦးမလဲ မောင်ယုဝရယ်၊ ကိုယ့်ဆွေမျိုး မိတ်ဆွေ ရင်းချာတွေတော့ အသိပေးသင့်တာပေါ့"

"ဘာလုပ်မှာလဲ အန်ကယ်၊ အချိန်မီ ကုသမှုခံယူဖို့လိုအပ်တာဆိုရင်တော့ အားလုံးရဲ့ဖေးမကူညီမှု လိုအပ်ကောင်းလိုအပ်မှာပေါ့၊ ဒါပေမဲ့ အခုဟာက ဘာမှအကြောင်းထူးမလာနိုင်တော့ဘာဆိုတော့"





စိတ်မာအုံရတဲ့ ယုဝပင်လျှင် အသံဆို့တိမ်ဝင်သွားပါသည်။ ခုတော့ သူဟာ သူ့ရဲ့သွေးသားရင်းချာ မိနစ်ပိုင်းပဲခြားပြီး အမေ့ဗိုက်က ထွက်လာရတဲ့ အမြွှာညီကိုလည်း မမျှော်လင့်ဘဲ ပြန်တွေ့ခဲ့ရပြီ။ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက် လေလွင့်ဘဝပျက်နေတဲ့ အဖေဖြစ်သူကိုလည်း ရှာတွေ့ခဲ့ပြီ။ ဆုံးသွားဘဲ မေမေ့ကိုသာ အချိန်မီ မတွေ့လိုက်နိုင်တော့တာကလွဲရင် သူတို့မိသားစု ပြန်ဆုံစည်းပြီလေ။

သူ့ရောဂါ အခြေအနေအရ သူဟာ ကြာကြာအသက်ရှည်မနေနိုင်တော့ဘူး ဆိုတာ သိလိုက်ရတဲ့အချိန်မှာ သူ့စိတ်မှာပေါ်လာတဲ့ ဆန္ဒတစ်ခုက ကွယ်လွန်ကုန်ပြီလို့ သူသိထားခဲ့တဲ့ အဖေနဲ့ အမေကို ရှာဖွေပြီး အမှုအတန်းဆေနိုင်ဖို့ မြန်မာပြည်ပြန်ပြီး အလှူဒါနတစ်ခုပြုဖို့ပင်။ ဒီဘဝမှာ မိရောဘရော သားရော အသက်တွေ တိုတိုလေးနှင့် ငယ်ငယ်ရွယ်ရွယ် ဆုံးပါးကုန်ကြရတယ်ဆိုတာကို အလေးအနက် တွေးကြည့်တော့ ဝဋ်ကြွေးတစ်ခုလားရယ်လို့ မတင်မကျ ဘဝင်မကျ ဖြစ်လာခဲ့လို့ပင်။

ဒီဆန္ဒကို ဘဘကို သူပြောကာ ကျောင်းပြီးလို့ အလုပ်ဝင်တဲ့အချိန်ကစပြီး ခုချိန်ထိ စုဆောင်းမိခဲ့တဲ့ ငွေလေးအနည်းအကျဉ်းနှင့် မြန်မာပြည်ပြန်ကာ အလှူတစ်ခုလုပ်ဖို့မှင့်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပါသည်။ အဲဒီအချိန်မှာ သူ့အတွက် တော်တော်ရင်နင့်ကာ စိတ်မကောင်းဖြစ်သွားပုံရတဲ့ ဘဘထံက သူ မမျှော်လင့်ခဲ့တဲ့ဖြစ်ရပ်မှန်စကားတွေကို အံ့အားတသင့် ကြားခဲ့ရတော့တာ။

“ယုဝရယ် ... ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မမကြီးဟာလည်း အန်ကယ်တို့နဲ့ စသိတဲ့အချိန်ကစပြီး မင်းကို သူ့သားရင်းလို သဘောထားချစ်ခင်နေတာပဲ မြင်တွေ့နေခဲ့တာလေ။ မင်းခုလိုရောဂါဝေဒနာခံစားနေရတယ် ဆိုတာကို သူလည်း စောစောစီးစီး သိချင်မှာပဲပေါ့ကွာ၊ နောက်ဆုံးအချိန်မှသိခွင့်ရတာမျိုး ဘယ်ဖြစ်ချင်ပါ့မလဲ”

“ခုတော့ ကျွန်တော် ပြောတော့မှာပါ၊ ဒါပေမဲ့ ကြီးကြီး အခြေအနေက လက်ခံနားထောင်နိုင်ပါ့မလား”

“နားခံသာအောင်တော့ ဖော့ပြောရမှာပေါ့ မောင်ယုဝရာ”

စကားဝိုင်းမှာ သုမလည်း နှုတ်ဆိတ်နေသလို ချစ်စစ်လည်း တိတ်နေပါသည်၊

“ပြောစရာရှိတဲ့ စကားတွေက ကျွန်တော့်ရဲ့ရောဂါဝေဒနာကိစ္စတစ်ခုတည်း မကဘူး၊ အများကြီး ပြောရမှာ၊ အခြေအနေကိုကြည့်ပြီး ကြီးကြီးလက်သင့်ခံ နားထောင်နိုင်မယ်ထင်ရသလောက်ပဲ ပြောရမှာပေါ့လေ”

ဒေါ်ခင်မာလာသည် ယုဝကိုကြည့်ကာ စိတ်က အနည်းငယ် စိမ်းသက်နေသည်။ ဟိုးငယ်ငယ်ကတော့ ပြောပြော



ဆိုဆို ဆက်ဆက်ဆံဆံ ရှိခဲ့သား။ ပြန်ရောက်လာပြီးမှ စိမ်းစိမ်းတန်းတန်း ဖြစ်နေရာမှ ရုတ်တရက် ရင်းနှီးစေးကပ်မှု ရှိလာတာလေ။ ရယ်ကာမောကာ စားကာသောက်ကာနှင့် သူ့ကိုတရင်းတနီးရှိခဲ့တဲ့သူဟာ ယုဝမှ မဟုတ်ဘဲ။ သုမပဲ။

“ကဲ ... ဒါဖြင့်လည်း အန်ကယ်တို့ ပြန်ကြမယ်၊ မနက်မှ လာမယ်”

“ဟုတ်ကဲ့ပါ”

“ကဲ ... သုမလည်း ပြန်မယ်ဟော့”

ဦးမျိုးစစ်ကတော့လှမ်းနှုတ်ဆက်သွားပေမယ့် ဒေါ်ခင်မာလာနှင့် ချစ်စစ်ကတော့ ဒီလူစားထိုးကို နှုတ်ဆက်ရမှာလိုလို မနှုတ်ဆက်ရမှာလိုလို ခင်မင်ရမလိုလို ခပ်တန်းတန်းနေရမလို စိတ်တွေပွေလီရှုပ်ထွေးလျက် နှုတ်မဆက်ဖြစ်ပါ။

ချစ်စစ်ကတော့ သူ့ထံတစ်ချက်အကြည့် မျက်လုံးချင်းအဆုံမှာ ဆို့နစ်ကြေကွဲနာကျင်နေပုံရတဲ့ သုမရဲ့မျက်ဝန်းများကြောင့်ပဲ ငိုချင်လာမိခဲ့ပါသည်။

ဆရာဝန်ရဲ့နောက်နားမှာ လက်ပိုက်ရပ်နေတဲ့ ယုဝကို ဒေါ်ခင်ခင်ကြီးက လှမ်းကြည့်နေမိပါသည်။ ယုဝ မျက်နှာက တစ်စုံတစ်ရာကို စိတ်အနှောင့်အယှက် ဖြစ်နေသလို့။

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ပရက်ရှာနော်မယ်လ်ရနေတယ်၊ သွေးခုန်နှုန်းလည်း ကောင်းတယ်၊ ဒီနေ့ နေရတာ ဘယ်လိုနေလဲ ခင်ဗျ"

"နေရတာ ပေ့ါပါတယ်၊ ဒါနဲ့ ဒေါက်တာက ဒီနေ့အစော ကြီး"

"ကိုယုဝက ဒီနေ့စောစောလာပေးပါလို့ ဖုန်းလှမ်းဆက် လို့ပါ"

ဒေါ်ခင်ခင်ကြီးက ယုဝကို လှမ်းကြည့်ရင်း ...

"ဘာဖြစ်လို့လဲ ယုဝ"

"ဒီနေ့ ကြီးကြီးကို ကျွန်တော် စကားအနည်းအကျဉ်းပြော စရာရှိတယ်လေ၊ ကြီးကြီးလည်း နာလန်ထစ,ဆိုတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်အဖို့လည်း သိပ်အချိန်ဆွဲ ဖို့ မလွယ်ကူတဲ့အတွက် ပြောစရာရှိတဲ့ စကားလေးတွေ ပြောနိုင်တဲ့အခြေအနေရှိလားလို့ သိချင်တာနဲ့ ဒီမနက် ဒေါက်တာ့ကို စောစော ဖုန်းဆက်ခေါ်လိုက်တာပါ"

ဆရာဝန်က ခေါင်းတညိတ်ညိတ်နှင့် ...

"ကိုယုဝတို့ မိသားစုကိစ္စတွေကိုတော့ ကျွန်တော်က မသိ ပေမယ့် ပြောစရာကိစ္စက အရမ်းစိတ်ထိခိုက် တုန်လှုပ်စရာ တော့ မဖြစ်စေချင်ဘူးပေ့ါဗျာ၊ အန်တီ့အခြေအနေက အတော်ကောင်းလာတယ်ဆိုပေမယ့် လူကောင်းပကတိတော့



မဟုတ်သေးဘူးမို့လား၊ ပြောစရာစကားတွေက အထူး တလည်တော့ ပေါက်ကွဲလှုပ်ရှားစရာ အကြောင်းမရှိပါဘူး မို့လား"

"ဒါက ကြီးကြီးအပေါ်ပဲ မူတည်တယ် ဒေါက်တာ"

ဆရာဝန်က ဘာပြောရမှန်းမသိ ဖြစ်သွားရပါသည်။ ဒေါ်ခင်ခင်ကြီးက ယုဝကိုကြည့်နေရာမှ ...

"ဆရာ ကျွန်မက လမ်းကောင်းကောင်း မလျှောက်နိုင်သေး တာကလွဲရင် ကျန်တာတော့ တော်တော်ကောင်းနေပြီမို့ လား၊ သူ ဒီလိုစကားစ,လိုက်မှတော့ ကျွန်မကလည်း နား မထောင်ဘဲ မနေနိုင်တော့ပါဘူး"

"ဟုတ်ကဲ့၊ အန်တီ့စထရုတ်ခ်က အပြင်းထန်ကြီး မဟုတ် တာရယ်၊ ကိုယုဝလည်း ဆေးရုံကိုမြန် ထရိုထ်မဲန့်ရတာမြန် ဆေးကောင်းဝါးကောင်းလည်း သုံးလိုက်တော့ တော်တော် အချိန်တိုနဲ့ ပြန်ကောင်းလာတာပါ၊ ခုလည်း အခြေအနေက ကောင်းနေပါတယ်၊ လမ်းလျှောက်သာ တွဲကျင့်နေရတာ လေ၊ ဒါပေမဲ့ဗျာ အရမ်းစိတ်ဖိစီးမှုမျိုးတော့ မခံစေချင် သေးတဲ့သဘောပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... နားလည်ပါပြီ၊ ကျွန်မစိတ်ကို ထိန်းပြီး နားထောင်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



လူနာကုတင်တိုင်က သူ့တူပြောမယ့်စကားကို ကြားချင်နေတာဖြစ်၍ ဆရာဝန်အနေနှင့်လည်း ဖွတ်တော့ တားမြစ်စရာအကြောင်းမရှိတော့ပါ။ ဆရာဝန်က တစ်ခုခုဆို ဖုန်းဆက်ဖို့သာမှာပြီး ပြန်သွားလျှင် ဒေါ်ခင်ခင်ကြီးက ပြတင်းပေါက်အနားလက်ပိုက်၍ စဉ်းစားခန်းဝင်နေသလို ရပ်ငေးနေသော ယုဝကို လှမ်းစိုက်ကြည့်နေရင်း ...

"ယုဝ"

"ဟုတ်ကဲ့"

"ဘာတွေစဉ်းစားနေတာလဲ၊ ပြောစရာရှိတာပြောလေ"

"ပြောမှာပါ၊ ကျွန်တော်ပြောမယ့် စကားတွေအတွက် ဘေးမှာထိုင်နေပေးဖို့ အန်ကယ်ဦးမျိုးဆက်တို့ လင်မယားကိုလည်း ခေါ်ထားလို့ စောင့်နေတာပါ"

"ဘာ ... မင်းက ဘာပြောမှာမို့ သူတို့ပါခေါ်ရတာလဲ"

"စကားတွေအတွက် အသိသက်သေ သဘောပါပဲ ကြီးကြီး"

"ဘာ"

ဒေါ်ခင်ခင်ကြီးက တုန်လှုပ်သွားသလို ယုဝကို အလန့်တကြား စိုက်ကြည့်နေရင်း ...

"မင်း ... ယုဝ ဟုတ်ရဲ့လား"

ယုဝက ဒေါ်ခင်ခင်ကြီးဘက် အံ့သြသွားသလို လှည့်လာပါသည်။





"ကျွန်တော် ယုဝပါ၊ ဘာဖြစ်လို့လဲ ကြီးကြီး"

"မနေ့ကညနေအထိ မင်း ငါ့ကို လာကြည့်သေးတာပဲ၊ ငါ့သတင်းမေးသေးတာပဲ၊ ငါ့ခြေထောက်တွေကိုတောင် ဘေးက ခုံထိုင်ရင်း နှိပ်ပေးသွားသေးတာပဲ၊ အခု မင်းက နည်းနည်းညှဉ်းဆိုးဆိုးနဲ့ ပိန်နေတယ်၊ တစ်ညနေအတွင်း တစ်ညအတွင်းတော့ လူတစ်ယောက်က ဒီလောက်ရုပ်ကျ မသွားနိုင်ဘူးလေ၊ ဒီတော့ မင်း ဘယ်သူလဲ မှန်မှန်ဖြေစမ်းပါ"

ယုဝက ဒေါ်ခင်ခင်ကြီးကို ခပ်တည်တည်ကြည့်ရင်း ...

"ကျွန်တော် ယုဝပါ"

ဒေါ်ခင်ခင်ကြီးက သက်ပြင်းတစ်ချက်ချရင်း စိတ်ပြန်လည်လျှော့ချလိုက်သလို အနည်းငယ် စောင်းခွေ၍ နေရာပြင်လိုက်ပါသည်။

"ဒါဖြင့် ... ဒါဖြင့် ဒီလပိုင်းအတွင်း ငါ့ဘေးမှာရှိနေတဲ့ သူက သူမလား"

"ဟင်"

ယုဝက အံ့သြတုန်လှုပ်သွားကာ ...

"ဟင် ... ကြီးကြီးက သူမကို သိနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး၊ တကယ်တော့ သူနဲ့ ငါနဲ့က ခုမှပြန်တွေ့ရင်တောင် စိမ်းနေရမှာ မဟုတ်လား၊ ဒီတော့ ဒီကလေးနည်းနည်းအချိုးပြောင်းလာတယ်လို့ပဲ ဝမ်းသာမိရုံကလွဲပြီး သူ မှန်းမသိပါဘူးလေ၊ မနေ့ကအထိ ယောင်လို့တောင် မတွေးမိပါဘူး၊ အခုတော့ မင်း ဝင်လာကတည်းက မနေ့က ယုဝ မဟုတ်တာ ငါသိတယ်၊ မင်းတို့နှစ်ယောက်က ရုပ်ချင်းချွတ်စွပ်တူနိုင်ပေမယ့် မျက်နှာပေါ်က အကြောဆိုင်ကြွက်သားဆိုင်တွေက တစ်သက်လုံး တည်ငြိမ်လာတဲ့ မျက်နှာထားပေါ် မူတည်ပြီး ပျော့ပျောင်းနူးညံ့မှု မာကျောတင်းထန်မှု ကွာခြားနေတာပေါ့ ....

ဪ ... သုမ ... သုမက ငါ့နား ရောက်နေတာကိုး"

ဒေါ်ခင်ခင်ကြီး အသံက တိုးတိမ်လျက် တုန်ယင်နေပါသည်။

"သုမ ဘာမှမသိပါဘူး၊ ခုထိ သူ့ကို ဘာမှမပြောရသေးဘူး၊ ကျွန်တော်ကပဲ သူ့ကိုသိနေတာ။ သူ့ကို မေမေက ဘာမှပြောပြခဲ့ပုံ မပေါ်ဘူး၊ ဒါကြောင့် သူက သူ့မှာအမြွှာညီအစ်ကိုရှိတာလည်း မသိဘူး၊ ဒီလောက်ချွတ်စွပ်တူတဲ့ ရုပ်တွေ့တာတောင် လူတူမရှားတာလို့ပဲ ထင်နေခဲ့တယ်"

"ဒါပေမဲ့ သူက ဘာဖြစ်လို့ ငါ့ကို ဆက်ဆံတာ စိမ်းသက်မနေဘဲ နွေးထွေးနေခဲ့ရတာလဲ၊ ဒါဆို သွေးကစကားပြော





တတ်တယ်ဆိုတာ အမှန်ပေါ့ ... ဟုတ်လား၊ သွေ့ချင်းတူတာတောင် ဘာဖြစ်လို့ မင်းက ငါ့ကို တစ်သက်လုံး မကျေနပ်နိုင်ခဲ့ပြီး သူက မြင်တာနဲ့ ငါ့အပေါ် နွေးထွေးနိုင်ရတာလဲ"

ယုဝက ခပ်လျော့လျော့ ပြုံးလိုက်ရင်း ...

"ဒါတော့ ကျွန်တော်က ကြီးကြီးနဲ့ ကြီးပြင်းခဲ့ပြီး သူက မေမေနဲ့ ကြီးပြင်းခဲ့ရတာကိုး"

"ဘာ"

"ကြီးကြီးနဲ့ ကြီးပြင်းခဲ့ရတဲ့ ကျွန်တော်က သွေးအေးစက်တာ မဆန်းပါဘူး ကြီးကြီးရာ၊ သံသယဇဉ်စိတ် ကျဲပါးတာလည်း မဆန်းပါဘူး၊ သူက မေမေနဲ့ ကံကောင်းစွာကြီးပြင်းခွင့် ရခဲ့တော့ နွေးထွေးတက်ကြွတဲ့ နူးညံ့တောက်ပတဲ့ ကောင်လေးတစ်ယောက် ဖြစ်နေတာ မဆန်းပါဘူး"

ရင်ထဲမှာ နာလိုခံခက် အောင့်သက်သက်ဖြစ်ရသော်လည်း ဒေါ်ခင်ခင်ကြီး ဘာမှပြန်မချေပနိုင်ပါ။ ကိုယ့်ကိုယ်ကိုယ်အကြောင်းအသိဆုံးပဲလေ။ သွေးအေးပြီး သံသယဇဉ်ပြတ်တာ။ နာကြည်းတတ်တာ။ ခွင့်မလွှတ်တတ်တာ။ ကလဲ့စားချေတတ်တာ။ ဒါတွေကိုအတူနေတုန်းကလေး ယုဝကို ဒီလိုနေဟဲ့ ဒီလိုထိုင်ဟဲ့ ဒီလိုလုပ်ဟဲ့နှင့် တမင်တကာ တကူးတက မသင်ခဲ့ပေမယ့် ကိုယ့်စရိုက်လက္ခဏာက အတုမြင် အတတ်သင်မြဲ ကလေးငယ်တစ်ယောက်အပေါ် နှစ်ပေါင်းများစွာ လွှမ်းမိုးနေခဲ့မှာ။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်မှာ အနီးကပ်ဆုံး မြင်တွေ့ ကြားသိ နေရသော စရိုက်လက္ခဏာတို့နှင့် ထိတွေ့ရင်းနှီး လူဖြစ်လာခဲ့တဲ့ ယုဝဟာ ဒီလိုပုံစံထွက်နေတာ ဆန်းတော့လည်း မဆန်းဘူးပေါ့။

ကြီးတော်ရင်းမှန်း မသိဘဲနှင့်တောင် သူ့အပေါ်မှာ ထွေးဖေးမလွန်းပြီး နေရသလောက် အချိန်ကာလလေးအတွင်း ရင်းနှီးချစ်ခင်စွာ ဆွေမျိုးရင်းချာလို ရှိသေလေးစား အရေးအရာ ထားပြီး ဆက်ဆံခဲ့တဲ့ စရိုက်လက္ခဏာဟာ သူ့အမေ ပုံသွင်းပျိုး ထောင်ထားတဲ့ စရိုက်လက္ခဏာပေါ့။

ဒေါ်ခင်ခင်ကြီး မျက်ဝန်းမှ မျက်ရည်ပူများ တလိမ့်လိမ့် စီးကျလာပါသည်။ သက်ပြင်းမောတစ်ချက်ကိုချကာ ...

"သူက မင်းကို အမြွာအစ်ကိုမှန်းလည်းမသိ၊ ငါ့ကို သူ့ ကြီးတော်မှန်းလည်း မသိဘဲ ဘာဖြစ်လို့ မင်းနေရာလူစား ဝင်ခဲ့တာလဲ"

"ကျွန်တော် ခရီးသွားမှာမို့ ကြီးကြီးနဲ့ အတိုက်အခံပြော မနေချင်လို့ သူ့ကို ဒီအိမ်မှာ ထည့်ထားခဲ့တာ၊ လခနဲ့ငှား ခဲ့တာ၊ သူ့မှာလည်း ငွေရေးကြေးရေး အခက်အခဲရှိနေ တော့ သူက အလုပ်တစ်ခုအနေနဲ့ လက်ခံပြီး လူစားဝင် ပေးတာ"

"မင်းကကော အမြွာညီအစ်ကိုပါလို့ ပြောခဲ့ရင် လခပေး ငှားစရာတောင် မလိုဘဲ ဘာဖြစ်လို့ ဖွင့်မပြောခဲ့တာလဲ"





"ငွေလိုနေတဲ့ ကောင်လေးတစ်ယောက်မှန်း သိနေတော့ သူဟာ ဒီအိမ်ရဲ့အမွေစားအမွေခံဖြစ်နိုင်တဲ့ ဆွေမျိုးရင်းခြာ လူတစ်ယောက်ဆိုတာ သိလိုက်ရင် သူ ပိုင်စိုးပိုင်နင်း ပရမ်းပတာတွေ လျှောက်လုပ်ပစ်ကုန်တာမျိုးကို စိုးရိမ်လို့ ပါ၊ သူ့အကြောင်း သေချာသိပ်မသိသေးလို့ပါ"

"သူ ဘာမှ ပရမ်းပတာ မသုံးစွဲခဲ့ပါဘူး ယုဝ"

"ကျွန်တော် သိပြီးပါပြီ"

"ငါ ပထမဆုံးပေးလိုက်တဲ့လခ နှစ်သိန်းကိုတောင် တစ်ပြား မကျန် ချစ်စစ်ကို လက်ဆောင်အိတ်တစ်လုံး ဝယ်ပေးလိုက် တယ်"

နှစ်သိန်းဆိုတဲ့ ပမာဏ ပတ်သက်နွယ်ယှက်ထား ပုံကို သိနေသော ယုဝအဖို့ကတော့ သုခ မသိမသာ ပြုံးဆပ် သွားတာဆိုတာ နားလည်ပါသည်။ သုခကလည်း ပြန်မယူဘူးပြော ခဲ့တာဆိုတော့ သုခက ချစ်စစ်ထံ ဆပ်သွားခဲ့တဲ့သဘောပေါ့။

ဒီမနက်လည်း သုခနေလက်စ (အရင်က ယုဝနေခဲ့ တဲ့) အခန်းထဲ သုဝင်စစ်ဆေးခဲ့ပြီးပါပြီ။ သုခဟာ အင်္ကျီလေး တစ်ထည်တောင်မှ သူ့ဟာမဟုတ်ဘဲ ယူမသွားခဲ့ပါ။

"သုခကို ဒီကိုခေါ်လိုက်ပါ ယုဝ"

"သုခ မရှိတော့ဘူး ကြီးကြီး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"သုမ အိမ်မှာမရှိတော့ဘူး"

"ဘာ ... မင်းက ပြန်ရောက်ရောက်ချင်း သုမကို နှင်ထုတ်လိုက်တာပဲလား"

"ကျွတ် ... ကျွန်တော်က သုမကို ဘာဖြစ်လို့ နှင်ထုတ်ရမှာလဲ၊ အခုပဲ အကြောင်းစုံဖွင့်ပြောတော့မလို့လေ၊ ဒီနေ့ ဇာတ်လမ်းစုံ အားလုံး သူသိအောင် ရှင်းပြမှာ၊ ဒါပေမဲ့ ဒီမနက်မိုးလင်း ကျွန်တော် အိပ်ရာကနိုးလို့ သုမ အခန်းကို သွားခေါက်တော့ သူ မရှိတော့ဘူး"

"ဘယ်သွားတာလဲ"

"ကျွန်တော်လည်း မသိဘူး ကြီးကြီး"

"သူအရင်နေတဲ့ နေရာပဲ ပြန်သွားမှာပေါ့"

မနက်က သုမကို ရှာမတွေ့တော့ ယုဝက ကျော်ကျော်ဆွေ ဆိုတဲ့လူရဲ့ အောက်ထပ်ဖုန်းကိုဆက်ပြီး ကျော်ကျော်ဆွေကို ခေါ်လိုက်ပါသည်။

"ကျွန်တော်ယုဝပါ ကိုကျော်ကျော်ဆွေ"

"ခင်ဗျာ ... သြော် ... ပြောပါ"

"ကျွန်တော်နဲ့ သုမ ပတ်သက်မှု ခင်ဗျားသိမှာပေါ့နော်"

"ကိုယုဝတို့အိမ်ကို သူ ခင်ဗျားရဲ့အစားဝင်ပြီး သွားနေပေးနေတာ သိထားပါတယ်"





"ကျွန်တော် မနေ့က အိမ်ပြန်ရောက်လာတယ်၊ ဒီမနက်ကျတော့ သုမက မပြောမဆိုနဲ့ အိမ်မှာမရှိတော့ဘူးဗျာ၊ ကျွန်တော် သူနဲ့အရေးတကြီးတွေ့ဖို့ လိုအပ်နေပါတယ်၊ အဲဒါ"

"သုမ အမှားအယွင်း ပြဿနာတစ်ခုခု ..."

"ဘာပြဿနာ ဘာအမှားအယွင်းမှ သုမမှာ မရှိပါဘူး၊ ငွေနှစ်သိန်းကိုတောင် သူပထမဆုံး ကြိုကြိုးဆီကရတဲ့လခနဲ့ ချစ်စစ်ကို တစ်ဖက်လှည့် ပြန်ပေးသွားပြီးပါပြီ၊ ကျွန်တော် သူ့ကို ကောင်းသောတွေ့ဆုံလိုခြင်းမျိုးနဲ့ တွေ့ဖို့ရှိတာပါ ကိုကျော်ကျော်ဆွေ၊ လောလောဆယ် သူ့အိမ်ကို လိုက်သွားဖို့ အချိန်လည်းမရတော့ ဖုန်းဆက်လို့ အဆင်ပြေမလားလို့ သူ့အနီးအနားမှာ ခေါ်နိုင်းလို့ရတဲ့ ဖုန်းရှိရင် သိချင်ပါတယ်"

"ဘေးခန်းမှာ ဖုန်းရှိပါတယ်၊ ကျွန်တော် လှမ်းဆက်ပေးရမလား"

"ကျွန်တော့်ကို ဖုန်းနံပါတ်ပေးပါဗျာ၊ စိတ်ချပါ ကိုကျော်ကျော်ဆွေ သုမကို အင်မတန်လိုလိုလားလား တွေ့ချင်နေတာပါ၊ ဘာပြဿနာမှ မရှိပါဘူး၊ သူသုံးဖို့ အသေးသုံးအနေနဲ့ ဗီရိုထဲ ထည့်ထားပေးခဲ့တဲ့ ပိုက်ဆံအထပ်လိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



တောင် ခင်ဗျားဘော်ဒါက လုံးဝတစ်ရွက်မှ သုံးမသွားတဲ့ သူပါ”

“ဒါဖြင့် ဘာအကြောင်းကိစ္စနဲ့ ဆက်သွယ်ချင်တာလဲ သိပါရစေလားဗျာ၊ မပြောနိုင်စရာ အကြောင်းမရှိလောက်ဘူးလည်း ထင်ပါတယ်”

“ကဲလေ၊ သူ့ကိုပဲ အရင်ဆုံး ပြောချင်ပေမယ့် ခင်ဗျားကို ပြောပြခဲ့ပါတော့မယ်၊ ဒီလောက် ရုပ်ချင်းချွတ်စွပ်တူတဲ့ လူနှစ်ယောက် သွေးသားတော်စပ်သလားလို့ ခင်ဗျားတို့ တပ်ခါမှ မစဉ်းစားဘူးလားဗျာ … ဟင် ! ”

“ဗျာ”

‘ကျွန်တော် ဒီနေ့ သူ့ကို လူကြီးတွေ သက်သေတွေရှေ့ အားလုံး ဖွင့်ပြောဖို့ စိတ်စဉ်ထားတာပါ၊ ခုချက်ချင်း သူ့ကို ရှာတွေ့ချင်တယ်၊ သူခနဲ့ ကျွန်တော်က အမြွှာညီအစ်ကို အရင်းပါ”

“ဗျာ … ဟုတ်လား၊ တကယ်ပဲလားဗျာ”

“ခင်ဗျား မယုံစရာ ဘာအကြောင်းရှိလို့လဲ”

“မရှိပါဘူး၊ အံ့သြလွန်းလို့ပါ၊ ဒီလောက်တောင် ခွဲမရအောင်တူတာ၊ ကျွန်တော်တောင် မှားပြီးခေါ်သေးတာပဲ၊ အမြွှာညီအစ်ကိုဆိုတာ ယုံပါတယ်ဗျာ၊ အံ့သြလို့ တကယ်



လားမေးမိတာပါ၊ သူ့အခန်းဆောင်ကဖုန်း(-------)ခင်ဗျား လည်းဆက်၊ ကျွန်တော်လည်း ဆက်ဦးမယ်၊ တတ်နိုင် သလောက် ရှာဖွေဆက်သွယ်ပြီး ခင်ဗျားဖုန်းကို ဆက်ခိုင်း လိုက်မယ် ကိုယုဝ”

“ကျေးဇူးပဲ ကိုကျော်ကျော်ဆွေ”

ယုဝက မနက်က စကားတွေကို ပြန်သတိရရင်းက …

“သူ့အိမ်ဆောင်ခန်းကို ဖုန်းဆက်ပြီးပြီ၊ သူ့အိမ်သူ ပြန်မရောက်ဘူး၊ သေချာပါတယ် ကြီးကြီး၊ ဘယ်ထွက်သွားလဲ မသိဘူး၊ သူ့သူငယ်ချင်းတစ်ယောက်လည်း ဝိုင်းရှာပေးနေပါတယ်”

“ဒါဖြင့် မင်းအမေကိုလည်း မင်း တွေ့မှုပြီပေါ့၊ သူကေ အမြွှာမှန်း မသိဘူး ဆိုတာက မင်းနဲ့တွေ့နေကြကြောင်း ဒီကိုလူစားဝင်ကြောင်းတွေ သူ့အမေက မသိလို့လား”

ယုဝ မျက်နှာက ဖျတ်ခနဲ ကွဲကြေမတတ် ဆတ်သွားပါသည်။

“မေမေ ဆုံးသွားပါပြီ ကြီးကြီး”

“ဘာ … ခင်လေး၊ ဟုတ်လို့လား၊ ခုမှ သူငယ်ငယ်လေး ရှိဦးမှာ၊ ဒါဖြင့် မင်းက ခရီးထွက်သွားတာ ဘာကိစ္စလဲ၊ ဘာလုပ်တာလဲ”

www.burmeseclassic.com

ယုဝက ဒေါ်ခင်ခင်ကြီးကို ဖျတ်ခနဲ ကြည့်ရင်း_

"မေမေ့ကိုသွားရှာတာ၊ မေမေ ပါလာတယ်၊ ကျွန်တော်တို့ မိသားစုကို ပြန်ကြိုးစားစုစည်းချိန်မှာ မေမေက မရှိတော့ ဘူးဗျ"

ယုဝ အသံက အက်ကွဲနေခဲ့ပါသည်။





## ၁၆

မင်းဟန်နဲ့ ခင်ခင်ကြီးဟာ တက္ကသိုလ်မှာ ဆိမ်းဘက်ရဲ့။ နှစ်တူ အတန်းတူ။ ခင်ခင်ကြီးဟာ အနုပညာအသင်းမှာ စန္ဒရားတီးတဲ့ ပန်းရှိုဆွဲတဲ့ မင်းဟန်ဆိုတဲ့ အနုပညာသမားလေးကို တစ်ဖက်သတ် ချစ်ခဲ့ရသူတည်း။

နယ်ကလာတဲ့ အဆောင်ကျောင်းသား မင်းဟန်ကို သူငယ်ချင်းအဆင့်ထက်ပိုကာ အစစအရာရာ လိုလေသေးမရှိ တောက်ပံ့ကူညီခဲ့သူဟာ ခင်ခင်ကြီးပါ။ ပိုက်ဆံပြတ်နေရင် ပိုက်ဆံချေးတာမျိုး (ပြန်ဆပ်တဲ့အခါလည်း ပြန်မယူ၊ ငြင်းမရရင် ထိုပိုက်ဆံနှင့် သူ့ဖို့ရုပ်အင်္ကျီလေး ပုံဆိုးလေး ပြန်ဝယ်ပေးလိုက်မြဲ)။ ကျောင်းလခတွေ အမြဲသွင်းပေးခဲ့တာမျိုး။ ကျောင်းကလက်ချာတွေကို အမြဲနှစ်အုပ်ဆင်တူ ကူးထားပြီး တစ်စုံဟာ အတန်းမတက်ဘဲ အနုပညာအသင်းခန်းမမှာပဲ အချိန်ကုန်တဲ့ မင်းဟန်အတွက် အသင့်ရှိခဲ့ရတာမျိုး။

www.burmeseclassic.com



အစားဆင်းရဲတဲ့ မင်းဟန်အတွက် စားကောင်းသောက်ဖွယ်တွေ အမြဲချက်ပြုတ် ဝယ်ခြမ်းယူလာပေးတတ်တာမျိုး။ တက္ကသိုလ် စ,ရောက်ကတည်းက ပါလာတာကလွဲရင် အဝတ်သစ်တစ်ထည်မှ ထပ်မတိုးတဲ့ မင်းဟန်အတွက် အင်္ကျီလုံချည်အဝတ်အစားတွေ မကြာမကြာဝယ်ခြမ်းပေးခဲ့တာမျိုး။ မင်းဟန်ရဲ့ပန်းချီကားတချို့ကို သူမှန်းမသိစေဘဲ လူစားနှင့် တစ်ဖက်လှည့် ဝယ်ယူပြီး ငွေဖော်ပေးခဲ့တာမျိုး။

ဤသို့သော စေတနာပိုမှုတွေကို မင်းဟန်ကလည်း ငြိမ်ငြိမ်သက်သက် လက်ခံနေခဲ့သည်တော့ မဟုတ်။ အကြောက်အကန် ငြင်းနေတဲ့ကြားကပဲ ချော့တစ်မျိုး ခြောက်တစ်မျိုး၊ မျက်ရည်ကျ၍တစ်မျိုး၊ စကားနာထိုး၍တစ်မျိုး၊ အကျပ်ကိုင်၍တစ်မျိုး၊ မသိအောင်လှည့်စား၍တစ်မျိုး ဖြည့်ဆည်း ပံ့ပိုးပေးနေခဲ့တာပင်။

သူ့အပေါ် ကောင်းလှလို့ဆိုပြီး မင်းဟန်က ခင်ခင်ကြီးအပေါ် အခါခပ်သိမ်း ပြန်ကောင်းတာမဟုတ်။ မင်းဟန်ဟာ ခေါင်းမာမာ ပေကတ်ကတ် ဂျစ်ကန်ကန် မဟုတ်ဘူးထင်ရင်မခံ။ ပြီးတော့ အချစ်ရေးကိစ္စ စိတ်မဝင်စားလှတဲ့ အနုပညာဖက်တွယ်သူ တစ်ဦးရယ်သာ။

ခင်ခင်ကြီးရဲ့ တစ်ဖက်သတ်အချစ်ကို ကျောင်းကသူငယ်ချင်း အပေါင်းအသင်းများတင်မက ခင်ခင်ကြီးရဲ့မိခင်





ဖြစ်သူကပင် သိပါသည်။ ပြည့်စုံကြွယ်ဝတဲ့ အသိုင်းအဝိုင်းဖြစ်လင့်ကစား အဆင့်အတန်း တွက်ချက်ခွဲခြားတတ်သူတွေ မဟုတ်၍ တည်ကြည်ဣန္ဒြေရတဲ့ သမီးကြီးဖြစ်သူရဲ့ တစ်ဖက်သတ်အချစ်ကို ဖျက်လိုဖျက်ဆီး တားမြစ်ကန့်ကွက် မလုပ်ရက်။

မင်းဟန်ရဲ့အနေအထိုင် အကျင့်စရိုက်ကိုလည်း ခင်ခင်ကြီးတို့အမေက ရိုးဖြောင့်ပြီး မဟုတ်မခံစိတ်ရှိကာ မကောင်းမှုကင်းရှင်းတဲ့သူအဖြစ် လက်ခံသဘောကျနိုင်သည်။ အဲဒီတစ်ဖက်သတ် ဇာတ်လမ်းလေးဟာ ခင်ခင်ကြီး ဘွဲ့လွန်ဆက်တက်၊ မင်းဟန်က ပန်းချီအနုပညာဘက် စိတ်ပိုသန်ကာ စာမေးပွဲတွေကျကျောင်းမပြီး စသဖြင့် နှစ်ကြောရှည်နေတဲ့ တက္ကသိုလ်သက်တမ်း ခုနစ်နှစ်တာလောက်ကို ရှိခဲ့ပါသည်။

ဒီကြားထဲ နေရပ်မပြန်တဲ့ တစ်ဦးတည်းသောသားကို တွေ့ချင်တိုင်း ကိုယ်တိုင် ရန်ကုန်လိုက်လာပြီး မပြည့်စုံတဲ့ ရပ်ဆွေရပ်မျိုးတချို့ထံ တည်းခိုရင်း လာတွေ့ရတတ်တဲ့ မင်းဟန်ရဲ့အမေနှင့်လည်း ခင်ခင်ကြီးက ခင်မင်ရင်းနှီးလာရပါသည်။ မင်းဟန်အမေကိုလည်း မင်းဟန် မသိအောင်ကျိတ်ကာ လက်ဆောင်ပစ္စည်းတွေ ဝယ်ပေးတာတစ်မျိုး၊ ငွေကြေးထောက်ပံ့တာကတစ်မျိုး ရှိခဲ့တဲ့အတွက် မင်းဟန်အမေဟာလည်း ခင်ခင်ကြီးကိုဆို နတ်သမီးတစ်ပါးအလား ရှိသေမြတ်နိုးရသည်မှာ ကိုယ့်သမီးအရွယ်မို့ လက်စုံမမိုးရုံတမယ်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော နှစ်ကြောရှည်ကာလတို့ရဲ့ တစ်ခုသော အချိုးအကွေ့မှာတော့ အချင်းချင်းလည်း သိကျွမ်းစပြုတဲ့ မိခင်နှစ်ယောက် ဝိုင်းဝန်းမေးမ စီစဉ်ရင်း (တကယ်တော့ နှစ်ကြောရှည်မေတ္တာတရား ကြီးမားနေတဲ့ သူ့သမီးကြီးအတွက် မေမေက ဦးဆောင်စီမံတာကို သူ့အမေက ဝမ်းသာအားရ မလွန်ဆန်ဘဲ ခေါင်းညိတ်တာမျိုးပါ) မင်းဟန်နှင့် ခင်ခင်ကြီးတို့နှစ်ယောက် မင်္ဂလာကိစ္စစီစဉ်ဖို့ ဖြစ်လာတာပါ။

အင်းမလှုပ် အဲမလှုပ်ကနေ "အင်းလေ ... ခင်ကြီးကို ယူပါ့မယ်"လို့ မင်းဟန် စတင်လက်ခံလိုက်တဲ့ အချိန်မှာပဲ အိမ်ကိုဝင်ထွက်ခဲ့ပုတဲ့ မင်းဟန်ဟာ အိမ်မှာမင်္ဂလာကိစ္စတိုင်ပင်ညှိနှိုင်းဖို့ ရက်ခြားရောက်လာရင်း ထမင်းဝင်စားဖြစ်ရင်းက ခင်ခင်ကြီးရဲ့ညီမငယ်လေး ခင်ခင်လေးကို တွေ့မြင်မျက်စိကျသွားခြင်းတည်း။

မင်းဟန်သည် ချက်ချင်းနောက်ဆုတ်ကာ "ခင်ကြီး ... နှင့်ကို ငါ လက်မထပ်နိုင်တော့ဘူးဟာ"လို့ ပြောင်ပြောင်ဘွင်းဘွင်း ငြင်းပစ်လိုက်ပါသည်။ ဘာကြောင့် ဆိုတာကို ကောင်းကောင်းကြီးသိတဲ့ ခင်ခင်ကြီးဟာ ခဲလေသမျှ သဲရေကျ ဆတ်ဆတ်ခါ ခံစားရလေသည်။ အိမ်မှာ ညီမနှင့်လည်းတစ်ရန်။

မင်းဟန်ဟာ ခင်ခင်လေးကို အရူးအမူး အသေအလဲ ချစ်လေတော့သည်။ ခင်ခင်လေးကလည်း ရုပ်ရှင်မင်းသားတစ်



ယောက်လို ညို့ငင်သော ရုပ်ရည်မျိုးနှင့် ချောမောတဲ့ မင်းဟန်ကို ချက်ချင်းပဲ အသည်းတနင့် ချစ်လေသည်။

ရူးမတတ် ဆတ်ဆတ်တုန်ခါနေတဲ့ သမီးကြီးရဲ့ ဖြစ်အင်ကြောင့် မေမေက ...

"ခင်လေး၊ မင်းဟန်ကို ညည်းအစ်မက ရှစ်နှစ် ကိုးနှစ် ချစ်လာခဲ့တာကွယ့်၊ ခုလည်း သူတို့ စေ့စပ်ကြတော့မလို ဆဲဆဲလေး သမီးလေးက နောက်ဆုတ်ပါ၊ ညည်းအဖို့က ဟိုကသိပ်ချစ်တယ်ဆိုတာနဲ့ မမြင်ဖူး မူးမြစ်ထင်သလို ဖြစ်တာမျိုးပါ၊ မင်းဟန်ကိုရှောင်ပြီး ငြင်းလိုက်ပါ၊ ငါ့သမီးမှာလည်း ချစ်တဲ့ကြိုက်တဲ့သူ တစ်ပုံကြီး ရွေးစရာအများကြီးပါ၊ ခင်ကြီးက ဒီတစ်ယောက်တည်းပဲ ရှိရာပြီး ဒါကိုပဲ အသည်းစွဲနေတာလေ"

"ကိုကိုမင်းဟန်ကမှ မမကြီးကို လုံးဝမချစ်တာ အမေ၊ ခင်လေး ရှောင်ပေးလည်း သူ မမကြီးကို လုံးဝယူတော့မှာ မဟုတ်ပါဘူး၊ ပြီးတော့ ခင်လေးနဲ့ ကိုကိုမင်းဟန်က တကယ်မေတ္တာစစ်နဲ့ ချစ်နေကြတာပါ မေမေရယ်"

အတိုချုံးသော် မင်းဟန်နှင့် ခင်ခင်လေး လိုက်ပြေးသွားကြကာ ခင်ခင်ကြီးမှာ စေ့စပ်ပွဲစီစဉ်ရင်းတန်းလန်း ရင်ကွဲပက်လက် ဆတ်ဆတ်ခါ အသည်းကွဲပြီး ကျန်ရစ်ခဲ့တော့သည်။ အဲဒီကတည်းက ခက်တရော် ကြမ်းတမ်းကာ နိုးရာနိုင်ရာ ...

www.burmeseclassic.com

www.burmeseclassic.com



ကားလာတဲ့ သူ့သမီးကြီးစိတ်နှင့် မေမေ အိပ်ရာထဲလဲသည်။ မင်းဟန်နှင့် ခင်လေး သားအမြွှာလေး မျက်နှာမြင်အပြီး မေမေလည်း ကွယ်လွန်ပါသည်။

နောက်ဆက်တွဲကတော့ တစ်ချိန်က ခင်လေးကို အသဲအမဲ လိုက်ခဲ့ ပိုးခဲ့ဖူးတဲ့ သဘော်သားတစ်ယောက် ခင်လေးနှင့် မတော်တဆ လမ်းမှာဆုံတွေ့ကြတဲ့ ကိစ္စကနေစပြီး အခွင့်ကောင်းယူကာ ခင်ခင်ကြီး ကုလားဖန်ထိုးလိုက်သော လုပ်ကြံဇာတ်လမ်းတချို့အားဖြင့် မင်းဟန်က ခင်လေးကို စိတ်အနာကြီးနာစရာ ဖြစ်သွားခဲ့တာပင်။

နဂိုကတည်းက ခင်လေးကို အရူးအမူးချစ်ကာ သဝန်လည်းတိုလှမ်ခဲ့ မင်းဟန်ဟာ သူကိုယ်တိုင်က အနုပညာကိုပဲ ဖက်တွယ်ကာ တခြားအလုပ်မလုပ် အိမ့်စီးပွားမရှာနိုင်တဲ့ အနေအထားမှာ တစ်ယောက်တည်း ရုန်းနေရတဲ့ ခင်လေးကို အငုံ့စိတ်နှင့် သံသယမကင်း ဖြစ်ဖြစ်လာခဲ့တာပင်။ အဲဒီအခြေအနေမှာ ခင်ခင်ကြီးရဲ့ တတာပ်တအား သွေးထိုးလှုံ့ဆော်မှုက အံဝင်ခွင်ကျ ဖြစ်သွားတဲ့အခါ လက်ထပ်ပြီး နှစ်နှစ်မပြည့်ခင် သားအမြွှာကို တစ်ကိုယ်တစ်ယောက်ဆွဲကာ ခင်လေးနှင့် မင်းဟန် ကွဲကြလေသည်။

သူတို့ကို မခေါ်ဘဲ ပစ်ထားတဲ့ အစ်မဖြစ်သူကို စိတ်နာခဲ့တဲ့ ခင်လေးဟာ မင်းဟန်နှင့် ကွဲပေမယ့် အိမ်ဆီခြေဦး





လှည့်မလာ။ တစကမ်ှ မဆက်သွယ်။ ကိုကိုဦးက ရှာဖွေဆက်သွယ်တော့လည်း ခြေရာပျောက်သွားပြီမို့ ရှာမတွေ့တော့။

ရေမြောကမ်းတင် ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ မင်းဟန်ကို ခင်ခင်ကြီးပဲ ရှာဖွေကာ ကြည့်ရှုစောင့်ရှောက်နေဆဲ မင်းဟန်က သူခေါ်လာတဲ့ သားကြီး ယုဝကို ခင်ခင်ကြီးလက်ထဲအပ်ပြီး ရုတ်တရက် ပျောက်ကွယ်သွားလိုက်တော့တာ ခုချိန်ထိ။ ဒီအဖြစ်အပျက်တွေကို မြင်တွေ့သိကာ အစ်မကိုလည်း စိတ်ပျက်၊ ညီမကိုလည်း စိတ်ပျက် ဖြစ်ခဲ့တဲ့ ကိုကိုဦးဟာ ဝမ်းကွဲအစ်ကိုတစ်ယောက်အကူအညီနှင့် နိုင်ငံခြားကို အလုပ်လုပ်ဖို့ ထွက်သွားလိုက်တာ ဟိုမှာပဲ အခြေချ၊ အိမ်ထောင်လည်းမကျ ခုထိတိုင်တဲ့အထိပင်။

"သုခ ...

ယုဝအသည်းအသန်ဖြစ်နေသည်။

အမြန်ပြန်လာပါ။

ဖေဖေ ဦးမင်းဟန်"

ကြော်ငြာက သုခ မျက်လုံးများကို ပြာဝေသွားစေပါသည်။ ဖေဖေ ဦးမင်းဟန်တဲ့။ ဦးမင်းဟန် ဆိုတာဟာ သူ တစ်ခါမှ မမြင်ဖူးလိုက်ရဘဲ သူ တစ်နှစ်သားမှာ ဆုံးသွားတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူ့အမေရဲ့နာမည်ပဲလေ။ အမေမရှိတော့ဘူး ဆိုပေမယ့် ကျောင်းစအပ်တာကစပြီး နောက်ပိုင်းနေရာအမျိုးမျိုးမှာ အဖအမည် ဖြည့်ဖို့ လိုအပ်လာတိုင်း သူ ဖြည့်ခဲ့ရတဲ့ အမည်ပဲလေ။

ဆားမှာတော့ ကွင်းစကွင်းပိတ်နှင့် (ကွယ်လွန်)လို့ ထည့်ခဲ့စမြဲပေါ့။ ကွယ်လွန်သွားတယ်ဆိုတဲ့ အမေက ကြော်ငြာထည့်၍ သူ့ကိုခေါ်ယူနေပါလား။

"မင်း ထွက်သွားတဲ့ မနက်ကတည်းက ယုဝက ဖုန်းဆက်မေးတယ်၊ မင်းနဲ့သူ အမြွှာညီအစ်ကိုဖြစ်ကြောင်း ပြောတာနဲ့ ငါလည်း မင်းကို ပတ်ရှာတာပဲ၊ မင်းက အိမ်မှပြန်မလာတာ"

"ငါ့ကိုရှာမတွေ့စေချင်လို့ ဟိုကထွက်လာတာနဲ့ ကိုဒွေးဆီ တန်းသွားလိုက်တာ၊ ကိုဒွေးကလည်း အဲဒီညနေပဲ ခရီးထွက်ကြမယ်ဆိုတာနဲ့ တစ်ခါတည်းပါသွားတာ ဆယ့်နှစ်ရက်လုံးလုံးပဲ"

"ငါ့ဆီလည်း ဖုန်းမဆက်ဘူး၊ ဟိုလည်းမဆက်ဘူး"

"ဟိုမှာ ငါ့ကရှာ ပြီးဆုံးပြီ၊ ငါ မလိုတော့ဘူးလို့ ထွက်တာပေါ့ကွာ"

"မင်းမလိုတော့ဘူးထင်လို့ ထွက်လာတာအထိ ထားတော့၊ ရှာမတွေ့စေချင်ဘူးဆိုပြီး တခြားထွက်သွားတာ အထိကတော့ ဘာလဲကွ၊ အဓိပ္ပာယ်မရှိတာ"





"ငါ ချစ်စစ်နဲ့ ခပ်ဝေးဝေး ပြေးရှောင်နေချင်လို့ပါ ကျော်ကြီးရာ"

"ဟာ ... မင်းကလည်း ရက်စက်ရာကျပေမယ့် ရှင်းရှင်းပြောရရင် မင်းအစ်ကို ယုဝက ချစ်စစ်ကို လက်ထပ်ဖို့မှမဖြစ်နိုင်တော့တာ"

"သူ့က မဖြစ်နိုင်တာ မှန်တယ်လေ၊ ဒါပေမဲ့ ချစ်စစ်က ငါ့ကို တရင်းတနှီး ဆက်ဆံခဲ့တာကိုက ယုဝမှတ်လို့၊ ငါ သုဓပါလို့ ပြောလိုက်တဲ့နေ့ကစပြီး ငါတို့မတွေ့ဖြစ် စကားမပြောဖြစ်ကြတော့တာ"

"ဒါတော့ မင်းပဲ ဖုန်းမဆက်တာလေ၊ သွားမတွေ့တာလေ၊ မင်းဟာမင်း မလုံမလဲ အားငယ်တာပဲဟာ"

"အရင်က ငါကချည်း ဖုန်းဆက်ရတာမှ မဟုတ်တာ၊ ငါက သူ့ဆီသွားတွေ့တာ ဖြစ်ပေမယ့် ဖုန်းဆက်တာက သူ အမြဲလိုပဲ အရင်စဆက်တာ ကျော်ကြီးရ"

"ဟော့ကောင်"

"အင်း"

"ဟော့ကောင်"

ခေါင်းငုံ့ချထားတဲ့ သုဓက ကျော်ကြီးကို မော့ကြည့်လိုက်လျှင်တော့ ကျော်ကြီးမျက်လုံးများက ကော်ဖီဆိုင်လေးအပြင် ပလက်ဖောင်းမှာ။ ပလက်ဖောင်းမှာ ရပ်နေသူကတော့ ...။



www.burmeseclassic.com

www.burmeseclassic.com



သုမသည် ချစ်စစ်ရဲ့ မပြုံးမရယ် မျက်နှာလေးကို လှမ်းကြည့်နေမိသည်။ ချစ်စစ်ကလည်း ခြေလှမ်းစုံရပ်ကာ သူ့ကို စိုက်ကြည့်လို့။ ခဏအကြာမှာ ချစ်စစ်က ဖြည်းညင်းစွာ အနီး တိုးကပ်လျှောက်လာခဲ့ပါသည်။

"သုမ"

"ခင်ဗျာ"

"ရှင် သတင်းစာကြော်ငြာ မတွေ့ဘူးလားဟင်"

"ကျွန်တော် ဒီမနက်ပဲ တွေ့တယ်၊ ဒီမှာ ခုပဲကြည့်နေတာပါ၊ ကျွန်တော် ဒီမနက်မှ နယ်က ပြန်ရောက်လာလို့ပါ"

"ကျွန်မ ဆရာ့အိမ်လာရင်း တမင် ဒီဆိုင်ဘက် လျှောက် လာကြည့်တာပါ၊ ရှင့်ကိုတွေ့နိုင်တယ်လို့ ထင်နေမိလို့၊ ရှင် တကယ်လို့ သွားဖို့အစီအစဉ်ရှိရင် ကျွန်မမှာ ကားပါ တယ်"

"ကျွန်တော် ... ကျွန်တော် ကိုယုဝဆီ သွားမှာပါ"

"ဒါဖြင့် ရှင် အခုလိုက်ခဲ့လို့ရတယ်"

ကျော်ကြီး သူ့ကို ခေါင်းညိတ်ပြလိုက်ပါသည်။ သူတို့နှစ်ယောက် တိတ်ဆိတ်စွာ ကားဆီရောက်ခဲ့ကြပြီးလျှင် ကားမှာ ဒရိုင်ဘာမပါတာ တွေ့ရ၍ သုမက ...

"ကားသော့ပေးလေ"





ချစ်စစ်က အသာတကြည် ပေးလိုက်ပြီးတဲ့နောက် သုမက ကားမောင်းကာ နှစ်ယောက်သား တစ်လမ်းလုံး တိတ် ဆိတ်လာပါသည်။ အတော်ကြီးကြာမှ ချစ်စစ် အသံလေးထွက် လာသည်။

"ယုဝ အခြေအနေက မကောင်းတော့ဘူး သုမ"

"ကျွန်တော် အရမ်းစိတ်မကောင်း ဖြစ်မိတယ်၊ ဒီမနက်မှ ပြန်ရောက်ပြီး ခုမှ ကျော်ကြီးပြောလို့ ကျွန်တော့်ရဲ့အမြွာ အစ်ကိုပါလားလို မသိရခင်ကတည်းက သူ့ရောဂါကို စသိရကတည်းက အရမ်းစိတ်မကောင်း ဖြစ်မိတာပါ၊ သတင်းစာမှာ ကြေညာထားတာက ဖေဖေဆိုတော့ ယုဝ ခေါ်လာတဲ့ လူမမာက ဖေဖေပေါ့နော်"

"ဦးမင်းဟန်လည်း ကျန်းမာရေး မကောင်းပေမယ့် ဒီရက် ထဲ အသည်းသမားတော်နဲ့ပြ အသည်းဆေးတွေ On လိုက်နိုင်တော့ ထူထောင်နေပါတယ်"

"ကျွန်တော့်မှာ အဖေရှိပါလား၊ အစ်ကိုရှိပါလားလို့ သိခွင့် ရချိန်မှာ သူတို့က နောက်ဆုံးအချိန်နားတွေ ရောက်နေကြ ပြီ၊ ဘယ်လိုပဲဖြစ်ဖြစ် ရှိနေကြသေးတုန်းမှာ ပြန်ဆုံခွင့်ရ တာ ကျွန်တော် ချစ်စစ်ကို အရမ်းကျေးဇူးတင်ပါတယ်"

"ကျွန်မနဲ့ ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ချစ်စစ် လူမှားပြီး လာနှုတ်ဆက်တာကနေ စ,ပြီးတော့ ဒီအခြေအနေလောက်အထိ ဖြစ်လာတာမို့ပါ၊ အဲဒီတုန်းက ချစ်စစ်နဲ့ မတွေ့ခဲ့ရင် ကျွန်တော်တို့ ပြန်ဆုံချင်မှတောင် ဆုံကြဦးမှာ"

ဝရန်တာမှာ ကြီးကြီးနှင့် ချစ်စစ် ရပ်နေတာတွေ့၍ ခြံထဲက မြက်ခင်းပြင်ပေါ် သားအဖသုံးယောက် ထိုင်ခုံကိုယ်စီနှင့် ရှိနေရာမှ သုမကော ထ,၍ အိမ်ပေါ်တက်လာခဲ့ပါသည်။ သူ့ကိုဆီးကြိုစောင့်ကြည့်နေသော ကြီးကြီးရဲ့မျက်ဝန်းများက သူ့ထံက မှတ်ချက်စကားတစ်ခုခုကို စောင့်နေသလိုပင်။

"ကြီးကြီး ... ကျွန်တော် ဖေဖေနဲ့ ကိုယုဝကို ပြုစုစောင့်ရှောက်ပေးဖို့ ဒီအိမ်ပေါ်မှာ ခဏလာနေခွင့်ပြုပါ"

သုမ စကားကြောင့် ဒေါ်ခင်ခင်ကြီး မျက်ဝန်းအိမ်မှာ မျက်ရည်များ ရစ်ဝဲပြည့်လျှံလာသည်။ နာကြည်းထိုးနှက်စကားမျိုး မကြားရတဲ့အတွက် ရင်ပေါ့သွားဟန်တူကာ ...

"ဒီစကားက ကြီးကြီးက ပြောရမှာပါ သား၊ သား ဒီအိမ်မှာ လာနေပေးပါလို့ ကြီးကြီးက တောင်းဆိုရမှာပါ၊





သား ဒီကို ပြောင်းလာပေးပါ သုမ၊ ရုံးမှာအလုပ်ဆက်ဆင်းပေးပါ၊ ကြီးကြီး အနားယူချင်ပါတယ်"

"ဒီကိုပြောင်းလာနေဖြစ်မှတော့ ကြီးကြီး အလုပ်တွေကိုလည်း ကျွန်တော် ကူညီသွားမှာပါ"

"သားက ကူညီရမှာ မဟုတ်ဘူး၊ သားပဲ အုပ်ချုပ်စီမံခန့်ခွဲပါတော့ သုမ၊ ကြီးကြီးလည်း အိမ်မှာပဲ နားရင်းက ယုဝတို့သားအဖကို ပြုစုစောင့်ရှောက်ပေးမယ်၊ ပြီးတော့ ချစ်စစ်နဲ့ ကိစ္စကိုလည်း ဆက်စီစဉ်ပြီး ..."

"ကြီးကြီး ... ကိုယုဝနဲ့ မဖြစ်နိုင်တော့လို့ဆိုပြီး ကျွန်တော်နဲ့ ဖွတ်ဆက်မစီစဉ်ပါနဲ့၊ ဒါတစ်ခုတော့ တောင်းပန်ပါရစေ၊ ချစ်စစ် စိတ်လွတ်လွတ်လပ်လပ် ရှိပါစေ၊ သူ စိတ်ချမ်းသာသလို နေပါစေ"

"သုမကို အရင်ဆုံး စပြီးဆုံတွေ့ခဲ့တဲ့ နေရာမှာ သွားရှာကြည့်ပါရစေ ဆိုပြီး ယုဝကို ချစ်စစ်က စ,တောင်းဆိုတာပါ သား၊ အဲဒီနေရာလေးမှာ သားကို ချစ်စစ်သွားသွားရှာခဲ့တာ တစ်ပတ်လောက် ရှိနေပြီ"

သုမ ရင်ထဲမှာ ရှိန်းမြကျင်ရှသွားပါသည်။ ကြီးကြီးနောက်နားမှာ လက်ပိုက်ရပ်နေတဲ့ ချစ်စစ်ကိုလည်း ရင်ခုန်ခုန်နှင့် လှမ်းကြည့်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားအပေါ် အကြွေးတစ်ခုဆပ်တဲ့အနေနဲ့ သားရဲ့နှလုံးသားရေးရာကိစ္စကို ကြီးကြီး ဘာတစ်ခုမှ စီမံခြယ်လှယ်ဖို့ မရည်ရွယ်ပါဘူး သူမ၊ မင်းနဲ့ ချစ်စစ်ရဲ့ဆန္ဒအတိုင်း အားလုံးဖြစ်စေရမှာပါ။ သားရဲ့ဆန္ဒအတိုင်း သား ဘဝမဆိုးဆုံးဖြတ်ခွင့် ရှိပါတယ်"

မျက်လွှာပွင့်ချပ်လေးကို ဖြည်းဖြည်းလေး ပင့်တင်ကာ သူ့ထံ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည့် ချစ်စစ်ရဲ့မျက်ဝန်းများထဲမှာ သူ မရနိုင်ဘူးထင်လျက်နှင့် မျှော်လင့်တောင့်တခဲ့ရဖူးတဲ့ တစ်စုံတစ်ရာကို သဲသဲကွဲကွဲ ရှာဖွေတွေ့ရှိလိုက်ရတယ်လို့ သူမ ယူဆမိလေသည်၊

ဤကြားကာလရက်တွေအတွင်း ဝမ်းနည်းကြေကွဲခဲ့ရတဲ့ နေ့ညတို့ရဲ့ အထီးကျန်မှု အကျည်းတန်မှုတို့ အဆုံးသတ်ခဲ့ပြီ ထင်ပါရဲ့။

(ပြီး)

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com